www.burmeseclassic.com

# ချမ်းသာကို ရှာဖွေခြင်း

ဦးရွှေအောင်

မဟာဝိဇ္ဇာ(သက္ကတ)၊
ဝံသကာနှင့် သိရောမဏိ

BURMESE CLASSIC .com



စတုတ္ထအကြိမ်

www.burmeseclassic.com


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ချမ်းသာကို ရှာဖွေကြရာတွင်

ဗုဒ္ဓခေတ် မတိုင်မီကလည်း လူတို့သည် ချမ်းသာကို ရှာဖွေကြ၏။ ဗုဒ္ဓခေတ်၌လည်း လူတို့သည် ချမ်းသာကို ရှာဖွေကြ၏။ ဗုဒ္ဓခေတ် နောက်ပိုင်း၌လည်း လူတို့သည် ချမ်းသာကို ရှာဖွေကြ၏။ ဤသည်မှာ ခေတ်နှင့် ပတ်သက်၍ ဆိုခြင်း ဖြစ်၏။

ဝါဒနှင့် ပတ်သက်၍လည်း မည်သည့်ဝါဒမဆို ထို့အတူပင် ချမ်းသာကို ရှာဖွေကြ၏။ ဗုဒ္ဓဝါဒကလည်း ချမ်းသာကို ရှာဖွေ၏။ ဗြာဟ္မဏဝါဒကလည်း ချမ်းသာကို ရှာဖွေ၏။ တိတ္ထိယဝါဒကလည်း ချမ်းသာကို ရှာဖွေ၏။ ထို့ကြောင့် ရည်မှန်းချက် ပန်းတိုင် အားဖြင့်မူ အားလုံး အတူတူပင် ဖြစ်၏။ သို့ရာတွင် လမ်းစဉ်ချင်းကား မတူပါချေ။

www.burmeseclassic.com

www.burmeseclassic.com

# ဦးရွှေအောင် [ ၁၉၂၈–၁၉၉၄ ]

ပဲခူးတိုင်း ကဝမြို့နယ် ဖလေးရွာတွင် အဖ ဦးစု၊ အမိ ဒေါ်အုန်းရှင်တို့က ၁၉၂၈ ခု ဇွန်လ ၇ ရက်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးရွှေအောင် ဖြစ်သည်။

ဖလေးရွာ အလယ်တန်းကျောင်း(၁၉၃၅)၊ ပဲခူးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက် (၁၉၄၆)၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက် ဆရာတော် ဦးကြယ်ကျောင်း (၁၉၄၈)၊ သက်ကြီးတက္ကသိုလ် (၁၉၆၀)၊ အိန္ဒိယပြည် ဘုံဆောတက္ကသိုလ် (၁၉၇၁) တို့တွင် ပညာသင်ခဲ့သည်။ စေတီယင်္ဂဏ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ (ဝဋ္ဋံသကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ) [၁၉၅၃]၊ တက္ကသိုလ်ဝင်တန်း (၁၉၅၆)၊ သက်ကြီးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (၁၉၆၅)၊ ဘုံဆောတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (သက္ကတ)နှင့် သဒ္ဓမ္မဇောတိကဓဇ (သာသနာပြုဘွဲ့) [ ၁၉၉၂ ] တို့ကို ရရှိခဲ့သည်။

၁၉၄၁ တွင် ရှင်သာမဏေ ဝတ်သည်။ ၁၉၄၈ တွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ၁၉၆၀ တွင် လူဝတ်လဲသည်။ ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ ဝန်ထမ်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၌ လက်ထောက် အယ်ဒီတာ၊ အုပ်ချုပ်ရေးအရာရှိ(၁)၊ သာသနာရေးဦးစီးဌာန၌ တွဲဖက်ညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ တွင် အငြိမ်းစားယူသည်။

ထင်ရှားသော စာအုပ်များမှာ ရသစာပေ၏ ရသ၊ ဗုဒ္ဓ – လောကသားတို့၏ အနိုင်းမဲ့ ကျေးဇူးရှင် ကိုယ်ကျင့်ဗုဒ္ဓဝင်၊ အမြင်များ ပြောင်းလဲခြင်းနှင့် အတွေးအမြင် စာစုများ၊ ဘဝအကျဉ်းသား၊ ဗုဒ္ဓ သို့မဟုတ် အနိုင်းမဲ့၊ ကုသိုလ်နှင့် အကုသိုလ်၊ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း၊ စာပတ်သူများ၊ ချမ်းသာကို ရှာဖွေခြင်း၊ ဘဝအမြင်သစ်၊ ထေရဝါဒ အုတ်မြစ်၊ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် တို့ ဖြစ်ကြသည်။

၁၉၉၄ ခု ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

**၂၀၀၃ နှင့် ၂၀၀၄ ထုတ်**
**ရာပြည့်စာအုပ်များ**


၂၀၀။ ဦးရွှေအောင်၏ ဗုဒ္ဓ၊ လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်(ကိုယ်ကျင့်ဗုဒ္ဓဝင်)
၂၀၁။ တက်တိုး၏ နေတွာမကျိုင် (The Sun also Rises by Ernest Hemingway)
၁၆(၃)။ မောင်ပေါ်ထွန်း၏ အဆင့်မြင့် အောင်မြင်သူတို့၏ အလေ့အထများ
၂၀၂။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း
၂၀၃။ ရွှေဥဒေါင်း၏ စစ်ရှုံးသူ
၂၀၄။ တင့်တယ်၏ လရွှနှင့် ခြောက်ပြားဆဲ (The Moon and Sixpence by Maugham)
၂၀၅။ မောင်ပေါ်ထွန်း၏ဘဝခရီးသည်၏အဖော်မွန် (The Tao At Work
by Stanley M. Herman)
၂၀၆။ ညိုမြ၏ ကုန်းဘောင်ရှာပုံတော်
၂၀၇။ မောင်သန်းဆွေ(ထားဝယ်)၏ ရှေ့တော်ဝင် မှတ်တမ်းများ
၂၀၈။ ရွှေဥဒေါင်း၏ မြတ် သက် မော်
၂၀၉။ ဒေါက်တာကျော်စိန်၏ စိတ်ပညာ ဆောင်းပါးပေါင်းချုပ်
၂၁၀။ ရွှေဥဒေါင်း၏ ဘေးပြကြီး ဦးမိုးသီးနှင့် ဝတ္ထုတိုများ
၂၁၁။ ကျော်အောင်၏ ပါရီရုပ်ပုံလွှာ(A Moveable Feast by Ernest Hemingway)
၂၁၂။ လင်းယုန်မောင်မောင်၏ ဟိုချိမင်း
၂၁၃။ ဂျိမ်း(စ်)လှကျော်၏ မောင်ရင်မောင် မမယ်မ
၂၁၄။ ညီစေမင်း၏ ဟယ်လင်ကဲလား(Helen Keller by Fiona Macdonald)
၂၁၅။ ဦးကိုလေး(ဇေယျာမောင်)၏ မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူး ဆရာကြီး ဦးဘခင်
၂၁၆။ တင့်တယ်၏ ပျိုတို့အချစ်တော် (BEL-AMI by Guy de Maupassant)
၂၁၇။ သိပ္ပံမောင်ဝ (နှင့်-)၏ ခေတ်စမ်းပုံပြင်များ(ခေါ်)ခေတ်စမ်းဝတ္ထုများ
၂၁၈။ ဦးမောင်မောင်တင်[၁]၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ပထမတွဲ)
၂၁၉။ ဦးမောင်မောင်တင်[၁]၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ဒုတိယတွဲ)
၂၂၀။ ဦးမောင်မောင်တင်[၁]၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(တတိယတွဲ)


**၂၀၀၄ ခုနှစ် ဒီဇင်ဘာတွင် ထုတ်ဝေမည့် စာအုပ်များ**


၂၂၃။ မောင်ရဲနိုင်၏ ဘဝအလွှမ်းအိမ် (A House for Mr. Biswas by V.S. Naipaul)
၂၂၄။ ဦးမောင်မောင်တင်[၁]၏ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်
၂၂၅။ ဇွဲ၏ ပျောက်သောသူ
၂၂၆။ တက်တိုး၏ ကမ္ဘာကျော် မိန်းမသူလျှိုများ
၂၂၇။ ဒဂုန်တာရာ၏ ကဗျာပေါင်းချုပ်


**ရာပြည့်စာအုပ် ၂၂၁**

# ချမ်းသာကို ရှာဖွေခြင်း


ဦးရွှေအောင်
မဟာဝိဇ္ဇာ (သက္ကတ)
ဝဏ္ဏသကာနှင့် သိရောမဏိ



**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)
[ နိုဝင်ဘာ၊ ၂၀၀၄ ]


www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် [ ၄၃၄/၂၀၀၄ (၇) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၄၁၉/၂၀၀၄ (၇) ]

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် -(၁၉၉၅) နှလုံးလှစာပေ
ဒုတိယအကြိမ် -(၁၉၉၆) နှလုံးလှစာပေ
တတိယအကြိမ် -(၁၉၉၉) နှလုံးလှစာပေ
စတုတ္ထအကြိမ် -(၂၀၀၄) ရာပြည့်စာအုပ်တိုက်
(နိုဝင်ဘာ၊ ၂၀၀၄)
အုပ်ရေ [၁၀၀၀]

❑

**မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ**

ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဒေါ်ခင်အေးမြင့် [၀၃၈၀၁]၊ ရာပြည့်စာပေ
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❑

**အတွင်းဖလင်**

အေဇက်

❑

**စာအုပ်ချုပ်**

ကိုမြင့်နှင့် ညီဝင်းမြင့်

❑

**မျက်နှာဖုံး ပန်းချီ**

သိဒ္ဓတ္ထ တောထွက်ခန်း မြန်မာ့ရိုးရာ ပုရပိုက်ပန်းချီကို
လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့စည်းသည်။

**ရေစုံပန်းချီ**

ဗြိတိသျှစာကြည့်တိုက်ရောက် အင်းဝခေတ် ဗုဒ္ဓဝင် ပုရပိုက်ပန်းချီ။

❑

**တန်ဖိုး**

၁၂၀၀ ကျပ်

# မာတိကာ

[က] ချမ်းသာကို ရှာဖွေခြင်း ၁၁
ချမ်းသာကို မတွေ့ခြင်း ၁၁
မြတ်စွာဘုရား ပွင့်တော်မူလာခြင်း ၁၄
ချမ်းသာအစစ်ကို တွေ့ရှိခြင်း ၁၉
[ခ] မဂ္ဂင်ရှစ်ပါး အစီအစဉ် ၂၂
ကာလနှင့် ဒေသ ၂၅
ဝေဒကျမ်းများကို စွန့်လွှတ်ခြင်း ၂၇
ပါရမီ ဖြစ်ခြင်း၊ မဖြစ်ခြင်း ၃၃
သိစိတ်၊ မသိစိတ် ၄၁
တစ်ခြမ်းပဲ့ အသိ ၄၆
အမည်နှင့် အရာဝတ္ထု ၄၇
ဗုဒ္ဓဘာသာဝင်အုပ်စု နှစ်အုပ်စု ၅၀
နွံထဲကကြာ ၅၄
အပေါင်းနှင့် အစိတ် ၅၄
ဘဝ ဖြစ်လာခြင်းမှာ ၇၅
မျက်စိအမြင်နှင့် ဉာဏ်အမြင် ၈၁
သမ္မာအာဇီဝ သတ္တိထူး ၈၅
ပဋ္ဌဝဂ္ဂီတို့၏ ရည်ရွယ်ချက် ၈၇
အမြိုက်ချမ်းသာ ၉၁

www.burmeseclassic.com

www.burmeseclassic.com


[ဂ] ဝပ္ပကို အကြောင်းပြု၍ ၉၅
- အနတ္တကို မြင်ခြင်း ၉၇
- ဗုဒ္ဓဘာသာဝင် နှစ်မျိုး ၁၀၁
- သေခြင်း၏ အကြောင်းတရား ၁၀၅
- သမ္မာသတိ၏ သတ္တိထူး ၁၀၉
- အမြင်မျက်စိကို ရပြီ ၁၁၂
- ကျူးတို့ဖောင် အမျိုးမျိုး ၁၁၆
- အထင်ကြီးလာတတ်ခြင်း ၁၁၈
- နွားမ သေ ဥပမာ ၁၂၀
- ဗုဒ္ဓကြွလာခြင်း အကြောင်းရင်း ၁၂၂
- ဘုရားအစစ်ကို တွေ့ခြင်း ၁၂၃
- မယုံတစ်ဝက် ယုံတစ်ဝက်ကြောင့် ၁၂၅
- ဘာဝနာ၏ အန္တရာယ် ၁၂၈
- အန္တရာယ် ဖယ်ရှားရေး ၁၂၉
- မာယာ၏ ဖန်ဆင်းချက် ၁၃၄
- သမ္မာသမာဓိ၏ ဦးတည်ချက် ၁၃၆
- အနတ္တ ထင်ခဲ့သည် ဆိုခြင်းမှာ ၁၃၉
- အသိနှစ်မျိုး ၁၄၂
- အနန္တ ကျေးဇူးတော်ရှင် ၁၄၅
- သဗ္ဗညုတ ဉာဏ်တော် ၁၄၈
- ဘာဝအဓိပ္ပာယ် ၁၄၉
- သစ္စာမျက်စိဖြင့် ကြည့်ခြင်း ၁၅၁
- သစ္စာအနက် (၁၆) ချက် ၁၅၂
- ဒုက္ခသစ္စာ (၁) ၁၅၄
- ဒုက္ခသစ္စာ (၂) ၁၅၅
- ဒုက္ခသစ္စာ (၃) ၁၅၆
- ဒုက္ခသစ္စာ (၄) ၁၅၇
- သမုဒယသစ္စာ (၄) ချက် ၁၅၇
- နိရောဓသစ္စာ (၄) ချက် ၁၆၀
- မဂ္ဂသစ္စာ (၄) ချက် ၁၆၂
- အတ္တ သုံးမျိုး ၁၆၅
- ခန္ဓာ၌ သစ္စာကို ရှာဖွေ ၁၆၇
- ချမ်းသာအစစ်ကို တွေ့ပြီ ၁၆၉
- အသွင်ပြောင်း ဒုက္ခ ၁၇၁
- သင်္ချဒဿနဂိုဏ်း၏ ချမ်းသာကို ရှာဖွေခြင်း ၁၇၃
- အမြင်ဟောင်း အမြင်သစ် ၁၇၄
- ဒုက္ခကို ရှာဖွေရဦးမည် ၁၇၆
- တဏှာလက်သမားကို မြင်ခြင်း ၁၇၇
- တောခြောက်သလို မလုပ်ရ ၁၇၈
- ပဉ္စဝဂ္ဂီတို့ အဆင့်ဆင့် မြင်လာခြင်း ၁၈၁
- မာယာ = အာသဝ ၁၈၅

[ဃ] ဝေဒန္တဂိုဏ်း၏ အတ္တဝါဒ ၁၈၈

[င] ဗုဒ္ဓ၏ အနတ္တဝါဒ ၁၉၅

[စ] သင်္ချဒဿန၏ အတ္တဝါဒ ၁၉၇
- ချမ်းသာကို ရှာဖွေကြရာတွင် ၂၀၄
- ယောဂဝါဒ ၂၀၅
- ယောဂကျင့်စဉ် ၂၀၇
- လောက၏ လျှို့ဝှက်ချက် = အတ္တ ၂၁၀
- ပန်းတိုင် = ချမ်းသာအစစ် ၂၁[illegible]


www.burmeseclassic.com

www.burmeseclassic.com



ပဉ္စဝဂ္ဂီ ငါးဦးတို့ကို တရားဦး မဟောမီ ယောကြားနေဟန် ပုရပိုက်ပန်းချီ။

## [ က ] ချမ်းသာကို ရှာဖွေခြင်း

### ချမ်းသာကို မတွေ့ခြင်း

ဘဝတစ်ခုကို ပိုင်ဆိုင်၍ သက်ရှိသတ္တဝါ ဖြစ်လာပြီး အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် ချမ်းသာကို ရှာဖွေ၏။

ရှာဖွေ၍ ရသည့် အခါလည်း ရ၏။ မရသည့် အခါလည်း မရ။ မရသေးလျှင် ရအောင် ထပ်မံရှာဖွေပြန်၏။ အကယ်က မရသေးလျှင်လည်း ရလိမ့်အံ့နိုး မျှော်ကိုးချက်ဖြင့် ထပ်၍ထပ်၍ ကြိုးပမ်းပြန်၏။ ဤသည်ကိုပင် ပါဠိဝေါဟာရအားဖြင့် နိကန္တိ ဟူ၍ ဆိုရ၏။

ထို့ကြောင့် ဘဝနှင့်ပတ်သက်၍ နိကန္တိ မပျောက်သေးသရွေ့ ကာလပတ်လုံး ချမ်းသာကို ရှာနေမည်သာ ဖြစ်၏။ ဘဝ မပျောက်သေးသရွေ့လည်း နိကန္တိက ရှိနေဦးမည်ပင် ဖြစ်၏။ ဘဝနှင့် နိကန္တိကား စက်ဝန်းသဖွယ် လည်နေလေ၏။

သို့ရာတွင် ခက်သည်က တစ်ခုတော့ရှိ၏။ လောကတွင် ချမ်းသာကို ရှာဖွေ၍ ချမ်းသာကို ရသည် ဆိုစေဦး၊ ချမ်းသာကို သန့်သန့်ရသည် မဟုတ်။ ဒုက္ခနှင့် တွဲနေသော ချမ်းသာကို ရခြင်းသာ ဖြစ်၏။ ဤသည်မှာ လောကဓံတရား ရှစ်ပါးတို့၏ သဘာဝဖြစ်၏။ လောကဓံတရားတို့၏ ထုံးစံအတိုင်း တစ်ခုနှင့်တစ်ခုကို ထောက်ဆ၍ သမ္မုတိသစ္စာ အနေဖြင့်သာ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းကို သတ်မှတ်ခြင်း ဖြစ်၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခြင်းကို ခံစားဖူးမှ ချမ်းသာခြင်းကို နားလည်၏။ ထိုနည်းအတူ ချမ်းသာခြင်းကို ခံစားဖူးမှ ဆင်းရဲခြင်းကို နားလည်၏။ ထို့ကြောင့် ချမ်းသာခြင်း၏ နောက်ကွယ်၌ ဆင်းရဲခြင်း ရှိ၏။ ဆင်းရဲခြင်း၏ နောက်ကွယ်၌ ချမ်းသာခြင်း ရှိ၏။ သမ္မုတိသစ္စာပေတည်း။ သမ္မုတိသစ္စာဟူသည် နောက်ဆုံးအမှန်တရား မဟုတ်။

ကာမဂုဏ်ချမ်းသာကို ခံစားစဉ်က ချမ်းသာဟု သတ်မှတ်ခဲ့သော်လည်း ဈာန်ချမ်းသာကို ခံစားရသောအခါ ကာမဂုဏ်ချမ်းသာသည် ဆင်းရဲဖြစ်သွားရပြန်၏။ ဈာန်ချမ်းသာများတွင်လည်း အထက်အထက် ဈာန်ချမ်းသာများနှင့် နှိုင်းယှဉ်လျှင် အောက်အောက် ဈာန်ချမ်းသာများသည် ဆင်းရဲဖြစ်သွားရပြန်၏။ ဤသို့လျှင် ချမ်းသာနှင့် ဆင်းရဲသည် သူ့ချည်းသန့်သန့် မဟုတ်။ အချင်းချင်း တွဲလျက် တွဲလျက်သာ ဖြစ်ရ၏။ သို့ဖြစ်လျှင် သန့်သန့်ချမ်းသာကား အဘယ်နည်း။

လောက အတွေ့အကြုံအရ ဘဝဖြစ်လာသည်နှင့် တစ်ပြိုင်နက် ဇာတိ၊ ဇရာ၊ မရဏတို့သည် မလွဲမသွေ ပါလာကြ၏။ အာသဝေါတရားမကင်းကြသေးသဖြင့် ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာတို့နှင့် မည်မျှပင်ပြည့်စုံစေကာမူ အသံထွက်၍ငိုခြင်း (ပရိဒေဝ)နှင့် ကျိတ်၍ငိုခြင်း (ဥပါယာသ)တို့၏ အကြား၌ လူးလာတုံ့ခေါက် လှုပ်ရှားရင်း ခံစားရသော ချမ်းသာဟူသည် တကယ်တမ်း စစ်မှန်သောချမ်းသာ ဟုတ်ပါ၏လော။

ဤ 'ချမ်းသာ' ပြဿနာ၏အဖြေကို ရှာကြသူများ ရှိခဲ့ပါ၏။ ထိုပုဂ္ဂိုလ်များ၏ သမိုင်းစဉ်ကို လေ့လာသောအခါ ဘီ–စီ (၆) ရာစုဝန်းကျင်၌ တွေ့ရကြောင်း အိန္ဒိယပြည် ဝန်ကြီးချုပ် ပဏ္ဍစ်နေရူးက သူ၏ Glimpses of Word History စာအုပ်၌ ဖော်ပြထား၏။ သူ၏ အဆိုအရ အိန္ဒိယ၌ မဟာဝီရနှင့် ဗုဒ္ဓ၊ တရုတ်ပြည်၌ ကွန်ဖြူးရှပ်စ်နှင့် လာအိုဇီ၊ ပါရှား၌ ဇိုရိုစတား၊ ခေါမပြည် သာမို့စ်ကျွန်း၌ ပိုက်သာဂိုရပ်စ်တို့သည် စစ်မှန်သောချမ်းသာ၏ အဖြေကို ရှာကြသူများ ဖြစ်ကြ၏။





ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ပါဠိပိဋကတ်စာပေအရ ဘီ–စီ (၆) ရာစုဝန်းကျင်၌ မဇ္ဈိမဒေသ၏ အခြေအနေကိုသာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ထို့အပြင် ဗုဒ္ဓ၏ အဖြေကိုသာ တင်ပြသွားမည် ဖြစ်ပါသည်။ အခြားပုဂ္ဂိုလ်များ၏ အဖြေများကိုမူ စာရေးသူ၏ သိမှုဘောင် နယ်နိမိတ်ကျဉ်းမြောင်းမှုကြောင့် ဖော်ပြနိုင်စွမ်း ရှိမည် မဟုတ်ပါ။

ထိုခေတ် ထိုဒေသ၌ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည်တို့၌ သံဝေဂရဖွယ် ကောင်းလောက်အောင် ဆင်းရဲကျပ်တည်းမှုများကို ပါဠိစာပေ၌ ဖော်ပြထားခြင်း မရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မဇ္ဈိမဒေသ၌ ကာမဂုဏ် ဆိုင်ရာ ဒုက္ခများအတွက် သံဝေဂဖြစ်စရာ မရှိဘဲ ဇာတိ၊ ဇရာ၊ မရဏဒုက္ခများ အတွက်သာ သံဝေဂဖြစ်စရာ ရှိ၏။

ဘုရားလောင်း သံဝေဂဖြစ်ရာ၌လည်း သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကို တွေ့ရခြင်းကြောင့်သာ တောထွက်ခြင်း ဖြစ်၏။ သို့ဖြစ်၍ ထိုခေတ်၏ 'သုခ' ၏အဖြေမှန်ကို ရှာရာတွင် ပေါ်လွင်သော ဆင်းရဲဖြစ်သည့် ဒုက္ခ၊ ယင်းဒုက္ခပေါ်၌ အခြေမခံဘဲ မပေါ်လွင်သော ဆင်းရဲဖြစ်သည့် 'ဝိပရိဏာမဒုက္ခ' နှင့် 'သင်္ခါရဒုက္ခ' ပေါ်၌သာ အခြေခံသည်ဟု ဆိုနိုင်၏။

သာမန်အားဖြင့် သုခ ဟု သတ်မှတ်ထားသော ကာမဂုဏ်သုခနှင့် ဈာန်သုခတို့သည် ဖောက်လွဲဖောက်ပြန် ဖြစ်တတ်သောကြောင့် စစ်မှန်သော သုခ မဟုတ်သေးကြောင်း၊ စစ်မှန်သောသုခကို ရှာဖို့လိုသေးကြောင်း မဇ္ဈိမဒေသ၌ သူတို့ သိကြ၏။ သိကြသည့်အတိုင်းလည်း သူတို့ ရှာကြ၏။ ထိုသို့ရှာရာတွင် ဂိုဏ်းကွဲနှစ်ခု ရှိ၏။ တစ်ဂိုဏ်းမှာ ဗြာဟ္မဏဂိုဏ်းဖြစ်၍ အခြားတစ်ဂိုဏ်းမှာ သမဏဂိုဏ်းတို့ ဖြစ်ကြ၏။ ဗြာဟ္မဏဂိုဏ်းသည် ဝေဒကို လက်ခံယုံကြည်၍ ဝေဒ၏ အဆိုအမိန့်အတိုင်း စစ်မှန်သော သုခကို ရှာဖွေ၏။ သမဏဂိုဏ်းကား ဝေဒကို မယုံကြည်၊ အကျင့် 'တပ' ကိုသာ ယုံကြည်၏။ တပဖြင့် စစ်မှန်သောသုခကို ရှာဖွေ၏။ သို့ရာတွင် သမဏတို့သည် ယုံကြည်ထိုက်သော ဆရာ၏ အဆုံးအမကို ခံယူ၏။ ဂိုဏ်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထမင်းသား မဖွားမီ ရှေးရှေးကာလမှစ၍ ဗြာဟ္မဏဂိုဏ်းနှင့် သမဏဂိုဏ်းတို့ ရှိပြီး ဖြစ်ကြ၏။ စစ်မှန်သောသုခကို ရှာကြ၏။ စစ်မှန်သော သုခကိုမူ မတွေ့။ သို့ရာတွင် သူတို့၏ ယုံကြည်ချက်နှင့် သူတို့ ရှာမြဲ ရှာကြ၏။ သူတို့ ရှာနည်းမှာ အတ္တကို အခြေခံ၍ ရှာခြင်း ဖြစ်၏။

ဤလောက၌ ရုပ်နှင့် နာမ်သာရှိပြီး တဏှာဗိသုကာက ရုပ်နှင့် နာမ်ကို မာယာအတတ်ဖြင့် ခန္ဓာအိမ်ကို ဆောက်ပေး၏။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့က ထိုခန္ဓာအိမ်၌ အိမ်ရှင်အဖြစ် နေထိုင်ရန် မာယာအတတ်ဖြင့် မရှိသော အတ္တကို ဖန်ဆင်း၍ အသက်သွင်းပေး၏။ ထိုအခါ ဇီဝအတ္တသည် သက်ရှိပုဂ္ဂိုလ်သတ္တဝါ ဖြစ်လာ၏။ သို့ဖြစ်၍ အတ္တကို အခြေခံပြီး စစ်မှန်သော သုခကို ရှာဖွေနေသမျှ ကာလပတ်လုံး အတ္တအနေဖြင့် မိမိ၏ ကျေးဇူးရှင်များ ဖြစ်သော တဏှာ၏ အလိုကိုလည်း လိုက်ရ၏။ မာန၏ အလိုကိုလည်း လိုက်ရ၏။ ဒိဋ္ဌိ၏ အလိုကိုလည်း လိုက်ရ၏။

ထို့ကြောင့် အတ္တကို အခြေခံပြီး ရှာဖွေသော သုခသည် တဏှာအလိုကျ သုခ၊ မာနအလိုကျ သုခနှင့် ဒိဋ္ဌိအလိုကျ သုခသာ ဖြစ်လာ၏။ တကယ် စစ်မှန်သောသုခ ဖြစ်မလာချေ။

ဤသဘောကို သူတို့ မသိကြ။ ဤသဘောကို သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ ရောက်သောအခါမှသာ သိရသဖြင့် ဘုရားမပွင့်မီ ထိုထို ဗြာဟ္မဏနှင့် သမဏတို့သည် အဘယ်သို့လျှင် စစ်မှန်သော သုခကို သိနိုင် ပေလိမ့်မည်နည်း။

## မြတ်စွာဘုရား ပွင့်တော်မူလာခြင်း

မြတ်စွာဘုရားအလောင်းကို ဘီစီ – ၅၆၃ တွင် ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနနှင့် မိဖုရားခေါင်ကြီး မာယာဒေဝီတို့မှ ဖွားမြင်၏။ မြန်မာတို့၏ ဝေါဟာရဖြင့် ဆိုရလျှင် မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့တွင် လုမ္ဗိနီအင်ကြင်းတော၌ ဖွားမြင်ခြင်း ဖြစ်၏။ အမျိုးအား





ဖြင့် သာကီယမျိုး၊ ဇာတ်အားဖြင့် ခတ္တိယဇာတ်၊ အနွယ်အားဖြင့် ဂေါတမ နွယ်၊ အမည်အားဖြင့် သိဒ္ဓတ္ထ ဖြစ်၏။

ဖွားဖက်တော်များမှာ သုဒ္ဓေါဒန၏ ညီတော် အမိတောဒန၏သား အာနန္ဒာ၊ သဗ္ဗညုတဉာဏ်ကို ရတော်မူရာဌာန မဟာဗောဓိပင်၊ ကာဠုဒါယီ၊ သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ယသောဓရာ၊ ဆန္န၊ ကဏ္ဍကမြင်း၊ သုဒ္ဓေါဒန မင်းကြီး၏ ဥယျာဉ်တော်မှ ရွှေအိုးကြီး လေးလုံးတို့ ဖြစ်ကြ၏။

သမိုင်းဆရာတို့၏ အဆိုအရ မဇ္ဈိမဒေသကို အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဟူ၍ နှစ်ပိုင်းခွဲခြားပြီး၊ အရှေ့ပိုင်း၌ ခတ္တိယတို့ အားကောင်းပြီး အနောက်ပိုင်း၌ ဗြာဟ္မဏတို့ အားကောင်းသည်ဟု ဆို၏။ သိဒ္ဓတ္ထမင်းသားသည် ခတ္တိယတို့ အားကောင်းရာ အရှေ့ပိုင်းဒေသ၌ မွေးဖွားသူဖြစ်၏။ ၁၆ နှစ် အရွယ်တွင် ယသောဓရာဒေဝီနှင့် လက်ထပ်ပြီး သားတော် ရာဟုလာကို မွေးဖွားသည့်နှစ်တွင်ပင် တောထွက်၏။ ထိုအချိန်တွင် သိဒ္ဓတ္ထမင်းသားသည် သက်တော် ၂၉ နှစ်သို့ ရောက်ပေပြီ။ ၂၉ နှစ်အရွယ်သည် သိဒ္ဓတ္ထမင်းသား ၏ လူ့ဘဝ နိဂုံးနှင့် ရဟန်းဘဝ၏နိဒါန်း ဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် ပညာမိက ဘုရားလောင်းဖြစ်၍ နိယတ ဗျာဒိတ် မရမီကာလက ကမ္ဘာပေါင်း ၁၆ သင်္ချေနှင့် နိယတဗျာဒိတ် ရပြီး နောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ စုစုပေါင်း ၂၀ သင်္ချေနှင့် ကမ္ဘာ တစ်သိန်းတို့ ကာလပတ်လုံး ပါရမီများကို ဖြည့်ပြီးသူ ဖြစ်၏။ မွေးဖွားစဉ် ကလည်း ဈာန်အဘိညာဉ်ရ ကာဠဒေဝိလရသေ့နှင့် ကောဏ္ဍည ပုရောဟိတ် တို့က ဘုရားစင်စစ် ဖြစ်လိမ့်မည်ဟု ဟောထားခြင်း ခံရသူ ဖြစ်၏။

သို့ဖြစ်၍ ပါရမီဓာတ်ခံ ထိုမျှလောက်ပြည့်စုံသော သိဒ္ဓတ္ထမင်းသား သည် တောမထွက်မီ ကာလအတွင်း လူ့လောကအတွက်၊ သူ့တိုင်းပြည် အတွက်၊ သူ့ဆွေမျိုးများအတွက်၊ သူ့မိဘအတွက်၊ သူ့မိဖုရားအတွက်၊ သူ့ငယ်ကျွန်တော်များအတွက် အကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်မည်မှာ သေချာလှ၏။ ၂၉ နှစ်တို့ ကာလပတ်လုံး မင်းစည်းစိမ်၌ တစ်ဦးကောင်း၊ တစ်ကိုယ်ကောင်း ခံစားနေမည် မဟုတ်။

သိဒ္ဓတ္ထမင်းသားသည် အသိဉာဏ် ရင့်ကျက်သူဖြစ်ရာ ထိုခေတ်၊ ထိုဒေသ၌ အစဉ်အလာ သတ်မှတ်ထားသော စည်းကမ်းများ၊ ဓလေ့ထုံးစံများ၊ ကျင့်ဝတ်များအရ လူ့တာဝန်ကို ဆောင်ရွက်ရာ၌ စံပြဖြစ်မည်မှာ သေချာ၏။

သူသည် သူ့အတွက် မွေးဖွားလာသူ မဟုတ်ဘဲ လောကသုံးပါးလုံး အတွက် မွေးဖွားလာသူ ဖြစ်သဖြင့် ဘုရားမဖြစ်မီ ကာလအတွင်းက ကပိလဝတ်ပြည်အတွက် အကောင်းဆုံးသော အုပ်ချုပ်သူ၊ သူ့ဆွေမျိုးအတွက် အကောင်းဆုံးသော မင်းသား၊ သူ့မိဘအတွက် အကောင်းဆုံးသော သားတော်၊ သူ့မိဖုရားအတွက် အကောင်းဆုံးသော ခင်ပွန်း၊ သူ့ငယ်ကျွန်တော်များအတွက် အကောင်းဆုံးသော သခင်အဖြစ်ဖြင့် ချမ်းသာကို ရှာဖွေခြင်း လုပ်ငန်း၌ တာဝန်ကို အတုမဲ့ ယူခဲ့သူ ဖြစ်မည်မှာ သေချာ၏။

သိဒ္ဓတ္ထမင်းသားသည် ၂၉ နှစ်တာကာလအတွင်း လူသားဖြစ်သော မင်းသားတစ်ပါးအနေဖြင့် လူ့လောက၏ အကျိုးစီးပွားအတွက် အနစ်နာခံကာ ဆောင်ရွက်ပုံများကို ဗုဒ္ဓဝင်၌ ဖော်ပြမထားသော်လည်း ငါးရာငါးဆယ် ဇာတ်တော်များ၌ ဘုရားလောင်း၏ ဆောင်ရွက်ချက်များကို ထောက်ဆ၍ နောက်ဆုံးဘဝ သိဒ္ဓတ္ထမင်းသား အဖြစ်၌လည်း ထိုထက်မက ဆောင်ရွက်မည် ဖြစ်ကြောင်း ယုံမှားဖွယ် မရှိချေ။ ထိုမျှလောက်နှင့် အားမရဘဲ ထိုထက်မက ဆောင်ရွက်လို၍သာ တောထွက်ခြင်းဖြစ်ကြောင်း ယုံကြည်အပ်ပါ၏။

မျက်မြင် အထောက်အထားအဖြစ် တင်ပြရလျှင် ယနေ့ကမ္ဘာ၌ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေး စသော ရေးရာအဖြာဖြာတို့၌ ထူးချွန်ကြသော အမျိုးသားခေါင်းဆောင်များ၊ စစ်သေနာပတိများ၊ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် နိုင်ငံရေးသမားများ စသည်တို့၏ အတ္ထုပ္ပတ္တိများကို ဖတ်ရှုရသော အခါ လောက လူသားများအပေါ် ထားရှိသော သူတို့၏ ကြီးမားသော





စေတနာ မေတ္တာကို အကြောင်းပြု၍ စာဖတ်ပရိသတ်က အဆိုပါ ပုဂ္ဂိုလ်များကို ကြည်ညိုကြ၏။ လေးစားကြ၏။ မြတ်နိုးကြ၏။ အားကျကြ၏။ အတုယူလိုကြ၏။

အမှန်အားဖြင့် သူတို့သည် ဘုရားလောင်းများ မဟုတ်ကြချေ။ သို့ရာတွင် သူတို့သည် လူသားပင် ဖြစ်သော်လည်း လူသားသာမန်တို့ထက် ထူးချွန်သူများ ဖြစ်ကြောင်းကိုမူ ငြင်းဖွယ်မရှိ။ သိဒ္ဓတ္ထမင်းသားကား ဘုရားလောင်းစင်စစ် ဖြစ်၏။ သို့ဖြစ်၍ လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌ ဘုရားမဖြစ်မီ သိဒ္ဓတ္ထမင်းသားတစ်ယောက် အနေဖြင့် အနစ်နာခံကာ ဆောင်ရွက်ပုံကို ဖော်ပြနိုင်လျှင် အဘယ်မျှ ကြည်ညိုဖွယ်၊ လေးစားဖွယ်၊ အားကျဖွယ်၊ အတုယူဖွယ် ဖြစ်ချိမ့်မည်နည်း။

ပတ္တမြားငမောက်လည်း အဋ္ဌကလာပ်ရုပ်၊ ဖန်ကျောက်လည်း အဋ္ဌကလာပ်ရုပ်၊ မြေစိုင်ခဲလည်း အဋ္ဌကလာပ်ရုပ်၊ အဋ္ဌကလာပ်ရုပ်ချင်းကား တူ၏။ သို့ရာတွင် အရည်အသွေးချင်းကား မတူ။ ပါရမီချင်းကား မတူ။ ပါရမီချင်း မတူလျှင် ဖြစ်စဉ်ချင်းလည်း မတူ။ ဖြစ်စဉ်ချင်း တူလိုလျှင် ပါရမီချင်း တူအောင် လုပ်ဖို့လို၏။ ပါရမီချင်းတူအောင် မလုပ်ဘဲ ဖြစ်စဉ်ချင်း တူအောင် လုပ်လျှင် လောကအကျိုးစီးပွား ဖြစ်မလာဘဲ အကျိုးစီးပွား ပျက်လာမည်သာ ဖြစ်၏။ ပါရမီတော့ ပြည့်အောင် မဖြည့်ချင်ဘဲ ဘုရား ဖြစ်ချင်သဖြင့် ဘုရားလုပ်ရန် အားထုတ်သော ဒေဝဒတ်ကဲ့သို့ သူရော သူ့လောကကိုပါ ဖျက်ဆီးသကဲ့သို့ ဖြစ်ပေလိမ့်မည်။

ပထဝီဝင် ပညာရှင်တို့၏ အဆိုအရ ကမ္ဘာဦးတည်စက ဘာမျှမရှိ။ အဋ္ဌကလာပ်ရုပ် သက်သက်မျှသာ ရှိ၏။ ထိုမှ တဖြည်းဖြည်းချင်း နှစ်သန်းပေါင်းများစွာ ကြာလေသောအခါ သူ့ပါရမီနှင့်သူ၊ အချို့သော အဋ္ဌကလာပ် ရုပ်များက သရက်ပင် ဖြစ်၏။ အချို့သော အဋ္ဌကလာပ်ရုပ်များက မရန်းပင် ဖြစ်၏။ အချို့သော အဋ္ဌကလာပ်ရုပ်များက မြက်ပင်ဖြစ်၏။ ဤသို့ ဤသို့ စသည်ဖြင့် ဇီဇနိယာမသည် ဖြစ်ပေါ်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်အုပ်စုက သရက်ပင်ဗီဇ ဖြစ်လာအောင် သူ့နှစ် အပိုင်းအခြား၊ သူ့အခြံအရံ အကြောင်းတရားများနှင့်အတူ ပါရမီဖြည့်ရ၏။ အလားတူပင် မရန်းပင်အုပ်စု၊ မြက်ပင်အုပ်စုတို့ကလည်း ပါရမီဖြည့်ရ၏။ သူ့ပါရမီနှင့် သူပင် ဖြစ်၏။ ပါရမီချင်း မတူလျှင် ဖြစ်စဉ် ဗီဇနိယာမအရ သရက်ပင်ကလည်း မရန်းပင် မဖြစ်နိုင်။ မရန်းပင်ကလည်း မြက်ပင် မဖြစ်နိုင်။ ကြောင်းကျိုးနိယာမ အရသာလျှင် သူ့အကြောင်းနှင့် သူ့အကျိုး ဖြစ်ရလေ၏။ ဘုရားသခင်က ဖန်ဆင်းသည်တော့ မဟုတ်။ သို့ရာတွင် ထိုကဲ့သို့ ဤလောကဌ် သရက်ပင်၊ မရန်းပင်၊ မြက်ပင် စသည်မျိုး ဖြစ်လာအောင် နှစ်သန်းပေါင်း မည်မျှကြာအောင် ပါရမီဖြည့်ရသည်ကိုမူ မည်သူသည် အတိအကျ သိနိုင်မည်နည်း။

လူ့လောကတွင်လည်း ခန္ဓာငါးပါး သက်ရှိလူသားချင်း တူသော်လည်း သူ့ပါရမီနှင့်သူ၊ သူ့ဘုန်းကံနှင့်သူ၊ သူ့ရည်မှန်းချက် (အဓိကာရ) နှင့် သူ၊ တစ်ဦးနှင့်တစ်ဦး မတူကြ။ အချို့သူက ဘုရားဖြစ်၏။ အချို့သူက ပစ္စေကဗုဒ္ဓါ ဖြစ်၏။ အချို့သူက အဂ္ဂသာဝက ဖြစ်၏။ အချို့သူက မဟာသာဝက ဖြစ်၏။ အချို့သူက ပကတိသာဝက ဖြစ်၏။ ဤကား လောကုတ္တရာဘက်မှ ဆိုခြင်းဖြစ်၏။ လောကီဘက်မှ ဆိုလျှင်လည်း အချို့သူက ဗြဟ္မာ ဖြစ်၏။ အချို့သူက နတ်ဖြစ်၏။ အချို့သူက လူဖြစ်၏။ လူတွင်လည်း မင်းဖြစ်သူက ဖြစ်၏။ ကုန်သည်ဖြစ်သူက ဖြစ်၏။ ချမ်းသာသူက ချမ်းသာ၏။ ဆင်းရဲသူက ဆင်းရဲ၏။ အနုပညာရှင် ဖြစ်သူက ဖြစ်၏။ အတတ်ပညာရှင် ဖြစ်သူက ဖြစ်၏။

ဤလောကတွင် လူသားသည် မိမိဖြစ်ချင်သလို ဖြစ်နိုင်၏။ ဘုရားဖြစ်ချင်လျှင်လည်း ဘုရားဖြစ်အောင် ပါရမီတို့ကို ဖြည့်ရ၏။ ပါရမီ မဖြည့်ဘဲ ဘုရားဖြစ်အောင် လုပ်၍မရ။ အကယ်၍ အဓမ္မနည်းဖြင့် ဘုရားဖြစ်အောင် လုပ်လျှင်လည်း ယာယီဘုရားသာ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ဓမ္မက





လက်မခံ။ ဓမ္မဟူသည် ဤလောကဌ် ဖြစ်စဉ်များ ကမောက်ကမ မဖြစ်ရလေအောင် ထိန်းချုပ်သည့် နိယာမ သဘောတည်း။

ထို့ကြောင့် ဓမ္မ မထိန်းချုပ်နိုင်မီ ကာလတိုင်အောင် အဓမ္မက လွှမ်းမိုးချိန် အတွင်း၌မူ လောကဖြစ်စဉ်တို့သည် အကြောင်းအကျိုး မဆီလျော်ဘဲ ဖြစ်ချင်သလို ဖြစ်နိုင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် အဓမ္မသည်လည်း ဓမ္မက သမုစ္ဆေဒပဟာန်ဖြင့် မြစ်ပြတ် သတ်ဖြတ်နှိမ်နင်းခြင်း မခံရမီ ကာလအထိ စွမ်းအင်ထက်သော အင်အားတစ်မျိုး ဖြစ်သောကြောင့်ပင် ဖြစ်၏။

ဒေဝဒတ်လို အဓမ္မနည်းဖြင့် ဘုရားတောင်ဖြစ်အောင် လုပ်နိုင်သေးလျှင် ဤလောကဌ် အဓမ္မနည်းဖြင့် လုပ်နိုင်သောအရာ များစွာ ရှိ၏။ သို့ရာတွင် အဓမ္မနည်းဖြင့် ဖြစ်ပေါ်လာသော လောကဖြစ်စဉ် ဟူသမျှသည် တစ်နေ့တွင် ဓမ္မ၏ ထိန်းချုပ်မှုအောက်၌ ဖရိုဖရဲ ပြိုကွဲပျက်စီးရမည်သာ ဖြစ်၏။ အဓမ္မ၏ အောင်ပွဲကား ယာယီ။ ဓမ္မ၏ အောင်ပွဲသာ ထာဝရ။

ထို့ကြောင့် လူသားသည် လောကတွင် မိမိဖြစ်ချင်သလို ဖြစ်အောင် လုပ်ရာ၌ ဓမ္မနည်းဖြင့်သာ ဖြစ်အောင် လုပ်အပ်၏။ သို့မှသာ လောကဖြစ်စဉ်များသည် ကမောက်ကမ မဖြစ်ဘဲ အစဉ် ချောမွေ့ပြေပြစ်စွာ ရှိပေလိမ့်မည်။ ဓမ္မနည်း ဟူသည်မှာ မိမိ ဖြစ်စေလိုသော ဖြစ်စဉ်များ ပေါ်ပေါက်လာနိုင်စေရန် လိုအပ်သော ပါရမီများကို ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ရည်မှန်းအားထုတ်ခြင်းတို့ ဖြစ်၏။

## ချမ်းသာအစစ်ကို တွေ့ရှိခြင်း

သိဒ္ဓတ္ထမင်းသားသည် ဘက်စုံပြည့်ဝသူ ဖြစ်၏။ သို့ဖြစ်၍ သူသည် လောကချမ်းသာရေးအတွက် စွမ်းစွမ်းတမံ အနစ်နာခံကာ အားထုတ်ခဲ့မည် ဖြစ်၏။ သို့ရာတွင် သူ အားထုတ်ပေးနိုင်သော ချမ်းသာကား လောကချမ်းသာတည်း။

လောကချမ်းသာ ဟူသည် အားလုံး သိကြသည့်အတိုင်း သူ၏



www.burmeseclassic.com

www.burmeseclassic.com



ဘက်တော်သားများ ဖြစ်ကြသော လာဘ်သပ်ပကာ ပေါများခြင်း၊ ကျော်စောထင်ရှားခြင်း၊ အခြံအရံများခြင်း တို့နှင့်အတူ ဖြစ်၏။ ထိုအခါ ဘဝကိုမေ့ပြီး မလုပ်သင့်သည်များကို လုပ်ကာ နောက်ဆုံး၌ အဝိဇ္ဇာနှင့် မာန်မာနတရားများ ဖုံး၍ ကာမဂုဏ် နွံအတွင်းသို့ ကျရောက်ပြီး ဘဝပျက်ခြင်းလျှင် နိဂုံးရှိ၏။

ထို့ကြောင့် စစ်မှန်သော ချမ်းသာဟူသည် ပြင်ပ ရုပ်ဝတ္ထုများ၌ မတည်။ ခံစားမှု ဝေဒနာ၌ မတည်။ မှန်ကန်သော နှလုံးသွင်းနှင့် အသိဉာဏ်၌သာ တည်၏။

သို့ဖြစ်၍ လောကအတွက် စစ်မှန်သော ချမ်းသာကို ဆွမ်းဆောင်ပေးလိုပါက စစ်မှန်သော အသိဉာဏ်ကို ပေးနိုင်ပါမှ စစ်မှန်သော ချမ်းသာကို ပေးရာ ရောက်ချေမည်။ ဤသို့ သိဒ္ဓတ္ထမင်းသားသည် စဉ်းစားမိပုံ ရ၏။ ဆင်ခြင်မိပုံ ရ၏။

သို့ရာတွင် သိဒ္ဓတ္ထမင်းသား ကိုယ်တိုင်က စစ်မှန်သော အသိဉာဏ်ကို မရသေး။ လောကကို ပေးရန်အတွက် မိမိကိုယ်တိုင် စစ်မှန်သော အသိဉာဏ်ကို ရအောင် ဦးစွာ အားထုတ်ရပေဦးမည်။ အားထုတ်ရာတွင်လည်း ဗြာဟ္မဏတို့ အားထုတ်သည့် 'ဝေဒ' ကျမ်းလာ ယစ်ပူဇော်နည်းကို မကြိုက်။ သမဏတို့ အားထုတ်သည့် 'တပ' နည်းကိုသာ ကြိုက်၏။ ထို့ကြောင့် 'တပ' နည်းဖြင့် စစ်မှန်သော အသိဉာဏ်ကို ရရှိရေးအတွက် အားထုတ်ရန် တောထွက်ပြီး ရဟန်းပြုခြင်း ဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် စစ်မှန်သော အသိဉာဏ်ကို ရရှိရေးအတွက် ၆ နှစ်တိုင်တိုင် တပအကျင့်ကို ကျင့်ခဲ့၏။ ပဥ္စဝဂ္ဂီ ငါးဦးတို့နှင့် အတူလည်း ကျင့်ဖူး၏။ အာဠာရ၊ ကာလာမတို့နှင့် အတူလည်း ကျင့်ဖူး၏။ ဥဒက၊ ရာမ၊ ပုတ္တတို့နှင့် အတူလည်း ကျင့်ဖူး၏။ သို့ရာတွင် ဈာန်သမာဓိနှင့် ဈာန်ဉာဏ်မှ တစ်ပါး သူ ရလိုသော အရိယသစ္စာဉာဏ်ကို မရခဲ့။

နောက်ဆုံး၌ တစ်ဦးတည်းပင် ကျင့်၏။ ဥရုဝေလတော နေရဉ္ဇရာ





မြစ်ကမ်း၌ အခိဋ္ဌာန်ပြီး ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်အောက်၌ ပလ္လင်ဖွဲ့ထိုင်ကာ အရိယသစ္စာကို မသိမချင်း မထတော့ဟု ဆုံးဖြတ်၏။ ထိုဆုံးဖြတ်ချက်အတိုင်း တရားတော်များကို ရှုမှတ်ပွားရာ ဘီစီ ၅၂၈ တွင် သစ္စာလေးပါးမြတ်တရားကို ထိုးထွင်းသိမြင်ကာ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူ၏။ မြန်မာတို့၏ ဝေါဟာရအားဖြင့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ညဉ့် မိုးသောက်ယံ၌ သိဒ္ဓတ္ထမင်းသားသည် ဂေါတမဗုဒ္ဓ အမည်ဖြင့် သဗ္ဗညုတ ရွှေဉာဏ်တော်သခင် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် လောကအား စစ်မှန်သော ချမ်းသာကိုပေးသည့် အနေဖြင့် ပထမဦးဆုံး ဟောသော တရားမှာ ဓမ္မစကြာဖြစ်၏။ ဓမ္မစကြာတရားကို ပဥ္စဝဂ္ဂီ ငါးပါးတို့အား ဟောကြားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ] မဂ္ဂင်ရှစ်ပါး အစီအစဉ်

ဓမ္မစကြာတရားတွင် ဝိပဿနာ ရှုပွားရမည့် တရားမှာ ရုပ်နာမ်နှစ်ပါး ဖြစ်၏။ ရုပ်နာမ်နှစ်ပါးကို ရှုပွားရာတွင် တွယ်တာခြင်း (အဘိဇ္ဈာ) နှင့် ရှောင်ခွာခြင်း (ဒေါမနဿ) တို့ကို ရှောင်ရှားရမည် ဖြစ်၏။ အာရုံတစ်ခုကို ရသောအခါ နှစ်သက်ပါက တွယ်တာတတ်၏။ မနှစ်သက်သောအခါ ရှောင်ခွာတတ်၏။ စိတ်ထင်တိုင်း ဖြစ်လျှင် နှစ်သက်ကျေနပ်ပြီး တွယ်တာ၏။ စိတ်ထင်တိုင်း မဖြစ်လျှင် စိတ်ပျက်အားလျော့ကာ စိတ်မချမ်းမသာ ဖြစ်၏။ နောက်ဆုတ်ပြီး ကမ္မဋ္ဌာန်းအာရုံမှ ရှောင်ခွာ၏။ ဤသဘောနှစ်မျိုး မဖြစ်ပေါ်လာစေရန် သတိထားရ၏။

ဝိပဿနာရှုမှုနှင့် ပတ်သက်၍ ဓမ္မစကြာတရားတွင် အရေးအကြီးဆုံးမှာ မဂ္ဂင်ရှစ်ပါး ဖြစ်၏။ မဂ္ဂင်ရှစ်ပါးတွင်လည်း သမ္မာဒိဋ္ဌိသည် ပထမဆုံး မဂ္ဂင်ဖြစ်၏။ သမ္မာဒိဋ္ဌိကို မှန်ကန်သောအမြင်ဟု မြန်မာပြန်ကြ၏။ မှန်ကန်သော အမြင်ဟူသည် အဘယ်နည်း။

ပုထုဇဉ်တို့သည် အာရုံတစ်ခုကို မြင်သောအခါ အမှန်အတိုင်း မြင်တတ်ကြသည် မဟုတ်။ မိမိတို့၏ စိတ်သန္တာန်၌ အစမထင်သော သံသရာမှ စ၍ ယနေ့တိုင်အောင် ကိလေသာတို့သည် အာသဝတရားများ အနေဖြင့် စိမ့်ဝင်ပျံ့နှံ့လျက် ရှိကြ၏။ သိစရာ အာရုံ၌လည်း စိမ့်ဝင်ပျံ့နှံ့၏။ သိတတ်သော စိတ်၌လည်း စိမ့်ဝင်ပျံ့နှံ့၏။

ထိုအခါ ဝင်လာသော အာရုံသည်လည်း အာသဝေါတရားကြောင့် မူလသဘော ပျောက်၏။ သိတတ်သော စိတ်သည်လည်း အာသဝေါတရား





ကြောင့် မူလသဘော ပျောက်၏။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော ဒွါရငါးပါးတို့မှ သက်ဆိုင်သလို ဝင်ရောက်လာသော အာရုံတို့သည် မူလက ပရမတ္ထစစ်စစ်ပင် ဖြစ်၏။ ဒြပ်မဲ့ အစိုင်အခဲမဲ့ပင် ဖြစ်၏။ သို့ရာတွင် မနောဒွါရသို့ ရောက်ပြီးနောက် စိတ်သန္တာန်၌ ထင်ဟပ်လာသောအခါ ကိလေသာ အာသဝေါတို့၏ စိမ့်ဝင်ပျံ့နှံ့မှုကြောင့် တဏှာအစေးဖြင့် စွဲထင်ပြီး ဒြပ်ရှိ၊ အစိုင်အခဲရှိ အာရုံအဖြစ်သို့ ပြောင်းသွား၏။ ထို့ကြောင့် ပရမတ်စစ်စစ် မဟုတ်တော့။ ပညတ် ရောသွား၏။ ဝိပ္ပလ္လာသ အာရုံနိမိတ် ဖြစ်လာ၏။

ပထမဦးစွာ ဆိုင်ရာဒွါရသို့ ဝင်စဉ်က အစိုင်အခဲမဲ့ ပရမတ္ထတရားစစ်စစ်ကို 'ခန္ဓာ' ဟုခေါ်၍ စိတ်အစဉ်၌ တဏှာအစေးဖြင့် စွဲထင်ကျန်ရစ်နေသော အစိုင်အခဲရှိ အာရုံကို 'ဥပါဒါန်' တစ်လုံးတိုး၍ ဥပါဒါနက္ခန္ဓာဟု ခေါ်၏။

ဥပါဒါန်ဟူသည် စိတ်အစဉ်၌ စွဲထင်ကျန်ရစ်သော သဘောတည်း။ ဘင်္ဂါပတ်ဝန်းကျင်၌ ကြီးပြင်းလာပါက သူ၏ စိတ်အစဉ်၌ ဘင်္ဂါတို့၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ (ကာမ)၊ ဘင်္ဂါတို့၏ အမြင် (ဒိဋ္ဌိ)၊ ဘင်္ဂါတို့၏အလေ့အကျင့် (သီလဗ္ဗတ)၊ ဘင်္ဂါတို့၏ အယူ (အတ္တဝါဒ) တို့သည် ဥပါဒါန် အနေဖြင့် စွဲထင်ကျန်ရစ်ကြလေ၏။

အခြားပတ်ဝန်းကျင်၌ ကြီးပြင်းလာသော သူများသည်လည်း ထို့နည်းအတူပင် သူတို့၏ စိတ်သန္တာန်၌ ဆိုင်ရာပတ်ဝန်းကျင်တို့သည် အစိုင်အခဲရှိ ဝိပ္ပလ္လာသ နိမိတ်အာရုံများ အနေဖြင့် စွဲထင်ကျန်ရစ်ကြသည်သာ ဖြစ်၏။ ထို့ကြောင့် ပုထုဇဉ်တို့၏ စိတ်သည် မှန်သားပြင်ကဲ့သို့ မကြည်လင်တော့။

အမှန်အားဖြင့် စိတ်၏ မူလသဘောသည် မှန်သားပြင်ကဲ့သို့ ကြည်လင်ပါ၏။ သို့ရာတွင် အာသဝေါတို့၏ စိမ့်ဝင်ပျံ့နှံ့မှုကြောင့်သာ မကြည်လင်ခြင်း၊ ညစ်ကျုခြင်း ဖြစ်ပါ၏။

ထို့ကြောင့် ပုထုဇဉ် လူသားတစ်ယောက်သည် အာရုံတစ်ခုကို ရသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ကုန်သည်လူတန်းစား၌ ကြီးပြင်းလာသူ ဖြစ်ပါက ထိုအာရုံသည် သူ၏ စိတ်အစဉ်၌ ကုန်သည်သဘော အနေဖြင့်သာ ထင်၏။ သူ၏ သိစိတ်ကလည်း ထိုထိုအာရုံကို ကုန်သည်သဘော အနေဖြင့်သာ သိ၏။ ကုန်သည်သဘော အနေဖြင့်သာ ဆုံးဖြတ်၏။ အခြားပတ်ဝန်းကျင်၌ ကြီးပြင်းလာသူသည်လည်း ထိုသဘောအတိုင်းပင် ဖြစ်၏။ ဤသည်မှာ ဝိပဿနာ မရှုသူ လူသာမန်တို့၏ အမြင်ဖြစ်၏။ ထို့ကြောင့် ထိုအမြင်မျိုးကို ဝိပဿနာ သမ္မာဒိဋ္ဌိ ဟူ၍ မဆိုပေ။

ဓမ္မစကြာ ဒေသနာတော်အရ ဝိပဿနာ အားထုတ်သူသည် သူ၏ သန္တာန်၌ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်စေရန် သူ၏ မနောဒွါရကို မှန်သားပြင်ကဲ့သို့ ကြည်လင်လာအောင် အားထုတ်ရမည် ဖြစ်၏။ စိတ်အစဉ်၌ ထင်လာသော အာရုံများကို ပညတ်နှင့် ပရမတ် ကွဲအောင် ခွဲရမည် ဖြစ်၏။ အရှုခံ တရားနှင့် အရှုတရားကို ပရမတ်ချည်း ကျန်အောင်၊ အစိုင်အခဲမှဲ့ ဖြစ်အောင် အားထုတ်ရမည် ဖြစ်၏။ ဖြစ်ပျက်ပေါ်လာအောင်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ်လာအောင် အားထုတ်ရမည် ဖြစ်၏။

ထိုအခါ တဏှာအစေးသည် လည်းကောင်း၊ အာသဝေါအရည်သည် လည်းကောင်း တဖြည်းဖြည်းချင်း ခန်းခြောက်သွားမည် ဖြစ်၏။ တဏှာ အစေးနှင့် အာသဝေါအရည်များ ခန်းခြောက်သွားသည်နှင့်အမျှ စိတ်အစဉ်သည် မှန်သားပြင်ကဲ့သို့ ကြည်လင်လာမည် ဖြစ်၏။

စိတ်အစဉ်သည် မှန်သားပြင်ကဲ့သို့ ကြည်လင်လာသောအခါ မိမိ၌ ထင်လာသော မူလအရာဝတ္ထု၏ အရိပ်များကို ဓာတ်ပုံဖလင်ကော်ပြားကဲ့သို့ စွဲထင်ကျန်ရစ်အောင် မစုပ်ယူဘဲ အမှန်အတိုင်းသာ ဖော်ပြပြီး မူလအရာဝတ္ထု ပျောက်သည်နှင့် တစ်ပြိုင်နက် အရိပ်လည်း ပျောက်သွားမည် ဖြစ်၏။

ဓာတ်ပုံ ဖလင်ကော်ပြားမှာမူ ထိုကဲ့သို့ မဟုတ်။ မူလအရာဝတ္ထု ပျောက်သွားသော်လည်း အရိပ်ကား မပျောက်။ ကြည်လင်သော မှန်သားပြင်





ကား မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှသာတည်း။ မူလအရာဝတ္ထု၏ အရိပ်တစ်စုံတစ်ရာ စွဲထင်ကျန်ရစ်ခြင်း မရှိ။ ဤကဲ့သို့သော သဘောမျိုး ရောက်မှ သမ္မာဒိဋ္ဌိမဂ္ဂင် မည်ပေသည်။ မှန်ကန်သောအမြင် မည်ပေသည်။

## ကာလနှင့် ဒေသ

ဤလောက၌ အသက်ရှင်နေသမျှ ကာလပတ်လုံး အာရုံများကို တွေ့နေရ၏။ ဤအာရုံများသည် နိမိတ်ပုံသဏ္ဌာန်များ အနေဖြင့် ပုထုဇဉ်တို့၏ စိတ်အစဉ်၌ ထင်၏။ အစိုင်အခဲများ၊ ဒြပ်များအနေဖြင့် ထင်၏။ သက်ရှိဖြစ်လျှင် ပုဂ္ဂိုလ်များ၊ သတ္တဝါများ အနေဖြင့် ထင်၏။ သက်မဲ့ဖြစ်လျှင် အရာဝတ္ထုများ အနေဖြင့် ထင်၏။ ရုပ်နာမ်များ အနေဖြင့် မထင်။

ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားကို မြတ်စွာဘုရား ဟောကြားတော်မူသောအခါ ပဉ္စဝဂ္ဂီ ငါးဦးတို့၏ စိတ်အစဉ်၌ ထင်လာသော အာရုံဟူသမျှသည် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ရုပ်နာမ်များသာ ဖြစ်ကြောင်း၊ ယင်းတို့ကို ဥပါဒါနက္ခန္ဓာ ဟူ၍ ခေါ်ကြောင်း ဟောကြားတော်မူရ၏။

ထိုသို့ ဟောကြားတော်မူသောအခါ အရာဝတ္ထုက တစ်ခုတည်း ဖြစ်ပါလျက် ရှေးခဏ၌ ဖြစ်သောအခါ ပို၍လန်းဆန်း၏။ နောက်ခဏ၌ ဖြစ်သောအခါ ပို၍ရင့်ရော်၏။ ဤသည်မှာ ကာလ၏သဘော ဖြစ်၏။ ကာလသဘောကြောင့် အရာဝတ္ထု တစ်ခုတည်းဖြစ်ပါလျက် ရှေးနှင့်နောက် မတူခြင်း ဖြစ်၏။ ဤသည်မှာ အနိစ္စသဘော ဖြစ်၏။ ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဤသို့ အနိစ္စသဘောကိုလည်း ဟောရ၏။ အမှန်အားဖြင့် ကာလဟူသည် ဖြစ်စဉ်တို့၏ ရှေးနှင့်နောက် တစ်ဆက်တည်းသဘော ဖြစ်၏။

ဖြစ်စဉ်တို့ ရှေးနှင့်နောက် မတူသည်နှင့် တစ်ပြိုင်နက် အရာဝတ္ထုတို့သည်လည်း မိမိတို့အနေဖြင့် တစ်ခုတည်း ဖြစ်ပါလျက် ရှေးခဏ၌ ဖြစ်သော အရာဝတ္ထု၏ အသွင်သဏ္ဌာန်က တစ်မျိုး၊ နောက်ခဏ၌ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အရာဝတ္ထု၏ အသွင်သဏ္ဌာန်က တစ်မျိုး၊ ဤသို့အားဖြင့် အရာဝတ္ထု တစ်ခုတည်းက အရာဝတ္ထုနှစ်ခု ဖြစ်သွား၏။

ဤသို့ အရာဝတ္ထုနှစ်ခု ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ရှေးအရာဝတ္ထုနှင့် နောက်အရာဝတ္ထုတို့၏ အချင်းချင်း မတူသည့် သဘောသည် ပေါ်လာ၏။ ဤသို့ ပေါ်လာခြင်းသည် ဒေသသဘော ဖြစ်၏။ ဒေသသဘောကြောင့် အရာဝတ္ထု တစ်ခုတည်း၊ တစ်သမတ်တည်း မတည်နိုင်ဘဲ ပြောင်းလဲခြင်း ဖြစ်ရ၏။ ရှေးနှင့်မတူဘဲ တစ်နည်းတစ်ဖုံ ဖြစ်သွားရ၏။ ဤသို့ ဖြစ်သွားခြင်းသည် ဒုက္ခသဘော ဖြစ်၏။ ပဉ္စဝဂ္ဂီ ငါးဦးတို့အား မြတ်စွာဘုရားသည် ဤသို့ ဒုက္ခသဘောကိုလည်း ဟောရ၏။

ကာလဟူသည် ဖြစ်ခြင်းကြိယာတို့ဖြင့် မှတ်သားအပ်သော ဖြစ်စဉ်တို့၏ ရှေ့နောက် တစ်ဆက်တည်းသဘော ဖြစ်၏။ ဒေသဟူသည် ဖြစ်တတ်သော အရာတို့ဖြင့် မှတ်သားအပ်သော၊ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်း၍ အသစ်အသစ် ဖြစ်ပေါ်လာသော အရာဝတ္ထုတို့၏ ရှေ့နောက် တစ်ဆက်တည်း သဘောဖြစ်၏။

ထို့ကြောင့် ဤလောက၌ သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အကြောင်းအကျိုး နိယာမအရ ဖြစ်ဖြစ်သမျှတို့၌ ကာလသဘောကလည်း ပါ၏။ ဒေသသဘောလည်း ပါ၏။ ကာလသဘောအရ ဖြစ်ခြင်းကြိယာဟူ၍ ဖြစ်လာရ၏။ ဒေသသဘောအရ ဖြစ်တတ်သော အရာဝတ္ထုဟူ၍ ဖြစ်လာရ၏။

အမှန်အားဖြင့် ဤလောက၌ ကာလနှင့် ဒေသဟူ၍ ဝေါဟာရအရ ခွဲခြား၍ ပြောနိုင်စေကာမူ လက်တွေ့သဘောအရ ခွဲခြား၍ မရကောင်း။ ဖြစ်တတ်သော အရာဝတ္ထုဟူ၍ မရှိဘဲ ဖြစ်ခြင်းကြိယာဟူ၍ မရှိ။ ဖြစ်ခြင်းကြိယာဟူ၍ မရှိဘဲ ဖြစ်တတ်သော အရာဝတ္ထု ဟူ၍လည်း မရှိ။

ထို့ကြောင့် ဤလောက၌ ဖြစ်ဖြစ်သမျှသည် ကာလနှင့် ဒေသ၏ ဘောင်အတွင်း၌သာ ရှိရ၏။ ကာလနှင့် ဒေသ၏ဘောင်ကို ကျော်လွန်၍





မရ။ လောကုတ္တရာ စစ်စစ်ဖြစ်သော နိဗ္ဗာန်သည်သာလျှင် ကာလနှင့် ဒေသဘောင်ကို ကျော်၍ ရ၏။

အရာဝတ္ထုတစ်ခုသည် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ရှေ့နှင့်နောက် မတူ ဟူ၍ ဆိုကတည်းက မခိုင်မာသည့် သဘောကို ပြ၏။ မခိုင်မာခြင်း ဟူသည်မှာလည်း တစ်သမတ်တည်း တည်တံ့နိုင်သော အနှစ်သာရ မရှိခြင်းပင် ဖြစ်၏။ အနှစ်သာရ မရှိပါက မိမိတို့အနေဖြင့် ဘယ်လိုပင် ကောင်းမွန်အောင် ပြုပြင်ဖန်တီးစေကာမူ သူ့သဘော သူဆောင်ကာ အကြောင်းအကျိုး နိယာမအလိုက် ခုတစ်မျိုး၊ တော်တော်ကြာ တစ်မျိုးဖြင့် ရှေ့နှင့်နောက် မတူဘဲ ဖြစ်နေမည်သာ ဖြစ်၏။

ဤသည်ကိုပင် အနှစ်မရှိသောသဘော အနတ္တဟူ၍ လည်းကောင်း၊ အလိုအတိုင်းဖြစ်အောင် လုပ်၍မရသောသဘော အနတ္တဟူ၍ လည်းကောင်း ဆိုရ၏။ ဤအနတ္တသဘောကို မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ ငါးဦးတို့အား နားလည်အောင် ဟောတော်မူရ၏။

## ဝေဒကျမ်းများကို စွန့်လွှတ်ခြင်း

ပဉ္စဝဂ္ဂီတို့သည် ပါရမီဖြည့်ပြီးသား ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ သူတို့၌ သီလနှင့် သမာဓိသည် ပြည့်စုံ၏။ စင်ကြယ်၏။ သို့ရာတွင် သူတို့အယူနှင့် သူတို့၏ အမြင်သည် မစင်ကြယ်။

သူတို့၏ သန္တာန်၌ ထင်လာသမျှ အာရုံများကို ပညတ်အနေဖြင့်သာ သိသေး၏။ အစိုင်အခဲ အနေဖြင့်သာ သိသေး၏။ နိစ္စ၊ သုခ၊ သုဘ၊ အတ္တ အနေဖြင့်သာ သိသေး၏။ သုဘ သဘောအရ မိမိ (အတ္တ) နှင့် ပတ်သက်လာလျှင် သစ်သားခုတင်ကိုပင် ရွှေနန်းဟူ၍ထင်ကြောင်း စာဖွဲ့ကြသည် မဟုတ်ပါလား။ ထိုသဘော အတိုင်းပင် သူတို့ သိကြသေး၏။

သူတို့သည် ရုပ်နှင့်နာမ်ကို ပိုင်းခြား၍ မသိ။ သူတို့သည် အကြောင်းနှင့် အကျိုးကို မဆင်ခြင်တတ်။ ထိုသို့ဖြစ်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို



www.burmeseclassic.com

www.burmeseclassic.com



အဘယ်သို့လျှင် သိနိုင်ပါမည်နည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ ငါးပါးတို့အား အယူနှင့်အမြင်ကို စင်ကြယ်စေခြင်းငှာ နာမ်နှင့်ရုပ်ကို ဟောကြားရ၏။

နာမ်နှင့်ရုပ်ကို ပိုင်းခြား၍သိမှ အယူနှင့်အမြင် စင်ကြယ်၏။ ယင်းကို ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်၏။ ထို့နောက် နာမ်နှင့်ရုပ်တို့၏ အကျိုးနှင့်အကြောင်း ဆက်သွယ်မှုကို နားလည်အောင် ဟောရ၏။ အကျိုးနှင့်အကြောင်း ဆက်သွယ်မှု နိယာမအရ ရုပ်နှင့်နာမ်တို့ ဖြစ်ပုံကို နားလည်သဘောပေါက်သော အခါမှသာ ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍ တကယ်မရှိဘဲ ရုပ်နှင့်နာမ်သာ တကယ်ရှိကြောင်း၊ ရုပ်နှင့်နာမ် အစုအဝေးကိုသာ သမုတိသစ္စာ အနေဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုဟူ၍ ခေါ်ကြောင်း၊ ရုပ်နှင့်နာမ် အစုအဝေးမှ သီးခြား 'အတ္တ' ဟူ၍ မရှိကြောင်း သဘောပေါက်၏။ နားလည်၏။ ထိုအခါမှသာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အကြမ်းဖျင်းကွာ၍ စူဠသောတာပန် အဖြစ်သို့ ရောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ ငါးပါးတို့အား အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို သိလာစေရန် ဝိပဿနာ တရားတို့ကို ဟောတော်မူ၏။ ဝိပဿနာ တရားတို့ကို ဟောတော်မူသောအခါ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ တို့ကို ခွဲခြား၍ ဟောတော်မူ၏။

ဤလောက၌ ဖြစ်ဖြစ်သမျှတို့သည် ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ သင့်လျော်သော သူဆောင်ကာ အကြောင်းအကျိုး နိယာမသဘောအရ ဖြစ်၊ တည်၊ ပျက် သဘောအတိုင်း ဖြစ်ကြ၏။ တည်ကြ၏။ ပျက်ကြ၏။ အထူး ဝိပဿနာရှုစရာ မလို၊ မိမိတို့နှင့် ဘာမျှမဆိုင်။ ဤသဘောမှာ ခန္ဓာဖြစ်၏။ ပရမတ္ထ တရားစစ်စစ် ဖြစ်၏။ ပညတ် မဟုတ်၊ ဒြပ်အစိုင်အခဲ မရှိ။

သို့ရာတွင် ပရမတ္ထစစ်စစ်ဖြစ်သော ခန္ဓာတို့သည် ရုပ်နာမ်သဘော ဖြင့် လူတို့၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တည်းဟူသော တံခါး (၅) ပေါက်တို့မှ ဝင်ရောက်၍ လူတို့၏ စိတ်အစဉ်၌ ထင်ဟပ်လာသောအခါ





မူလ ပရမတ် စစ်စစ်ဖြစ်သော အာရုံတို့သည် ပရမတ် မစစ်တော့။ ပညတ်နှင့် ရောလာ၏။ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်လာ၏။ ဒြပ်အစိုင်အခဲ ရှိလာ၏။ ယင်းကို ဝိပ္ပလ္လာသ နိမိတ်ဟု ခေါ်၏။

ကြည်လင်သော မှန်သားပြင်၌ ထိုအရာဝတ္ထုတို့သည် အရိပ်အသွင် ဖြင့် ထင်လာတတ်ပါ၏။ သို့ရာတွင် ထိုထိုအရာဝတ္ထုများ ပျောက်ကွယ် သွားသည်နှင့် တစ်ပြိုင်နက် ယင်းတို့၏ အရိပ်များလည်း ပျောက်သွား၏။ အရာဝတ္ထုများ၏ အရိပ်များကလည်း မှန်သားပြင်ထဲသို့ စိမ့်မဝင်၊ မှန်သား ပြင်ကလည်း အရာဝတ္ထုများ၏ အရိပ်များ စုပ်ယူမထား၊ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ သာတည်း။

ဝိပ္ပလ္လာသ အာရုံနိမိတ် အဆင့်သို့ ရောက်သောအခါ ထိုထိုအရာဝတ္ထု များ၏ အာရုံတို့ကလည်း ပုထုဇဉ်တို့၏ စိတ်အစဉ်၌ စိမ့်ဝင်ပျံ့နှံ့လာ၏။ စိတ်အစဉ်၌ ကိန်းအောင်းနေသော ကိလေသာတို့ကလည်း ထိုထိုအရာဝတ္ထု တို့၏ အရိပ်များကို စုပ်ယူထား၏။ စိမ့်ဝင်သောသဘောကို အာသဝဟု ခေါ်၏။ အာသဝဟူသည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် စိမ့်ဝင်တတ်၏။

စုပ်ယူ၍ ထင်ကျန်ရစ်သော သဘောကို ဥပါဒါန်ဟု ခေါ်၏။ ဥပါဒါန် ဟူသည် ဖလင်ကော်ပြားပေါ်၌ ထင်သော အရိပ်သဖွယ် ဖြစ်၏။ ဆိုင်ရာ အရာဝတ္ထု ပျောက်သွားသော်လည်း ယင်း၏ အာရုံအရိပ်ကား စိတ်အစဉ်၌ မပျောက်ဘဲ ထင်မြဲထင်ကျန်ရစ်လျက် ရှိ၏။ ယင်းကို ဥပါဒါနက္ခန္ဓာ ဟူ၍ ခေါ်၏။

ဥပါဒါနက္ခန္ဓာဟူသည် အစိုင်အခဲရှိသော ခန္ဓာဖြစ်၏။ ယင်းခန္ဓာ များကို အစိုင်အခဲ ပျောက်သွားအောင်၊ ပညတ် – ပရမတ် ကွဲသွားအောင်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါ်အောင် ရှုမှတ်ရ၏။

ထို့ကြောင့်ပင် အာရုံတရားများကို မိမိတို့၏ စိတ်အစဉ်၌ အာသဝေါ



www.burmeseclassic.com

www.burmeseclassic.com



တရားများ အနေဖြင့် စိမ့်ဝင်မလာအောင် မိမိတို့၏ ဣန္ဒြေများကို ထိန်းသိမ်းရ၏။ စောင့်စည်းရ၏။ ယင်းကို ဣန္ဒြိယသံဝရသီလဟု ခေါ်၏။

ယောဂီပုဂ္ဂိုလ်တို့အတွက် မိမိတို့၏ ဣန္ဒြေများကို စောင့်စည်းနိုင်ရန် များစွာ အရေးကြီး၏။ သို့မှသာ စစ်မှန်သော ချမ်းသာဘက်ဆီသို့ ဦးလှည့်နိုင်မည် ဖြစ်၏။

စစ်မှန်သောချမ်းသာ ဟူသည် ရုပ်ဝတ္ထုများ၌ မတည်၊ ရုပ်ဝတ္ထုများသည် 'လာဘဂ္ဂမဟတ္တ' အနေဖြင့် အာသဝေါတရားတို့၏ တည်ရာဖြစ်၏။ 'လာဘဂ္ဂမဟတ္တ' ဟူသည် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့၏ ကြီးမြတ်ပြည့်စုံခြင်း ဖြစ်၏။

ထို့ကြောင့် ပဥ္စဝဂ္ဂီ ငါးဦးတို့သည် မိမိတို့ စည်းစိမ်ဥစ္စာများကို စွန့်လွှတ်ခဲ့ခြင်း ဖြစ်၏။ စစ်မှန်သောချမ်းသာ ဟူသည် လောကဘက်ဆီသို့ ဦးလှည့်နေသော အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတို့၌ မတည်။ ယင်းပညာမျိုးသည် 'ဗာဟုသစ္စမဟတ္တ' အနေဖြင့် အာသဝေါတရားတို့၏ တည်ရာဖြစ်၏။ ထို့ကြောင့် ပဥ္စဝဂ္ဂီ ငါးဦးတို့သည် မိမိတို့၏ ဝေဒကျမ်းများကို မလေ့လာတော့ဘဲ စွန့်လွှတ်ခဲ့ခြင်း ဖြစ်၏။ အမှန်အားဖြင့် စစ်မှန်သော ချမ်းသာ ဟူသည် မှန်ကန်သော အရိယသစ္စာသိ၌ တည်၏။ ဤသဘောကို သူတို့ သိကြ၏။

ပဥ္စဝဂ္ဂီ ငါးဦးတို့သည် ပုထုဇဉ်များ ဖြစ်ကြသည့် အားလျော်စွာ ကိလေသာများကို မြစ်ပြတ်မပယ်နိုင်သေးသဖြင့် အသံထွက်၍ ငိုခြင်း (ပရိဒေဝ)နှင့် ကျိတ်၍ငိုခြင်း (ဥပါယာသ)တို့၏ အကြား၌ လူးလာခေါက်တုံ့ပြန်ရင်း မတည်ငြိမ်သော ချမ်းသာသုခ အတုကို ခံစားနေရသူများ ဖြစ်ကြ၏။ ဤသဘောကို သူတို့ သိကြ၏။ သူတို့သည် အေးငြိမ်းလိုလှလေပြီ။ ယခု သူတို့ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်နှင့် တွေ့ပြီး သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏ အစဦးဆုံးသော တပည့်သာဝကများ ဖြစ်ကြချေပြီ။

*





ပဥ္စဝဂ္ဂီ ငါးပါးတို့သည် ပါရမီပြည့်ပြီးသူများ ဖြစ်ကြ၏။ ဤဘဝ၌ပင် အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မှန်ကန်သော ချမ်းသာကို ရမည့် ပုဂ္ဂိုလ်ထူးများ ဖြစ်ကြ၏။

သို့ရာတွင် သူတို့အား မြတ်စွာဘုရားက ဓမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ သစ္စာလေးပါးကို သိရေးအတွက် သူတို့၏အမြင် သမ္မာဒိဋ္ဌိသည် မှန်သားပြင်ကဲ့သို့ မကြည်လင်သေး။ ထိုအခါ မိမိတို့၏ စိတ်အစဉ်၌ ထင်လာသော အာရုံများကို အဖြစ်ကို အဖြစ်အတိုင်း ယထာဘူတဉာဏ် အနေဖြင့် မမြင်နိုင်ဘဲ ရှိနေ၏။

ဓမ္မစကြာ၌ ဟောတော်မူသော ယထာဘူတဉာဏ်အမြင် ဟူသည် ရှာ နာမ်ရုပ်ကို ခွဲခြားသိသော နာမရူပ ပရိစ္ဆေဒဉာဏ်မှ အာဒီနဝဉာဏ်တိုင်အောင် ဖြစ်၏။ ဤသည်ကိုပင် တရုဏ ဝိပဿနာအဖြစ် သတ်မှတ်၏။ ထိုနောက်မှ နိဗ္ဗိဒါဉာဏ်မှစ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်အောင် ဟောကြားသည် ဖြစ်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ် မတိုင်မီ နိဗ္ဗိဒါဉာဏ်မှစ၍ ဝိပဿနာဉာဏ်များကို ဗလဝ ဝိပဿနာဟု ဆိုရ၏။ နောက်ပိုင်း၌ ပါရမီ မရင့်သူများအတွက် ဉာဏ်စဉ်များကို ဤဝိပဿနာဉာဏ်စဉ် (၂) အုပ်စု၌ ထည့်သွင်း၍ ဉာဏ်စဉ် (၁၀) ပါး၊ သို့မဟုတ် (၁၂) ပါးအထိ ရေတွက် ပြသသည်များလည်း ရှိပါ၏။

သမ္မာဒိဋ္ဌိသည် မှန်သားပြင်ကဲ့သို့ ကြည်လင်၍ မိမိ၌ ထင်လာသော အာရုံများကို အဖြစ် – အဖြစ်အတိုင်း၊ အရှိ – အရှိအတိုင်း သိလာရေးအတွက် ဒုတိယမဂ္ဂင်ဖြစ်သော သမ္မာသင်္ကပ္ပကို ဟောတော်မူရ၏။ သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိနည်းတူ လုပ်ငန်းအနေဖြင့် ပညာအုပ်စုဝင် ဖြစ်၏။

တံခါး (၅) ပေါက်မှ ဝင်ရောက်လာသော အာရုံတို့သည် မှုရင်းက အနတ္တစစ်စစ် ဖြစ်စေကာမူ ပဥ္စဝဂ္ဂီငါးပါးတို့၏ စိတ်အစဉ်၌ ထင်ဟပ်လာသောအခါ အာသဝေါနှင့် ကိလေသာတို့၏ သဘောအရ ပညတ်ရောလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပရမတ္ထ မစစ်တော့။ ထိုအခါ မိမိတို့၏ စရိုက်အားလျော်စွာ ထိုထိုအာရုံတို့တွင် ကောင်းသည်ဟု ဆိုရသည်လည်း ပါ၏၊ မကောင်းဘူးဟု ဆိုရသည်လည်း ပါ၏။ မိမိတို့၏ စရိုက်အားလျော်စွာ တစ်ခုတည်းသော အာရုံကိုပင် အချို့က ကောင်းသည်ဟု ဆို၏၊ အချို့က မကောင်းဟု ဆို၏။ စရိုက်ကွဲလျှင် အကြိုက်ကွဲ၏။ အကြိုက်ကွဲလျှင် အသိကွဲ၏။ အသိကွဲလျှင် အဆုံးအဖြတ် ကွဲ၏။ ထိုအခါ ယထာဘူတကျသော ဉာဏ်အမြင်ဟူသည် အဘယ်သို့လျှင် ဖြစ်နိုင်ပါတော့မည်နည်း။

ကြိုက်စရာဟု ထင်လိုက်သည်နှင့် တစ်ပြိုင်နက် တပ်မက်မှုသည် ပေါ်လာ၏။ ယင်းကို အဘိဇ္ဈာဟု ခေါ်၏။ အဘိဇ္ဈာဟူသည် ကာမဝိတက်ပင်တည်း။ မကြိုက်စရာဟု ထင်လာသည်နှင့် တစ်ပြိုင်နက် နှလုံးမသာယာမှုသည် ပေါ်လာ၏။ ယင်းကို ဒေါမနဿဟု ခေါ်၏။ ဒေါမနဿဟူသည် ဗျာပါဒဝိတက်နှင့် ဝိဟိံသာဝိတက်တို့ပင်တည်း။ နှလုံးမသာရုံသက်သက်ဖြစ်လျှင် ဝိဟိံသာဝိတက်ဖြစ်၍၊ ပျက်စီးရန် ကြံစည်အားထုတ်လျှင် ဗျာပါဒဝိတက်ဖြစ်၏။ ယင်းဝိတက် (၃) မျိုးလုံးပင် မိစ္ဆာသင်္ကပ္ပ ဖြစ်၏။ မိစ္ဆာသင်္ကပ္ပ (၃) မျိုးလုံးကို ချေမှုန်းဖျက်ဆီးနိုင်မှ သမ္မာသင်္ကပ္ပ ဖြစ်နိုင်ပေမည်။ သမ္မာသင်္ကပ္ပဖြစ်မှ မဂ္ဂင်ထိုက်၍ သမ္မာဒိဋ္ဌိကို အထောက်အကူ ပြုနိုင်ပေလိမ့်မည်။ သို့ဖြစ်လျှင် သမ္မာသင်္ကပ္ပဟူသည် အဘယ်နည်း။

သမ္မာသင်္ကပ္ပဟူသည် မဂ္ဂင်ထိုက်သောတရား ဖြစ်၏။ မဂ္ဂင်ထိုက်လျှင် မဂ္ဂသစ္စာနှင့် ဆိုင်၏။ မဂ္ဂသစ္စာနှင့်ဆိုင်လျှင် ပါရမီကို အခြေခံရ၏။ ပါရမီကို အခြေခံမှ ယထာဘူတဉာဏ်ကို ရမည် ဖြစ်၏။ ယထာဘူတဉာဏ်ကို တရုဏဝိပဿနာဟု ခေါ်၏။ ယထာဘူတဉာဏ်ကို ရပါမှ နာမ်ရုပ်ကို ခွဲခြားသိမှု၊ အကြောင်းနှင့်အကျိုးကို သိမ်းဆည်း၍ သိမှု၊ အနိစ္စကို သိမှု၊ ဒုက္ခကို သိမှု၊ အနတ္တကို သိမှုတို့ ဖြစ်ပေါ်လာမည် ဖြစ်၏။

ယင်းသို့ သိနိုင်ရေးအတွက် ပုထုဇဉ်တို့၏ စိတ်အစဉ်၌ ပညတ်မပါဘဲ ပရမတ်စစ်ဖြစ်သော ရုပ်နှင့်နာမ် ခန္ဓာအစုသာ ထင်ဖို့ လိုအပ်၏။ ထိုမှ





နောက်၌ ဗလဝဝိပဿနာ ခေါ်သော နိဗ္ဗိဒါဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင်သော အထက် အထက် ဝိပဿနာဉာဏ်များ ဖြစ်ပေါ်လာပေမည်။ ထို့နောင်မှ အနုလောမဉာဏ်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ အစဉ်အတိုင်း ဖြစ်ပေမည်။

## ပါရမီ ဖြစ်ခြင်း၊ မဖြစ်ခြင်း

ပုထုဇဉ် ငါးပါးတို့သည် ပုထုဇဉ်များ ဖြစ်ကြသည့် အားလျော်စွာ မြတ်စွာဘုရားရှင်က ဓမ္မစကြာတရားတော်ကို ဟောတော်မူစဉ် သူတို့၏ စိတ်အစဉ်ဝယ် ထင်လာသော အာရုံတို့သည် ပရမတ်စစ်စစ် မထင်သေး။ ပညတ်များ ရောလျက်သာ ထင်တုန်း ရှိသေး၏။

ထိုအခါ မိမိတို့၏ စရိုက်အလိုက် နှစ်သက်ဖွယ် အာရုံများလည်း ပါမည်၊ မနှစ်သက်ဖွယ် အာရုံများလည်း ပါမည်။ နှစ်သက်ဖွယ် အာရုံများဖြစ်ပါက ယင်းအာရုံကို မနှစ်သက်မိအောင် ရှုမှတ်ရမည်၊ ပွားများရမည်၊ သတိဖြင့် ထိန်းသိမ်းစောင့်စည်းရမည်။ ထိုသို့ ထိန်းသိမ်းစောင့်စည်းနိုင်ပါမှ ပါရမီမြောက်၏။ ယင်းပါရမီကို ပါရမီဝေါဟာရဖြင့် ခေါ်ရလျှင် နိက္ခမပါရမီဟု ခေါ်ရ၏။ မဂ္ဂင်ဝေါဟာရဖြင့် ခေါ်ရလျှင် နေက္ခမ္မသင်္ကပ္ပဟု ခေါ်ရ၏။

ယနေ့ လူလောက၌လည်း ကျွန်ုပ်တို့သည် ပစ္စုပ္ပန် အကျိုးစီးပွားအတွက် ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာတို့ဖြင့် တစ်မျိုး၊ အပေါင်းအသင်း အခြံအရံတို့ဖြင့် တစ်မျိုး၊ ချီးမွမ်းမြှောက်ပင့်ခြင်းတို့ဖြင့် တစ်မျိုး၊ ဘွဲ့ထူး ဂုဏ်ထူးတို့ဖြင့် တစ်မျိုး၊ ဤသို့ စသည်ဖြင့် အမျိုးမျိုးသော သာယာဖွယ်တို့ကို တွေ့ရတတ်ပါ၏။ တမလွန် အကျိုးစီးပွားအတွက် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ဖြင့် အံ့ချီးဘနန်းပြုကြသော သာယာဖွယ်တို့ကို တွေ့တတ်ပါ၏။

ဤသို့သော ပစ္စုပ္ပန်၊ တမလွန် သာယာဖွယ်တို့ကို တောင့်တ၍



www.burmeseclassic.com

www.burmeseclassic.com



မွနှင့်အညီ ပြုလုပ်သော ကုသိုလ်တရားပင် ဖြစ်စေဦးတော့၊ အကျိုးလည်း မများ၊ ပါရမီလည်း မမြောက် ဟူ၍ ဥတ္တမပုရိသဒီပနီ၌ ဆို၏။ အကယ်၍ အဓမ္မနည်းဖြင့် ပြုလုပ်လျှင်ကား ပါရမီ မမြောက်ရုံသာမက များစွာပင် အပြစ်ကြီးမား၏။

ကျွန်ုပ်တို့သည် လူသားများ ဖြစ်ကြသည့် အားလျော်စွာ ဘဝတည်မြဲရေး အတွက် ဆိုင်ရာဆိုင်ရာ အလုပ်ကို လုပ်ကိုင်ကြရ၏။ ထိုသို့ လုပ်ရာတွင် လုပ်ငန်းတာဝန်နှင့် အကျိုးတရားဟူ၍ အပိုင်း (၂) ပိုင်း ရှိ၏။ ထိုအပိုင်း (၂) ပိုင်းတို့ အချင်းချင်း ရောယှက်မသွားနိုင်စေရန် နယ်သတ်မျဉ်း ရှိ၏။ ထိုနယ်သတ်မျဉ်းသည် ပါရမီသဘောနှင့် ပါရမီမဟုတ်သော သဘော (၂)မျိုးတို့၏ ပိုင်းခြားရာ နယ်သတ်မျဉ်းလည်း ဖြစ်၏။

ပါရမီ ဆိုကတည်းက မြင့်မြတ်သူတို့၏ ခံယူချက်၊ မြင့်မြတ်သူတို့၏ စိတ်ထား၊ မြင့်မြတ်သူတို့၏ လုပ်ငန်းမှန်း သိသာ၏။ ယုတ်ညံ့သူတို့နှင့် မဆိုင်မှန်းလည်း သိသာ၏။ ပါရမီသည် လောကုတ္တရာဘက်သို့ ဦးတည်၏။ လောကီဘက်သို့ နောက်ပြန်မလှည့်။ ပါရမီကို မည်သူမဆို ဖြည့်နိုင်၏။ တိရစ္ဆာန်ပင် ဖြစ်စေကာမူ ဖြည့်နိုင်၏။

ပါရမီဖြည့်ခြင်း ဟူသည်မှာ မည်သည့်အကျိုးကိုမျှ မတောင့်တဘဲ မိမိ၏ လုပ်ငန်းတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်း ဖြစ်၏။ အကျိုးတရားကား အကျိုးတရားသတ်သတ်၊ လုပ်ငန်းတာဝန်ကား လုပ်ငန်းတာဝန်သတ်သတ်ဟူ၍ အကျိုးတရားနှင့် လုပ်ငန်းတို့၏ နယ်သတ်မျဉ်းကို သတ်မှတ်နိုင်သူ ဖြစ်၏။ ပါရမီ (၁၀) ပါးတို့တွင် နေက္ခမ္မပါရမီက စောင့်ရှောက်မှသာ ပြုသမျှ ကုသိုလ်များသည် ပါရမီများ ဖြစ်နိုင်ကြသည်ဟု ဥတ္တမပုရိသဒီပနီ၌ ဆိုကြောင်း အဘိဓဇမဟာရဋ္ဌဂုရု တောင်လေးလုံးဆရာတော်ကြီးက သူ၏ "ပါရမီအလင်းပြကျမ်း"၌ ဖော်ပြထား၏။

နေက္ခမ္မဟူသည် တပ်မက်စရာများကို မျှော်ကိုးခြင်းမပြုဘဲ လောက၏ အကျိုးစီးပွားအတွက် မိမိတာဝန်ကို မိမိကျေပွန်စွာ ဆောင်ရွက်ခြင်း





ဖြစ်၏။ ထိုသို့ ဆောင်ရွက်ရာ၌ တိုင်းပြည်အကျိုးကို ပထမ၊ မိမိ၏ အသိုက်အဝန်း အကျိုးကို ဒုတိယ၊ မိမိ၏ အကျိုးကို နောက်ဆုံးထား၍ ဆောင်ရွက်ခြင်း ဖြစ်၏။

ဤသဘောကို လောကုတ္တရာသို့ တူရူပြုသည့် သဘောဟု ဆိုရ၏။ လောကီသို့ တူရူပြုပါက မိမိအကျိုးသည် ပထမ၊ အသိုက်အဝန်း အကျိုးသည် ဒုတိယ၊ ပြည်သူပြည်သား အကျိုးသည် နောက်ဆုံးပိတ် ဖြစ်၏။

အမှန်အားဖြင့် နေက္ခမ္မ၏ အဓိပ္ပာယ်သည် အရာရာတိုင်းကို တပ်မက်တတ်သော လောဘ၏ဆန့်ကျင်ဘက် အလောဘဖြစ်၍ အရာရာတိုင်းကို အနစ်နာခံ၍ စွန့်လွှတ်နိုင်၏။ အသက်၊ စည်းစိမ်နှင့် ရာထူးဂုဏ်သိန်များကိုပါ စွန့်လွှတ်နိုင်၏။ ထိုသို့ စွန့်လွှတ်ခြင်းသည် မိမိအတွက် မာနခံ၍ စွန့်လွှတ်ခြင်းမျိုး မဟုတ်။ တစ်စုံတစ်ခုကို မျှော်ကိုး၍၊ အတုံ့အပြန် ရလို၍၊ ကျေးဇူးတင်ခံလို၍ စွန့်လွှတ်ခြင်းမျိုး မဟုတ်။ လောကအတွက် အကျိုးရှိစေလို၍ မြင့်မြတ်သော မေတ္တာ၊ စေတနာဖြင့် စွန့်လွှတ်ခြင်းမျိုးသာ ဖြစ်၏။

နေက္ခမ္မစိတ်ထား ရှိသော သူမြတ်များသည် တပ်မက်ဖွယ်များ အားလုံးကိုလည်း မတပ်မက်၊ ကြောက်မက်ဖွယ်များဖြင့် ခြောက်၍လည်း မကြောက်။ တပ်မက်ဖွယ်အားလုံးကို နေက္ခမ္မပါရမီဖြင့် အနစ်နာခံ၍ လောကအတွက် စွန့်လွှတ်၏။ ကြောက်မက်ဖွယ် အားလုံးကိုလည်း ခန္တီပါရမီဖြင့် လောကအတွက် အနစ်နာခံ၍ သည်းခံ၏။

နေက္ခမ္မပါရမီသည် နိက္ခမ္မသက်ပွမင်္ဂင် အနေဖြင့် ထင်ရှားလာ၏။ ထိုသို့ ထင်ရှားလာရာတွင် သူ့ကို အထောက်အပံ့ပြုသော အခြားသက်ပွများ ရှိသေး၏။

ထိုသက်ပွများမှာ အဗျာပါဒ သက်ပွနှင့် အဝိဟိံသာ သက်ပွများ ဖြစ်ကြ၏။ နေက္ခမ္မသက်ပွ၏ အဘိဓမ္မာ တရားကိုယ်မှာ 'အလောဘ' ဖြစ်၏။ အလောဘ သဘောအရ တပ်မက်ဖွယ် အာရုံများကို မတပ်မက်ဘဲ စွန့်လွှတ်နိုင်၏။ ထိုသို့ စွန့်လွှတ်ရာတွင် အကျိုးရှိရှိ စွန့်လွှတ်နိုင်ဖို့ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



၏။ အလဟဿ စွန့်လွှတ်မှုမျိုးကား အနက်မဲ့၊ အဓိပ္ပာယ်မဲ့ ဖြစ်၏။ ထိုသို့ မဖြစ်စေရန် အဗျာပါဒသက်ပွက ပံ့ပိုး၏။ အဗျာပါဒ၏ အဘိဓမ္မာ တရားကိုယ်မှာ အဒေါသ ဖြစ်၏။ အဒေါသဟူသည် ဆောင့်ကြီး အောင့်ကြီး သဘော မရှိ၊ မလွဲသာ မရှောင်သာ သဘော မရှိ။ တကယ်စစ်မှန်သော မေတ္တာ၊ စေတနာ သဘောသာ ရှိ၏။

ထို့ကြောင့် အဗျာပါဒသက်ပွ၏ ပံ့ပိုးမှုဖြင့် နေက္ခမ္မသက်ပွသည် မိမိ၏ စိတ်အစဉ်၌ ထင်လာသော အာရုံများကို တစ်စုံတစ်ရာ တွယ်တာငဲ့ကွက်ခြင်း မရှိဘဲ လောကအပေါ် တကယ်စစ်မှန်သော စေတနာဖြင့် စွန့်လွှတ်နိုင်ခြင်း ဖြစ်၏။

ထို့နောက် သက်ပွတစ်ခု ရှိသေး၏။ ယင်းသက်ပွကား အဝိဟိံသ သက်ပွဖြစ်၏။ အဝိဟိံသာ သက်ပွ၏ အဘိဓမ္မာ တရားကိုယ်မှာ ကရုဏာ ဖြစ်၏။ ကရုဏာ သဘောအရ ပုဂ္ဂိုလ် သတ္တဝါ အားလုံးတို့သည် သံသရာ ရေအလျဉ်ကြော၌ မျောနေသမျှ ကာလပတ်လုံး မင်းဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ပူလောင်သောသုခကို အကောင်းထင်၍ ခံစားနေကြသော၊ သာယာနေကြသော သနားစရာ သတ္တဝါများသာ ဖြစ်ကြ၏။ အဝိဇ္ဇာညဉ့်အမှောင်၌ အိပ်မက် မက်၍ ပျော်နေကြသော သတ္တဝါများ ဖြစ်ကြ၏။

ထိုသို့ ပျော်ကြရာတွင် ဗြဟ္မာကလည်း ဗြဟ္မာအလျောက် ဗြဟ္မာသုခနှင့် ဗြဟ္မာပျော်၏။ နတ်ကလည်း နတ်အလျောက် နတ်သုခနှင့် ပျော်၏။ လူကလည်း လူအလျောက် လူသုခနှင့် ပျော်၏။ တိရစ္ဆာန်ကလည်း တိရစ္ဆာန်အလျောက် တိရစ္ဆာန်သုခနှင့် တိရစ္ဆာန်ပျော်၏။ အယုတ်ဆုံးအားဖြင့် လင်းတငှက်သည်ပင်လျှင် လင်းတအလျောက် ခွေးသေကောင်ပုပ်နှင့် ပျော်၏။

သို့ရာတွင် သူတို့၏ပျော်ခြင်းကား အဝိဇ္ဇာတည်းဟူသော ညဉ့်၏ အိပ်မက်၌ မနိုးသေးသမျှ ကာလပတ်လုံး ပျော်နေကြသော သနားစရာ သတ္တဝါများသာ ဖြစ်၏။ ဤသနားစရာကောင်းသော သတ္တဝါများအပေါ် တကယ်စစ်မှန်သော ကရုဏာစေတနာဖြင့် မိမိ၏ကိုယ်ကျိုးကို အလေး





မထားဘဲ နေက္ခမ္မပါရမီသည် စွန့်လွှတ်နိုင်ခြင်း ဖြစ်၏။ ထို့ကြောင့် နေက္ခမ္မသက်ပွသည် အဗျာပါဒသက်ပွ၊ အဝိဟိံသာ သက်ပွတို့၏ ကူညီပံ့ပိုးမှုဖြင့် သမ္မာသက်ပွ အမည်ကို ရလေ၏။ သမ္မာသက်ပွသည် နေက္ခမ္မပါရမီကို အခြေပြု၍ ချစ်စရာနှင့် တွေ့လျှင်လည်း မချစ်၊ ခန္တီပါရမီကို အခြေပြု၍ ကြောက်စရာနှင့် တွေ့လျှင်လည်း မကြောက်။ ထိုအခါ နေက္ခမ္မပါရမီ၏ စောင့်ရှောက်မှုကြောင့် ခန္တီပါရမီနှင့် ဥပေက္ခာပါရမီတို့သည် ထင်ရှားလာလေ၏။

သမ္မာသက်ပွသည် နိက္ခမ္မပါရမီအရ သာယာဖွယ် အာရုံများကို တွေ့လျှင်လည်း မသာယာ၊ ခန္တီပါရမီအရ ကြောက်ဖွယ်အာရုံများကို တွေ့လျှင်လည်း မကြောက်ရွံ့။ ထိုအခါ ဥပေက္ခာပါရမီသည် အလိုအလျောက် ထင်ရှားလာ၏။ ပဉ္စဝဂ္ဂီ ငါးဦးတို့သည် မူလနဂိုကတည်းက သီလစင်ကြယ်မှုနှင့် သမာဓိ ခိုင်မာမှုတို့သည် ပြည့်စုံပြီးသား ဖြစ်ကြ၏။

ထို့ကြောင့် ပညက္ခန္ဓာအုပ်စုဝင် သမ္မာဒိဋ္ဌိနှင့် သမ္မာသက်ပွတို့ကို မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့အနက် အရှင်ကောဏ္ဍညသည် မဂ္ဂင်ရှစ်ပါး ပါဝင်သော သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မဟာသက္ကရာဇ် (၁၀၃) ခုဝါဆိုလပြည့် စနေနေ့ ညချမ်း၌ သောတာပန် တည်လေ၏။ ထို့နောက် 'ဧဟိဘိက္ခု' ဖြင့် ရဟန်းဖြစ်လေ၏။

ဓမ္မစကြာတရား တစ်ပုဒ်လုံးကို ပဉ္စဝဂ္ဂီငါးပါးတို့အား အကုန်အစင် အစအဆုံး ဟောပါသော်လည်း ရှင်ကောဏ္ဍည တစ်ပါးတည်းသာ သောတာပန် ဖြစ်၏။ မဂ္ဂင် (၈) ပါးကို ဧကရသ ခေါ် ဝိမုတ္တိရသ ရောက်အောင် သဘောပေါက်၏။ ထို့ကြောင့် သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း ဖြစ်၏။ သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်ခြင်း ဖြစ်၏။ ကျန်လေးပါးတို့ကား ပုထုဇဉ် ဘဝ၌သာ ရှိသေး၏။

ကျန်လေးပါးတို့ကား မဂ္ဂင် (၈) ပါး သို့မဟုတ် သိက္ခာ (၃) ပါးကို



www.burmeseclassic.com

www.burmeseclassic.com



ကေက္ခဏာ၌ ကေရသ အဖြစ်သို့ ရောက်အောင် ထိုးထွင်း၍ မသိနိုင်ဘဲ ရှိနေ၏။ တစ်ပါးစီ တစ်ပါးစီကိုမူ သဘောပေါက်ပါ၏။

ဟင်းချက်သည့်ဥပမာဖြင့် တင်ပြရလျှင် 'ဤဟာက ငါး၊ ဤဟာက ကြက်သွန်၊ ဤဟာက နနွင်း' စသည်ဖြင့် ဟင်းအမည်များကို အိုးထဲ၌ထည့်၍ မီးဖြင့် အပူပေးပြီး ချက်ကြပါသော်လည်း ရှင်ကောဏ္ဍညကသာ ဟင်းအရသာကို တစ်ပြိုင်နက်တည်း၊ ဟင်းအရသာကို တစ်မျိုးတည်း ပေါ်အောင် ချက်နိုင်၏။

တစ်ပြိုင်နက်တည်းကို ကေက္ခဏာဟု ခေါ်၍ ဟင်းအရသာ တစ်မျိုးတည်းကို ကေရသဟု ခေါ်၏။

ကျန် (၄) ပါးတို့ကား ရှင်ကောဏ္ဍညလို မချက်နိုင်သေး။ ငါး အရသာက သတ်သတ်၊ ကြက်သွန်အရသာက သတ်သတ်၊ နနွင်းအရသာ က သတ်သတ် စသည်ဖြင့် ရှိသေး၏။ အချင်းချင်း မရောကြသေး၊ ဟင်း အရသာ တစ်မျိုးတည်း မဖြစ်သေး။ ဤဥပမာအတိုင်းပင် ရှင်ကောဏ္ဍညမှ တစ်ပါး ကျန် (၄) ပါးတို့ မဂ္ဂင် (၈) ပါး၊ သို့မဟုတ် သိက္ခာ (၃) ပါးကို ကေက္ခဏာ၌ ကေရသပေါ်အောင် မကျင့်နိုင်သေးသောကြောင့် ဖြစ်၏။

နောက်လပြည့်ကျော် (၁) ရက်နေ့တွင် မြတ်စွာဘုရားသည် ရှင်ဝပ္ပ အား တတိယမဂ္ဂင် ဖြစ်သော သမ္မာဝါစာ မဂ္ဂင်ကို အသေးစိတ် ညွှန်ကြား ပြသ၏။ ကျင့်နည်းကို ပြသပေး၏။

သမ္မာဒိဋ္ဌိမဂ္ဂင် အရ စိတ်အစဉ်၌ ထင်လာသော အာရုံများကို သမ္မာသင်္ကပ္ပမဂ္ဂင်အရ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ်လာအောင် ထောင်းထု ချေမှုန်းပေးသော်လည်း ရှင်ဝပ္ပ၏ သန္တာန်၌ ထိုထိုအာရုံသည် ကျေပျက် မသွား၊ ကျေပျက်မသွားလျှင် အစိုင်အခဲအဖြစ် ရှိတုန်းပင် ဖြစ်၏။ အစိုင်အခဲ အဖြစ် ရှိနေသေးလျှင် နိစ္စ၊ သုခ၊ သုဘ၊ အတ္တတို့ မပျောက်။ နိစ္စ မပျောက် လျှင် ဝိပ္ပလ္လာသ အာရုံနိမိတ်ကို မစွန့်နိုင်။ သုခ မပျောက်လျှင် သာယာဖွယ်





သုဘ နိမိတ်ကို မစွန့်နိုင်။ အတ္တ မပျောက်လျှင် အခိုင်အမာမရှိ ဟူသော သုညတာ သဘောသို့ မရောက်။

ထို့ကြောင့် ဥပါဒါနက္ခန္ဓာဖြစ်သော ရုပ်နာမ်အာရုံများကို ပညတ် ကွာ၍ ရုပ်နာမ်ချည်းကျန်ပြီး အစိုင်အခဲမဲ့ သဘာဝအရ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောပေါက်လာအောင် သမ္မာသင်္ကပ္ပမဂ္ဂင်က နေက္ခမ္မပါရမီ၊ ခန္တီပါရမီ၊ ဥပေက္ခာပါရမီ ဦးဆောင်သော ပါရမီတို့၏ အကူအညီဖြင့် ထုထောင်း ကြိတ်ခြေရာ၌ သီလအုပ်စုဖြစ်သော သမ္မာဝါစာမဂ္ဂင်ကို ပံ့ပိုးအားဖြင့် ပေး သည့် အနေဖြင့် ဟောကြားခြင်း ဖြစ်၏။

သာမညအားဖြင့် သမ္မာဝါစာသည် အနုသယဓာတ် အနေဖြင့် ကိန်းအောင်းနေသော အသက်မွေးဝမ်းကျောင်းနှင့် မပတ်သက်သည့် ဝစီကံ လေးပါးမှ ရှောင်ကြဉ်ခြင်း ဖြစ်၏။ သို့ရာတွင် ဝါစာအရ စကားဟူသည် လူတို့၏ အသံပင် ဖြစ်၏။ ယင်းအသံသည် (က) ထူလ (ခ) သုခုမ (ဂ) သုခုမတရ (ဃ) သုခုမတမ ဟူ၍ အဆင့်အားဖြင့် လေးဆင့်ရှိ၏။ ထိုလေးဆင့်တို့တွင် သုခုမတမ အဆင့်သည် သဒ္ဒဓာတ်သက်သက် ဖြစ်၏။ သုခုမတရ အဆင့်သည် စိတ်နှင့်ရော၏။ သုခုမ အဆင့်သည် အသိနှင့် ရော၏။ ထူလ အဆင့်သည် ဌာန်၊ ကရိုဏ်း၊ ပယတ်နှင့် ရော၏ ဟူ၍ အဆိုရှိ၏။

ဗုဒ္ဓဒေသနာတော်အရ သမ္မာဝါစာကို ပထမအဆင့်မှ တတိယအဆင့် အထိနှင့်သာ ပတ်သက်၏ ဟူ၍ ဆိုရ၏။ အသံ ဟူသမျှသည် အသံထွက် သည် ဖြစ်စေ၊ အသံမထွက်သည် ဖြစ်စေ ခေါ်စရာ အမည်နှင့် သိစရာ အရာဝတ္ထုတို့ ပါဝင်သည်ချည်း ဖြစ်၏။ ထို့ကြောင့် အသိစင်ကြယ်စေလိုလျှင် ခေါ်စရာ အမည်နှင့် သိစရာ အရာဝတ္ထု နှစ်မျိုးလုံး စင်ကြယ်ဖို့ လို၏။ ယင်း နှစ်မျိုးလုံးကိုပင် ဝါစာဟု ခေါ်ရ၏။ နှစ်မျိုးလုံး စင်ကြယ်လျှင် သမ္မာ ဝါစာဟု ခေါ်၏။

သမ္မာသင်္ကပ္ပသည် ရုပ်နာမ်အာရုံများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်အောင် မုန့်မုန့်ညက်ညက် ကြိတ်ခြေရာ၌ဖြစ်စေ၊ သုညအဖြစ်သို့ ရောက်အောင် ပြုရာ၌ဖြစ်စေ သူ့အတွက် စင်ကြယ်သော ခေါ်စရာ အမည်နှင့် သိစရာ အာရုံသည် လိုအပ်သည်သာ ဖြစ်၏။

ထို့ကြောင့် သမ္မာဝါစာ ဟူသော သီလပိုင်းသည် သမ္မာသင်္ကပ္ပ ဟူသော ပညာပိုင်းကို အထောက်အကူ ပြုနိုင်ခြင်း ဖြစ်၏။

သို့ရာတွင် သမ္မာဝါစာ ဟူသည် စကားအဆင့်၌သာ သူချည်း သက်သက် ရပ်တည်နေမည် မဟုတ်။ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့နှင့် တစ်သားတည်း တည်ရှိနေအောင် ဆောင်ရွက်နေရမည် ဖြစ်၏။ သို့မဟုတ်ပါက မထနိုင်၍ လဲနေသူအား ပါးစပ်က 'ကျန်းမာပါစေ၊ ချမ်းသာပါစေ' စသည်ဖြင့် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်၍ ရွတ်ဆို မေတ္တာပို့နေမည့်အစား ကိုယ်တိုင် ထူမ၍ ဖုတ်ခါပေးလိုက်သည်က မိမိအတွက်ရော သူ့အတွက်ပါ ပို၍ အကျိုးရှိပါ၏။

ထို့ကြောင့် ဗုဒ္ဓဘာသာ၏ အမျိုးသားစရိုက်၊ အမျိုးသားဉာဉ်အရ မည်သည့်တာဝန်၊ မည်သည့်လုပ်ငန်းကိုလုပ်လုပ် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာတို့ဖြင့် တစ်သားတည်းပြု၍ မိမိ၏ အကျိုးကို နောက်ပိတ်ဆုံးထားကာ ဆောင်ရွက်ကြရန် ရတနာသုံးပါး၌ ဟောတော်မူခြင်း ဖြစ်၏။

သို့ရာတွင် ဗုဒ္ဓဘာသာ၌ ပါရမီမဂ္ဂနှင့် မန္တမဂ္ဂ ဟူ၍ လမ်းစဉ်နှစ်မျိုး ရှိသည်ဟုဆိုပြီး ပိဋကတ်တော်၌ လာ၊ မလာ ဂါထာ ပါဠိများကို မိမိ၏ ကိုယ်ကျိုးအတွက် 'အဆောင်သဖွယ်' ရွတ်ဖတ် သရဇ္ဈာယ်သူများလည်း ဤမြန်မာနိုင်ငံ၌ ရှိနေကြလေရာ၊ ဤသို့သော သူများသည် မိမိ တာဝန်ကျရာ အလုပ်ကို ကျေပွန်အောင်တော့ မလုပ်ဘဲ တာဝန်ကျေပွန်အောင် လုပ်သူများကို ကျော်၍ ရာထူး ပေးနိုင်သူများကို ကပ်ပြီး ရာထူးတက်အောင် လုပ်သော ဝန်ထမ်းများနှင့် တူကောင်း တူပေလိမ့်မည်။

*





မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ဝါဆိုလပြည့်နေ့၌ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဟောကြားတော်မူရာ ရှေးဦးစွာ ကောဏ္ဍညသည် သောတာပန် ဖြစ်သွားလေ၏။ ကျန်သော လေးပါးတို့ကား သောတာပန် မဖြစ်ကြသေး။ ပုထုဇဉ် အဖြစ်၌သာ ရှိသေး၏။ မြတ်စွာဘုရား ဟောကြားသော ဒေသနာမှာ 'ဓမ္မစက္ကပဝတ္တန' ခေါ် ဓမ္မစကြာ ဒေသနာတော် ဖြစ်၏။

ဝါဆိုလပြည့်ကျော် (၁) ရက်နေ့၌ မြတ်စွာဘုရားသည် ဆွမ်းခံမထွက်ဘဲ ဝပ္ပမထေရ်အား တရားဆက်လက်ဟော၏။ ကျန်သုံးပါးက ဆွမ်းခံထွက်၍ စုစုပေါင်း ငါးပါး မျှတကာ သုံးဆောင်တော်မူကြ၏။

ထိုနေ့တွင် ဝပ္ပ သောတာပန် ဖြစ်မည်ကို မြတ်စွာဘုရားက သိတော်မူ၏။ သို့ရာတွင် မြတ်စွာဘုရား သိတော်မူရုံနှင့် မပြီးသေး။ ဝပ္ပကိုယ်တိုင်က သိဖို့ လိုသေး၏။ လောကမှ ထွက်မြောက်ရာ နိဗ္ဗာန်ဟူသည်မှာ ကာယကံရှင် ကိုယ်တိုင်က မျက်မှောက်ပြုနိုင်မှ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက သိရုံနှင့် မပြီးသေး။ ဝပ္ပ ကိုယ်တိုင်က မျက်မှောက်ပြုနိုင်ဖို့ အရေးကြီး၏ ဟူ၍ ဆိုခြင်း ဖြစ်၏။

## သိစိတ်၊ မသိစိတ်

အရိယာ မဖြစ်ကြသေးသော ပုထုဇဉ်တို့၏ သန္တာန်၌ သိစိတ်သည် (၂)မျိုး ရှိ၏။ တစ်ခုသောသိစိတ်မှာ 'သိစိတ်' ဟူ၍ ဆိုရသော်လည်း တကယ်တမ်း 'သိစိတ်' မဟုတ်။ ထိုသိစိတ်မျိုးမှာ ဥပါဒ်လည်း မရှိ၊ ဌီလည်း မရှိ၊ ဘင်လည်း မရှိ။ သို့ရာတွင် သန္တာန်၌ အမြဲကိန်းနေ၏။ ယင်းကို ပါဠိဝေါဟာရဖြင့် 'အနုသယ' ဟူ၍ ဆိုရ၏။ အနုသယသည် အရင့် အနုအားဖြင့် 'စရိုက်' ဟူ၍လည်းကောင်း၊ 'ဉာဉ်' ဟူ၍လည်းကောင်း ဆိုရ၏။ ဥပါဒ်မဲ့၊ ဌီမဲ့၊ ဘင်မဲ့ဖြစ်သော သိစိတ်သည် မိမိကိုယ်တိုင်က မသိစွမ်းနိုင်သော်လည်း ဥပါဒ်ရှိ၊ ဌီရှိ၊ ဘင်ရှိ သိစိတ်အပေါ်၌ အလွန်အားကောင်းစွာ ဖိနှိပ်ချုပ်ချယ်၍ လွှမ်းမိုးလျက် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဥပါဒ်မဲ့၊ ဌီမဲ့၊ ဘင်မဲ့အနေဖြင့် အနုသယသဘော၊ ဉာဉ်သဘော၊ စရိုက်သဘောကို ဆောင်ပြီး အလွန်အားအစွမ်းထက်သောကြောင့် ယင်းသိစိတ်မျိုးကို ပေါ်ပေါ်လွင်လွင် ဝေါဟာရအားဖြင့် မသိစိတ်ဟူ၍ ဆိုရ၏။ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အစဉ်တစိုက် ဖြစ်နေသော သိစိတ်ကိုမူ ရိုးရိုး သာမန်ဝေါဟာရအားဖြင့် သိစိတ်ဟူ၍ပင် ဆိုရ၏။

ရိုးရိုးသာမန် သိစိတ်သည် အာရုံကို အမြဲယူ၏။ ထိုသို့ ယူရာ၌ ကိုယ်တိုင်အနေဖြင့် ယူ၏။ မသိစိတ်ကား ထိုသို့ မဟုတ်။ အာရုံကိုမူ မိမိကိုယ်တိုင် မယူ၊ အာရုံကို ကိုယ်တိုင်ယူတတ်သော သိစိတ်အပေါ် မိမိကြိုက်သလိုဖြစ်အောင် နောက်ပိုင်းက ကြိုးဆွဲ၏။ ဖိအားပေး၏။ အာရုံကို မိမိကိုယ့်တိုင် ယူတတ်သော သိစိတ်ကလည်း ထိုမသိစိတ်၏ ကြိုးဆွဲတိုင်းက ရ၏။ မသိစိတ်က အာရုံကို သိခိုင်းသည့်အတိုင်း လိုက်၍သိ၏။ စိတ်ဆိုးစရာ မဟုတ်ပါဘဲလျက် စိတ်ဆိုးရ၏။ မုန်းစရာ မဟုတ်ဘဲလျက် မုန်းရ၏။

ဤသို့ ဖြစ်ရခြင်းမှာ သိစိတ်က သူ့သဘောအရ သူသိရခြင်းမျိုး မဟုတ်ဘဲ မသိစိတ်က ခိုင်းသည့်အတိုင်း လိုက်၍ သိနေရခြင်းမျိုးကြောင့် ဖြစ်၏။

ဗုဒ္ဓဒေသနာတော်အရ သိစိတ်သည် အလွန်ဖြူစင်၏။ ပြိုးပြိုးပြက် တစ်ခဲနက် ကြည်လင်၏။ သို့ရာတွင် မသိစိတ်၏ အာဏာကို မလွန်ဆန်နိုင်ဘဲ မသိစိတ် ခိုင်းသည့်အတိုင်း လိုက်၍ သိပေးနေရသဖြင့် သိစိတ်သည် အာရုံများကို ယထာဘူတကျကျ သိနိုင်ခွင့် မရှိတော့ဘဲ အလွဲအမှား သိနေရခြင်း ဖြစ်၏။

ပုထုဇ္ဇနော ဥမ္မတ္တကော ဟူသော ဒေသနာတော်အရ ပုထုဇဉ်တို့၏ အသိသည် စိတ္တဇဝေဒနာရှင်တို့၏ အသိမျိုးသာ ဖြစ်၏။ စိတ္တဇဝေဒနာရှင်တို့သည် မြေစိုင်ခဲကိုလည်း 'ရွှေ' အဖြစ် သိ၏။ တဲကုပ်ကိုလည်း 'နန်းတော်' အဖြစ် သိ၏။ ပုထုဇဉ်တို့၏ အသိနှင့် စိတ္တဇဝေဒနာရှင်တို့၏





အသိသည် အဆင့်အားဖြင့်သာ ခြားနားသော်လည်း သဘောအားဖြင့်မူ မခြားနား။

သို့ဖြစ်လျှင် ပုထုဇဉ်တို့၏ သန္တာန်၌ မသိစိတ်သည် ဥပါဒ်မဲ့၊ ဌီမဲ့၊ ဘင်မဲ့ ဖြစ်ပါလျက် အလွန်စွမ်းအားကောင်းပြီး အနုသယ၊ ဉာဉ်၊ စရိုက်သဘောဖြင့် မည်သို့ ဖြစ်ပေါ်လာပါလေသနည်း။

ဗုဒ္ဓဒေသနာတော်အရ သံသရာကို အစမထင် ဟူ၍ ဆို၏။ သို့ဆိုလျှင် ပုထုဇဉ်တို့၏ သန္တာန်၌ 'မသိစိတ်' များသည် အစ မထင်သော အချိန်ကပင် စ၍ ဖြစ်ပေါ်ခဲ့၏။

အမှန်အားဖြင့် မသိစိတ်ဟူသည် ကိလေသာပင် ဖြစ်၏။ ပဋ္ဌပ္ပန်ဘဝတွင်လည်း 'ကံ' အနေဖြင့် ပြောရလျှင် အကုသိုလ်ကံ 'လောဘ'ကပင် စ၏။ ယင်းလောဘကို 'ဘဝနိကန္တိက' လောဘဟူ၍ ခေါ်၏။ ထို့ကြောင့် ပုထုဇဉ်ဟူသည် လောဘဖြင့် စတင်လာသော ပုဂ္ဂိုလ်ဖြစ်၏။ သို့ဖြစ်၍ ပုထုဇဉ်သည် ဓမ္မတာအားဖြင့် လောဘအရင်းခံ၊ အဝိဇ္ဇာ အခြေအရံဖြင့် 'ဘဝ' ကို ပိုင်ဆိုင်လာသူ ဖြစ်လေရာ 'ငါ' ကို ဦးစားပေးတတ်သူ ဖြစ်၏။

အစမထင် သံသရာမှစ၍ ကိလေသာတို့သည် ပုထုဇဉ်တို့၏ သန္တာန်၌ မသိစိတ်အနေဖြင့် အစဉ်တစိုက် ကိန်းအောင်းလျက် ရှိနေရာမှ တစ်ဖန် ပဋ္ဌုပ္ပန်ဘဝ၌လည်း လောဘဖြင့် စတင်ပြန်၏။ သူ၏ ပတ်ဝန်းကျင်၌လည်း ငါးဖြာအာရုံ ကာမဂုဏ်တရားတို့သည် ဝိုင်းဝိုင်းလည်ပြီး သူ၏မျက်စိ၊ နားသော တံခါးပေါက်များမှ ဝင်ရောက်၍ သူ၏ စိတ်အစဉ်၌ 'အာသဝ' သဘောဖြင့် မူလကိလေသာနှင့် ရောနှောသွားပြန်၏။ ထိုအခါ မသိစိတ်တို့သည် ထုနှင့် ထည်နှင့် ဖြစ်သွားကာ အလွန်အားအစွမ်း ထက်လေ၏။ ဥပါဒ်ရှိ၊ ဌီရှိ၊ ဘင်ရှိ သိစိတ်ကို သူ သိခိုင်းချင်သလို ခိုင်းနိုင်သော အားအစွမ်းကို ပိုင်ဆိုင်သွားလေ၏။

သိစိတ်တို့သည် မသိစိတ်တို့၏ အာဏာစက်ကြောင့် အနိစ္စကို နိစ္စဟု သိ၏။ ဒုက္ခကို သုခဟု သိ၏။ အနတ္တကို အတ္တဟု သိ၏။ အသုဘကို



www.burmeseclassic.com

www.burmeseclassic.com



သုဘာဟု သိ၏။ ပရမတ်ကို ပညတ်ဟု သိ၏။ ထိုတွင် 'ပညတ်သိ' နှင့် 'သုဘာသိ' သည် အထင်ရှားဆုံး ဖြစ်၏။ 'အတ္တ' အပေါ် အခြေခံ၍ 'မသိစိတ်' စေခိုင်းချက်အရ သိရခြင်း ဖြစ်သဖြင့် မိမိနှင့် ပတ်သက်လာလျှင် 'မလှ' ကို 'အလှ'၊ 'အကျည်းတန်' ကို 'အချော'၊ 'အမမွ' ကို 'မမွ' ဟု ထင်တတ်ကြ၏။ ဤသည်မှာ အစုန်မျက်စိဖြင့် ကြည့်တတ်ကြသော ပုထုဇဉ်တို့၏ အမြင်၊ ပုထုဇဉ်တို့၏ အသိ ဖြစ်၏။

ပဥ္စဝဂ္ဂီငါးဦးတို့ကား လောကကို အစုန်မျက်စိဖြင့် ကြည့်တတ်ကြသူများ မဟုတ်။ အဆန်မျက်စိဖြင့် ကြည့်တတ်ကြသူများသာ ဖြစ်၏။ ထို့ကြောင့်ပင် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ဝါဆိုလပြည့် စနေနေ့၌ ကောဏ္ဍညသည် သောတာပန်အရိယာ အဖြစ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု သွားနိုင်ခြင်း ဖြစ်၏။

ဝပ္ပလည်း ပါရမီရှိသူ ဖြစ်၏။ အစမထင် သံသရာမှ စခဲ့သော ကိလေသာတို့ကို နှစ်ကမ္ဘာပေါင်းများစွာ ပါး၍ပါး၍သွားအောင် ကျင့်ခဲ့ပြီး ဖြစ်၏။ ပစ္စုပ္ပန်ဖြစ်သော ကာမဂုဏ်တရားများကိုလည်း 'အာသဝ' သဘောအရ 'ဥပါဒါန်' အဖြစ် ထင်မကျန်ရလေအောင် 'သံဝရ' တရားဖြင့် ထိန်းသိမ်းထားနိုင်၏။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို အကြိမ်ကြိမ် တွေ့ကြုံဖူးသူ ဖြစ်၏။ ဤချမ်းသာများကား ငြိမ်းအေးသော ချမ်းသာများ မဟုတ်ကြ။ ပူလောင်သော ချမ်းသာများသာ ဖြစ်ကြ၏။ အရိယသစ္စာအမြင်ဖြင့် ဆိုရလျှင် စင်စစ် ဒုက္ခသာတည်း။

ဤသဘောကို မြတ်စွာဘုရားသည် အစဦးဆုံးအနေဖြင့် ဓမ္မစကြာတရားတော်တို့ကို ဟောတော်မူစဉ်ကပင် ဝပ္ပသည် နာကြားပြီး ဖြစ်၏။ သို့ရာတွင် သူသည် ကောင်းစွာ မျက်မှောက်မပြုနိုင်ဘဲ ကောဏ္ဍညသာ မျက်မှောက်ပြုသွားနိုင်ခဲ့၏။ သို့ရာတွင် ဝပ္ပသည် ပစ္ဆိမဘဝိကပုဂ္ဂိုလ် ဖြစ်၏။ ပါရမီပြည့်ပြီးသား ဖြစ်၏။ ဤဘဝ၌ မုချ ရဟန္တာ ဖြစ်မည့်သူတည်း။ သို့ရာတွင် အချိန်က စကားပြော၏။ အချိန်နည်းနည်းသာ လိုတော့သည်။





ဤလောကတွင် ရှုမှတ်စရာ အာရုံဟူ၍ ရုပ်နှင့်နာမ် (၂) ပါးသာ ရှိ၏။ ပုဂ္ဂိုလ် သတ္တဝါ ဟူ၍လည်းကောင်း၊ အစိုင်အခဲရှိ အရာဝတ္ထု ဟူ၍လည်းကောင်း မရှိ။ ဇီဝ၊ အတ္တကား အဘယ်မှာလျှင် ရှိနိုင်ပါမည်နည်း။ ယင်းရုပ်နှင့်နာမ် (၂) ပါးတို့သည်လည်း အမှန်အားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသာတည်း။ သို့ရာတွင် ဝပ္ပသည် ထိုသဘောကို ကောင်းစွာ မမြင်သေး။ ကောင်းစွာ မြင်ဖို့ ဆိုသည်မှာလည်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာက ဝပ္ပ၏ သန္တာန်၌ အနုသယ အဖြစ် တည်ရှိနေသမျှ ကာလပတ်လုံး၊ ယင်းဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မြစ်ပြတ် မပယ်နိုင်သေးသရွေ့ ကာလပတ်လုံး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော သောတာပတ္တိမဂ်ဉာဏ်သည် မဖြစ်။

သောတာပတ္တိမဂ်ဉာဏ်တွင် သမ္မာဒိဋ္ဌိသည် အရေးကြီး၏။ သမ္မာဒိဋ္ဌိသည် ပထမ မဂ္ဂင်ဖြစ်၏။

သမ္မာဒိဋ္ဌိက မိမိ၏ စိတ်အစဉ်၌ ထင်လာသော ရုပ်နှင့်နာမ် အာရုံများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ် ပီပီပြင်ပြင် မမြင်နိုင်သေးလျှင် အနုသယအဆင့်ဖြင့် ကိန်းအောင်းနေသော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မြစ်ပြတ်ပယ်သတ်ရန် မဖြစ်နိုင်သေးချေ။

ထို့ကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင်က ကူပေးရ၏။ သမ္မာဒိဋ္ဌိမဂ္ဂင်သည် 'ဇာတိပညာ' ဟု ခေါ်၏။ သမ္မာသင်္ကပ္ပမဂ္ဂင်ကို 'ကိရိယပညာ' ဟု ခေါ်၏။ သမ္မာဒိဋ္ဌိမဂ္ဂင်သည် မြင်ရုံသာ မြင်တတ်၏။ ကြည့်ရုံသာ ကြည့်တတ်၏။ သို့ဖြစ်၍ သမ္မာဒိဋ္ဌိမဂ္ဂင်က မြင်တတ်အောင် ကြည့်တတ်အောင်၊ သမ္မာသင်္ကပ္ပမဂ္ဂင်က ဝိပဿနာ အာရုံများကို သမ္မာဒိဋ္ဌိမဂ္ဂင်၏ ရှေ့မှောက်သို့ ရောက်အောင် တင်ပြပေးရ၏။ ဝန်းကျင်အားလုံး မြင်သာအောင် ပြုလုပ်ပေးရ၏။ ဤသည်မှာ သမ္မာသင်္ကပ္ပမဂ္ဂင်၏ တာဝန်တည်း။

သမ္မာဒိဋ္ဌိမဂ္ဂင်သည် သမ္မာသင်္ကပ္ပမဂ္ဂင် တင်ပြသည့်အတိုင်း ဝိပဿနာ အာရုံများကို ကြည့်၏။ ထိုအခါ တွေ့ကြုံရသော အာရုံများကို ဝိပဿနာအမြင်ဖြင့် ရှုကြည့်သောအခါ 'ပညတ်' မဟုတ်သော သဘောကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မြင်ရ၏။ 'အစိုင်အခဲမဲ့' သဘောကိုလည်း မြင်ရ၏။ ထိုအခါ သမ္မာဒိဋ္ဌိ မဂ္ဂင်သည် ပဉ္စုပါဒါနက္ခန္ဓာကို အနိစ္စအဖြစ် မြင်၏။ ဒုက္ခအဖြစ် မြင်၏။ အနတ္တအဖြစ် မြင်၏။

သို့ရာတွင် ဝပ္ပသည် လိုသေး၏။ ယခုအချိန်တွင် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သေး။ သီလမဂ္ဂင်များကို အားပြည့်အောင်လုပ်ရန် လိုသေး၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဝပ္ပအား သမ္မာဝါစာမဂ္ဂင်ကို နားလည်အောင် ဟောရပြန်၏။ သမ္မာဝါစာမဂ္ဂင် ဟူသည် သာမညအားဖြင့် 'ဝစီဒုစရိုက်' လေးပါးမှ ရှောင်ကြဉ်ခြင်း ဖြစ်၏။ ဝိပဿနာ အရာ၌မူ ထိုသဘောလည်း ပါ၏။ ထိုထက် မြင့်မားသော သဘောလည်း ပါ၏။

'ဝါစာ' ဟူသည် စကားပင်တည်း။ 'စကား' ကိုပင် 'သဒ္ဒါ' နှင့် 'အနက်' ဟူ၍လည်းကောင်း၊ 'ခေါ်စရာအမည်' နှင့် 'ခေါ်စရာ အရာဝတ္ထု' ဟူ၍လည်းကောင်း ဆိုကြ၏။ အမှန်အားဖြင့် ဒဿနသဘောအရ အသိဉာဏ် ဟူသမျှသည် ခေါ်စရာ အမည်နှင့် ခေါ်စရာ အရာဝတ္ထုတို့ဖြင့် ခြံရံလျက် ရှိ၏။ ယင်းနှစ်မျိုး မစုံဘဲ အသိဉာဏ်ဟူ၍ မရှိကောင်း။

## တစ်ခြမ်းပဲ့ အသိ

ကိုယ်တွေ့အရ ဆင်ခြင်သုံးသပ်ကြည့်ပါက ပို၍ သဘောပေါက်နိုင်၏။ မည်သည့်အရာဝတ္ထုကို သိသိ၊ အသံထွက်၍ သိသည်ဖြစ်စေ၊ အသံ မထွက်ဘဲ စိတ်ထဲကပင် သိသည်ဖြစ်စေ ယင်းအသိတွင် 'အမည်' နှင့် 'အရာဝတ္ထု' တွဲ၍ ပါရ၏။ သို့မဟုတ်ပါက ယင်းအသိသည် အရာဝတ္ထုကို လိုက်၍ သမ္မုတိသစ္စာအရပဲ ပြောပြော၊ ပရမတ္ထသစ္စာအရပဲ ပြောပြော၊ အခြား ဘယ်သစ္စာအရပဲ ပြောပြော မှန်ကန်သောအသိ မဟုတ်။ တစ်ခြမ်းကိုသာ သိပြီး အခြားတစ်ခြမ်းကို မသိသေးလျှင် ယင်းအသိသည် 'တစ်ခြမ်းပဲ့' အသိမျိုးသာ ဖြစ်ပေလိမ့်မည်။ ပြည့်စုံသော အသိမျိုး မဖြစ်နိုင်ချေ။ ထို့ကြောင့် အသိမှန် ဟူသမျှတွင် အယုတ်ဆုံး စိတ်ကူးနယ်မြေ၌ပင် အသံမထွက်ဘဲ စိတ်ကူးသိပင်





ဖြစ်စေဦးတော့၊ ခေါ်စရာ အမည်နှင့် ခေါ်စရာ အရာဝတ္ထုသည် မလွဲမသွေ အစုံလိုက် ပါဝင်ရမည် ဖြစ်၏။ သို့မှသာ ဝပ္ပသည် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း သမ္မာဝါစာမဂ္ဂင်အရ ဝိပဿနာဉာဏ်များကို ရရှိနိုင်ပေလိမ့်မည်။

မြတ်စွာဘုရား ဟောတော်မူသော သမ္မာဝါစာ ဟူသည်မှာလည်း ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောနှင့် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့သာ ဖြစ်၏။ သို့ရာတွင် မြတ်စွာဘုရားသည် သမ္မာဝါစာမဂ္ဂင်ကိုသာ ဝပ္ပအား သဘောပေါက်အောင် သင်ကြားမပေးပါက ဝပ္ပသည် အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်တို့ကို သိနိုင်လိမ့်မည် မဟုတ်။ သို့ဖြစ်ပါက ဝပ္ပသည် နိဗ္ဗာန်ကို မည်သို့လျှင် မျက်မှောက်ပြုနိုင်ပါလိမ့်မည်နည်း။

## အမည်နှင့် အရာဝတ္ထု

ပိဋကတ်တော် စာပေများတွင် ဝိပဿနာနှင့် ပတ်သက်လာလျှင် 'တရုဏဝိပဿနာ' နှင့် 'ဗလဝဝိပဿနာ' ဟူသော အမည် (၂) မျိုးကို အသုံးများကြောင်း တွေ့ရ၏။ ဉာဏ်စဉ်နှင့် ပတ်သက်လာလျှင် 'ယထာဘူတဉာဏ်' နှင့် 'နိဗ္ဗိဒါဉာဏ်' ဟူသော အမည် (၂) မျိုးကို အသုံးများကြောင်း တွေ့ရ၏။ ဤနေရာ၌ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ဟူသည်မှာ တရုဏဝိပဿနာ၌ ပါဝင်သော ယထာဘူတဉာဏ်တည်း။ ယထာဘူတဉာဏ်ကို ရမှ နိဗ္ဗိဒါဉာဏ်ကို ရပေမည်။ နိဗ္ဗိဒါဉာဏ်ကို ရမှ မဂ်ဉာဏ်နှင့် ဖိုလ်ဉာဏ်ကို ရပေမည်။

တစ်ခါက မိတ်ဆွေတစ်ယောက် ပြောဖူးသည်ကို အမှတ်ရမိ၏။ သူတို့၏ ရွာတွင် ဆင်တစ်ကောင် အရောင်းအဝယ် ဖြစ်၏။ ဆင်တွင် ခိုက်တတ်သော အမှတ်အသား ပါသဖြင့် ဆင်ပိုင်ရှင်က မဖြစ်မနေ ရောင်းချင်၏။ ဆင်ဝယ်ချင်သူကလည်း တကယ်ပင် ဝယ်ရန် ဆုံးဖြတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကာလတွင် လူတစ်ယောက် ပေါက်လာ၏။ ထိုသူသည် ဆင်ကို ပတ်ပတ်လည် လှည့်၍ကြည့်၏။ ရောင်းလိုသူ ဆင်ပိုင်ရှင်၏ ရင်ထဲ၌ ဒိတ်ဒိတ်ခုန်နေ၏။ သူ့ဆင်၏ ခိုက်တတ်သော အမှတ်အသားကို မြင်ပြီး အရောင်းအဝယ် မတည့်မှာ ပူပန်စိုးရိမ်လျက် ရှိ၏။ သို့ရာတွင် ဆင်အရောင်းအဝယ် တည့်သွား၏။ ထိုအခါမှ ဆင်ရောင်းသူ အေးချမ်း၍ ရင်ခုန်ရပ်သွား၏။ ဆင်ကို စေ့စေ့စပ်စပ် လှည့်ပတ်ကြည့်ရှုသူသည် ဆင်ဝယ်သူများနှင့် လိုက်မသွားဘဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ ထိုအခါ ဆင်ရောင်းလိုက်သူက "ခိုက်တတ်သော ဆင်၏ အမှတ်အသားကို အကြောင်းပြု၍ ငါ့ထံမှ ငွေညှစ်လိုလေသလော မသိ" ဟူ၍ ယူဆပြီး ထိုသူအား 'ယခု ရောင်းလိုက်သောဆင်တွင် ခိုက်တတ်သော အမှတ်အသားများ ပါရှိပါသလား ခင်ဗျာ' ဟူ၍ မေးမြန်းရာ –

'အစွယ်နှင့်၊ နှာမောင်းနှင့် ဒီလောက်ကြီးတဲ့ ကောင်ကြီးဟာ ဘာကောင်ကြီးပါလိမ့် ဆိုတဲ့ သဘောနှင့် ကျွန်တော် ကြည့်တာပါ၊ တခြားအဓိပ္ပာယ် ဘာမျှ မရှိပါဘူး' ဟူ၍ ပြန်ပြော၏။

ဤနေရာ၌ ဆိုလိုသော အဓိပ္ပာယ်မှာ ဆင်ကောင်ကြီးကို မျက်စိဖြင့် အပ်ကျမပ်ကျ မြင်နေရပါလျက် 'ဆင်' ဟူသော အမည်ကို မသိသဖြင့် မှန်ကန်သော အသိဉာဏ် မရနိုင်ခြင်း ဖြစ်၏။ 'မှန်ကန်သောအသိဉာဏ်' ဟူသမျှတွင် အပိုင်း (၂)ပိုင်း ပါဝင်၏။ တစ်ပိုင်းကို 'သဒ္ဒါ' ဟူ၍ခေါ်လျှင်၊ အခြားတစ်ပိုင်းကို 'အနက်' ဟူ၍ ခေါ်ရ၏။ ခေတ်ဝေါဟာရဖြင့် ပြောရလျှင် တစ်ပိုင်းကို 'အမည်' ဟူ၍ခေါ်လျှင်၊ အခြားတစ်ပိုင်းကို 'အရာဝတ္ထု' ဟူ၍ ခေါ်ရ၏။ ထိုအပိုင်း (၂) ပိုင်း ပြည့်စုံမှ မှန်သော အသိဉာဏ်သည် ပြည့်စုံပေလိမ့်မည်။ သို့မဟုတ်ပါက မမှန်မကန် တစ်ခြမ်းပဲ့ အသိဉာဏ်မျိုးသာ ဖြစ်ပေလိမ့်မည် ဟူ၍သာ ဖြစ်ပါ၏။

ဝစီဒုစရိုက် (၄) ပါးမှ လွတ်လျှင် 'သမ္မာဝါစာ' ဖြစ်၏။ ဤသို့ ကျမ်းဂန်များ၌ အတိအလင်း ဆိုထားပါ၏။ အဘိဓမ္မာ ဒေသနာတော်အရ





'သမ္မာဝါစာ' သည် ဝိရတီ စေတသိက်ဖြစ်၏။ ယင်းစေတသိက်သည် အခြားသော ဝိရတီ စေတသိက်များနှင့် အာရုံချင်း မတူသောကြောင့် သီးခြားစီဖြစ်ကြ၏။ အာရုံချင်း မတူခြင်းသည် လောကီနယ်ပယ်၌ ဖြစ်၏။ ဝိပဿနာ အရာ၌ကား ထိုကဲ့သို့ မဟုတ်။ အာရုံကို မတူလျှင် တူအောင် ကြိုးစားနေသော သဘောဖြစ်၏။ တူအောင် ကြိုးစားနေသော အာရုံကား 'နိဗ္ဗာန်' ဖြစ်၏။ အာရုံတူလျှင် 'ဝိရတီစေတသိက်' တို့သည်လည်း တစ်ပြိုင်နက် ဖြစ်ကြပေလိမ့်မည်။

သမ္မာဝါစာသည် လောကီသဘောလည်း ပါ၏။ လောကုတ္တရာဘက်သို့လည်း ဦးတည်၏။ စကားကို 'စကား' အဆင့် ထားရုံမျှနှင့်တော့ လောကုတ္တရာဘက်သို့ ဦးတည်ရာ မရောက်။ စေတနာအပြည့်ဖြင့် ကိုယ်ရော စိတ်ရော ပါသည့် အဆင့်အထိ ရောက်အောင် 'သမ္မာဝါစာ' ကို ကြိုးစားပေးရပေလိမ့်မည်။ သို့မှသာ 'သမ္မာဝါစာ' သည် အာရုံတစ်ခုတည်း၌ အခြားသော ဝိရတီ စေတသိက်များနှင့် တစ်ပြိုင်နက်ယှဉ်ပြီး ခိုင်ခံ့သော သီလကို စောင့်နိုင်ပေလိမ့်မည်။

သီလခိုင်မှ သမာဓိခိုင်မည်။ သမာဓိခိုင်မှ ပညာခိုင်မည်။ ပညာခိုင်သော စိတ်သည်သာလျှင် 'အာသဝ' တရား လေးပါးတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေလိမ့်မည်။

ဤသို့ ဖြစ်နိုင်အောင် ရတနာသုတ်၌ မြတ်စွာဘုရား ဟောထားတော်မူသည့်အတိုင်း လောကအကျိုးသည် (ပထမ)၊ အသိုက်အဝန်းအကျိုးသည် (ဒုတိယ)၊ မိမိ၏ အကျိုးသည် နောက်ဆုံး ဟူ၍ ထားနိုင်အောင် တဖြည်းဖြည်းချင်း အနစ်နာခံကာ ကြိုးစားရပေလိမ့်မည်။

ယခုဆိုလျှင် ဝပ္ပသည် မြတ်စွာဘုရားက လက်တွေ့သင်ကြားပေးတော်မူသည့်အတိုင်း 'သမ္မာသင်္ကပ္ပ' မဂ္ဂင်က တင်ပြပေးသော ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရ တရားတို့၏ အနိစ္စသဘော၊ အနိစ္စလက္ခဏာ၊ အနိစ္စဉာဏ်၊ ဒုက္ခသဘော၊ ဒုက္ခလက္ခဏာ၊ ဒုက္ခဉာဏ်၊ အနတ္တသဘော၊ အနတ္တလက္ခဏာ၊



www.burmeseclassic.com

www.burmeseclassic.com



အနတ္တဉာဏ်တို့ကို 'သမ္မာဒိဋ္ဌိ' မဂ္ဂင်ဖြင့် ကြည့်တတ်ပြီ၊ မြင်တတ်ပြီ။ 'သမ္မာဝါစာ' မဂ္ဂင်က ယင်းတို့၏ သဒ္ဒါနှင့်အနက်၊ သို့မဟုတ် အမည်နှင့် အရာဝတ္ထုကို တစ်ခြမ်းပဲ့ အသိမျိုးဖြင့် မဟုတ်ဘဲ အပြည့်အစုံ အသိမျိုးဖြင့် သိပြီ။ 'သမ္မာဝါစာ' မဂ္ဂင်၏ အာနိသင်ကြောင့် ဝပ္ပသည် နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်သောအခါ မိမိ ရသော 'မဂ်'၊ မိမိ ရသော 'ဖိုလ်'၊ မိမိရသော 'နိဗ္ဗာန်' အမျိုးအမည်နှင့်တကွ ဆင်ခြင်နိုင်ပေလိမ့်မည်။

ပိဋကတ်သုံးပုံကို ထက် – အောက် ချောက်ချားနိုင်သူ ဖြစ်စေကာမူ ပညာရှိဟူ၍ မဆိုနိုင်။ အကယ်၍ ယနေ့ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအံ့ဟူသော စိတ်ဓာတ်ဖြင့် အားထုတ်သူ ဖြစ်စေကာမူ ပညာရှိ ဟူ၍ မခေါ်နိုင်သေး။ ပညာရှိ အုပ်စုအဆင့်သို့ ဝင်၍ ရောက်နိုင်သူ အဆင့်၌သာ ရှိသေး၏ဟု မူလပဏ္ဏာသ အဋ္ဌကထာ မဟာဝေဒလ္လသုတ် 'ပညာဝါ' ပုဒ်အဖွင့်၌တွေ့ရ၏။

ယင်းသို့ဆိုလျှင် မိမိ၏ကိုယ်ကျိုး၊ မိမိ၏ ရာထူးဂုဏ်သိန် စည်းစိမ်တိုးတက်ရေးအတွက် အဆောင်သဘောမျိုးသက်သက် ရည်ရွယ်ပြီး ပိဋကတ်တော်လာ သုတ်တော်များကို ရွတ်ဖတ်ရန် မသင့်ဘဲ၊ ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက်သာ ရွတ်ဖတ်လျှင် ဗုဒ္ဓဘာသာဝင်တို့၏ စစ်မှန်သော ကျင့်ဝတ်နှင့် ညီပေလိမ့်မည်။ ဤသည်မှာ ဘုရားဟော ဒေသနာတော်နှင့် ပတ်သက်၍ တင်ပြခြင်း ဖြစ်၏။ ဘုရားဟော ဒေသနာတော်ဖြစ်လျှင် 'ဓမ္မဒေသနာ' ကုသိုလ်နှင့် 'ဓမ္မသဝန' ကုသိုလ်တို့မှာ ရွတ်သူ၊ နာသူ (၂)ဦးလုံး အတွက် ဖြစ်၏။ ဘုရားဟော ဒေသနာ မဟုတ်ဘဲ အခြား ဂါထာနှင့် အင်းအိုင်ဖြစ်ပါက 'မန္တရ' ယာန သဘောကို သက်ဝင်ယုံကြည်ရာ ရောက်ပေလိမ့်မည်။ ထေရဝါဒသာသနာ ပျက်စီးခြင်း၏ အကြောင်းပေတည်း။

## ဗုဒ္ဓဘာသာဝင်အုပ်စု နှစ်အုပ်စု

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ အုပ်စုခွဲလျှင် အုပ်စု (၂) စု ရ၏။ အုပ်စု (၁) စုမှာ ဇာတိ ဗုဒ္ဓဘာသာဝင်အုပ်စု ဖြစ်၏။ အခြား အုပ်စုဝင် (၁)





စုမှာ အာစာရ ဗုဒ္ဓဘာသာဝင်အုပ်စု ဖြစ်၏။ ဇာတိဗုဒ္ဓဘာသာဝင် အုပ်စုမှာ မိဘမျိုးရိုး၏ ကိုးကွယ်ရာ ဘာသာအလိုက် ဗုဒ္ဓဘာသာ ဖြစ်လာသူ ဖြစ်၏။ ဘုရားစေတီတွေ့လျှင် ရှိခိုးလိုက်၊ တရားပွဲတွေ့လျှင် တရားနာလိုက်၊ သံဃာတော်များ တွေ့လျှင် ဦးချလိုက်၊ လှူစရာ ပစ္စည်းဝတ္ထုများဖြင့် လှူလိုက်၊ ဤသို့ စသည်ဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာ၏။ ဘုရား၊ တရား၊ သံဃာ၌လည်း ယုံကြည်ပါ၏။ သက်ဝင်ပါ၏။ ကံနှင့် ကံ၏ အကျိုး၌လည်း ယုံကြည်ပါ၏။ သို့ရာတွင် သစ္စာဝေါဟာရဖြင့် ပြောရလျှင် ဗုဒ္ဓဘာသာဆိုင်ရာ သမ္မုတိသစ္စာ အဆင့်၌သာ ရှိသေးသော ဗုဒ္ဓဘာသာဝင်သာ ဖြစ်၏။

ဇာတိဗုဒ္ဓဘာသာဝင် ဆိုသည်မှာ လောကတွင် မိမိအတွက်သာ မွေးဖွားလာသူ ဖြစ်၏။ လောကအတွက် မွေးဖွားလာသူ မဟုတ်။ အစိတ်–အပေါင်းသဘောကို နားမလည်။ သာယာအေးချမ်းသော လူ့ဘောင် လူ့လောက ဖြစ်စေလိုလျှင် လူ့ဘောင် လူ့လောကအတွင်း၌ ပါဝင်သော လူတစ်ဦးချင်းစီ တစ်ဦးချင်းစီပါ ကောင်းဖို့လိုကြောင်း သူ မသိ။ အစိတ်အစိတ်ကောင်းမှ အပေါင်း ကောင်းမည်။ အပေါင်း ကောင်းမှ အစိတ် ကောင်းမည်။ ဤတွင် အစိတ်သည် ပဓာနလား၊ အပေါင်းသည် ပဓာနလား ဟူ၍ ကြီးကျယ်သော အငြင်းပွားမှုသည် အိန္ဒိယဒဿနလောက၌ ဖြစ်ပေါ်ခဲ့ဖူး၏။ ယင်းပြဿနာသည် ပရမတ္ထသစ္စာနှင့် ပတ်သက်သော ပြဿနာဖြစ်သဖြင့် ဤနေရာ၌ မဆိုတော့ပါ။

ဇာတိဗုဒ္ဓဘာသာသည် သူနှင့် သူ့မိသားစုအတွက်သာ မွေးဖွားလာသူ ဖြစ်သဖြင့် သူနှင့် သူ့မိသားစု၏ ကောင်းစားရေးကိုသာ ကြည့်၏။ အခြားသူများ၏ ကောင်းစားရေးသည် သူနှင့် မဆိုင်။ လောကဟူသည် ယန္တရားသဖွယ် ဖြစ်သည်ကို သူ သဘောမပေါက်။ ယန္တရားတစ်ခုလုံးအတွက် အစိတ်အပိုင်း အသီးသီးသည် တာဝန်ရှိ၏။ ကိုယ်လွတ်ရုန်း၍ မရ။ အစိတ်အပိုင်းတစ်ခုခုသည် မိမိ၏တာဝန်ကို မဆောင်ရွက်ဘဲ ရှောင်လိုက်သည်နှင့် တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နက် ယန္တရားသည် ကမောက်ကမ ဖြစ်သွားပြီး သူ့ပါ အန္တရာယ်ကျရောက်နိုင်သည်ကို သူ မသိ။ သူ သိသည်ကား သူနှင့် သူ့မိသားစု ကောင်းစားရေးသာတည်း။

ဇာတိ ဗုဒ္ဓဘာသာဝင်သည် ရခဲလှစွာသော လူ့ဘဝကို ရလာသည့် လူသားစစ်စစ် ဖြစ်ပါ၏။ ထို့ကြောင့် သူ့၌လည်း ချစ်တတ်သောစိတ် ရှိပါ၏။ ကြားနာတတ်သောစိတ် ရှိပါ၏။ ချီးကျူးဂုဏ်ယူတတ်သောစိတ် ရှိပါ၏။ ခွင့်လွှတ်တတ်သော စိတ်လည်း ရှိပါ၏။ အနစ်နာခံတတ်သော စိတ်လည်း ရှိပါ၏။ ဤစိတ်များသည် ကောင်းသောစိတ်များ ဖြစ်ပါ၏။ ဤစိတ်များကို အားလုံးသော သတ္တဝါများ အပေါ်၌ အညီအမျှ ထားနိုင်ပါလျှင် လူသားစစ်စစ်က ဗြဟ္မာလိုနေသူ၊ ဗြဟ္မာဖြစ်နေသူ ဟူ၍ ဆိုရပါ၏။

ယခုမူကား ထိုကဲ့သို့ မဟုတ်။ ဇာတိဗုဒ္ဓဘာသာဝင်သည် ချစ်တတ်သည်ကား မှန်၏။ သို့ရာတွင် သူချစ်သော အချစ်ကား လောကအပေါ် ခြုံ၍ ချစ်သည် မဟုတ်။ သူနှင့် ပတ်သက်သမျှကိုသာ သူ ချစ်၏။ သူ ကြင်နာတတ်သော အကြင်နာကား လောကအပေါ် ခြုံ၍ ကြင်နာသည် မဟုတ်။ သူနှင့် ပတ်သက်သမျှကိုသာ သူ ကြင်နာ၏။ သူ ချီးကျူးဂုဏ်ယူသော သူ၏ ချီးကျူးဂုဏ်ယူမှုကား လောကအပေါ် ခြုံ၍ ချီးကျူးဂုဏ်ယူမှုမျိုး မဟုတ်။ သူနှင့် ပတ်သက်သမျှကိုသာ သူ ချီးကျူးဂုဏ်ယူ၏။ သူ ခွင့်လွှတ်သော ခွင့်လွှတ်မှုမျိုးကား လောကအပေါ် ခြုံ၍ ခွင့်လွှတ်ခြင်းမျိုး မဟုတ်။ သူနှင့် ပတ်သက်သမျှကိုသာ သူ ခွင့်လွှတ်၏။ သူ အနစ်နာခံသော အနစ်နာခံမှုကား လောကအပေါ် ခြုံ၍ အနစ်နာခံမှုမျိုး မဟုတ်။ သူနှင့် ပတ်သက်သမျှ အတွက်သာ သူ အနစ်နာခံ၏။

ဇာတိဗုဒ္ဓဘာသာသည် ဘုရားကိုလည်း ဖူးပါ၏။ သို့ရာတွင် သူသည် ဘုရားကို သူ၏ရင်တွင်း၌ သယ်ဆောင်မလာ။ ရင်ပြင်ပေါ်၌သာ ထားခဲ့၏။ တရားကိုလည်း နာပါ၏။ သို့ရာတွင် သူသည် တရားကို သူ၏ ရင်တွင်း၌ သယ်ဆောင်မလာ။ မဏ္ဍပ်အတွင်း၌သာ ထားခဲ့၏။ သံဃာတော်





များကိုလည်း သွားရောက်ဖူးမြော်ပါ၏။ သို့ရာတွင် သံဃာတော်များက ပေးလိုက်သော ဩဝါဒကို သူ၏ရင်တွင်း၌ ယူမလာ။ ကျောင်းပရိဝုဏ် အတွင်း၌သာ ထားခဲ့ပါ၏။

သို့ဆိုလျှင် မဟာဝေဒလ္လသုတ် အဋ္ဌကထာအတိုင်း ဘုရား တခြား၊ သူတခြား၊ တရားတခြား၊ သူတခြား၊ သံဃာတခြား သူတခြားသာတည်း။ ဤအနေအတိုင်းသာ ရှိနေပါက သူသည် ပရိယတ္တိစာပေများကို တတ်ကျွမ်းချင် တတ်ကျွမ်းမည်၊ ဗဟုသုတနှင့် ပြည့်စုံသူ ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် သူသည် အာစာရ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ များစွာ ကြိုးစားရပေဦးမည်။ အာစာရ ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်ရန် မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးကွယ်တတ်သော 'မာယာ' ကိုလည်း ပယ်နိုင်အောင် ကြိုးစားရမည်။ မိမိ၌ ထင်ရှားမရှိသော အရည်အချင်းနှင့် ပတ်သက်၍ လူအများ အထင်ကြီးအောင် ဝါကြွားပြောဆိုတတ်သော 'သာဌေယျ' ကိုလည်း ဉာဏ်စရိုက်နှင့်တကွ ပယ်နိုင်အောင် ကြိုးစားရဦးမည်။

အာစာရဗုဒ္ဓဘာသာဝင် ဆိုသည်မှာ သီလပိုင်းဆိုင်ရာ၊ သမာဓိပိုင်းဆိုင်ရာ၊ ပညာပိုင်းဆိုင်ရာတို့၌ တကယ်တမ်း ကျင့်ကြံအားထုတ်သူ ဖြစ်၏။ မြတ်စွာဘုရား၏ ဟောကြားချက်၌ နည်းနည်းကလေးမျှ သံသယ မဖြစ်။

လောကီအာရုံ ကာမဂုဏ် ဟူသမျှတို့သည် ရှုံ့ရှာဖွယ်အတိ ဖြစ်၏။ ယင်းတို့၌ တပ်မက်သော တဏှာကို ပယ်နိုင်သည်နှင့်အမျှ ချမ်းသာ၏။ တဏှာပယ်ခြင်းကိုပင် နိဗ္ဗာန်ဟူ၍ ဆိုရ၏။ နိဗ္ဗာန်ဟူသည် အတုမရှိသော ချမ်းသာစစ်၊ ချမ်းသာမှန် ဖြစ်၏။ နိဗ္ဗာန်ချမ်းသာသည်သာ တကယ်အေးမြသော ချမ်းသာဖြစ်၏။ တဏှာကို နည်းနည်းပယ်နိုင်လျှင် နည်းနည်းချမ်းသာ၏။ နည်းနည်း နိဗ္ဗာန်ရ၏။ တဏှာကို များများပယ်နိုင်လျှင် များများ ချမ်းသာ၏။ များများ နိဗ္ဗာန်ရ၏။ တဏှာကို မြစ်ပြတ်ပယ်နိုင်လျှင် အတုမဲ့ ချမ်းသာ၏။ အတုမဲ့ နိဗ္ဗာန်ကို ရ၏။

ကာမဂုဏ်ဆိုင်ရာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့



www.burmeseclassic.com

www.burmeseclassic.com



ကား ချမ်းသာဟု ဆိုရသော်လည်း တကယ်ချမ်းသာ မဟုတ်။ အမည်ခံ ချမ်းသာ၊ ပုလောင်သည့် ချမ်းသာသာ ဖြစ်၏။ အရိယသစ္စာ အနေဖြင့် ပြော ကြားရလျှင် ဒုက္ခသက်သက်သာ ဖြစ်၏။ ဤသို့ မြတ်စွာဘုရားက ဟော၏။ ဤဒေသနာ၌ အာစာရိယဗုဒ္ဓဘာသာဝင်သည် တကယ်ပင် ယုံကြည်ပါ၏။

## နွံထဲက ကြာ

ကာမဂုဏ်ချမ်းသာ ဝန်းကျင်၌ အာစာရိယဗုဒ္ဓဘာသာဝင်သည် အမြဲတမ်း နေရသူ ဖြစ်၏။ ရှောင်လွှဲ၍ မရ။ ကာမဂုဏ် ဟူသမျှသည် ရွံရှာဖွယ်အတိ ဟု ဆိုသော်လည်း လက်တွေ့အနေအားဖြင့်မူ ပျော်စရာကိုလည်း တွေ့ရ၏။ စိတ်ညစ်စရာကိုလည်း တွေ့ရ၏။ ဝပ္ပသည် နုစဉ်အခါက ကာမဂုဏ် အတွေ့ အကြုံများနှင့် ပတ်သက်၍ ဤသို့ မြင်ခဲ့၏။ ဤသို့ သိခဲ့၏။

ယခုအခါ ဝပ္ပသည် အရင့်အမာ ဘဝသို့ ရောက်လေပြီ။ မြတ်စွာ ဘုရား ဟောတော်မူသည့်အတိုင်း ကာမဂုဏ်တရားများသည် ရွံရှာဖွယ်အတိ ဖြစ်ကြောင်း ဝပ္ပ သဘောပေါက်၏။ ကာမဂုဏ်တရားများသည် ရွံရှာဖွယ် အတိ ဖြစ်သော်လည်း ယင်းကာမဂုဏ်တည်းဟူသော ရွှံ့ညွန်အတွင်း၌ပင် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် 'ပဒုမ္မာ' ကြာသဖွယ် ဖြစ်သော ပါရမီတို့ကို စိုက်ပျိုးခဲ့ကြ၏။ ရွှံ့ညွန်ရှိမှ ကြာပန်းစိုက်နိုင်သလို ကာမဂုဏ်ရှိမှ ပါရမီတို့ကို ဖြည့်နိုင်၏။ ကာမဂုဏ် များများပေါလေ ပါရမီ တို့ကို ထက်ထက်သန်သန် ဖြည့်နိုင်လေ ဖြစ်၏။

## အပေါင်းနှင့် အစိတ်

လူတို့သည် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကို မရမနေ အားကြိုးမာန်တက် ရှာဖွေကြခြင်း ဖြစ်၏။ သို့ရာတွင် ထူးသည်က တစ်ခုရှိ၏။ ကြာပန်းတို့သည် ရွံ့ညွန်မှ ထွက်ပေါ်လာကြသော်လည်း ရွှံ့ညွန်သည် ကြာပန်းကို ညစ်နွမ်း အောင် မလုပ်နိုင်ကြ။ ထို့အတူပင် အရိယာတို့သည် ကာမဂုဏ်နွံတောမှ





နှမ်းကန်လှုပ်ရှား၍ ထွက်ပေါ်လာကြသော်လည်း ကာမဂုဏ်တို့သည် အရိယာများကို ညစ်နွမ်းအောင် မလုပ်နိုင်ကြ။ ပါရမီ လိုလားသူတို့သည် ကာမဂုဏ်တို့ကို အားကြိုးမာန်တက် ရှာဖွေရာ၌ ကိုးကွယ်ရန် ရှာဖွေခြင်း မဟုတ်။ ပါရမီဖြည့်နိုင်ရန်၊ အသုံးအဆောင် ကိရိယာ အနေဖြင့် အသုံးချနိုင် ရန် ရှာဖွေခြင်းသာ ဖြစ်၏။

ဝပ္ပသည် ဤလောက၌ သူ့အတွက် မွေးဖွားလာသူ မဟုတ်။ မြတ်စွာ ဘုရား၏ တပည့်ပီပီ လောကလူသားတို့အတွက် မွေးဖွားလာသူ ဖြစ်၏။ လောကလူသားတို့အား စစ်မှန်သောချမ်းသာကို ပေးနိုင်စေရန် ကမ္ဘာပေါင်း များစွာ ပါရမီကို ဖြည့်ခဲ့သူ ဖြစ်၏။ မြတ်စွာဘုရား သာသနာတော်၌ ရဟန္တာ ခြောက်ကျိပ် ပြည့်သောအခါ သူသည် မဇ္ဈိမဒေသတစ်ခွင် လှည့်လည်၍ အခြားသော ရဟန္တာများနည်းတူ လောကအား စစ်မှန်သော ချမ်းသာကို ပေးမည့်သူ ဖြစ်၏။ သို့ရာတွင် ကာမဂုဏ်နွံများ၏ ညစ်ပေလိမ်းကျံခြင်း ခံရမည်တော့ မဟုတ်။

ဝပ္ပသည် အာစာရိယဗုဒ္ဓဘာသာဝင်များတွင် ပထမဦးဆုံး ဖြစ်၏။ သူ၏ အနီး၌ မြတ်စွာဘုရားကိုယ်တော်တိုင် ရှိ၏။ ဤကား ဗုဒ္ဓရတနာ ဖြစ်၏။ ပေဟိဘိက္ခုဖြစ်သော ရှင်ကောဏ္ဍညသည် ဆွမ်းခံ၍ မြတ်စွာဘုရားနှင့် တကွ ဝပ္ပအား ကျွေးမွေး၏။ ဤကား သံဃာရတနာ ဖြစ်၏။ ထို့ကြောင့် ဝပ္ပသည် ရတနာသုံးပါးကို တကယ်လေးနက်စွာ ယုံကြည်သော သဒ္ဓါတရား နှင့် ပြည့်စုံသူ ဖြစ်၏။

သို့ဖြစ်၍ ဝပ္ပသည် လောကကို ခြုံ၍ ချစ်၏။ လောကကို ခြုံ၍ ကြင်နာ၏။ လောကကို ခြုံ၍ ချီးကျူးဂုဏ်ယူ၏။ လောကကို ခြုံ၍ ခွင့်လွှတ် ၏။ လောကအပေါ် ခြုံ၍ အနစ်နာခံ၏။ လောက၌ 'အဓမ္မ' မလွှမ်းမိုးဘဲ 'ဓမ္မ' လွှမ်းမိုးရန်သာ ကြိုးစား၏။ သူ ဆောင်ရွက်နေခြင်းကား သူ့အတွက် သက်သက်သာ ရည်ရွယ်၍ ဆောင်ရွက်နေခြင်းသာ ဖြစ်၏။

ဆရာဇီဝကသည် အဆိပ်ပင် အပါအဝင် သစ်ပင်ဟူသမျှကို ဆေး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် မြင်တတ်၏။ ကြည့်တတ်၏။ အသုံးချတတ်၏။ ဆေးပညာနှင့် ပြည့်စုံ၏။ အသုံးမကျ၍ လွှင့်ပစ်သော အပင်ဟူ၍ ဘာမျှ မရှိ။ ဆရာဇီဝက သည် မြင်မြင်သမျှ သစ်ပင်များအားလုံးကို 'ဆေးပင်များ' အဖြစ် အသုံးပြု ကာ ရောဂါသည်များ အားလုံးကို ချမ်းသာအောင် ဆောင်ရွက်၏။ ထိုနည်း အတူ ဝပ္ပသည် မြင်မြင်သမျှ ကာမဂုဏ်တရားများ တည်းဟူသော နွံဗွက်မှ အရိယာသစ္စာပန်းများကို ပွင့်နိုင်သလောက် များများပွင့်အောင် ဆောင်ရွက် မည် ဖြစ်၏။ အမှန်အားဖြင့် ကာမဂုဏ်ဟူသော အမည်သည် အတ္တအမြင်ဖြင့် ခေါ်သောအမည် ဖြစ်၏။ ဝိပဿနာအမြင်ဖြင့် ခေါ်ရလျှင် ရုပ်နှင့်နာမ်သာ ဖြစ်လေ၏။ ပဋ္ဌပါဒါနက္ခန္ဓာ၌ ဝင်၏။ ဝိပဿနာ ရှု၍ရ၏။ ထို့ကြောင့် ကာမဂုဏ်တရားများ တည်းဟူသော နွံဗွက်မှ အရိယာသစ္စာပန်းများကို ပွင့်နိုင်သလောက် ပွင့်အောင် ဝပ္ပသည် ဆောင်ရွက်ပေလိမ့်မည်ဟု ဆိုခြင်း ဖြစ်၏။

ဝပ္ပသည် ရတနာသုံးပါး၌ ခိုင်ခိုင်မာမာ သက်ဝင်ယုံကြည်သည့် ပထမဦးဆုံးသော အာစာရဗုဒ္ဓဘာသာဝင် ဖြစ်၏။ သူသည် မဂ္ဂင်ရှစ်ပါးလုံး ကို မြတ်စွာဘုရားထံမှ ကိုယ်တိုင် ကြားနာပြီးသား ဖြစ်၏။ မဂ္ဂင်တစ်ခုစီ တစ်ခုစီ၏ သဘောကိုလည်း နားလည်၏။ သမ္မာဝါစာမဂ္ဂင်သည် အခြေခံ အားဖြင့် 'ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းစကား' ဖြစ်သော်လည်း ယင်းတွင် ပေါရိသဒအား ယုံကြည်စေနိုင်သော မဟာသုတသောမမင်း၏ သဒ္ဓဟာပနသတ္တိမျိုး၊ ပိင်္ဂိယကမင်းကြီး ပစ်လိုက်သောမြားဆိပ်မှ သုဝဏ္ဏ သာမအား လွတ်မြောက်စေနိုင်သော ဣဿာပူရဏသတ္တိမျိုး၊ ဝဋ္ဋသုတ်ပရိတ် တော်လာ ငုံးမင်းအား မီးကျွမ်းမှ လွတ်ကင်းစေနိုင်သော မုသာဝိရမဏသတ္တိ မျိုးတို့ ပါဝင်ကြောင်းကိုလည်း ဝပ္ပသည် သိ၏။

ဟင်းချက်ရာတွင် ဆီ၊ ဆား၊ ရေတ်၊ ကြက်သွန်၊ အမဲ၊ သားငါး စသည်တို့သည် မိမိတို့၏ ကိုယ်ပိုင်အရသာသဘောကို သီးခြားစီ သီးခြားစီ ဆောင်နေသေးလျှင်တော့ ဟင်းကောင်းမဖြစ်သေး။ မိမိတို့၏ ကိုယ်ပိုင်





သီးခြားစီ အရသာသဘောကို စွန့်လွှတ်ပြီး ဟင်းအရသာအဖြစ် တစ်ခုတည်း သော သဘော 'ဧကရသ' ကို ဆောင်နိုင်ပါမှ ဟင်းကောင်းမည်၏။ ဟင်း ကောင်းတို့၏ ဓမ္မတာအရ ဟင်းတွင် ပါဝင်သော 'အမည်' အားလုံးတို့သည် ဟင်းအဖြစ် တစ်ခုတည်း၊ တလုံးတစည်းတည်း၊ အရသာတစ်ခုတည်း အဖြစ်သို့ ရောက်ရ၏။

ထိုနည်းအတူ ဝပ္ပသန္တာန်၌ ရှိနေသော၊ ဝပ္ပနားလည်သော မဂ္ဂင် ရှစ်ပါးတို့သည် ရှင်ကောဏ္ဍည ကိုယ်တွေ့အတိုင်း တစ်စုစည်း၊ တစ်ပေါင်း တည်း အဖြစ်သို့ ရောက်ပါမှ၊ တစ်ပြိုက်နက်တည်း ဖြစ်ပါမှ ပထမသစ္စဉာဏ် ကို ဝပ္ပအား ရနိုင်စေပေလိမ့်မည်။ ထိုအခါမှသာ ဝပ္ပသည် ဟေိတိက္ခအနေဖြင့် ရဟန်းဖြစ်ပေလိမ့်မည်။

ယခုအချိန်တွင်တော့ ဝပ္ပသည် ရတနာသုံးပါးကို ရင်၌ လွယ်ထား သော၊ ရတနာသုံးပါး၌ ယုံကြည်သော အာစာရဗုဒ္ဓဘာသာဝင် ပုထုဇဉ်သာ ဖြစ်သေးသဖြင့် သူသည် တစ်ဦးချင်း ဗုဒ္ဓဘာသာဉာဉ်ကောင်း၊ ဗုဒ္ဓဘာသာ စရိုက်ကောင်း ပုဂ္ဂိုလ်သာ ဖြစ်၏။ မဇ္ဈိမဒေသ တစ်ခွင်၌ ဗုဒ္ဓဘာသာကို အမျိုးသားစရိုက်၊ အမျိုးသားဉာဉ် အဖြစ်သို့ ရောက်အောင် ဆောင်ရွက် နိုင်ရန် ဝပ္ပသည် မြတ်စွာဘုရားကိုယ်တော်တိုင် သင်ကြားပေးသည့် နည်း အတိုင်း ရဟန္တာ ခြောက်ကျိပ်ဝင်ဖြစ်အောင် ဆက်လက် အားထုတ်ရပေ ဦးမည်။

ပဉ္စဝဂ္ဂီငါးဦးတွင် အပါအဝင်ဖြစ်သော ဝပ္ပသည် ရှင်သာရိပုတ္တရာ အမှူးပြုတော်မူသော လက်ယာတော်ရံ မဟာသာဝက လေးကျိပ်တွင် အပါ အဝင် ဖြစ်နိုင်ရန် အရဟတ္တဖိုလ်မျိုးစေ့ကို အောင်မြင်စွာ စိုက်ပျိုးပြီးသူ ဖြစ်၏။ အစဉ်တစိုက် ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း စသော ဆိုင်ရာ ဆိုင်ရာ လုပ်ငန်းသဖွယ်ဖြစ်သော ပါရမီများကိုလည်း ဖြည့်ကျင့်ခဲ့သူ ဖြစ်၏။ ဝပ္ပသည် မကြာမြင့်မီ ကာလအတွင်း အရဟတ္တဖိုလ် အပွင့်အသီးကို ရရှိတော့ မည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အချိန်ကာလသည် စကားပြော၏။ စိုက်ပျိုးထားသော မျိုးစေ့ဟူသည် ပွင့်ချိန်ရောက်မှ ပွင့်၏။ သီးချိန်ရောက်မှ သီး၏။ ပွင့်ချိန်ရောက်မှ ပွင့်သော အပွင့်သည်သာ အောင်မြင်သောအသီးကို ဖြစ်စေနိုင်၏။ ပွင့်ချိန်မရောက်ဘဲ ပွင့်သော အပွင့်သည် အောင်မြင်သောအသီးကို မဖြစ်စေနိုင်။ အကယ်၍ အသီး သီးလျှင်လည်း မှည့်ဝင်းသောအသီး ဖြစ်မလာ။ အုပ်မှည့် အသီးမျိုးသာ ဖြစ်လာနိုင်၏။ ထို့ကြောင့် အချိန်သည် စကားပြော၏ဟု ဆိုခြင်း ဖြစ်ပါ၏။ ဝပ္ပသည် အရိယသစ္စာဉာဏ်ကို မုချဧကန် ရမည် ဖြစ်၏။ သို့ရာတွင် အချိန်တော့ စောင့်ရပေမည်။

ကမ္ဘာ့ဒွာန်းဆရာ လုပ်သူက မြတ်စွာဘုရား ကိုယ်တော်တိုင်၊ တရားအားထုတ်သူက ပဉ္စဝဂ္ဂီငါးဦးဝင် ဝပ္ပ၊ မြတ်စွာဘုရားကလည်း ဗုဒ္ဓစက္ခုဖြင့် ဝပ္ပ၏ အာသယနှင့် အနုသယ အခြေအနေ၊ ဝပ္ပ၏ ဣန္ဒြေတို့ကို သိပြီးသား။ ထို့ကြောင့်ပင် ဝပ္ပ တစ်ပါးတည်းကို ကွက်၍ တရားပြခြင်း ဖြစ်၏။ ဝပ္ပသည် ဝါဆိုလပြည့်ကျော် (၁) ရက်နေ့ နံနက်ပိုင်း၌ သောတာပတ္တိမဂ်ဉာဏ်ကို ရ၍ သောတာပန် အရိယာပုဂ္ဂိုလ်ဖြစ်မည် အမှန်ပင်တည်း။

ဝပ္ပသည် မြတ်စွာဘုရားကိုယ်တော်တိုင် ကျင့်ကြံ ရှုမှတ်ပွားများခဲ့သည့် လက်တွေ့ကျင့်စဉ်အတိုင်းပင် မလွဲမသွေ တိတိကျကျ လိုက်နာကျင့်သုံးလျက် ရှိ၏။ ရုပ်နာမ်တရားများကို ရှုမှတ်နေ၏။ ရုပ်နာမ်တရားများကို လောကဝေါဟာရအားဖြင့် လောကဟု ခေါ်၏။ လောကဟူသည် သက်ရှိသက်မဲ့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုများ ဖြစ်ကြ၏။ ပရိယတ္တိဝေါဟာရအားဖြင့် ပဋိစ္စသမုပ္ပာဒ်ဟူသည် ဤလောက၌ ဖြစ်ကြ၊ ပျက်ကြသော အရာရာတိုင်းသည် အကြောင်းအကျိုး ဆက်သွယ်မှုကြောင့်သာ ဖြစ်ကြခြင်း၊ ပျက်ကြခြင်း ဖြစ်၏ ဟူသော ကြောင်းကျိုးဆက် ရုပ်နာမ်ဖြစ်စဉ် ဖြစ်၏။ သို့ရာတွင် အကြောင်းနှင့်အကျိုးသည် သဘောအားဖြင့် သီးခြားစီ ဖြစ်၏။ တစ်ခုတည်း မဟုတ်။

ဤမည်သော အကျိုးတရားကို မိမိအလိုအတိုင်း ဖြစ်စေမည် ဟူသော





ပိုင်စိုးမှု 'အတ္တ'သည် သဘောအကြောင်းတရား၌ မရှိ။ အကြောင်းတရားတို့ ပြည့်စုံညီညွတ်သောအခါ အကျိုးတရားသည် ဖြစ်ပေါ်လာရ၏။ အကြောင်းတရားတို့ ပြည့်စုံညီညွတ်မှု ပျက်ယွင်းသောအခါ အကျိုးတရားသည် ပျက်စီးရ၏။ အကြောင်းတရား၌ ပိုင်စိုးမှု အတ္တသဘော မရှိခြင်းကြောင့် ယင်းကို အနတ္တဟူ၍ ဆိုရ၏။ အကြောင်းတရား၌ ပိုင်စိုးမှု အတ္တသဘော မရှိလျှင် အကျိုးတရား၌လည်း ပိုင်စိုးမှု အတ္တသဘောသည် အဘယ်မှာလျှင် ရှိနိုင်ပါအံ့နည်း။ ထို့ကြောင့် အကျိုးတရားသည်လည်း 'အနတ္တ' ပင် ဖြစ်၏။ အထူးပြောစရာ မလိုချေ။

အကြောင်းနှင့်အကျိုး ဆက်သွယ်မှု၌ အချင်းချင်း သန္တာန် အဆက်ဆက် တူမှုသဘောသည် ရှိရ၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် 'ဧကတ္တ' ဟု ခေါ်၏။ ဧကတ္တ သဘောကို မယုံလျှင် ဥစ္ဆေဒဒိဋ္ဌိဝါဒ၌ ဝင်၏။ ဥစ္ဆေဒဒိဋ္ဌိ ဟူသည် မှားသောအမြင် ဖြစ်၏။ ယင်းဝါဒကို ဗုဒ္ဓဘာသာဝင်များက လက်မခံ။ သချိုင်းကုန်းနောက်၌ ဘာမျှမရှိ ဟူသောအမြင် ဖြစ်၏။

အကြောင်းအကျိုး နိယာမအရ သန္တာန်အဆက်ဆက် တူသော်လည်း သဘောအားဖြင့်ကား အချင်းချင်း ခြားနား၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် 'နာနတ္တ'ဟု ခေါ်၏။ နာနတ္တသဘောကို မယုံလျှင် သဿတဒိဋ္ဌိဝါဒ၌ ဖြစ်၏။ သဿတဒိဋ္ဌိ ဟူသည် မှားသောအမြင် ဖြစ်၏။ ယင်းဝါဒကို ဗုဒ္ဓဘာသာဝင်များက လက်မခံ။ လောက်လမ်းသဖွယ် ဝိညာဉ်တွယ်ဟူသောအမြင် ဖြစ်၏။

အကြောင်းနှင့်အကျိုး ဆက်သွယ်၍ ဖြစ်ကြ၊ ပျက်ကြရာ၌ တန်ခိုးရှင်တို့၏ ဖန်ဆင်းမှုကြောင့် မဟုတ်ဘဲ ဓမ္မတာအလျောက်သာ ဖြစ်ရ၏။ ပျက်ရ၏။ သဲက ဆီ မဖြစ်နိုင်ဘဲ နှမ်းကသာ ဆီ ဖြစ်နိုင်သည့်သဘော ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် 'ဧဝံ ဓမ္မတာ' ဟု ခေါ်၏။ ဧဝံ ဓမ္မတာ သဘောကို မယုံလျှင် ဖန်ဆင်းရှင်ဝါဒကို ယုံကြည်တတ်၏။ ယင်းဝါဒသည်လည်း မှားသောဝါဒပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းရှင်ဝါဒကို လက်ခံသည်နှင့် တစ်ပြိုင်နက် အတ္တဝါဒသည် အလိုအလျောက် ပါဝင်လာ၏။ ဥစ္ဆေဒဒိဋ္ဌိဝါဒနှင့် သဿတဒိဋ္ဌိဝါဒတို့သည်လည်း အတ္တဝါဒ၏ အမည်ကွဲများသာ ဖြစ်ကြ၏။ စိုးပိုင်မှုကား 'အတ္တဝါဒ' စစ်စစ်သာတည်း။ 'အတ္တဝါဒ' ဝင်လာလျှင် ပုဂ္ဂိုလ်၊ သတ္တဝါနှင့် အရာဝတ္ထုများသည် မလွဲမသွေ ပြန်လည် ပေါ်ပေါက်လာကြပေဦးတော့မည်။ ထိုအခါ တရားအားထုတ်သူတို့၏ အမြင်မျိုး မဟုတ်တော့ဘဲ ရိုးရိုးသာမန် လူသားတို့၏ မူလဒုံရင်း အမြင်မျိုးသာ ဖြစ်တော့၏။ ထိုအမြင်မျိုးကိုမူ ပဥ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရား၏ သွန်သင်ချက်အရ ရှေးမဆွကပင် ပယ်ပြီး ဖြစ်၏။

ပဋိပတ္တိ ဝေါဟာရအရ ရုပ်နာမ်မှု သင်္ခါရတရားများကို 'ဥပါဒါနက္ခန္ဓာ' ဟူ၍လည်းကောင်း၊ မူလအမည်အတိုင်း 'ရုပ်နာမ်သင်္ခါရ' ဟူ၍လည်းကောင်း ခေါ်၏။ ယင်းတို့သည် အစိုင်အခဲ မဟုတ်သော်လည်း အစိုင်အခဲလို့ ထင်ရ၏။ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်သော်လည်း တစ်ခုတည်းလို ထင်ရ၏။ လုပ်ချင်တိုင်း လုပ်၍မရသော်လည်း လုပ်ချင်တိုင်း လုပ်၍ရသည်ဟု ထင်ရ၏။ မတင့်တယ်သော 'အသုဘ'သဘော ဖြစ်သော်လည်း တင့်တယ်သော 'သုဘ' သဘောဟု ထင်ရ၏။ ဆင်းရဲစစ်စစ် ဖြစ်သော်လည်း သူ့နည်းသူ့ဟန်ဖြင့် 'နှစ်သက်စရာ၊ တွယ်တာစရာ၊ မျှော်လင့်စရာ' အဖြစ် ထင်ရ၏။

*

မြတ်စွာဘုရားသည် ဝပ္ပအား လောက သို့မဟုတ် ပဋိစ္စသမုပ္ပာဒ် သို့မဟုတ် ဥပါဒါနက္ခန္ဓာတို့ကို ရှုခိုင်း၏။ ထိုသို့ ရှုခိုင်းရာတွင် ရိုးရိုးသာမန် လူသားတို့၏ အမြင်မျိုးဖြင့် မြင်အောင် ရှုခိုင်းသည်တော့ မဟုတ်။ ယထာဘူတ ကျကျ အမှန်အတိုင်းသိအောင် ရှုခိုင်း၏။ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ပေါ်လာအောင် ရှုခိုင်း၏။

ရှုစရာ အာရုံများကား လောကခေါ်ခေါ်၊ ပဋိစ္စသမုပ္ပာဒ်ခေါ်ခေါ်၊





ဥပါဒါနက္ခန္ဓာခေါ်ခေါ်၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌ ထင်လာသော ရုပ်နှင့်နာမ်များ ဖြစ်ကြ၏။ ယင်းရုပ်နှင့်နာမ် အာရုံများသည် မိမိ၏ စိတ်အစဉ်၌ ပြင်ပမှ လာ၍လည်း ထင်ကြ၏။ အတွင်းမှ လာ၍လည်း ထင်ကြ၏။ အတွင်းနှင့်အပြင် နှစ်ပါးစုံမှလည်း လာ၍ထင်ကြ၏။ သို့ရာတွင် မည်သို့ပင်ထင်ထင်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဖြစ်ချင်ရာဖြစ်၊ မိမိ၏ စိတ်အစဉ်၌ ပစ္စုပ္ပန်ကျကျ ထင်ခိုက်ဖြစ်သော ရုပ်နှင့်နာမ် အာရုံများသာ ဖြစ်ကြရ၏။

ယင်းအာရုံများကို ရှုရာ၌ ဝိပဿနာဉာဏ်ဖြင့် ရှုရ၏။ ဝိပဿနာဉာဏ် ဟူသည် လောကီမဂ္ဂင်တရား ဖြစ်၏။ လောကီမဂ္ဂင်တရားများကို လောကုတ္တရာမဂ္ဂင်တရားများ ဖြစ်သွားမှသာ စစ်မှန်သော မဂ္ဂသစ္စာ ဖြစ်ပေလိမ့်မည်။ မဂ္ဂသစ္စာ ဖြစ်မှသာ 'နိဗ္ဗာန်' ကို မျက်မှောက်ပြုနိုင်မည်။ ချမ်းသာစစ် ချမ်းသာမှန် ဖြစ်သော 'သန္တိသုခ' ကို ခံစားနိုင်ပေမည်။

သန္တိသုခကို ရှာဖွေကြသော ပဥ္စဝဂ္ဂီငါးဦးတို့တွင် ပထမဆုံး အညာသိကောဏ္ဍညသည် သန္တိသုခကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်တော်မူပြီးနောက် မြတ်စွာဘုရားသခင်၏ ထံတော်မှောက်၌ ဧဟိဘိက္ခု အဖြစ်ဖြင့် မြတ်သော ရဟန်းဘဝကို ရတော်မူခဲ့၏။ ယခုအလှည့် ဝပ္ပသည် ကြာမြင့်စွာသော ကာလပတ်လုံး သူ ရှာဖွေနေသော သန္တိသုခကို တွေ့ပေတော့မည်။ သန္တိသုခကို ရှာဖွေရာတွင် အသုံးပြုသော မဂ္ဂင်ရှစ်ပါးအနက် သမ္မာကမ္မန္တကို နားလည်သဘောပေါက်အောင် မြတ်စွာဘုရားက ဝပ္ပအား လက်တွေ့ပြသတော်မူ၏။

သမ္မာကမ္မန္တ ဟူသည် သဒ္ဒါနက်အားဖြင့် ကောင်းသောအလုပ်ကို ပြုလုပ်ခြင်းဖြစ်၏။ ကောင်းသောအလုပ်ဟူသည် ဒုစရိုက်တရားတို့မှ ရှောင်ကြဉ်ပြီး သီလဝိသုဒ္ဓိမှ အစပြု၍ ဝိသုဒ္ဓိအဆင့်ဆင့်သို့ ရောက်အောင် ဒါန၊ သီလ၊ ဘာဝနာ ခေါ်သော ပုညကြိယာအမည်ဖြင့် ကောင်းမှုလုပ်ငန်းများကို လုပ်သောအလုပ် ဖြစ်၏။ ဒါနဖြင့် လောဘကို သတ်၏။ လောဘကို သတ်နိုင်လျှင် ချမ်းသာ၏။ သီလဖြင့် ကျန်းမာ၏။ သီလသည် ဒေါသကို



www.burmeseclassic.com

www.burmeseclassic.com



သတ်၏။ ဘာဝနာဖြင့် ဉာဏ်ပညာကို ထက်စေ၏။ ဘာဝနာကား အဝိဇ္ဇာကို သတ်၏။ ဤတရားသုံးမျိုးကို ဒသကနိပါတ်၊ မဟာမင်္ဂလဇာတ်၌ ဟော တော်မူ၏။ ဤဇာတ်ဖြင့် သုဓ္ဒေါဒနမင်းကြီးသည် အနာဂါမ်ဖြစ်၏။ လူ့ဘဝ အတွက် လောလောဆယ် ချမ်းသာခြင်း၊ ကျန်းမာခြင်း၊ ပညာရှိခြင်းသည် အရေးကြီးသည် မဟုတ်ပါလား။ တရားကိုယ်အားဖြင့် ကာယဒုစရိုက် (၃) ပါးမှ ကြဉ်ရှောင်ခြင်းဖြစ်၏။ ထိုသို့ ကြဉ်ရှောင်ရာတွင်လည်း 'အသက် မွေးမြူမှု' နှင့် မပတ်သက်သော ကြဉ်ရှောင်မှု ရှိးရိုးဖြစ်၏။ လူသည် မိမိ၏ ဘဝတည်ရှိခွင့် ရနေသရွေ့ ကာလပတ်လုံး ကာယကံနှင့် ပတ်သက်လာလျှင် ဖော်ပြပါ ကာယဒုစရိုက် (၃) မျိုးမှလွဲ၍ ကျန်ကာယကံများကို ပြုလုပ်နိုင် ပါ၏။ လုပ်လည်း လုပ်ရမည် ဖြစ်၏။

ဤသည်မှာ သမ္မာကမ္မန္တ၏ အနိမ့်ဆုံးအနက် ဖြစ်၏။ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ် ရိုးရိုးဖြင့် ပြုလုပ်နိုင်သော လုပ်ငန်းမျိုးဖြစ်၏။ အမြင့်ဆုံး အနက်အားဖြင့် အနိမ့်ဆုံးအနက်မှ တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် 'နိဗ္ဗာန်' ကို မျက်မှောက်ပြုနိုင်သည့် ကာလအထိ အလုပ်ကို မလွဲမသွေ လုပ်ရ မည် ဖြစ်၏။ အလုပ်မလုပ်ဘဲ နေ၍မရ။ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျှောင်းခြင်း၊ အိပ်ခြင်း ဟူသော ဣရိယာပုတ် လေးပါးသည်ပင် အလုပ်ဖြစ်၏။ သမ္မုတိ သစ္စာအရ ဖြစ်စေ၊ ပရမတ္ထသစ္စာအရ ဖြစ်စေ လောကတစ်ခုလုံးသည် အလုပ် ဖြင့် ပြည့်လျက် ရှိ၏။ သို့ရာတွင် 'သမ္မာကမ္မန္တ' ဟု ဆိုကတည်းက ကောင်း သော အလုပ်ကို ဆိုလိုခြင်း ဖြစ်၏။

ဤသမ္မာကမ္မန္တမဂ္ဂင်ကို မြတ်စွာဘုရားသည် 'သစ္စာ' လေးပါး သိရေး အတွက် အသုံးပြုမည် ဖြစ်၏။ သမ္မာကမ္မန္တကို ကောင်းသောအလုပ် ဟူ၍ ဆိုရ၏။ တရားကိုယ်အားဖြင့်ကား ကောင်းသောစေတနာ ပြဋ္ဌာန်းသော သမာဒါန ဝိရတီဖြစ်၏။ ဝိရတီအရ ရှောင်ကြဉ်ရုံသာမက ကောင်းသော အလုပ်ကို လုပ်ခြင်းဖြစ်၏။ ရှောင်ကြဉ်ရုံသက်သက်မျှဖြင့် လုံး၀ မစားနိုင်၊ မသောက်နိုင်သော လူနာနှင့် ခြားနားလှမည် မဟုတ်။ Negative သဘော





မျိုးကိုသာ ဆောင်၏။ Positive သဘောကို ဆောင်သည်အထိ ကောင်း သော အလုပ်ကို လုပ်ရမည်။ စေတနာကို အစဉ်အလာအားဖြင့် 'စေ့ဆော် ခြင်း' ဟူ၍ မြန်မာပြန်ဆို၏။ ခေတ်သုံး မြန်မာဝေါဟာရဖြင့် ဆိုရလျှင် ကောင်းသောစေတနာ ပြဋ္ဌာန်းသည့် သမ္မာကမ္မန္တ က စေ့စေ့စပ်စပ် ဖြစ်သွား အောင် 'ဂဟေဆော်ခြင်း' သဘောမျိုး ဖြစ်၏။ မဂ္ဂင်ရှစ်ပါးကို တစ်သား တည်း ဖြစ်နေအောင် ဆောင်ရွက်ခြင်း ဖြစ်၏။

သမ္မာဒိဋ္ဌိက ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို မြင်လာအောင် ကြည့်ရ၏။ သမ္မာသင်္ကပ္ပက ရုပ်နာမ်အာရုံများကို သမ္မာဒိဋ္ဌိ မြင်နိုင်အောင် ဟိုဘက် – ဒီဘက်၊ ရှေ့ – နောက်၊ အတွင်း – အပြင်၊ အထက် – အောက်၊ ဖီလာ– ကန့်လန့် စသည်ဖြင့် ဘက်စုံ လှည့်၍ လှည့်၍ ပြရ၏။ သမ္မာဝါစာက သိစရာအမည်နှင့် သိစရာဝတ္ထုကို တစ်ခြမ်းပဲ့အသိမျိုး မဟုတ်ဘဲ ပြည့်ပြည့်စုံစုံ အသိမျိုး အဖြစ်သို့ ရောက်အောင် ဆောင်ရွက်ပေး ရ၏။

ဤမဂ္ဂင်သုံးမျိုးတို့သည် မိမိတို့၏ ဆိုင်ရာလုပ်ငန်း၌ အချင်းချင်း ဂဟေစပ်မိအောင် သမ္မာကမ္မန္တလုပ်ငန်းက ဆောင်ရွက်ပေးရ၏။ သမ္မာ ကမ္မန္တ၏ လုပ်ငန်းသည် ကျယ်ပြန့်လှ၏။ လောကနယ်ပယ်မှ လောကုတ္တရာ နယ်ပယ် အဆုံးအထိ ပါဝင်၏။ စေ့စေ့စပ်စပ်ဖြစ်အောင် လုပ်ရာ၌ လယ်ထွန် ခြင်း၊ အတတ်ပညာ သင်ကြားခြင်းမှအစ မဂ်ဖိုလ်နိဗ္ဗာန် ရခြင်းအထိ လုပ်ငန်း အားလုံး ပါဝင်၏။ ထို့ကြောင့် သမ္မာကမ္မန္တလုပ်ငန်းသည် များစွာ အရာကျယ် ၏ ဟု ဆိုခြင်း ဖြစ်၏။

ဝိပဿနာရှုရန် လောကကို အနှစ်ထုတ်လိုက်သောအခါ ပဋိစ္စ သမုပ္ပါဒ်ကို ရ၏။ ပဋိစ္စသမုပ္ပါဒ်ကို အနှစ်ထုတ်လိုက်သောအခါ အဝိဇ္ဇာ၊ သင်္ခါရ စသော အင်္ဂါ (၁၂) ပါးကို ရ၏။ အင်္ဂါ (၁၂) ပါးကို အနှစ်ထုတ် လိုက်သောအခါ ဥပါဒါနက္ခန္ဓာငါးပါးကို ရ၏။ တစ်ဖန် ဥပါဒါနက္ခန္ဓာ ငါးပါးတို့တွင် မိမိ၏ ဒွါရတို့မှ ထိုက်သင့်သလို ဝင်လာသော ရုပ်နာမ်တရား



www.burmeseclassic.com

www.burmeseclassic.com



များကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ပေါ်လာအောင် ရှုမှတ်ရ၏။ ဤသို့ ရှုမှတ်ခြင်းကိုပင် ဝိပဿနာ ရှုသည်ဟု ဆိုရ၏။

ဝိပဿနာရှုရာတွင် မိမိ၏ စိတ်အစဉ်၌ ထင်လာသော ရုပ်နာမ် အာရုံများကို ပဏ္ဍပ္ပန်ကျကျ တစ်ခုစီ တစ်ခုစီ အသီးသီး အကြောင်းနှင့်တကွ ဝိသေသလက္ခဏာ ပေါ်လာအောင် ရှုရ၏။ ထို့နောက် ရုပ်နာမ်အားလုံး၌ သာမညလက္ခဏာ တစ်မျိုးတည်း ပေါ်လာအောင် ရှုရ၏။ သာမညလက္ခဏာ ဟူသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောပင် ဖြစ်၏။ ရုပ်နာမ်တို့၏ အမျိုးမျိုး သော ဝိသေသ (ဝါ) သဘာဝလက္ခဏာများမှ တစ်မျိုးတည်းသော သာမည လက္ခဏာအဖြစ်သို့ ရောက်အောင် ရှုခြင်း ဖြစ်၏။ ဤနေရာ၌ မှတ်သားဖွယ် ကောင်းသော ရှင်သာရိပုတ္တရာနှင့် ရှင်အနုရုဒ္ဓါတို့၏ ဆွေးနွေးခန်းကို ဖော်ပြအပ်ပါ၏။

ရှင်အနုရုဒ္ဓါက မိမိသည် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် လောကဓာတ် တစ်ထောင်ကို မြင်နိုင်ပါကြောင်း၊ မတွန့်ဆုတ်သော လုံ့လရှိပါကြောင်း၊ သတိလည်း ထင်ပါကြောင်း၊ ပဿဒ္ဓိ တရားနှင့်လည်း ပြည့်စုံပါကြောင်း၊ စိတ်ကိုလည်း တစ်ခုတည်းသော အာရုံ၌ တည်ကြည်စွာ ထားနိုင်ပါကြောင်း၊ သို့ပါလျက် တပည့်တော်သည် အရဟတ္တဖိုလ်ကို ရရန် အားထုတ်ပါသော် လည်း ယခုအချိန်ထိ အားထုတ်၍ မရသေးပါကြောင်းဖြင့် ရှင်သာရိပုတ္တရာ အား လျှောက်ထားလေရာ ရှင်သာရိပုတ္တရာက ရှင်အနုရုဒ္ဓါအား–

'ငါ့ရှင်အနုရုဒ္ဓါ၊ ငါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လောကဓာတ် တစ်ထောင်ကို မြင်နိုင်၏ ဟူ၍ အကြံဖြစ်ခြင်းသည် သင်၏ သန္တာန်၌ မာန ဖြစ်နေခြင်းပင် ဖြစ်၏။ ငါ့ရှင်အနုရုဒ္ဓါ၊ ငါသည် မတွန့်ဆုတ်သော လုံ့လ လည်း ရှိ၏၊ သတိလည်း ထင်၏၊ ပဿဒ္ဓိ တရားနှင့်လည်း ပြည့်စုံ၏၊ စိတ်ကို တစ်ခုတည်းသော အာရုံ၌ တည်ကြည်စွာ ထားနိုင်၏ ဟု အကြံ ဖြစ်ခြင်းသည် သင်၏သန္တာန်၌ ဥဒ္ဓစ္စ ဖြစ်နေခြင်းပင် ဖြစ်၏။ ငါ့ရှင်အနုရုဒ္ဓါ၊ ထိုသို့ဖြစ်ပါလျက် အရဟတ္တဖိုလ်ကို ရရန် အားထုတ်ပါသော်လည်း ယခု





အချိန်အထိ ငါသည် အရဟတ္တဖိုလ်ကို မရသေးဟု အကြံဖြစ်ခြင်းသည် သင်၏သန္တာန်၌ ကုက္ကုစ္စ ဖြစ်နေခြင်းပင် ဖြစ်၏။

'ငါ တိုက်တွန်းပါ၏။ သင်၏သန္တာန်၌ ဖြစ်နေသော မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ တည်းဟူသော ဤတရားသုံးမျိုးကို ပယ်စွန့်ကာ ဤတရားသုံးမျိုး လုံးကို နှလုံးမူ၍ နိဗ္ဗာန်သို့ မိမိ၏စိတ်ကို ပို့ဆောင်စေချင်ပါ၏' ဟူ၍ ကမ္မဋ္ဌာန်းတရားကို ဟောတော်မူ၏။

အမှန်အားဖြင့် ရှင်သာရိပုတ္တရာက ရှင်အနုရုဒ္ဓါအား ထင်လာသော သင်္ခါရတရားများ၏ ဝိသေသလက္ခဏာကို ပုဂ္ဂလဇ္ဈာပါရဖြင့် မရှုဘဲ ဓမ္မ ဇ္ဈာပါရအတိုင်း သာမညလက္ခဏာ ထင်လာအောင် ရှုရန် တိုက်တွန်းခြင်း ဖြစ်၏။

ဝိပဿနာတရား အားထုတ်သောအခါ ရှင်အနုရုဒ္ဓါ၏ထုံးကို နှလုံး မူ၍ မိမိတို့၏ သန္တာန်၌ ထင်လာသော အာရုံများကို ရုပ်ဖြစ်စေ၊ နာမ်ဖြစ် စေ ပထမဦးစွာ ဝိသေသလက္ခဏာများကို ရုပ်နာမ်အလိုက် ထင်လာသော ဝိသေသလက္ခဏာ အမျိုးမျိုးမှ အားလုံး တစ်ခုတည်းသော သာမညလက္ခဏာ ထင်လာအောင် ရှုရ၏။ ထိုအခါ ရုပ်နာမ်တရားတို့သည် သီးခြားစီ သီးခြားစီ မဟုတ်တော့။ အားလုံး တစ်ခုတည်းသာ ဖြစ်၏။ ယင်းတစ်ခုတည်းကား 'အနတ္တ' သာတည်း။ အနတ္တကို မြင်လျှင် အနိစ္စနှင့် ဒုက္ခကိုပါ မြင်တော့၏။

ရုပ်နာမ်တရားတို့၏ အမျိုးမျိုးသော ဝိသေသ လက္ခဏာများမှ တစ်မျိုးတည်းသော သာမညလက္ခဏာ 'အနတ္တ' ထင်ပေါ်လာအောင် ဝပ္ပ သည် မည်သို့ ရှုမည်နည်း။ အမှန်အားဖြင့် ဝပ္ပ၏ သန္တာန်၌ သတိ၊ ဝီရိယ စသော မဟာကုသိုလ် ဉာဏသမ္ပယုတ် တရားများသည် ထင်ရှားရှိ၏။ သို့ရာတွင် ထိုတရားများသည် သာသနာပ ကာလ၌ သူများနည်းတူ ရှိသော အတိုင်းသာ၊ ရှိသည့် အဆင့်ထက် ပိုမည် ဆိုရုံမျှသာ ပိုသေး၏။

ယခု ထိုတရားများကို အသုံးချရမည်။ ဗောဓိပက္ခိယခေါ် မဂ်ဉာဏ် ၏ အုပ်စုဝင်ဖြစ်အောင် လုပ်ရမည်။ ထိုသို့ လုပ်ရာ၌ သမ္မာကမ္မန္တသည်



www.burmeseclassic.com

www.burmeseclassic.com



များစွာ အရေးကြီး၏။ ဗောဓိပက္ခိယ တရားတို့၏ အရေအတွက်သည် ၃၇ ပါး ရှိ၏။ တရားကိုယ်အားဖြင့်ကား ၁၄ ပါးသာ ဖြစ်၏။ ထိုမျှ များပြားသော ဗောဓိပက္ခိယ တရားများကို တရားကိုယ်အားဖြင့်လည်း အချင်းချင်း တစ်စပ်တည်း စေ့သွားအောင် သမ္မာကမ္မန္တသည် ဂဟေဆော်ပေးရမည် ဖြစ်၏။ ဂဟေဆော်ပေးမှသာ တစ်သားတည်းဖြစ်ပြီး ကြီးမားသော အင်အားကို ဆောင်နိုင်ပေလိမ့်မည်။

ကြီးမားသောအင်အားကို ဆောင်နိုင်သည်နှင့်အမျှ ဗောဓိပက္ခိယ ဟူသော အမည်နှင့်လိုက်အောင် နောက်ဆုံး၌ မဂ္ဂင်ထိုက်သွားပေလိမ့်မည်။ မဂ္ဂင်ထိုက်သော အဆင့်သို့ ရောက်မှသာ မဂ္ဂသစ္စာ အမည်ကို ရနိုင်မည် ဖြစ်၏။ ဗောဓိပက္ခိယ တရားတို့သည် မိမိတို့၏ တာဝန်အလိုက် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တရားတစ်ပါးနှင့်တစ်ပါး အချင်းချင်း စေ့စပ်သော သမ္မာကမ္မန္တသာ ပါဝင်ဆောင်ရွက်ခြင်း မရှိပါက ပိုသည့်တရားက ပို၍ လိုသည့်တရားက လိုနေမည် ဖြစ်၏။ ဒေသနာတော်အရ သတိတရား တစ်ခုတည်းသာ ပိုသည်ဟူ၍ မရှိကြောင်း လာရှိ၏။ ထို့ကြောင့် ကျန်သော တရားများကို ထိန်းကျောင်းရေးနှင့် ပတ်သက်၍ သမ္မာကမ္မန္တတွင် များစွာ တာဝန်ရှိ၏။

မဂ္ဂင်ရှစ်ပါးတွင် သမ္မာကမ္မန္တသည် သီလမဂ္ဂင်မျှသာ ဖြစ်၏။ သီလ၊ သမာဓိ၊ ပညာဟူ၍ အစဉ်အတိုင်း ကျင့်ရသော သာသနာတော်တွင် သီလသည် အခြေခံ အုတ်မြစ်မျှသာ ဖြစ်၏။ အခြေခံအုတ်မြစ် ခိုင်ပါမှ အပေါ်ထပ် အဆောက်အအုံတို့ မည်သည်မှာလည်း ချထားသော အုတ်မြစ်နှင့် လိုက်လျောညီစွာ ဖြစ်ရ၏။ အုတ်မြစ် ဟူသမျှသည်လည်း အပေါ်ထပ် အဆောက်အအုံနှင့် တစ်နည်းမဟုတ်တစ်နည်း စေ့စေ့စပ်စပ် ဆောင်ရွက်ပေးရသည်ချည်း ဖြစ်၏။ ထို့ကြောင့် သမ္မာကမ္မန္တ၏ အခန်းသည် အရေးပါသည်ဟု ဆိုခြင်း ဖြစ်၏။

သမ္မာကမ္မန္တ အရေးပါပုံနှင့် စပ်လျဉ်း၍ အရှင်အာနန္ဒာ၏ အရဟတ္တ





ဖိုလ် ရောက်ပုံမှာ မှတ်သားဖွယ် ကောင်းလှ၏။ ပဌမ သင်္ဂါယနာတင်ရန် အားထုတ်စဉ်က အရှင်အာနန္ဒာသည် သောတာပန်အဆင့်မျှသာ ရှိသေး၏။ သို့ရာတွင် အရှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို အာဂုံအရဆောင်ထားနိုင်သူ ဖြစ်၏။ ထို့ကြောင့် သောတာပန် အဆင့်မျှသာ ဖြစ်သော်လည်း အရှင်အာနန္ဒာကို ရဟန်းတော်ပေါင်း ခုနစ်သိန်း ပါဝင်သော သံဃာအစည်းအဝေးကြီးက သင်္ဂီတိကာရက အဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခဲ့၏။ ထိုစဉ်က သင်္ဂီတိကာရက ရွေးချယ်ရာတွင် အရှင်မဟာကဿပသည် သံဃာအစည်းအဝေး၏ တောင်းပန်တိုက်တွန်းချက်အရ ရဟန္တာပေါင်း ၄၉၉ ပါး ရွေးချယ်တော်မူသည်။ သံဃာအစည်းအဝေးကြီး ကိုယ်တိုင်က သောတာပန် အဆင့်မျှသာ ရှိသေးသော အရှင်အာနန္ဒာကို ရွေးချယ်တော်မူသည်။ ထို့ကြောင့် ပဌမ သင်္ဂါယနာတော်၌ သင်္ဂီတိကာရက စုစုပေါင်း (၅၀၀) ဖြစ်၏။

သင်္ဂီတိကာရက ၅၀၀ တွင် အရှင်အာနန္ဒာမှတစ်ပါး ကျန်အားလုံး ရဟန္တာချည်း ဖြစ်ကြ၏။ မဟာသက္ကရာဇ် ၁၄၈၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် သင်္ဂါယနာတင် ပွဲတော်ကြီးကို စတင်ကျင်းပမည် ဖြစ်ရာ အရှင်အာနန္ဒာသည် ဝါခေါင်လပြည့်ကျော် (၄) ရက်နေ့ တစ်ညဉ့်ပတ်လုံး ကမ္မဋ္ဌာန်းကျောင်း အပြင်ဘက်၌ စင်္ကြံလျှောက်ရင်း ဝိပဿနာတရားကို အားထုတ်ရာ အရဟတ္တဖိုလ်ကို မရနိုင်ဘဲ ရှိလေ၏။ သမ္မာကမ္မန္တက မိမိ၏ တာဝန်ကို ကျေပွန်စွာ မဆောင်ရွက်သဖြင့် ဝီရိယ လွန်ကဲကာ ဥဒ္ဓစ္စဝင်ရောက်လာသောကြောင့် ဖြစ်၏။

နောက်မှ စင်္ကြံလျှောက်ခြင်းကို ရပ်ပြီး ခြေဆေးအင်းပျဉ်၌ ခြေဆေးကာ ကမ္မဋ္ဌာန်းကျောင်းတွင်းသို့ ဝင်၍ သမ္မာကမ္မန္တ အကူအညီဖြင့် သမ္မာဝါယာမ မဂ္ဂင်နှင့် သမ္မာသမာဓိ မဂ္ဂင်နှစ်ပါးကို မျှအောင် အားထုတ်လျက် ညောင်စောင်းထက်၌ထိုင်ကာ အတန်ငယ် အပန်းဖြေ၍ မလွတ်သော သတိဖြင့် ဝိပဿနာ ရှုပွားရင်း ညောင်စောင်းငယ်ပေါ်သို့ လဲလျောင်းလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



မြေမှ မြေနှစ်ဖက်တို့ လွတ်မြောက်ကာ ခေါင်းအုံးသို့လည်း ဦးခေါင်းမကျ သေးမီ ကာလအတွင်း အရဟတ္တဖိုလ်သို့ ရောက်တော်မူ၍ အာသဝေါကုန် ခန်း ရဟန္တာ ဖြစ်တော်မူလေ၏။

*

ဤသာသနာတော်တွင် ဣရိယာပုတ်လေးပါးမှ လွတ်ကာ ရဟန္တာဖြစ်သူ ဟူ၍ ရှင်အာနန္ဒာ တစ်ပါးသာ ရှိလေရာ အရှင်အာနန္ဒာသည် ပထမ သင်္ဂါယနာတင်ပွဲ၌ ဓိသဇ္ဇက (အဖြေပုဂ္ဂိုလ်) အဖြစ် ဆောင်ရွက်နိုင်ခဲ့၏။ ထို့ကြောင့် လောကီရေးရာ၌ ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ ဖြစ်စေ မှန်မှန် ကန်ကန်နှင့် ကောင်းကောင်းမွန်မွန် အလုပ်မလုပ်ဘဲ မှန်မှန်ကန်ကန်နှင့် ကောင်းကောင်းမွန်မွန် အကျိုးကို ရရိုး ဓမ္မတာ မရှိ။

သမ္မာကမ္မန္တ ဟူသည် လောကီရေးရာတွင် ကိုယ်ခန္ဓာနှင့်သာ ဆိုင်၏။ ထိုသို့ ဆိုင်ရာ၌လည်း အချိန်ကာလအားဖြင့်လည်း သီးခြား၊ အာရုံ အားဖြင့်လည်း သီးခြားဖြစ်၏။ ယင်းကို နာနက္ခဏ ဟုလည်းကောင်း၊ အနိယတယောဂီ ဟုလည်းကောင်း ပါဠိဓေါ်ဟာရအရ ဆို၏။ လောကုတ္တရာ ရေးရာတွင်မူ ထိုသို့မဟုတ်။ သီးခြားမဖြစ်၊ တစ်ပြိုင်နက်တည်း ဖြစ်ရ၏။ မဂ္ဂင်အဆင့်တွင်မူ ဗောဓိပက္ခိယတရား အားလုံးတို့သည် ဝိရတီဖြစ်ဖြစ်၊ မဖြစ်ဖြစ် တစ်ပြိုင်နက်တည်း အနေဖြင့် အားလုံး တစ်ပေါင်းတည်း နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသည်ချည်း ဖြစ်၏။

ထို့ကြောင့် သမ္မာကမ္မန္တအရ လောကုတ္တရာဘက်သို့ ဦးတည်၍ စိတ်ပိုင်းဆိုင်ရာအရ ဖြစ်စေ၊ နှုတ်ပိုင်းဆိုင်ရာအရ ဖြစ်စေ၊ ကိုယ်ပိုင်းဆိုင်ရာ အရ ဖြစ်စေ၊ ဗောဓိပက္ခိယအုပ်စုဝင် မှန်သမျှကို 'တစ်ပြိုင်နက်တည်း' အဆင့် သို့ မရောက်သေးလျှင် ရောက်အောင် အားထုတ်ရမည်သာ ဖြစ်၏။

သမ္မာကမ္မန္တ ဟူသည် ဝိသုဒ္ဓိခုနစ်ပါးတွင် သီလဝိသုဒ္ဓိ အဆင့် ကတည်းကပင် ပြည့်စုံပြီး ဖြစ်သဖြင့် အရေးမကြီးဟု ထင်ရသော်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက် အခြေခံအုတ်မြစ် အနေဖြင့် အလွန်





အရေးကြီးပါ၏။ ကာယဒွာရိက် အာရုံများကို တဒင်္ဂပဟာန်ဖြင့် ရှောင်ကြဉ် သော အဆင့်မှ နိဗ္ဗာန်ကို အာရုံပြု၍ သမုစ္ဆေဒပဟာန်ဖြင့် ရှောင်ကြဉ်သော အဆင့်သို့ ရောက်အောင် ဝိပဿနာ ဉာဏ်စဉ်များဖြင့် တဖြည်းဖြည်း 'သမ္မာ ကမ္မန္တ' ကို ပွားယူရမည် ဖြစ်၏။

'သမ္မာကမ္မန္တ'သည် ဗောဓိပက္ခိယအုပ်စု၌ ယှဉ်ဖော်ယှဉ်ဖက်အဖြစ် မပါဝင်သေးသရွေ့ ကာလပတ်လုံး၊ အထူးအားဖြင့် မဂ္ဂင်ရှစ်ပါးတွင် ယှဉ်ဖော် ယှဉ်ဖက် တစ်ပါးအဖြစ် မပါဝင်သေးသရွေ့ ကာလပတ်လုံး အရိယသစ္စာ ဉာဏ်ကိုရရန် လုံးဝ မဖြစ်နိုင်ချေ။ အရိယသစ္စာဉာဏ်ကို မရပြန်လျှင်လည်း 'စစ်မှန်သော ချမ်းသာ' ကို ရရန် ဝေးပေစွ။

အမှန်အားဖြင့် ဝိပဿနာ စတင်ရှုမှတ်ရာ၌ 'သမ္မာကမ္မန္တ'အပါ အဝင် ဝိရတီမဂ္ဂင်များ တိုက်ရိုက်မပါဝင်သည်မှာ မှန်၏။ အဘယ့်ကြောင့် ဆိုသော် ဝိပဿနာ အာရုံများသည် ရှောင်ကြဉ်စရာ ဒုစရိုက်အာရုံများ မဟုတ်ဘဲ ရုပ်နာမ် အာရုံများသာ ဖြစ်သောကြောင့် ဖြစ်၏။ သို့ရာတွင် တိုက်ရိုက် မပါဝင်သော်လည်း ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းမှုအရ စိတ်ပိုင်း ဆိုင်ရာ အနေဖြင့်မူ သဘောအားဖြင့် ပါဝင်ပြီး ဖြစ်၏။ ယင်းကို ပါဠိ ဓေါ်ဟာရဖြင့် 'သမာဒါန ဝိရတီ' ဟု ဆိုရ၏။

ယင်းသမာဒါနဝိရတီ၏ စွမ်းအင်ဖြင့် 'သမ္မာကမ္မန္တ'ကို ဗောဓိ ပက္ခိယထဲ မပါလျှင် ပါဝင်လာအောင်၊ မဂ္ဂင်ထဲ မပါလျှင် ပါဝင်လာအောင် အားထုတ်နိုင်မှသာ သမ္မာကမ္မန္တသည် ဗောဓိပက္ခိယဝင် တရားအချင်းချင်း နှင့် ယင်းတို့၏ လုပ်ငန်းအချင်းချင်းတို့ကို အကြားအလပ်မရှိ စေ့နေအောင် 'ဂဟေ' ဆော်နိုင်မည် ဖြစ်၏။ ထိုအခါမှသာ လောကကို လွန်မြောက်နိုင် သော လောကုတ္တရာ စွမ်းအားကို ရ၏။ လောကုတ္တရာစွမ်းအား ဟူသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပင် ဖြစ်၏။

ဝပွသည် ရုပ်နာမ်တို့ကို ဝိပဿနာ ရှုမှတ်ရာတွင် သူ၏ သန္တာန်၌



www.burmeseclassic.com

www.burmeseclassic.com



သမ္မာကမ္မန္တသည် ကျန်မဂ္ဂင်တရားများနှင့် အတူတကွ ယှဉ်ဖော်ယှဉ်ဖက် အဖြစ် မပါဝင်သေး။ ငုပ်နေဆဲ၊ မြုပ်နေဆဲပင် ဖြစ်၏။

ပဥ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို မခံယူမီ ကာလကပင် သီလဝိသုဒ္ဓိ ဖြစ်ပြီးသား ဖြစ်သဖြင့် ဒုစရိုက်တရား မှန်သမျှကို ပယ်စွန့်ပြီး ဖြစ်သောကြောင့် သမ္မာကမ္မန္တ အပါအဝင် ဝိရတီတရား သုံးပါးသည် ပါဝင်ခြင်း မရှိတော့။ သမ္မာကမ္မန္တသည် ကာယဒုစရိုက်များကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်သည့် အဆင့်အထိ မရောက်သေးသရွေ့၊ ကျန်မဂ္ဂင်တရားများနှင့်တကွ တစ်ပြိုင်နက် မယှဉ်နိုင်သေးသရွေ့ ကာလပတ်လုံး 'မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်'သည် ဖြစ်ပေါ်လိမ့်မည် မဟုတ်။

ထို့ကြောင့် ဗောဓိပက္ခိယ တရားများကို ပွားများပြီး နောက်ဆုံးမဂ္ဂင်အဖြစ်သို့ ရောက်အောင် အားထုတ်ရာ၌ သမ္မာကမ္မန္တကို ကျန်မဂ္ဂင်တရားများနှင့် တစ်ပြိုင်နက် အတူတကွ အမြဲတမ်း မယှဉ် မနေရ၊ ယှဉ်အောင် လုပ်ရမည် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဝပ္ပအား 'သမ္မာကမ္မန္တမဂ္ဂင်' ကို လက်တွေ့သင်ကြားနေခြင်း ဖြစ်၏။ ဗောဓိပက္ခိယတရား အုပ်စု၌ 'သမ္မာကမ္မန္တ' သည် ငုပ်နေရာ၊ မြုပ်နေရာမှ ကိုယ်ထင်ပေါ်လာပြီး ဆိုင်ရာ တရားအားလုံးကို စေ့စေ့စပ်စပ် တစ်သားတည်းဖြစ်အောင် 'ဂဟေ' ဆော်ကာ မဂ္ဂင်အဖြစ် အတူတကွ အမြဲတမ်း တစ်ပြိုင်နက် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်လာသည်နှင့် တစ်ပြိုင်နက် 'မဂ်ဉာဏ်' ကို ရပြီ ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီ ဖြစ်၏။ သူတို့ ရှာဖွေနေသည့် စစ်မှန်သော ချမ်းသာကို တွေ့ပြီ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဝပ္ပအား 'သမ္မာကမ္မန္တမဂ္ဂင်' ကို သူ့အလုပ် သူလုပ်နိုင်အောင် ကျကျနန ကိုယ်ထိလက်ရောက် သင်ကြားပြသခြင်း ဖြစ်ပါ၏။

ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူ မှန်သမျှသည် မဂ္ဂင်ရှစ်ပါး





တွင် 'သမ္မာကမ္မန္တ' ကို မဂ္ဂင်တစ်ပါးအဖြစ် အတူတကွ အမြဲတမ်း တစ်ပြိုင်နက် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်လာအောင် အားထုတ်အပ်ပါ၏။

သမ္မာကမ္မန္တ ဟူသော ပုဒ်၌ သမ္မာ + ကမ္မ + အန္တ = သမ္မာကမ္မန္တ ဟူ၍ သမာသ်ပုဒ်အဖြစ် ဖွဲ့စည်းထားရာ 'အန္တ' ပုဒ်သည် အနက်မရှိဘဲ သမ္မ – သာလျှင် အနက်ရှိ၏။ သို့ရာတွင် ပုဒ်တစ်ပုဒ်အနေဖြင့် အနက်ကို ဆိုရသော် 'မှန်ကန်သော (ဝါ) ကောင်းမွန်သော အလုပ်' ဟူ၍ ဖြစ်၏။ ကမ္မ – အရ အလုပ်ဟူသည်နှင့် တစ်ပြိုင်နက် အဘိဓမ္မာ တရားကိုယ်သဘောအားဖြင့် စိတ်ပိုင်းဆိုင်ရာက ပြဋ္ဌာန်းသည်ဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာက ပြဋ္ဌာန်းသည် ဖြစ်စေ စေတနာသည် မပါဝင်ဘဲ မဖြစ်။ စေတနာဖြစ်မှ ကံဖြစ်၏။ ကံဖြစ်မှ အကျိုးပေး၏။ ကံဖြစ်တိုင်းလည်း အကျိုးပေးသည် မဟုတ်၊ ကံမြောက်မှ အကျိုးပေး၏။

ဤနေရာ၌ သမ္မာကမ္မန္တသည် ဒုစရိုက်တရားများကို ရှောင်ကြဉ်ပြီး စစ်မှန်သောချမ်းသာကို ရှာဖွေရာတွင် စေတနာ၏ အပြည့်အဝ ပံ့ပိုးမှုအရ ဗောဓိပက္ခိယတရား အားလုံးကို စေ့စေ့စပ်စပ် တစ်သားတည်းဖြစ်အောင် ဆောင်ရွက်ပြီး မိမိကိုယ်တိုင် မဂ္ဂင်အဖြစ်သို့ ပါဝင်နိုင်လာအောင် ဆောင်ရွက်ခြင်း ဖြစ်၏။ ယင်းလုပ်ငန်းကို တကယ်တမ်း ဆောင်ရွက်ပါလျှင် သမ္မာကမ္မန္တသည် မဂ္ဂင်ထိုက်၍ တာဝန်ကျေ၏။

သမ္မာကမ္မန္တ တာဝန်ကျေမှု၊ မကျေမှုနှင့် စပ်လျဉ်း၍ စမ်းသပ်ကြည့်လေသောအခါ လောက၌ အောက်ပါအတိုင်း အမြင်လေးမျိုး ရှိကြောင်း တွေ့ရ၏။

(၁) အကြောင်းကို မှုသေထားပြီး အကျိုးကို မှုသေမထားသော အမြင်၊

(၂) အကြောင်းကို မှုသေမထားဘဲ အကျိုးကို မှုသေထားသော အမြင်၊

(၃) အကြောင်းနှင့်အကျိုး နှစ်မျိုးလုံးကို မှုသေမထားသော အမြင်၊



www.burmeseclassic.com

www.burmeseclassic.com



(၄) အကြောင်းနှင့်အကျိုး နှစ်မျိုးလုံးကို မှုသေထားသော အမြင်။

ဤအမြင်များမှာ ဘာသာဝါဒကို အဓိကထား၍ ဆိုသောအမြင်များ ဖြစ်ပါ၏။ သမ္မာကမ္မဋ္ဌ မဂ္ဂင် အနေဖြင့် တာဝန်ကျေမှု ရှိ၊ မရှိနှင့် စပ်လျဉ်း၍ တရားအားထုတ်သူကိုယ်တိုင် သိရှိဆင်ခြင်နိုင်ရန် ဖြစ်ပါ၏။

အမှတ် (၁) အမြင်အရ ဆိုရလျှင် 'အကျိုးတရားဟူသည် မှန်းဆ၍သာ သိရ၏။ ကိုယ်တိုင်ကိုယ်ကျ တွေ့ဖူးသည်၊ ကြုံဖူးသည် ဟူ၍ ဆိုသူများလည်း ရှိကြ၏။ မတွေ့ဖူးသဖြင့် မယုံ ဟူ၍ ဆိုသူများလည်း ရှိကြ၏။ ထို့ကြောင့် အကျိုးတရားဟူသည် မုချမှုသေ တွက်ချက်၍ မရ။ ထာဝရဘုရား သို့မဟုတ် ပရမာတမာ စသော ထိုထို တန်ခိုးရှင်၊ ဖန်ဆင်းရှင်များ ရှိသည် ဟူ၍လည်း ဆိုကြ၏။ မရှိဘူး၊ စိတ်ကူးစိတ်သန်း အရသာ ရှိ၏ ဟူ၍လည်း ဆိုကြ၏။ ထို့ကြောင့် အကျိုးကို မှုသေမသတ်မှတ်နိုင်။ အကြောင်းတရားကား မှုသေရှိ၏။

ရှေးဘိုးဘေးစဉ်လာအရ လိုက်နာခဲ့သော ထုံးများ၊ ဓလေ့များလည်း ရှိ၏။ ကျမ်းဂန် စာပေများလည်း ရှိ၏။ သတ်မှတ်ထားသော အကျိုးကို ရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ လက်ရှိ ယုံကြည်လက်ခံထားသော အကြောင်းတရား လမ်းစဉ်အတိုင်း တရားသေ လိုက်နာကြမည် ဟူသော အမြင် ဖြစ်၏။

ယင်း အမြင်မျိုးကို 'အကျိုးပယ်ဝါဒ' ဟု သတ်မှတ်၏။ ပါဠိဝေါဟာရအားဖြင့် 'နတ္ထိကဒိဋ္ဌိ' ဟု ခေါ်၏။ မှားယွင်းသောအမြင် ဖြစ်၏။

အမှတ် (၂) အမြင်အရ ဆိုရလျှင် အကြောင်းတရားဟူသည် ပုံသေ သတ်မှတ်၍ မရ။ အခြေအနေအရ အလျဉ်းသင့်သလို လုပ်ရ၏။ မိမိ သတ်မှတ်ထားသော အကျိုးတရား ရဖို့သာ အရေးကြီး၏။ တရားသည်၊ မတရားသည်ကို ဘေးချိတ်ထား၊ မိမိ ရလိုသော အကျိုးတရား ရဖို့သာ ပဓာန ဖြစ်၏။ လိမ်မှ ကောက်မှ ရမည်ဆိုလျှင်လည်း လိမ်ဖို့ကောက်ဖို့ ဝန်လေး မနေပါနှင့်၊ အယုတ်ဆုံး ဖခင်ကိုသတ်မှ မင်းဖြစ်မည် ဆိုလျှင်လည်း ဖခင် ကို သတ်ရမည် ဟူသော အမြင်မျိုး ဖြစ်၏။





ယင်းအမြင်မျိုးကို 'အကြောင်းပယ်ဝါဒ' ဟု သတ်မှတ်၏။ ပါဠိ ဝေါဟာရအားဖြင့် 'အကြိယဒိဋ္ဌိ' ဟု ခေါ်၏။ မှားယွင်းသောအမြင် ဖြစ်၏။

အမှတ် (၃) အမြင်အရ ဆိုရလျှင် ဤလောကၶ မမြင်နိုင်သော အင်အားစုများ များစွာ ရှိ၏။ စေတနာကောင်းဖြင့် လုပ်ကိုင်ပါလျက်လည်း ဖြစ်တင်မကောင်းမဲခြင်းကို ခံရတတ်၏။ ကောက်ကျစ်စဉ်းလဲပြီး သူတော် ကောင်းယောင် ဆောင်ကာ မိမိ၏ ကိုယ်ကျိုးသက်သက်ကိုသာ ဦးစားပေး လျက် 'ဘေးမှကြားကောင်းအောင်' လက်သီးလက်မောင်းတန်းကာ သူတော် စင် စကား ပြောနေသူ ဖြစ်ပါလျက် သူကောင်းပြုခြင်းကို ခံရတတ်၏။

ထို့ကြောင့် လောကဖြစ်စဉ်များသည် ပရမ်းပတာ ဖြစ်ချင်သလို ဖြစ်နေခြင်းသာ ဖြစ်၏။ လည်သလို စားကြစတမ်း ဖြစ်၏။ ဖြစ်မည်ယောင် ပြု၍ မဖြစ်ဘဲလည်း ရှိ၏။ မဖြစ်ယောင်ပြုလျက် ဖြစ်သည်လည်း ရှိ၏။ ထို့ကြောင့် လမ်းစဉ်နှင့် ပန်းတိုင်တို့အတွက် 'မှု' ချပြီး တွက်ချက်၍ မရ ကောင်းသော တကယ့် ပရမ်းပတာ ကြောင်းကျိုးဖြစ်စဉ်များသာတည်း။ အကြောင်းတရား၌လည်း 'မှု' သတ်မှတ်၍ မရ။ အကျိုးတရားလည်း 'မှု' သတ်မှတ်၍ မရ။ တိုက်ဆိုင်မှုအရသာ ဖြစ်၏ ဟူသော အမြင်မျိုး ဖြစ်၏။

ယင်းအမြင်မျိုးကို 'အကြောင်းအကျိုးပယ်ဝါဒ' ဟု သတ်မှတ်၏။ ပါဠိဝေါဟာရအားဖြင့် 'အဟေတုကဒိဋ္ဌိ' ဟု ခေါ်၏။ မှားယွင်းသောအမြင် ဖြစ်၏။

အမှတ် (၄) အမြင်အရ ဆိုရပါလျှင် အကြောင်းနှင့်အကျိုးသည် 'မှု' သတ်မှတ်၍ ရ၏။ သတ်မှတ်ထားသော မှုအရ အကြောင်းနှင့်အကျိုး သည် အကြောင်းကိုလည်း ကိုယ်တိုင် တွေ့ရ၏။ အကျိုးကိုလည်း ကိုယ်တိုင် တွေ့ရ၏။ အကြောင်းဟူသည် 'မဂ္ဂင်' ရှစ်ပါး ဖြစ်၏။ အကျိုးဟူသည် 'နိဗ္ဗာန်' ဖြစ်၏။ နိဗ္ဗာန်၏ အနက်ကား လောဘကင်းခြင်း ဖြစ်၏။

တရားအားထုတ်သူသည် ရုပ်နာမ်တို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုသော အခါ မိမိ၏သန္တာန်၌ 'လောဘ' ခေါင်းပါးသွားကြောင်း တွေ့ရလျှင် လမ်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော အကြောင်းတရား၌ 'သမ္မာကမ္မဿ'သည် မဂ္ဂင်အနေဖြင့် မိမိ၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သည်ဟု မှတ်အပ်၏။ အကယ်၍ တရားအားထုတ်သူသည် မိမိ၏သန္တာန်၌ 'လောဘ' ခေါင်းပါးကြောင်း မတွေ့လျှင် 'သမ္မာကမ္မဿ' သည် မဂ္ဂင်အနေဖြင့် မိမိ၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခွင့် မရသေးဘဲ 'သမာဒါနဝိရတိ' အနေဖြင့် ငုပ်နေဆဲ၊ မြုပ်နေဆဲ အဆင့်၌ပင် ရှိသေး၏ ဟု သိအပ်ပါ၏။

ဤအမြင်ကား မဇ္ဈိမပဋိပဒါကျသော သမ္မာဒိဋ္ဌိအမြင်မှန် ဖြစ်၏။ ဝိဘဇ္ဇဝါဒ ဟူ၍လည်း ဆိုရ၏။ အကြောင်းနှင့်အကျိုး နှစ်မျိုးလုံးကို မူသေထားသောအမြင် ဖြစ်၏။ မိမိသန္တာန်၌ လောဘနည်းနည်းကင်းလျှင် နည်းနည်း နိဗ္ဗာန်ရ၏။ နည်းနည်း ချမ်းသာ၏။ များများကင်းလျှင် များများ နိဗ္ဗာန်ရ၏။ များများ ချမ်းသာ၏။ အကြွင်းမဲ့ ကင်းလျှင်ကား အထူးဆိုဖွယ် မရှိတော့။ သန္တိသုခ စစ်စစ်သာ။

ဤအမြင်အရ အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးကို 'မူ' သတ်မှတ်၍ ရ၏။ အကြောင်းတရား မှန် မမှန် ကိုယ်တိုင် စစ်၍ရ၏။ အကျိုးတရား မှန် မမှန်ကိုလည်း ကိုယ်တိုင် စစ်၍ရ၏။

အကြောင်းနှင့်အကျိုးသည် အမြဲ ယှဉ်တွဲလျက် သွား၏။ လောကုတ္တရာနှင့် ပတ်သက်၍ လမ်းစဉ်ဖြစ်သော အကြောင်းကိုလည်း သတ်မှတ်၍ ရ၏။ ပန်းတိုင်ဖြစ်သော အကျိုးကိုလည်း သတ်မှတ်၍ ရ၏။ ထိုသို့ သတ်မှတ်နိုင်ခြင်း၌ 'သမ္မာကမ္မဿမဂ္ဂင်' ၏ စွမ်းဆောင်ချက် များစွာ ပါဝင်ပါ၏။

ထို့ကြောင့် စတုတ္ထအမြင်သည် 'သမ္မာဒိဋ္ဌိ' အမြင် ဖြစ်၏။ သို့ဖြစ်၍သာ မြတ်စွာဘုရားက ဝဋ္ဋအား'သမ္မာကမ္မဿ' ကို မဂ္ဂင်ရှစ်ပါး၌ တစ်ပြိုင်နက် အမြဲတမ်း ယှဉ်ဖော်ယှဉ်ဖက် မဂ္ဂင်တစ်ပါး အဖြစ်သို့ ရောက်အောင် ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ သင်ကြားညွှန်ပြနေခြင်း ဖြစ်၏။

သမ္မာကမ္မဿသည် ကျန်မဂ္ဂင်များနှင့် အတူတကွ တစ်ပြိုင်နက်





အမြဲတမ်း ယှဉ်ဖော်ယှဉ်ဖက် ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ဝဋ္ဋသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သောတာပန်ဖြစ်ပြီ ဖြစ်၏။

## ဘဝ ဖြစ်လာခြင်းမှာ

ဘဝဟူသည် စစ်မြေပြင်ဖြစ်၏။ ဘဝတွင် ဗြဟ္မာဘဝ၊ နတ်ဘဝ၊ လူဘဝ၊ အပါယ်ဘဝ ဟူ၍ (၃၁) ဘုံသား အားလုံးတို့၏ ဘဝများ ပါဝင်၏။

ဘဝစစ်မြေပြင်တွင် ကုသိုလ်နှင့် အကုသိုလ်တို့သည် အမြဲတစေ အချင်းချင်း တိုက်ခိုက်နေကြ၏။ ဓမ္မနှင့် အဓမ္မတို့သည် ခဏမစဲ တိုက်ခိုက်နေကြ၏။ ကုသိုလ်က နိုင်လျှင် ချမ်းသာ၏။ အကုသိုလ်က နိုင်လျှင် ဆင်းရဲ၏။ ဓမ္မက နိုင်လျှင် ငြိမ်းချမ်း၏။ အဓမ္မက နိုင်လျှင် ဆူပွက်၏။

ကုသိုလ်သည် ကောင်းကျိုးကိုပေး၍ ချမ်းသာခြင်းဖြစ်၏။ အကုသိုလ်သည် မကောင်းကျိုးကိုပေး၍ ဆင်းရဲခြင်းဖြစ်၏။ ဓမ္မသည် မှန်သောသဘောကိုဆောင်၍ ငြိမ်းချမ်းခြင်း ဖြစ်၏။ အဓမ္မသည် မမှန်သော သဘောကို ဆောင်၍ ဆူပွက်ခြင်း ဖြစ်၏။ ထို့ကြောင့် သတ္တဝါတို့သည် ချမ်းသာသော ဘဝ၊ ငြိမ်းချမ်းသော ဘဝကို တောင့်တကြ၏။ ဆင်းရဲသော ဘဝ၊ ဆူပွက်သော ဘဝကို ရွံရှာကြ၏။

ဗြဟ္မာဘဝနှင့် နတ်ဘဝ စစ်မြေပြင်တို့၌ ကုသိုလ်နှင့် ဓမ္မက အကုသိုလ်နှင့် အဓမ္မအပေါ် နိုင်၍ သူတို့၏ ဘဝများသည် ချမ်းသာကြ၏။ ငြိမ်းချမ်းကြ၏။ ထို့ကြောင့် သတ္တဝါတို့သည် ဗြဟ္မာဘုံနှင့် နတ်ဘုံတို့၌ ဖြစ်နိုင်စေရန် မိမိတို့ တတ်စွမ်းသလောက် ဆိုင်ရာဆိုင်ရာ ကောင်းမှုများကို ပြုလုပ်ကြ၏။ ရည်မှန်းကြ၏။

အပါယ်ဘဝ စစ်မြေပြင်၌ကား အကုသိုလ်နှင့် အဓမ္မက ကုသိုလ်နှင့် ဓမ္မအပေါ် နိုင်ကြ၏။ ထို့ကြောင့် အပါယ်ဘဝသည် ဆင်းရဲ၏။ ဆူပွက်၏။ ထိုသို့ဖြစ်၍ သတ္တဝါတို့သည် အပါယ်ဘုံ၌ဖြစ်ရန် ကြောက်ရွံ့ကြ၏။ ကြောက်ရွံ့ကြသော်လည်း 'စတ္တာရော အပါယာ အတ္တဂေဟသဒိသာ' ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဒေသနာတော်အရ အပါယ်လေးဘုံသည်သာ မိမိတို့၏ ကိုယ်ပိုင်အိမ် ဖြစ်ကြ၏။ အခြားသော ဘုံတို့သည်ကား ဧည့်သည်အဖြစ် ခဏခေတ္တ တည်းခိုရာ ယာယီ တည်းခိုခန်းမျှသာ ဖြစ်၏။

လူ့ဘဝ စစ်မြေပြင်ကား ပို၍ကြမ်း၏။ ပို၍ပြင်းထန်၏။ ကုသိုလ်နှင့် ဓမ္မက အကုသိုလ်နှင့် အဓမ္မအပေါ် နိုင်သည်လည်း ရှိ၏။ အကုသိုလ်နှင့် အဓမ္မက ကုသိုလ်နှင့် ဓမ္မအပေါ် နိုင်သည်လည်း ရှိ၏။ သို့ရာတွင် များသောအားဖြင့် အကုသိုလ်နှင့် အဓမ္မက ကုသိုလ်နှင့် ဓမ္မအပေါ် နိုင်သည်က များ၏။ ထို့ကြောင့် လူတို့သည် မိမိတို့ ကွယ်လွန်သောအခါ နတ်ဘုံနှင့် ဗြဟ္မာဘုံတို့၌ အဖြစ်နည်း၍ အပါယ်လေးဘုံ၌သာ အဖြစ်များလေ၏။ သို့ဖြစ်၍သာ အပါယ်လေးဘုံသည် သတ္တဝါတို့၏ ကိုယ်ပိုင်အိမ် ဖြစ်၏ဟု အဋ္ဌကထာဆရာက ဆိုခြင်း ဖြစ်၏။

ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ လူ့ဘဝ လူ့ချမ်းသာ ဟူသည်မှာလည်း အိမ်ရှင်ချမ်းသာ မဟုတ်၊ ဧည့်ချမ်းသာ ဖြစ်၏။ ထာဝစဉ်ချမ်းသာ မဟုတ်၊ ယာယီချမ်းသာ ဖြစ်၏။ စစ်မှန်သော ချမ်းသာ မဟုတ်၊ အတုချမ်းသာ ဖြစ်၏။ ထိုချမ်းသာမျိုးကား ကုသိုလ်နှင့် ဓမ္မက အကုသိုလ်နှင့် အဓမ္မအပေါ် အောင်ပွဲဆင်ရာ၌ ထာဝစဉ်အောင်ပွဲမျိုး မဟုတ်ဘဲ ယာယီအောင်ပွဲမျိုးမျှသာဖြစ်၍ ထိုအောင်ပွဲ၏ အကျိုးဖြစ်သော ချမ်းသာခြင်းနှင့် ငြိမ်းချမ်းခြင်းသည်လည်း အိမ်ရှင်ချမ်းသာနှင့် ငြိမ်းချမ်းခြင်း ထာဝစဉ် ချမ်းသာနှင့် ငြိမ်းချမ်းခြင်း၊ စစ်မှန်သောချမ်းသာနှင့် ငြိမ်းချမ်းခြင်း အဘယ်သို့လျှင် ဖြစ်နိုင်ပေလိမ့်မည်နည်း။

ယာယီချမ်းသာမျိုးကို ပါဠိဝေါဟာရအားဖြင့် ဝေဒယိတသုခ ဟူ၍ ဆိုရ၏။ အဘိဓမ္မာ ဒေသနာတော်အရ ဝေဒယိတသုခသည် ကုသိုလ်၌လည်း ရှိ၏။ အကုသိုလ်၌လည်း ရှိ၏။ ထို့ကြောင့် တိရစ္ဆာန်လောက၌ပင် ထို ချမ်းသာမျိုးကို တွေ့ရ၏။ လင်းတငှက်များသည် ခွေးသေကောင်ပုပ်ကို တွေ့သောအခါ ပျော်ကြ၏။ ချမ်းသာကြ၏။ ခွေးများ၊ ဝက်များ စသည် တို့သည်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်၏။





လူ့လောက၌လည်း ထိုသဘောမျိုးကို တွေ့ရ၏။ မတရားသောနည်းများဖြင့် ပစ္စည်းဥစ္စာများများ ရအောင် ရှာနိုင်သူများ၊ မတရားသောနည်းများဖြင့် ရာထူးကြီးကြီးရအောင် ယူနိုင်သူများ၊ မတရားသောနည်းများဖြင့် ကျော်စောထင်ရှားအောင် လုပ်နိုင်သူများသည် မိမိတို့ ရရှိသော ပစ္စည်းဥစ္စာများ၊ ရာထူးကြီးများ၊ ကျော်စောထင်ရှားမှုများကို ကြည့်၍ ချမ်းသာဟု ထင်ကြ၏။ ပျော်ကြ၏။ ဝမ်းမြောက်ကြ၏။ ဂုဏ်ယူဝင့်ကြွားကြ၏။ ထိုပုဂ္ဂိုလ်များနှင့် စရိုက်တူ၊ ဉာဉ်တူ ပုဂ္ဂိုလ်တို့ကလည်း ပင့်ကြ၏။ မြှောက်ကြ၏။ အားကျကြ၏။ အတုယူကြ၏။ ချီးမွမ်းကြ၏။ စရိုက်ကွဲ၊ ဉာဉ်ကွဲပုဂ္ဂိုလ်တို့ကမူ ထိုကဲ့သို့ မမြင်၊ ထိုကဲ့သို့ မလုပ်။ စက်ဆုပ်၏။

အမှန်အားဖြင့် ထိုပုဂ္ဂိုလ်မျိုးတို့၏ ချမ်းသာမျိုးသည် လင်းတငှက်၊ ခွေး၊ ဝက် စသည်တို့၏ ချမ်းသာမျိုးနှင့် ထူးခြားလှသည်တော့ မဟုတ်။ အဘယ်ကြောင့်ဆိုသော် အရိယသစ္စာအမြင်ဖြင့် ကြည့်ပါက တရားဓမ္မနှင့် လျော်ညီသော ကိုယ်ကျင့်တရားကြောင့် ရရှိသော ဗြဟ္မာချမ်းသာ၊ နတ်ချမ်းသာ၊ လူချမ်းသာများကိုပင် ဖောက်ပြန်သောဒုက္ခ (ဝိပရိဏာမဒုက္ခ) အဖြစ် သတ်မှတ်ထားသောကြောင့် ဖြစ်၏။ ထိုထက် ဖစ်ဆင့်တက်၍ ဆိုရလျှင် ဘဝဟူသမျှ အားလုံးသည် ဒုက္ခစင်စစ် ဖြစ်၏ ဟူ၍ မြင်ထားသောကြောင့် ဖြစ်၏။

ဘဝဟူသည် ကံကြောင့်ဖြစ်လေရာ ကံဟူသမျှသည် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ အဝိဇ္ဇာနှင့် တဏှာဟူသော မူလ အကြောင်းတရားနှစ်ပါးကို အခြေပြုသည်ချည်း ဖြစ်၏။ မူလ အကြောင်းတရားနှစ်ပါး ကိုယ်တိုင်က သံသရာစက်ဝန်းကို လှည့်နေသော အနုသယကိလေသာ ဖြစ်၏။ အနုသယကိလေသာ အပေါ်၌ အခြေတည်သော (၃၁) ဘုံရှိ ဘဝအားလုံးသည် အဘယ်သို့လျှင် ချမ်းသာစစ်၊ ချမ်းသာမှန် ဖြစ်နိုင်ပေလိမ့်မည်နည်း။ အဝိဇ္ဇာနှင့် တဏှာကို သတ်၍ 'ကံ' ကို ဖြတ်နိုင်မှသာ ချမ်းသာစစ်၊ ချမ်းသာမှန် ဖြစ်ပေါ်နိုင်ပေလိမ့်မည်။ 'ကံ' ပြတ်မှ ဘဝပြတ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နေတ္တိပါဠိတော် ဒေသနာတော်နည်းအရ ကြည့်လျှင် ဘဝကို သုံးပိုင်းအနေဖြင့် တွေ့ရ၏။ ပထမပိုင်းမှာ အဿာဒ အပိုင်း ဖြစ်၏။ အဿာဒ ဟူသည်မှာ သာယာဖွယ် 'ချမ်းသာ' ပိုင်း ဖြစ်၏။ ဒုတိယပိုင်းမှာ အာဒီနဝ အပိုင်း ဖြစ်၏။ အာဒီနဝ ဟူသည်မှာ မသာယာဖွယ် 'အပြစ်' ပိုင်း ဖြစ်၏။ တတိယပိုင်းမှာ နိဿရဏ အပိုင်း ဖြစ်၏။ နိဿရဏ ဟူသည်မှာ ဘဝမှ ထွက်မြောက်ခြင်း ဖြစ်၏။

ထိုအပိုင်းသုံးပိုင်းတို့တွင် အဿာဒသည် ချမ်းသာသဘော ရှိ၏။ အာဒီနဝသည် ဆင်းရဲသဘော ရှိ၏။ နိဿရဏသည် ငြိမ်းချမ်းမှုနှင့် ထွက်မြောက်မှု သဘောရှိ၏။ ဤသို့ သုံးပိုင်းကွဲပြားသွားခြင်းသည် ဉာဏ်၏ အနုအရင့်ကိုလိုက်၍ ကွဲပြားခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ရှုထောင့်ကိုလိုက်၍ ကွဲပြားသွားခြင်း ဖြစ်၏။

ဘဝကို အတ္တဒိဋ္ဌိဖြင့်ကြည့်လျှင် စရိုက်အလိုက် အားလုံး သာယာဖွယ် ဖြစ်၏။ ဒေါသစရိုက် ရှိသူကလည်း ဒေါသကြီးလိုက်ရမှ ကျေနပ်၏။ အခြားစရိုက် ရှိသူများကလည်း ထိုနည်းတူပင် ဖြစ်၏။ ဝတ္ထုစာဖတ်ပရိသတ်လို အလွမ်းဝတ္ထုကြိုက်သူ၊ စုံထောက်ဝတ္ထုကြိုက်သူ၊ စွန့်စားခန်းဝတ္ထုကြိုက်သူ စသည်တို့ကဲ့သို့ မိမိတို့ စရိုက်အားလျော်စွာ လောကီတရားအားလုံးသည် သာယာဖွယ်ချည်း ဖြစ်၏။

ဘဝကို သမ္မာဒိဋ္ဌိဖြင့်ကြည့်လျှင် အားလုံး ဆင်းရဲဖွယ်ချည်းအဖြစ် မြင်ရ၏။ သို့ဖြစ်၍ ဘဝကိုပင် အတ္တဒိဋ္ဌိဖြင့် ကြည့်သူက ချမ်းသာဟု ဆိုပြီး၊ ဝိပဿနာ သမ္မာဒိဋ္ဌိဖြင့် ကြည့်သူက ဆင်းရဲဟု ဆို၏။ လောကုတ္တရာ သမ္မာဒိဋ္ဌိဖြင့် ကြည့်သူကမူ ဘဝကိုကျော်၍ ဘဝမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို မြင်၏။ မြတ်စွာဘုရားသခင် ပွင့်တော်မူပြီးနောက် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ဝါဆိုလပြည့် စနေနေ့ နေဝင်ဖျိုးဖျအချိန်တွင် ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောဌ် မြတ်စွာဘုရားသခင်က ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကပဝတ္တနသုတ်ဖြင့် ဘဝကြည့်နည်းကို မိမိကိုယ်တိုင် လက်တွေ့ကြည့်ခဲ့သည့် နည်း





အတိုင်း ဟောကြားတော်မူလေရာ ထိုနေ့၌ပင် ကောဏ္ဍညသည် သောတာပန် ဖြစ်၍ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။

ဝါဆိုလပြည့်ကျော် (၁) ရက်နေ့တွင် ဝပ္ပ၊ ဝါဆိုလပြည့်ကျော် (၂) ရက်နေ့တွင် ဘဒ္ဒိယ၊ ဝါဆိုလပြည့်ကျော် (၃) ရက်နေ့တွင် မဟာနာမ်၊ ဝါဆိုလပြည့်ကျော် (၄) ရက်နေ့တွင် အဿဇိ၊ ပဉ္စဝဂ္ဂီငါးဦးလုံး သောတာပန် အသီးသီး ဖြစ်ကုန်တော်မူကြပြီးလျှင် အားလုံးပင် ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်တော်မူကြ၏။ ဗုဒ္ဓရတနာသည် ဂါယာမြို့ ဗောဓိမဏ္ဍိုင်၌ စ၍၊ ဓမ္မရတနာနှင့် သံဃာရတနာသည် မိဂဒါဝုန်တော၌ စ ခဲ့ပါ၏။

ပဉ္စဝဂ္ဂီငါးပါးလုံးသည် ကမ္ဘာတစ်သိန်းစီ ပါရမီတော် ဖြည့်ကျင့်ပြီးသော လက်ယာတော်ရံ မဟာသာဝကချည်း ဖြစ်ကြ၏။ မြတ်စွာဘုရားသခင်ကလည်း ပထမဦးဆုံး အကြိမ်သာ မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးပါးကို တစ်ပေါင်းတည်း ဟောကြားတော်မူ၏။

ဝါဆိုလပြည့်ကျော် (၁) ရက်နေ့မှစ၍ တစ်ပါးစီ တစ်ပါးစီ ဟော၏။ ထိုနေ့တွင် ဝပ္ပ တစ်ပါးတည်းကိုသာ ဟောတော်မူ၏။ ကျန်လေးပါးတို့က ဆွမ်းခံထွက်ကြ၏။ မြတ်စွာဘုရားနှင့် ဝပ္ပသာ ကျန်ရစ်ခဲ့၏။ ဆွမ်းခံပြန် နောက်ချိန်တွင်မူ ဝပ္ပသည် သောတာပန် ဖြစ်နေလေပြီ။ လေးပါးခံသော ဆွမ်းကို ခြောက်ပါး ဘုဉ်းပေးတော်မူကြ၏။ ဤနည်းအားဖြင့် လေးပါး ဆွမ်းခံ၊ နှစ်ပါးကျန် စနစ်ဖြင့် မြတ်စွာဘုရား ကိုယ်တော်တိုင် တရားပြလေရာ ပဉ္စဝဂ္ဂီ ငါးပါးလုံး သောတာပန် ဖြစ်ကြ၏။ ဧဟိဘိက္ခု ရဟန်းများ ဖြစ်ကြ၏။

ပဉ္စဝဂ္ဂီ ငါးပါးတို့သည် မူလက ဘဝနှင့် ပတ်ဝန်းကျင်ကို အတ္တနှင့် အတ္တနိယအဖြစ် ယူထားကြလေရာ မြတ်စွာဘုရားက ယင်းအတ္တနှင့် အတ္တနိယ အဖုံးကို ခွာပြီး ဘဝဟူသည် ခန္ဓာငါးပါး ရုပ်နာမ်တရားများသာ ဖြစ်၏၊ အတ္တဟူ၍လည်း မရှိ၊ အတ္တနိယ ဟူ၍လည်း မရှိ၊ ရုပ်နာမ်တရားတို့သည် အမြဲတစေ ဖြစ်ပျက်နေကြ၏။ ဤသဘောကို မြတ်စွာဘုရားက



www.burmeseclassic.com

www.burmeseclassic.com



ဟောကြားတော်မူ၏။ ပဋ္ဌဝဂ္ဂီတို့သည် ပါရမီပြည့်သူများ ဖြစ်ကြသဖြင့် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း အတ္တနှင့် အတ္တနိယ အဖုံးကိုခွာပြီး ယင်းအောက်ရှိ ရုပ်နာမ်တရားတို့ကို ကြည့်လေရာ ယင်းတို့၏ ခဏတိုင်း ခဏတိုင်း ဖြစ်–ပျက် နေကြသည့် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တ သဘောကို မြင်ကြ၏။

ဖြစ်တတ်သော အရာဝတ္ထုသည် ဖြစ်၏။ ပျက်တတ်သော အရာဝတ္ထုသည် ပျက်၏။ ဖြစ်တတ်သော အရာဝတ္ထု မရှိဘဲ ဖြစ်ခြင်းကြိယာ ဟူ၍ မရှိ၊ ပျက်တတ်သော အရာဝတ္ထု ဟူ၍ မရှိဘဲ ပျက်ခြင်းကြိယာ ဟူ၍ မရှိ။ ထို့ကြောင့် အရာဝတ္ထုနှင့် ကြိယာကို ခွဲ၍ မရ။ ကြိယာသည် ကာလ၏ အမှတ်အသား ဖြစ်၏။ အရာဝတ္ထုသည် ဒေသ၏ အမှတ်အသား ဖြစ်၏။ ဤသို့လျှင် ကာလနှင့် ဒေသကလည်း ကုသိုလ်ကြောင့်ပဲ ဖြစ်ဖြစ်၊ အကုသိုလ်ကြောင့်ပဲ ဖြစ်ဖြစ်၊ ဘဝဟူသမျှ အားလုံးကို ဗျူဟာတစ်မျိုးဖြင့် တိုက်ပြန်၏။

ပထမ ခဏ၌ ဖြစ်သော ရုပ်–နာမ်တို့သည် ပထမ ခဏ၌သာ ပျက်ကုန်၏။ ဒုတိယ ခဏသို့ မကူးပြောင်း။ ဤသို့ 'ကာလ' က ရုပ်–နာမ်တို့ကို စားပစ်လိုက်၏။ သို့ရာတွင် ဒုတိယ ခဏ၌ 'ဒေသ' က ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့ဖြင့် ရုပ်–နာမ်တို့ကို ဖြစ်စေပြန်၏။ ဒုတိယ ခဏ၌ ဖြစ်သော ရုပ်–နာမ် တို့သည် ပထမ ခဏ၌ ဖြစ်သော ရုပ်–နာမ်သို့တို့ မဟုတ်၊ အကြောင်းအကျိုး ဆက်သွယ်မှုအရ 'ဒေသ' က ပြုလုပ်သော ရုပ်–နာမ် တို့သာ ဖြစ်၏။ ဤသို့ 'ဒေသ' က ရုပ်နာမ်တို့ကို ဖြစ်စေပြန်၏။

ဤနည်းအားဖြင့် ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့၏ ပံ့ပိုးမှုအရ 'ဒေသ' က ရုပ်–နာမ်တို့ကို ဖြစ်စေလိုက်၊ 'ကာလ' က စားပစ်လိုက်။ ဤသို့လျှင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် တစ်ခဏထက် တစ်ခဏ အိုမင်းရင့်ရော်၍ နောက်ဆုံး၌ တစ်ဘဝအတွက် အပြီးသတ် ချုပ်ငြိမ်းသွား ရ၏။ တစ်ဘဝအတွက် အပြီးသတ် ချုပ်ငြိမ်းသွားခြင်းကိုပင် သေခြင်း ဟု ဆို၏။





သေခြင်း နောက်၌ ဘဝသစ်အတွက် ပဋိသန္ဓေနေခြင်း လာပြန်၏။ 'ဒေသ' က အရာဝတ္ထုအနေဖြင့် ဖြစ်၏။ 'ကာလ' က ကြိယာအနေဖြင့် ဖျက်၏။ ဖြစ်လိုက်–ပျက်လိုက်ဖြင့် 'ဒေသ' နှင့် 'ကာလ' တို့သည် အချင်းချင်း စစ်ပြိုင်လျက် ရှိကြ၏။ 'ဒေသ' က ဖြစ်အောင် လုပ်နိုင်သလောက် 'ကာလ' ကလည်း ပျက်အောင် ဖျက်နိုင်၏။ 'ဒေသ' ကို ဩကာသလောက ဟူ၍လည်းကောင်း၊ သတ္တလောက ဟူ၍လည်းကောင်း၊ သင်္ခါရလောက ဟူ၍လည်းကောင်း ဆိုရ၏။ 'ဒေသ' ၏ အာဏာစက် ပြန့်ရာကား (၃၁)ဘုံ ရှိ ထိုထိုသတ္တဝါတို့၏ ဘဝများတည်း။ 'ကာလ' ကလည်း ဒေသ သွားနိုင် သလောက် လိုက်နိုင်၏။

'ဒေသ' က အရာဝတ္ထု၊ 'ကာလ' က ကြိယာ။ အရာဝတ္ထု ရှိလျှင် ကြိယာ ရှိ၏။ အရာဝတ္ထုသည် ပထမ ခဏ၌ ဖြစ်ပြီးနောက် ဒုတိယ ခဏ၌ ဖြစ်သောအခါ ပထမ ခဏ၌ ကာလကြောင့် ပျက်သွားသော ရုပ်နာမ်တို့ အပေါ် အခြေခံရသဖြင့် ပထမ ခဏ၌ဖြစ်သော ရုပ်နာမ်တို့ထက် ပို၍ရင့်၏။ ဤသို့ ရင့်ရင်းရင့်ရင်း နောက်ဆုံး၌ တစ်ဘဝ ဇာတ်သိမ်းရပြန်၏။ ဤသည် ပင် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ ဖြစ်ကြ၏။ ထိုအတွင်း သောက၊ ပရိဒေဝတို့က နှိပ်စက်သေး၏။

## မျက်စိအမြင်နှင့် ဉာဏ်အမြင်

ပဋ္ဌဝဂ္ဂီတို့သည် နောက်ဆုံး၌ 'ကာလ' မလိုက်နိုင်ရာနှင့် 'ဒေသ' မလိုက်နိုင်ရာ သဘောသို့ ရောက်မှသာ တကယ်တမ်း စစ်မှန်သောချမ်းသာနှင့် ငြိမ်းချမ်းမှု ကို ရနိုင်လိမ့်မည်ဟု သိမြင်လာကြ၏။ ကာလ မလိုက်နိုင်ရာ သဘောနှင့် ဒေသ မလိုက်နိုင်ရာ သဘောဟူသည် နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန်ကို ပဋ္ဌဝဂ္ဂီတို့သည် အမဦးဆုံး သောတာပတ္တိမဂ်ဉာဏ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ သိမြင်ခြင်း ဖြစ်၏။ ယောင်ဝါးဝါး သိမြင်ခြင်းမျိုးတော့ မဟုတ်။ နေအလင်းရောင်ဖြင့် အရာဝတ္ထုတစ်ခုကို ကိုယ်တိုင်ကိုယ်ကျ သိမြင်သည်ထက် ပိုမိုကွဲပြားစွာ



www.burmeseclassic.com

www.burmeseclassic.com



မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ရခြင်း ဖြစ်၏။ ထို့ကြောင့် 'အာလောကော ဥဒပါဒိ' ဟု မြတ်စွာဘုရားက ဟောတော်မူခြင်း ဖြစ်၏။ အာလောကော–အလင်းရောင်သည်၊ ဥဒပါဒိ– ထွက်ပေါ်ခဲ့လေပြီ။

ပကတိမျက်စိ အမြင်ကို ပစ္စက္ခမြင်ဟု ဆို၏။ မဂ်ဉာဏ်အမြင်ကို သစ္စိကရဏအမြင်ဟု ဆို၏။ ပစ္စက္ခမြင်ထက် သစ္စိကရဏအမြင်က ပို၍ ထင်ရှား၏။ ပို၍ မှန်ကန်၏။ အလင်းရောင် ပို၍ အားကောင်းသောကြောင့် ဖြစ်၏။

ဘဝနှင့် ပတ်ဝန်းကျင်ဟူ၍ နှစ်မျိုးရှိရာ ယင်းနှစ်မျိုးလုံးပင် ပရမတ္ထအားဖြင့် ရုပ် – နာမ်သာ ဖြစ်၏။ ယင်းရုပ် – နာမ် နှစ်မျိုးကို ခန္ဓာငါးပါးဟူ၍လည်းကောင်း၊ သင်္ခါရတရားများ ဟူ၍လည်းကောင်း ခေါ်၏။ သို့ရာတွင် လောကအမြင်ဖြင့် 'ငါနှင့် ငါ့ဥစ္စာ' ဟူ၍ ခေါ်၏။ ပါဠိဝေါဟာရအားဖြင့် အတ္တနှင့် အတ္တနိယ ဟူ၍ ခေါ်၏။

ရုပ်နှင့်နာမ် နှစ်မျိုးသည် ပရမတ္ထသဘာဝအားဖြင့် ပုဂ္ဂိုလ်လည်း မဟုတ်၊ သတ္တဝါလည်း မဟုတ်။ သို့ရာတွင် အာသဝေါတရားများက ပုဂ္ဂိုလ်အဖြစ်၊ သတ္တဝါအဖြစ် ဖန်ဆင်းထား၏။

အာသဝေါတရားလေးပါး ရှိသည့်အနက် အဝိဇ္ဇာသည် ခေါင်းဆောင် ဖြစ်၏။ အဝိဇ္ဇာက ရုပ် – နာမ်အဖြစ် မမြင်ရလေအောင် အနုနည်း၊ အကြမ်းနည်းများဖြင့် ဖုံးလွှမ်းထား၏။ အနုနည်းတွင် လောဘက ခေါင်းဆောင်၏။ အကြမ်းနည်းတွင် ဒေါသက ခေါင်းဆောင်၏။

အနုနည်းအရ ငါနှင့် ငါ့ဥစ္စာ ဟူ၍လည်းကောင်း၊ အခိုင်အမာ အနှစ်သာရ ရှိသည် ဟူ၍လည်းကောင်း၊ အားလုံး သာယာဖွယ် တပ်မက်ဖွယ် ရှိသည် ဟူ၍လည်းကောင်း ခံယူထားအောင် ဆောင်ရွက်၏။

အကြမ်းနည်းအရ အလိုမပြည့်သဖြင့် မကျေမနပ် ဖြစ်လာအောင်၊ စိတ်ပျံ့လွင့်နေအောင်၊ ပူပင်ရအောင်၊ ငိုက်မျဉ်းနေအောင် စသည်စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ အားထုတ်ထား၏။ ဤသည်မှာ အဝိဇ္ဇာ ဦးဆောင်သော အကုသိုလ်အုပ်စု၏ လုပ်ငန်းတည်း။





ရုပ်နာမ်ခန္ဓာအပေါ် ဖုံးအုပ်ထားသော ထိုထို အဖုံးများကို ခွာ၍ ရုပ်နှင့်နာမ်ကိုသာ မြင်ရလေအောင်၊ ရုပ်နှင့် နာမ်သည်သာ ပရမတ္ထအားဖြင့် ရှိ၍ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု မြင်ပြီး ရုပ်နှင့်နာမ်သည်လည်း အကြောင်းအကျိုး ဖြစ်စဉ်အရ ဖြစ်နေခြင်း၊ ပျက်နေခြင်း ဖြစ်သည်ဟု မြင်ရလေအောင်၊ ကုသိုလ်အုပ်စုက ဝိပဿနာ ဉာဏ်များဖြင့် ရှုနိုင်း၏။

ဝိပဿနာရှုရာ၌ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ရုပ်နာမ်တို့၏ အမြဲတစေ ဖြစ်–ပျက်နေခြင်းကို မြင်အောင် ရှုရ၏။ ထိုသို့ ရှုရာတွင် မိမိတို့၏ သန္တာန်၌ ရှိသော ဝိတက်၊ ဝီရိယ စသော တရားများကို ဗောဓိပက္ခိယအုပ်စုဝင် တရားများ အဖြစ်သို့ရောက်အောင် အားထုတ်ရ၏။ ရှုရ၏။ ယင်းဗောဓိပက္ခိယ အုပ်စုဝင် တရားအဖြစ်သို့ ရောက်သောအခါ ရုပ်နာမ်သင်္ခါရ အပေါ်၌ ဖုံးထားသော၊ အဝိဇ္ဇာ တဏှာ ဦးဆောင်သော ကိလေသာအုပ်စုများကို ဖယ်ရှားပြီး အတွင်းသားဖြစ်သော ရုပ်နာမ်တို့၏ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေသည့် သဘောကို မြင်လာလေ၏။

ရုပ်နာမ်တို့၏ ခဏိက မရဏကို မြင်အောင်ရှုရသည်မှာ လွယ်သည် မဟုတ်။ နိစ္စရဏတရားများ အဖုံးမခံရလေအောင် အမြဲတစေ ဂရုစိုက်ရ၏။ ရှင်မောဂ္ဂလ္လာန် တရားအားထုတ်စဉ်က ထိန မိဒ္ဓ နီဝရဏ ဖုံးနေသဖြင့်၊ သင်္ခါရတို့၏ ခဏိက မရဏကို မမြင်နိုင်သဖြင့် အထက်မဂ်များကို မတက်နိုင်ဘဲ ရှိလေရာ မြတ်စွာဘုရားက တန်ခိုးတော်ဖြင့် လှမ်း၍ သတိပေးရ၏။ ထိုအခါမှ အထိတ်တလန့်ဖြစ်ကာ နီဝရဏကို ခွာပြီး အားထုတ်မှ အထက်မဂ်များကို ရပြီး ရဟန္တာ ဖြစ်သွား၏။

နီဝရဏ အဖုံးသည် အားကောင်း၏။ နီဝရဏကို မခွာနိုင်လျှင် ခဏိကဖြစ်ပျက်ကို မမြင်။ ဒွါရခြောက်ပါးမှ ဝင်ရောက်လာသော အာရုံ အသွမျှကို သမ္မာသင်္ကပ္ပက ဟိုဘက်၊ ဒီဘက်လှည့်၍ သမ္မာဒိဋ္ဌိအား ပြရ၏။ သမ္မာဝါယာမက ဝင်လာသောအာရုံ၏ ဖြစ် – ပျက်ကို တိတိကျကျ မြင်အောင်၊ သိအောင် ပြုရ၏။ သမ္မာကမ္မန္တက သင်္ခါရတရားတို့၏ ခဏိက ဖြစ်–



www.burmeseclassic.com

www.burmeseclassic.com



ပျက်ကို ရှုရာ၌ ပြီးပြည့်စုံမှု ဉာဏ်အဆင့်သို့ ရောက်လာအောင်၊ လောကီမဂ္ဂင်တရားများ အချင်းချင်း စေ့စပ်ပြီး ဗောဓိပက္ခိယသဘော ပေါ်လာအောင် ဆောင်ရွက်၏။ ဝပ္ပနှင့် ပတ်သက်၍ သောတာပတ္တိမဂ် ရအောင် ဆောင်ရွက်ရာ၌ ဖော်ပြပါအတိုင်း မဂ္ဂင်လေးပါး အထိကို ဖော်ပြပြီး ဖြစ်၏။ ယခု သမ္မာအာဇီဝ မဂ္ဂင်ကို ဖော်ပြရန် ဖြစ်၏။ သမ္မာအာဇီဝ ဟူသည် အဘယ်နည်း။

သမ္မာအာဇီဝ၏ အနက်မှာ ကောင်းမွန်မြင့်မြတ်သော အသက်မွေးမှု ဖြစ်၏။ ဒုစရိုက်မှုမျိုး ဟူသမျှနှင့် လုံးဝ မပတ်သက်သော အသက်မွေးမှု ဖြစ်သဖြင့် သိက္ခာသုံးပါးတွင် သီလသိက္ခာအုပ်စု၌ ပါဝင်၏။ သီလသိက္ခာနှင့် ပြည့်စုံသောအခါ ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် အလွန်ယဉ်ကျေး၏။ သိမ်မွေ့၏။ မြင်ရသူတိုင်း၏ စိတ်နှလုံးကို ကြည်သာရွှင်ပျစေ၏။ ဝပ္ပသည် မဟာသာဝကဖြစ်ရေးအတွက် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီများကို ဖြည့်ရာတွင် သီလသိက္ခာအတွက် (၁) ဒါန (၂) သီလ (၃) ခန္တီ (၄) သစ္စာ ဟူသော ပါရမီလေးပါးကို တင်းပြည့်ကျပ်ပြည့် ဖြည့်ခဲ့ပြီး ဖြစ်၏။ ယင်း ပါရမီလေးပါးသည် သီလနှင့် ဆိုင်၏။

ဝပ္ပသည် မြတ်စွာဘုရား သွန်သင်ချက်အရ ဝိပဿနာရှုရာတွင် ပထမဦးဆုံး မိမိ၏မနောအကြည်၌ ထင်လာသော အာရုံများကို ရုပ်နှင့်နာမ် ကွဲအောင် ရှုရ၏။ ထိုအခါ နာမရူပပရိစ္ဆေဒဉာဏ်ကို ရ၏။ ထို့နောက် ရုပ်နာမ်တို့၏ ကြောင်း-ကျိုး ဖြစ်စဉ်အရ ဖြစ်မှုသဘောကို မြင်လာအောင် ရှု၏။ ထိုအခါ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရ၏။ ထိုဉာဏ်နှစ်ပါးကို ရလျှင်ပင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါး အကြမ်းဖျင်း ကွာ၏။

ဝပ္ပသည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အကြမ်းဖျင်း ကွာပြီးနောက် မိမိ၏ မနောအကြည်၌ ဒွါရကိုးပါးမှ ထင်လာသော အာရုံဟူသမျှတို့၏ ဖြစ်-ပျက်ကို ပုဗ္ဗဘာဂမဂ္ဂင် ငါးပါးဖြင့် ဆက်၍ရှု၏။ ပုဗ္ဗဘာဂမဂ္ဂင် ဟူသည် လောကီ ဝိပဿနာမဂ္ဂင်များ ဖြစ်သော (၁) သမ္မာဒိဋ္ဌိ (၂) သမ္မာသင်္ကပ္ပ





(၃) သမ္မာဝါယာမ (၄) သမ္မာသတိ (၅) သမ္မာသမာဓိ တို့ ဖြစ်ကြ၏။ ယင်း မဂ္ဂင်ငါးပါးကို ဗောဓိပက္ခိယ၌ လာသည့်အတိုင်း ကြိမ်ဖန်များစွာ ပွားရ၏။

မဂ္ဂင်တရားများသည်လည်း ဗောဓိပက္ခိယ တရားများထဲ၌ ပါဝင်သည်ပင် ဖြစ်၏။ သို့ရာတွင် ဗောဓိပက္ခိယတရားများ အတွင်း၌ ပါဝင်သော သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စသည် ဆိုင်ရာဆိုင်ရာ တရားများ၏ ပြည့်စုံသင့်သော အခြေအနေသို့ မရောက်မချင်း သီလအုပ်စု၌ ပါဝင်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော မဂ္ဂင်သုံးပါးတို့သည် ပါဝင်လာလိမ့်ဦးမည် မဟုတ်။ ယင်းသုံးပါးတို့ ပါဝင်လာမှသာ လောကီမဂ္ဂင် အဖြစ်မှ လောကုတ္တရာမဂ္ဂင် အဖြစ်သို့ ရောက်၍ ဝပ္ပသည် နိဗ္ဗာန်ကို မျက်မှောက်ပြုကာ သောတာပတ္တိမဂ်ကို ရပေလိမ့်မည်။

မဂ်ဉာဏ်ရရေးအတွက် အာဟာရသည် များစွာ အရေးကြီး၏။ စရဏ၌ ထည့်သွင်းဖွင့်ဆိုရသည်အထိ အရေးကြီး၏။ မနောအကြည်သည် ဟဒယ ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ရသဖြင့် မှီရာ ဟဒယဝတ္ထုရုပ် သန့်ရှင်းကြည်လင်ဖို့ လို၏။ တစ်ဖန် အာဟာရက ဟဒယဝတ္ထုရုပ်ကို ထောက်ပံ့ပြန်ရာ အာဟာရကလည်း စင်ကြယ်သန့်ရှင်းဖို့ လိုပြန်၏။ ထောက်ပံ့သော အာဟာရသည် စင်ကြယ်သန့်ရှင်းမှသာ အထောက်အပံ့ခံ ဟဒယဝတ္ထုရုပ်သည် သန့်ရှင်းကြည်လင်မည် ဖြစ်၏။ ဟဒယဝတ္ထုရုပ် သန့်ရှင်းကြည်လင်မှသာ ယင်းအပေါ် မှီခိုနေသော မနောအကြည်သည် သန့်ရှင်းစင်ကြယ်မည် ဖြစ်၏။

## သမ္မာအာဇီဝ သတ္တိထူး

ထိုကြည်လင်သော မှန်ပြင်၌ ကြည်လင်ပြတ်သားသော အရိပ်ရုပ်ပုံများ ထင်နိုင်သကဲ့သို့ ဟဒယဝတ္ထုရုပ် သန့်ရှင်းပါက ကြည်လင်သော မနောဒွါရ၌ သာ ပြတ်သားသော အာရုံများသည် ဖြစ်-ပျက် အနေဖြင့် ကြည်လင်ပြတ်သားစွာ ထင်ပေလိမ့်မည်။ ထိုအခါမှသာ အနိစ္စသဘော၊ ဒုက္ခသဘော၊



www.burmeseclassic.com

www.burmeseclassic.com



အနတ္တသဘောတို့ ခဏတိုင်း ခဏတိုင်း ပီပြင်စွာ ပေါ်ပြီး နိဗ္ဗိဒါဉာဏ်၊ ထို့နောက် မဂ်ဉာဏ်တို့ အဆင့်ဆင့် ဖြစ်ပေါ်နိုင်ပေလိမ့်မည်။

ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူထားသော ဉာဏ်စဉ်များမှာ (၁) ယထာဘူတဉာဏ် (၂) နိဗ္ဗိဒါဉာဏ် (၃) ဝိရာဂဉာဏ်၊ ပေါင်း – ဉာဏ်သုံးပါးဖြစ်၏။ သို့ရာတွင် ဉာဏ်သုံးပါး၌ ဆိုင်ရာ ဝိပဿနာဉာဏ်များအားလုံးနှင့် မဂ်ဉာဏ်တို့ ပါဝင်ကြ၏။ ထိုဉာဏ်သုံးပါးတွင် ယထာဘူတဉာဏ်အရ သင်္ခါရတရားတို့၏ ဖြစ် – ပျက်ကို ပီပီပြင်ပြင် မြင်နိုင်သော ဉာဏ်အထိ တကယ်အကြည် ဖြစ်ဖို့ လို၏။ တကယ်အကြည် ဖြစ်ရန်မှာလည်း ဟဒယဝတ္ထုရုပ် သန့်ရှင်းဖို့ လို၏။ ဟဒယဝတ္ထုရုပ် သန့်ရှင်းရန်မှာလည်း ယင်းကို အထောက်အပံ့ပြုသော အာဟာရရုပ်က သန့်ရှင်းဖို့ လိုပြန်၏။ အာဟာရရုပ် သန့်ရှင်းရေးသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့နှင့် လုံးဝ မပတ်သက်ဘဲ တကယ်တမ်း သန့်ရှင်းစင်ကြယ်သော ဓမ္မိယလဒ္ဓ သောဇဉ် အပေါ်၌ တည်ပြန်၏။

ထိုသောဇဉ်မျိုးမှ ဖြစ်သော အာဟာရသည်သာ မနောအကြည်၏ မှီရာ ဟဒယဝတ္ထုရုပ်ကို သန့်ရှင်းအောင် လုပ်နိုင်၏။ အမှန်အားဖြင့် ဟဒယဝတ္ထုရုပ်သည် ကံကြောင့်ဖြစ်သော်လည်း အာဟာရရုပ်၏ အထောက်အပံ့ကို ယူရသေးသဖြင့် အာဟာရရုပ် သန့်ရှင်းစင်ကြယ်ဖို့ လိုခြင်း ဖြစ်၏။

ဟဒယဝတ္ထုရုပ် သန့်ရှင်းသည်နှင့် အမျှ မနောအကြည်လည်း သန့်ရှင်းရမည် ဖြစ်၏။ ထိုအခါ ဆိုင်ရာဆိုင်ရာ ဒွါရတို့မှ ဝင်ရောက်၍ မနောအကြည်၌ ထင်လာသော သင်္ခါရတရားများ၏ ဖြစ် – ပျက်ကို ပကတိမျက်စိဖြင့် မြင်ရသလို ပီပီပြင်ပြင် မြင်ရမည် ဖြစ်၏။ ထိုအခါမှ သင်္ခါရတို့၌ တကယ်ငြီးငွေ့သော နိဗ္ဗိဒါဉာဏ် ဖြစ်မည် ဖြစ်၏။ သင်္ခါရတို့၏ တကယ်ငြီးငွေ့သော နိဗ္ဗိဒါဉာဏ် ဖြစ်မှသာ သင်္ခါရတို့ကို လုံးဝ မလိုချင်သော ဝိရာဂဉာဏ် ဖြစ်၏။ ဝိရာဂဉာဏ်သည် လောကုတ္တရာမဂ်ဉာဏ် ဖြစ်၏။

သို့ဖြစ်၍ ဝိပဿနာ မဂ္ဂင်ငါးပါးမှ ဗောဓိပက္ခိယဆိုက်၍





လောကုတ္တရာ မဂ္ဂင်ရှစ်ပါး အဆင့်သို့ ရောက်ရန် အားထုတ်ရာ၌ သမ္မာအာဇီဝ၏ အခန်းသည် များစွာ အရေးပါ၏။ သမ္မာအာဇီဝဖြင့် ရအပ်သော အာဟာရများ မဟုတ်ဘဲ မိစ္ဆာအာဇီဝဖြင့် ရအပ်သော အာဟာရများကို မှီဝဲနေသမျှ ကာလပတ်လုံး ဟဒယဝတ္ထုရုပ်သည် စင်ကြယ်လိမ့်မည် မဟုတ်။ ဟဒယဝတ္ထုရုပ် မစင်ကြယ်သည်နှင့် အမျှ ယင်းအပေါ်၌ မှီသော မနောအကြည်သည်လည်း စင်ကြယ်လိမ့်မည် မဟုတ်။ မနောအကြည် မစင်ကြယ်လျှင် ယင်း၌ ထင်လာသော အာရုံများကို မှန်မှန်ကန်ကန် မည်သို့ သိနိုင်ပေလိမ့်မည်နည်း။

ဤလူ့လောက၌ လူတို့သည် အသက်မွေးမြူရေးအတွက် အလုပ်ကို လုပ်ကြ၏။ ဒုစရိုက်မှုလုပ်ငန်းများဖြင့် အသက်မွေးမြူပါက မိစ္ဆာအာဇီဝဟု ဆိုရ၏။ သုစရိုက်မှုလုပ်ငန်းများဖြင့် အသက်မွေးမြူပါက သမ္မာအာဇီဝဟု ဆိုရ၏။ မိစ္ဆာအာဇီဝဟူသည် အဓမ္မိယလဒ္ဓ ပစ္စည်းများအပေါ် မှီခိုခြင်း ဖြစ်၏။ သမ္မာအာဇီဝဟူသည် ဓမ္မိယလဒ္ဓ ပစ္စည်းများအပေါ် မှီခိုခြင်း ဖြစ်၏။ အဓမ္မိယလဒ္ဓ ပစ္စည်းများသည် ဒြပ်ရှိဖြစ်စေ၊ ဒြပ်မဲ့ဖြစ်စေ 'ခိုက်' တတ်၏။ ဓမ္မိယလဒ္ဓ ပစ္စည်းများသည် ဒြပ်ရှိဖြစ်စေ၊ ဒြပ်မဲ့ဖြစ်စေ မဂ်ဖိုလ်နိဗ္ဗာန် 'ဆိုက်' ရောက်စေတတ်၏။

ဤလောက၌ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ ရုပ်လည်း ရုပ်အလျောက်၊ နာမ်လည်း နာမ်အလျောက် စွမ်းအင်များ ရှိကြလေရာ မဂ်ဖိုလ်နိဗ္ဗာန် ဆိုက်ရေးအတွက် ဓမ္မိယလဒ္ဓ ပစ္စည်းများအပေါ် မှီခို၍ ဒုစရိုက်မှုလုပ်ငန်းများ ...င်းရှင်းပြီး သုစရိုက်မှုလုပ်ငန်းများဖြင့်သာ အသက်မွေးမြူသော သမ္မာအာဇီဝမဂ္ဂင် အစစ်အမှန် ဖြစ်ပေါ်စေရန် ဝပ္ပသည် မြတ်စွာဘုရား၏ သွန်သင် ...၌ အတိုင်း ကျင့်ကြံလျက် ရှိပါ၏။

## ပဉ္စဝဂ္ဂီတို့၏ ရည်ရွယ်ချက်

...ခဲ့သော အချိန်က ပဉ္စဝဂ္ဂီတို့သည် ကိုးကွယ်ရာမဲ့ ဖြစ်ခဲ့ကြ၏။ သိဒ္ဓတ္ထ ...င်းသားကို ဘုရားဖြစ်လိမ့်မည်ဟု ယုံကြည်ကာ ပဉ္စဝဂ္ဂီတို့သည် ဥရုဝေ...



www.burmeseclassic.com

www.burmeseclassic.com



တော၌ ဘုရားဖြစ်ရန် ကျင့်ကြံအားထုတ်တော်မူနေသော သိဒ္ဓတ္ထမင်းသားထံ သွားရောက်၍ ဝေယျာဝစ္စများကို ပြုစုကြ၏။ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်မူသောအခါ မအိုရာ၊ မနာရာ၊ မသေရာဖြစ်သော အမြိုက်နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း အကျင့်မြတ်ကို နာယူပြီး ကျင့်ကြံအားထုတ်၍ သူတို့ကိုယ်တိုင် 'သန္တိသုခ' ကို မျက်မှောက်ပြုရန် ရည်ရွယ်ထားကြ၏။

ထိုသို့ ရည်ရွယ်ထားသော်လည်း ယခုမှ သိဒ္ဓတ္ထမင်းသားသည် ပဥ္စဝဂ္ဂီတို့၏ အမြင်အရ ဘုရားဖြစ်လာရန် မမျှော်လင့်နိုင်တော့။ သိဒ္ဓတ္ထမင်းသားသည် 'တပ' အကျင့်မှ သွေဖည်၍ သေနာနိဂုံးသို့ ဆွမ်းခံကြွပြီး ဆွမ်းဘုဉ်းပေးတော်မူခြင်းအားဖြင့် ဘုန်းကံကြီးမားရေး လမ်းကြောင်းသို့ ပြောင်းသွားလေပြီ။ ပဥ္စဝဂ္ဂီတို့၏ မျှော်လင့်ချက် တောင်ကြီးသည် ပြိုလဲသွားလေပြီ။ ယခုတော့ သူတို့အတွက် ကိုးကွယ်ရာမဲ့ ဖြစ်ရလေပြီ။

ပဥ္စဝဂ္ဂီတို့တွင် ကောဏ္ဍညသည် ခေါင်းဆောင်ဖြစ်၏။ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူစဉ်ကပင် 'ဘုရားစင်စစ် ဧကန်ဖြစ်မည်' ဟု ကောဏ္ဍညက ရဲဝံ့စွာ ဟောကြားခဲ့၏။ ကောဏ္ဍညသည် သူ့ကိုယ်သူ အကြွင်းမဲ့ ယုံကြည်သူ ဖြစ်၏။ သူ၏ နက္ခတ္တဗေဒဆိုင်ရာ ဟောပြောချက်များသည် မှားသည်ဟူ၍ မရှိခဲ့။ ထို့ကြောင့် ကောဏ္ဍညသည် ကြိုတင်၍ ရဟန်းပြုပြီး သိဒ္ဓတ္ထမင်းသား တောထွက်ကာ ရဟန်းပြုသည့် သတင်းကို စောင့်၍ နားထောင်နေ၏။

ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့ကမူ ကောဏ္ဍညကို ယုံကြည်ကြ၏။ ထိုခေတ်တွင် အတော်ဆုံးသော ဗြာဟ္မဏပညာရှင်သည် ကောဏ္ဍညမှတစ်ပါး အခြားသူ မဖြစ်နိုင်ဟု သူတို့က ယုံကြည်ကြ၏။ ထို့ကြောင့် သူတို့လေးယောက်သည်လည်း ကောဏ္ဍညနှင့်အတူ ကြိုတင်၍ ရဟန်းပြုပြီး သိဒ္ဓတ္ထမင်းသား တောထွက်ကာ ရဟန်းပြုသည့် သတင်းကိုသာ စောင့်ဆိုင်း၍ နားထောင်ကြ၏။

ထိုခေတ်တွင် ပညာရှင်တိုင်းသည် မအိုရာ၊ မနာရာ၊ မသေရာ





ဖြစ်သော အမြိုက်နိဗ္ဗာန် ရှိကြောင်းကိုမူ ယုံကြည်၏။ သို့ရာတွင် ထိုအမြိုက်နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်းကိုတော့ မသိ။ ရောက်ရာရောက်ကြောင်း အကျင့်မြတ်ကို 'ဆရာ' မရှိဘဲ သိနိုင်သူ ဟူ၍ ဘုရားနှင့် ပစ္စေကဗုဒ္ဓ နှစ်ဦးသာ ရှိ၏။

သို့ဖြစ်၍ ပဥ္စဝဂ္ဂီတို့သည် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည့် ကာလကို စောင့်မျှော်နေခြင်း ဖြစ်၏။ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်မူသော အခါမှသာ ဘုရားရှင်ထံမှ အမြိုက်နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း အကျင့်ကောင်းများကို နာယူကြပြီး ထိုအကျင့်မြတ်အတိုင်း လိုက်နာကျင့်သုံး၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ဤသည်မှာ ပဥ္စဝဂ္ဂီတို့၏ ရည်ရွယ်ချက် ဖြစ်၏။

ထိုရည်ရွယ်ချက်အတိုင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မူ၍ ဥရုဝေလတော၌ သဗ္ဗညုတဉာဏ်တော်အရှင် ဘုရားသခင်ဖြစ်သို့ ရောက်နိုင်ရန် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူနေကြောင်း ကြားသိရသောအခါ ပဥ္စဝဂ္ဂီတို့သည် ဥရုဝေလတောသို့ လိုက်သွားကြပြီး အလောင်းတော် သိဒ္ဓတ္ထမင်းသားအတွက် ဝေယျာဝစ္စများကို လိုအပ်သလို ဆောင်ရွက်ကြ၏။ သို့သော အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်ကို မြန်မြန်ရ၍ ဘုရားမြန်မြန်ဖြစ်ပေလိမ့်မည်။ ပဥ္စဝဂ္ဂီတို့သည် အမြိုက်နိဗ္ဗာန်ရရှိရေးအတွက် အလောင်းတော် သိဒ္ဓတ္ထမင်းသား အပေါ်၌ အလွန်ပင် အားကိုးကြပါ၏။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်နိုင်ရေးအတွက် 'တပ'အကျင့်ကို အထွတ်အထိပ်သို့ ရောက်အောင် ကျင့်ပါသော်လည်း ဘုရားမဖြစ်ခဲ့။ ထိုအခါ သူ၏အကျင့်သည် မှားယွင်းသော အကျင့်ဖြစ်ကြောင်း ဆုံးဖြတ်ကာ 'မဇ္ဈိမပဋိပဒါ' အကျင့်မြတ်ကို ကျင့်နိုင်ရန် ဆုံးဖြတ်လိုက်၏။ 'မဇ္ဈိမပဋိပဒါ' အကျင့်မြတ်ကို ကျင့်နိုင်ရေးအတွက် သေနာနိဂုံးသို့ ဆွမ်းခံဝင်ခြင်း ဖြစ်၏။ မျှတသော ဆာဖဥ်ကို မှီဝဲပါမှ 'မဇ္ဈိမပဋိပဒါ' အကျင့်ကို ကျင့်နိုင်မည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'မဇ္ဈိမပဋိပဒါ' အကျင့်ကို ကျင့်ရာတွင် ရှေးဦးစွာ မိမိသန္တာန်၌ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၊ နှစ်သက်မှု 'ပီတိ'၊ ငြိမ်းအေးမှု 'ပဿဒ္ဓိ'၊ ချမ်းသာမှု 'သုခ'၊ တည်ကြည်မှု 'သမာဓိ' တို့ ရှိထားဖို့ လို၏။ ထို့နောက်မှ အဖြစ်ကို အဖြစ်အတိုင်း သိမှု 'ယထာဘူတဉာဏ်'၊ ငြီးငွေ့မှု 'နိဗ္ဗိန္ဒဉာဏ်'၊ တပ်မက်ခြင်း ကင်းမှု 'ဝိရာဂ'၊ ဆင်းရဲမှ လွတ်မြောက်မှု 'ဝိမုတ္တိ'၊ လွတ်မြောက်မှုကို သိမှု 'ဝိမုတ္တိဉာဏဒဿန' တို့ အစဉ်အတိုင်း ဖြစ်လာပေလိမ့်မည်။

ဤနေရာ၌ 'ဝိရာဂ' ဟူသည် မဂ်ဉာဏ်ဖြစ်၏။ 'ဝိမုတ္တိ' ဟူသည် ဖိုလ်ဉာဏ်ဖြစ်၏။ 'ဝိမုတ္တိဉာဏဒဿန' ဟူသည် ပစ္စဝေက္ခဏာဉာဏ် ဖြစ်၏။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ရှေးရိုး 'တပ' အကျင့်ကို စွန့်လိုက်သည်နှင့် တစ်ပြိုင်နက် 'တရားဘာဝနာ' ကို စွန့်လိုက်ပြီဟု ပဉ္စဝဂ္ဂီတို့က မှတ်ယူကြ၏။ 'တရားဘာဝနာ' အလုပ်ကို စွန့်လိုက်ပါက အဘယ်သို့လျှင် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် အဖြစ်သို့ ရောက်နိုင်တော့မည်နည်း။

သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူစဉ်ကပင် မုချဧကန် 'ဘုရား ဖြစ်ရမည်' ဟု ဟောတော်မူခဲ့သော ကောဏ္ဍညသည် မိမိ၏ နက္ခတ္တဗေဒဆိုင်ရာ ဟောကြားချက်များ မှားခဲ့လေပြီဟု ယူဆလေတော့၏။ ကောဏ္ဍညအပေါ် ယုံကြည်ချက်ဖြင့် ရဟန်းပြုခဲ့ကြသော ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့ကား အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။ ကောဏ္ဍည၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာရုံသာ ရှိတော့၏။

ပုထုဇဉ်များသည် မည်မျှပင် ပညာရှိကြစေကာမူ ခိုင်မာသော ယုံကြည်ချက် မရှိကြ။ ယိမ်းယိုင်တတ်ကြ၏၊ တွေဝေတတ်ကြ၏။ ထို့ကြောင့် ပဉ္စဝဂ္ဂီတို့သည် အလောင်းတော် သိဒ္ဓတ္ထမင်းသားကို စွန့်ခွာကာ ဥရုဝေလတောမှ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ သွားကြလေ၏။

ပဉ္စဝဂ္ဂီတို့သည် မိဂဒါဝုန်တော၌ သူတို့၏ ရှေးရိုး 'တပ' ကို ကျင့်





တော်မူကြစဉ် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဥရုဝေလတော၌ 'အာနာပါနသမာဓိ' ကို အခြေခံသော မဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို တွေ့တော်မူ၏။

ထို့နောက် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူကာ 'အပရာဇိတပလ္လင်' ထက်၌ ပဋိစ္စသမုပ္ပါဒ်လာ ရုပ်နာမ် ခန္ဓာတရားများကို ဝိပဿနာ ရှုတော်မူလေရာ မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့ မိုးသောက်ယံ၌ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူ၏။ ကောဏ္ဍည နိမိတ်ဖတ်ခဲ့သည့်အတိုင်း အလောင်းတော် မင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူသည်ကို ကောဏ္ဍည မသိ။ သူ ဖတ်ခဲ့သောနိမိတ် မှန်ကန်သည်ကိုလည်း သူ မသိသေး။

အမြိုက်ချမ်းသာ

မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့၌ ပဉ္စဝဂ္ဂီတို့အား တရားဟောတော်မူရန် ဗောဓိမဏ္ဍိုင်မှ မိဂဒါဝုန်သို့ ကြွတော်မူ၏။ မိဂဒါဝုန်သို့ ရောက်တော်မူသောအခါ 'နေ'က အဝင်၊ 'လ'က အထွက်၊ ထိုအချိန်၌ ပဉ္စဝဂ္ဂီတို့အား မြတ်စွာဘုရားသည် 'ဓမ္မစက္က ပဝတ္တန' သုတ်တော်ကို ဟောတော်မူ၏။

ထိုအခါ ကောဏ္ဍညသည် ပဌမဆင့် အနေဖြင့် သောတာပတ္တိမဂ်ကို ရတော်မူ၍ သောတာပန် ဖြစ်တော်မူ၏။ ကောဏ္ဍညသည် မြတ်စွာဘုရားသာသနာတော်၌ ပဌမဦးဆုံးဖြစ်သော ရဟန်းတော်တည်း။ သူ၏ ရဟန်းဘဝသည်လည်း 'ဧဟိဘိက္ခု' ဟူ၍ မြတ်စွာဘုရားက နှုတ်တော်မြွက်လိုက်သည်နှင့် တစ်ပြိုင်နက် ရဟန်းဖြစ်လာခြင်းတည်း။

ထိုတရားပွဲတွင် ပဉ္စဝဂ္ဂီငါးပါးအနက် ကောဏ္ဍည တစ်ပါးတည်းသာ သစ္စာလေးပါးကို သိတော်မူ၍ ရဟန်းဖြစ်တော်မူ၏။ အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားတော်မူစဉ်က သူ၏ နက္ခတ္တဗေဒဆိုင်ရာ ဟောပြောချက်များသည် မမှားကြောင်း သူ သိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့လည်း ကောဏ္ဍညအပေါ် ထားခဲ့သော ယုံကြည်ချက်အတိုင်း မှန်ကန်ကြောင်း သိကြလေပြီ။ ထိုအခါ တစ်ခုသော အချိန်က မိမိတို့အနေဖြင့် 'အားကိုးရာ မဲ့ပြီ' ဟု ယူဆထားသော ပဉ္စဝဂ္ဂီတို့သည် ယခုအခါ မိမိတို့အတွက် အားကိုးရာကို တွေ့ပြီဟု ယုံကြည်ကြ၏။ မိမိတို့အတွက် အားကိုးရာသာမက လောကသုံးပါးလုံးအတွက်ပါ အားကိုးရာ ဖြစ်၏ဟု သူတို့ နားလည်၏။ ထိုအားကိုးရာကား ဂေါတမ မြတ်စွာဘုရားပင် ဖြစ်၏။

အမြိုက်ချမ်းသာကို မရှာဖွေတတ်သဖြင့် 'သံသရာချမ်းသာ' ၌ အဟုတ်ကြီး ထင်နေကြသော ဝေနေယျ သတ္တဝါတို့အတွက် အမြိုက်ချမ်းသာ ရှာဖွေနည်းကို မြတ်စွာဘုရားက ထုတ်ဖော်ပြသလိုက်လေပြီ။ သံသရာချမ်းသာသည် ဇာတိ၊ ဇရာ၊ မရဏ အတွင်း၌သာ ရှိ၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ဖြင့် လွှမ်းခြုံထား၏။ ထို့ကြောင့် အမြိုက်ချမ်းသာဟူသည် ဇာတိ၊ ဇရာ၊ မရဏတို့၏ အပြင်ဘက်၌ ရှိ၏။ အမြိုက်ချမ်းသာ၌ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ ဟူ၍ လုံးဝ မရှိချေ။ ထို့ကြောင့် ငြိမ်းအေးမှုချမ်းသာ 'သန္တိသုခ' ဟူ၍ ကျမ်းဂန်များ၌ ဖော်ပြထား၏။

ထိုချမ်းသာကို ကောဏ္ဍညသည် ကိုယ်တိုင် မျက်မှောက်ပြုနိုင်လေပြီ။ ဝပ္ပကား ကိုယ်တိုင် မျက်မှောက်မပြုနိုင်သေး။ သို့ဖြစ်၍ ဝပ္ပ အနေဖြင့် ကိုယ်တိုင် မျက်မှောက်ပြုနိုင်ရန် မြတ်စွာဘုရားက ဝပ္ပ တစ်ပါးတည်းကို ဖိဖိစီးစီး ကြပ်ကြပ်မတ်မတ် ညွှန်ကြားပြသနေခြင်း ဖြစ်၏။ လောကအပေါ် ထားရှိသော မြတ်စွာဘုရား၏ 'မဟာကရုဏာတော်' သည် အံ့သြဖွယ် ရှိလှပါ၏။ ထိုကရုဏာမျိုး ထားနိုင်ရန် လွယ်ကူသည်တော့ မဟုတ်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး လေ့ကျင့်ယူခဲ့ရသည့် လောကအပေါ် ထားနိုင်သော မဟာကရုဏာမျိုး ဖြစ်၏။ ထိုကရုဏာမျိုးကား ပါရမီရှင်တို့မှသာ ထားနိုင်သော ကရုဏာမျိုး ဖြစ်၏။ ပါရမီရှင်





မဟုတ်သော သူတို့၏ 'ကြင်နာပါတယ်' ဆိုရုံမျှနှင့် ရနိုင်ကောင်းသော ကရုဏာမျိုးလည်း မဟုတ်။

မြတ်စွာဘုရားထံမှ 'ဝိပဿနာ ဘာဝနာ' ဖြင့် ရှုမှတ်ပွားများနည်းကို မရမီက ဆိုလျှင် ဝပ္ပသည် ဝိပဿနာ၏ အာရုံတရားများကိုလည်း မသိ။ ပညတ်နှင့် ပရမတ်ကိုလည်း မသိ။ ဥပါဒါနက္ခန္ဓာကိုလည်း မသိ။

သူသည် ရိုးရာကျင့်စဉ် တပကိုသာ သိ၏။ တပကိုသာ ကျင့်၏။ မြတ်စွာဘုရားထံမှ 'ဥပါဒါနက္ခန္ဓာတို့၏ ခဏတိုင်း ခဏတိုင်း အမြဲတစေ ဖြစ်နေ၊ ပျက်နေသည့် သဘောကို မြင်အောင် ရှုရမည်' ဟု နည်းညွှန်တော် ရလိုက်သော အခါမှသာ ဝပ္ပသည် အမြိုက်ချမ်းသာသို့ ရောက်ရာရောက်ကြောင်း မဇ္ဈိမပဋိပဒါ အကျင့်ကောင်းကို သိ၏။ ဝိပဿနာကို သိ၏။ ဝိပဿနာ၏ အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာကို သိ၏။ ထိုဥပါဒါနက္ခန္ဓာတို့ကို ရှုမှတ်ပွားများရသော ဝိပဿနာ မဂ္ဂင်ကို သိ၏။

အမှန်အားဖြင့် ဝိပဿနာမဂ္ဂင်ကို ကြိမ်ဖန်များစွာ ပွားများရ၏။ ဘယ်အချိန်၊ ဘယ်ကာလထိ ပွားများရမည်နည်းဟု မေးလျှင် ဥပါဒါနက္ခန္ဓာတို့၏ ဖြစ်–ပျက်ကို 'ယထာဘူတ' ကျကျ သိအောင် အားထုတ်ရ၏။ ထို့နောက် ယင်းဖြစ်ပျက်၌ ငြီးငွေ့လာအောင် အားထုတ်ရ၏။ ငြီးငွေ့သော ဉာဏ်ကို 'နိဗ္ဗိန္ဒ' ဉာဏ်ဟု ခေါ်၏။

ငြီးငွေ့သောဉာဏ် ကုန်ဆုံး၍ ဖြစ်–ပျက် မမြင်တော့ဘဲ ယင်း၏ နေရာ၌ မဖြစ်–မပျက်သော နိဗ္ဗာန်ကို မြင်သော လောကုတ္တရာ 'မဂ်' ဉာဏ် ပေါ်လာသည်အထိ ရှုမှတ်ရ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှ ဝိပဿနာ၏ လုပ်ငန်းသည် ပြီးဆုံး၏။ ထိုအချိန် ထိုကာလအထိ ဝိပဿနာကို ရှုမှတ်ရ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါမှ ဝိပဿနာ၏ လုပ်ငန်းသည် ပြီးဆုံး၏။ ထိုအချိန် ထိုကာလအထိ ဝိပဿနာကို ရှုမှတ်ပွားများရမည် ဖြစ်၏။ မဂ်ဉာဏ်ကိုကား ပွားများ၍ မရ၊ တစ်ကြိမ်သာ ဖြစ်၏။ တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်သော်လည်း လိုအပ်သောကိစ္စ ပြီး၏။ ဝိပဿနာ ဉာဏ်များကိုသာ မဂ်ဉာဏ်ပေါ်သည်အထိ ပွားများရ၏။

သို့ဖြစ်လျှင် ဝိပဿနာ ရှုမှတ်ရမည့် ဥပါဒါနက္ခန္ဓာဟူသည် အဘယ်နည်း။ လူသည် မျက်စိနှစ်လုံး ဖွင့်သည့် အချိန်မှစ၍ အဆင်း ‘ရူပါရုံ’၊ အကြည်ဓာတ် ‘စက္ခုပသာဒ’ တို့ အချင်းချင်း ထိတွေ့လိုက်ရာမှ ‘မြင်စိတ်’ သည် ဖြစ်ပေါ်လာ၏။ ‘မြင်စိတ်’ ဖြစ်ရာတွင် ဆိုင်ရာ ဖဿ၊ ဝေဒနာ စသော စေတသိက် တရားများသည်လည်း ယှဉ်ဖော်ယှဉ်ဖက် အနေဖြင့် ပါလာ၏။ ထို့ကြောင့် ‘မြင်စိတ်’ ဖြစ်သည်နှင့် တစ်ပြိုင်နက် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိဉာဏ် ဟူသော ခန္ဓာငါးပါးလုံး ဖြစ်သည် မည်၏။

သို့ရာတွင် သတိပဋ္ဌာန်အတွင်းသို့ ခန္ဓာငါးပါးလုံးကို သွင်းလိုက်သောအခါ ရူပက္ခန္ဓာက ‘ကာယာနုပဿနာ’ ဖြစ်၏။ ဝေဒနာက္ခန္ဓာက ‘ဝေဒနာနုပဿနာ’ ဖြစ်၏။ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့က ‘ဓမ္မာနုပဿနာ’ ဖြစ်၏။ ဝိညာဏက္ခန္ဓာက ‘စိတ္တာနုပဿနာ’ ဖြစ်၏။

အမှန်အားဖြင့် ခန္ဓာငါးပါးလုံးကို ဥပါဒါန်တရားတို့က သိမ်းပိုက်ထားသောကြောင့် ဥပါဒါနက္ခန္ဓာဟူ၍ ဆိုရ၏။ ထိုဥပါဒါနက္ခန္ဓာတို့သည် ခဏတိုင်း ခဏတိုင်း အမြဲတစေ ဖြစ်နေကြ၏။ ပျက်လည်း ပျက်နေကြ၏။ ထိုဥပါဒါနက္ခန္ဓာတို့ကို သတိပဋ္ဌာန် အတွင်းသို့ သွင်း၍ ပေါ်ရာ ပေါ်ရာ တရားတို့၏ ဖြစ် – ပျက်ကို မြင်အောင် ရှုမှတ်ရာတွင် ဝီရိယသည် အရေးကြီး၏။

## [ ၀ ] ဓမ္မကို အကြောင်းပြု၍

ဝီရိယကို သမ္မာဝါယာမ မဂ္ဂင်ဟု ခေါ်၏။ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်–ပျက်ကို မြင်အောင် ရှုရာတွင် သမ္မာဒိဋ္ဌိ မဂ္ဂင်က မြင်အောင် ကြည့်ရ၏။ သမ္မာသင်္ကပ္ပမဂ္ဂင်က သမ္မာဒိဋ္ဌိမဂ္ဂင် အနေဖြင့် ဖြစ်ပျက်ကို မြင်နိုင်အောင် အာရုံများကို သင့်လျော်သလို စီစဉ်ပေးရ၏။ သမ္မာဝါယာမ မဂ္ဂင်က စိတ်ဓာတ်ကျမသွားအောင် တွန်းအားပေးရ၏။ သမ္မာဝါယာမ မဂ္ဂင်၏ ပဓာနအလုပ်မှာ လေးမျိုးရှိ၏။ ယင်းလေးမျိုးတို့ကို အောက်ပါအတိုင်း ဖော်ပြအပ်၏။

- ဖြစ်ပြီးကုန်သော အကုသိုလ်တို့ကို ပယ်သတ်ရန် အားထုတ်ခြင်း၊
- မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ရန် အားထုတ်ခြင်း၊
- မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်ရန် အားထုတ်ခြင်း၊
- ဖြစ်ပြီးသော ကုသိုလ်တို့ကို အလွန်အမင်း ပွားများလာရန် အားထုတ်ခြင်း။

ဓမ္မသည် သူ၏သန္တာန်၌ ‘ကုသိုလ်ကံ’ များလည်း ရှိ၏။ ‘အကုသိုလ်ကံ’ များလည်း ရှိ၏။ ကုသိုလ်ကံက သုဂတိအကျိုးကို ပေးမည် ဖြစ်၏။ အကုသိုလ်ကံက ဒုဂ္ဂတိအကျိုးကို ပေးမည် ဖြစ်၏။ အကျိုးမပေးပါနှင့်ဟူ၍ ဆိုရန် မတတ်ကောင်း။ ဓမ္မသည် အစမထင် သံသရာ၌ ကျင်လည်ခဲ့သူ ဖြစ်လေရာ သံသရာ၌ ကျင်လည်ရင်း ‘ကုသိုလ်ကံ’ ပေါင်း များစွာကိုလည်း လုပ်ခဲ့၏။ ‘အကုသိုလ်ကံ’ ပေါင်း များစွာကိုလည်း လုပ်ခဲ့၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကမ္မနိယာမအတိုင်း မိမိ ပြုလုပ်ခဲ့သော 'ကံ' များက မိမိကို အကျိုးပေးမည်ဆိုလျှင် သံသရာ၌ မျောရပေဦးမည်၊ မြုပ်ရပေဦးမည်။ သို့ရာတွင် ဝပ္ပသည် သံသရာ၌ မျောလည်း မမျောချင်တော့၊ မြုပ်လည်း မမြုပ်ချင်တော့။ ဝပ္ပသည် ဤဘဝကို နောက်ဆုံး ထားချင်၏။ သံသရာမှ အပြီးတိုင် လွတ်ချင်၏။

သို့ဖြစ်လျှင် ဝပ္ပသည် ဘာလုပ်ရမည်နည်း။ မိမိ ပြုလုပ်ခဲ့သဖြင့် မိမိ၏ ဘဝတစ်လျှောက်လုံး အရိပ်သဖွယ် လိုက်၍နေသော 'ကံ' များကို ဖျက်ဆီးရန်မှတစ်ပါး အခြားနည်း မရှိတော့။ အကယ်၍ 'ကံ' များကိုသာ မဖျက်ဆီးနိုင်ပါက ထိုထို 'ကံ' များ၏ အကျိုးတရားသည် မလွဲမသွေ လာပေလိမ့်မည်။ ထို့ကြောင့် ဝပ္ပသည် သူ၏ဘဝကို နောက်ဆုံးဘဝအဖြစ် သတ်မှတ်ထား၏။

ဝပ္ပသည် အနာဂတ်ဘဝအတွက် ဇာတိကိုလည်း မလိုချင်။ ဇာတိကို ရလိုက်သည်နှင့် တစ်ပြိုင်နက် ဇရာနှင့် မရဏသည် တွဲ၍ ပါလာပေလိမ့်မည်။ ဓမ္မစက္ကပဝတ္တနသုတ်၌ ဇာတိသည် ဒုက္ခ၊ ဇရာသည် ဒုက္ခ၊ ဗျာဓိသည် ဒုက္ခ၊ မရဏသည် ဒုက္ခ။ အကျဉ်းအားဖြင့် ဆိုရလျှင် ဥပါဒါနက္ခန္ဓာ ငါးပါးသည်ပင် ဒုက္ခဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူထား၏။ သို့ဖြစ်၍သာ ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ရေးအတွက် ဝပ္ပသည် သူ၏ ဘဝကို နောက်ဆုံးဘဝ အဖြစ်သို့ ရောက်သွားအောင် အားထုတ်ရန် ဆုံးဖြတ်ခြင်း ဖြစ်၏။

အမှန်အားဖြင့် ဇာတိတန်းလန်းနှင့် ရှိသော ချမ်းသာဟူသမျှသည် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့နှင့် အမြဲတစေ ထွေးလုံးရစ်ပတ်၍ နေသဖြင့် စစ်မှန်သောသုခ ဟူ၍ မည်သို့မျှဆိုရန် အကြောင်းမရှိ။

ဝပ္ပသည် သံသရာတစ်လျှောက်လုံး သူ့နောက်က အရိပ်သဖွယ် အစဉ်လိုက်နေသော 'ကံ' ဟူသမျှ အားလုံးကို ဖျက်ဆီးပစ်ရန် ဆုံးဖြတ်ထား၏။ 'အဟောသိကံ' အဖြစ်သို့ ရောက်သွားအောင် ဆောင်ရွက်ရန် ဆုံးဖြတ်





ထား၏။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ 'ကံ' ကို ဖြတ်မည် ဆိုပါလျှင် 'ဥပါဒါန်' ကို ဖြတ်ရမည်။ 'ဥပါဒါန်' ကို ဖြတ်မည်ဆိုလျှင် 'တဏှာ' ကို ဖြတ်ရမည်။ 'တဏှာ' ကို ဖြတ်မည်ဆိုလျှင် 'ဥပါဒါနက္ခန္ဓာ' တို့၏ ဖြစ်–ပျက်ကို မျက်ဝါးထင်ထင် ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့်ရမည်။ ထိုသို့ ကြည့်ရင်း ကြည့်ရင်း 'ဥပါဒါနက္ခန္ဓာ' တို့၏ ဖြစ်–ပျက် အဆုံး၌ ဖြစ်ခြင်း–ပျက်ခြင်း မရှိသော 'နိဗ္ဗာန်' ကို မျက်မှောက်ပြုသော 'မဂ်ဉာဏ်' သည် ဖြစ်ပေါ်လာပေလိမ့်မည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်များသည် အဆင့်ဆင့် ဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ အနာဂတ် ပဋိသန္ဓေကျိုးကို ပေးမည့် 'ကံ' များအားလုံး ပျက်စီးသွားလေပြီ။ 'ကံ' ဟူသော သဘောမှ 'ကြိယာ' ဟူသော သဘောသို့ ရောက်သွားလေပြီ။ ထိုအခါမှသာ 'ဇာတိကုန်ပြီ' ဟူ၍ ဝပ္ပသည် ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်နိုင်ပေလိမ့်မည်။

## အနတ္တကို မြင်ခြင်း

ဝပ္ပသည် မိမိ၏ 'ဥပါဒါနက္ခန္ဓာ' တို့၏ ဖြစ်–ပျက်ကို သတိပဋ္ဌာန်နည်းအတိုင်း မျက်ဝါးထင်ထင် ဉာဏ်မျက်စိဖြင့် မြင်ရအောင် ရှုမှတ်၏။ သူ၏ ခန္ဓာကိုယ်ကို မူလက ဓမ္မအနေဖြင့် မမြင်ဘဲ ပုဂ္ဂိုလ် သတ္တဝါ အနေဖြင့်သာ မြင်၏။ ထိုအခါ ဝပ္ပသည် သူ၏ ခန္ဓာကိုယ်ကို မွေးသည်မှ သေသည်အထိ တစ်ဦးတည်း၊ တစ်ယောက်တည်းအဖြစ် မြင်၏။ ခဏတိုင်း ခဏတိုင်း ပြောင်းလဲနေသော သဘောကို မမြင်။ ထို့ကြောင့် 'အနိစ္စ' ကို 'သန္တတိ' က ဖုံးသည်ဟု ဆို၏။

ထို့အပြင် မိမိ၏ ခန္ဓာကိုယ်၌ ညောင်းညာမှုပေါ်လျှင် ဖြစ်စေ၊ ထုံကျဉ်မှု ပေါ်လျှင်ဖြစ်စေ သက်သာသလို 'ဣရိယာပုထ်' ကို ပြောင်း၍နေ၏။ ထိုအခါ ခန္ဓာကိုယ်က အမြဲတစေ နှိပ်စက်သည့်သဘော မပေါ်ဘဲ တစ်နည်းတစ်ဖုံအားဖြင့် 'ချမ်းသာ' သဘော ပေါ်၏။ ထို့ကြောင့် 'ဒုက္ခ' ကို 'ဣရိယာပုထ်' က ဖုံးသည်ဟု ဆိုရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မိမိ၏ ခန္ဓာကိုယ်ကို ဒြပ်ရှိ ဝတ္ထုအနေဖြင့် မြင်၏။ ထို့ကြောင့် 'အနတ္တ' ကို ဒြပ်အစိုင်အခဲ 'ဃန' က ဖုံးသည်ဟု ဆိုရ၏။

ယခုမူ မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးချိန်မှစ၍ 'ဥပါဒါနက္ခန္ဓာ' တို့၏ အမြဲတစေ ခဏတိုင်း ခဏတိုင်း ပြောင်းလဲမှု 'အနိစ္စ'၊ ဆင်းရဲမှု 'ဒုက္ခ'၊ အလိုအတိုင်း မဖြစ်မှု 'အနတ္တ' တို့ကို မြင်လေပြီ။

ခန္ဓာကိုယ်၏ ဖြစ်–ပျက် သဘောကို မြင်လျှင် 'သဒ္ဓါယဒိဋ္ဌိ' ကွာ၏။ ထိုတွင် 'အဖြစ်' ကို မြင်လျှင် 'ဥစ္ဆေဒဒိဋ္ဌိ' ကွာ၏။ 'အပျက်' ကို မြင်လျှင် 'သဿတဒိဋ္ဌိ' ကွာ၏။ ထိုဒိဋ္ဌိသုံးမျိုး ကွာပါမှ 'အရိယာသစ္စဉာဏ်' ကို ရ၍ နိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက်ပြုနိုင်၏။ ထိုဒိဋ္ဌိသုံးမျိုး မကွာဘဲ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မရကောင်း။ ထို့ကြောင့် ထိုဒိဋ္ဌိသုံးမျိုးကို အယုတ်ဆုံး အားဖြင့် 'ဉာတပရိညာဏ်' အဆင့်ဖြင့်ပင် ပယ်သတ်နိုင်အောင် ကြိုးစားအားထုတ်အပ်၏။

မြတ်စွာဘုရား၏ လက်တွေ့ညွှန်ကြားချက်အတိုင်း ဝပ္ပသည် သူ၏ ဒွါရနှင့် အာရုံတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော စိတ်နှင့် ယှဉ်ဖော်ယှဉ်ဖက် စေတသိက်များ၊ မှီရာ ဝတ္ထုရုပ်များကို သတိပဋ္ဌာန်နည်းအတိုင်း ရှုမှတ်၏။ ဤအဆင့်မှာ နာမ်နှင့်ရုပ်ကို ခွဲခြားသိသော အဆင့်နှင့် ကြောင်း–ကျိုးတို့၏ ဆက်စပ်မှုကို သိသော အဆင့်သာ ဖြစ်၏။

ထို့နောက် ယင်းတို့၏ ဖြစ်မှုနှင့် ပျက်မှုကို သိအောင် ဝပ္ပသည် အားထုတ်၏။ ထိုသို့ အားထုတ်ရာတွင် ဖြစ်ပျက်ကို မျက်ဝါးထင်ထင် ဉာဏ်မျက်စိဖြင့် မမြင်သမျှ မလျှော့ဟု ဇွဲအားတင်းသော ဝီရိယဖြင့် အားထုတ်၏။ ထိုသို့ အားထုတ်ပါမှ မဖြစ်ဖူးသော 'အကုသိုလ်' ကို မဖြစ်အောင် အားထုတ်ခြင်း၊ ဖြစ်ပြီးသော 'အကုသိုလ်' ကို ပယ်ရန်အားထုတ်ခြင်း၊ မဖြစ်ခဲ့ဖူးသော 'ဝိပဿနာ' ကုသိုလ်ကို ဖြစ်အောင် အားထုတ်ခြင်း၊ ဖြစ်ပြီးသော 'ဝိပဿနာ' ကုသိုလ်ကို ပွားများအောင် အားထုတ်ခြင်း မည်၏။ ယင်းဝီရိယကို 'သမ္မပ္ပဓာန်' ဟု ခေါ်၏။





'သမ္မပ္ပဓာန်ဝီရိယ' နှင့်အတူ 'သမ္မာဒိဋ္ဌိ'၊ 'သမ္မာသင်္ကပ္ပ' ဟူသော 'ပညာမဂ္ဂင်' နှစ်ပါး၊ 'သမ္မာသတိ'၊ 'သမ္မာသမာဓိ' ဟူသော 'သမာဓိမဂ္ဂင်' သုံးပါးတို့ ပါဝင်၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော 'သီလမဂ္ဂင်' တို့ မပါဝင်သေးချေ။

ဤအဆင့်တွင် ဝိပဿနာမဂ္ဂင် ငါးပါးသာ ရှိသေး၏။ ယင်းဝိပဿနာမဂ္ဂင် ငါးပါးကို အကြိမ်များစွာ ပွားအပ်၏။ ထိုသို့ အကြိမ်များစွာ ပွားများခြင်းသည် 'သီလမဂ္ဂင်' သုံးပါးတို့ တစ်ပြိုင်နက် တစ်ပေါင်းတည်း ယှဉ်တွဲလာစေရန် ဖြစ်၏။ နိဗ္ဗာန်ကို မမြင်နိုင်သေးသမျှ ကာလပတ်လုံး 'မဂ္ဂင်ရှစ်ပါး' မပြည့်သေးဘဲ 'မဂ္ဂင်ငါးပါး' သာ ရှိနေမည် ဖြစ်၏။

ဖြစ်ပျက်ကို မြင်အောင်ရှုရာတွင် သမ္မာဝါယာမ မဂ္ဂင်သည် များစွာ အရေးကြီး၏။ ခန္ဓာတို့၏ ဖြစ်–ပျက်ကို မြင်အောင်ရှုရာတွင် 'နီဝရဏ' တည်းဟူသော ကိလေသာတို့က ရုတ်တရက် ဖြုတ်ခနဲ ကြားဝင်လာတတ်၏။

ဖြစ်ပျက်ကို မြင်ချိန်မရောက်သေးဘဲလျက် ဆန္ဒစောပြီး ဖြစ်ပျက်ကို အလွန်မြင်ချင်လာ၏။ ဤသည်မှာ 'ကာမစ္ဆန္ဒ နီဝရဏ' က ကြားဝင်လာခြင်း ဖြစ်၏။

တစ်ခါတစ်ရံ ဖြစ်ပျက်ကို မမြင်နိုင်ဘဲ ရှိလေရာ စိတ်ဓာတ်ကျဆင်းလာတတ်၏။ ဤသည်မှာ 'ဗျာပါဒနီဝရဏ' က ကြားဝင်လာခြင်း ဖြစ်၏။

တစ်ခါတစ်ရံ ဖြစ်ပျက်ကို ရှုရင်း ငိုက်မျဉ်းလာတတ်၏။ ဤသည်မှာ 'ထိန မိဒ္ဓ နီဝရဏ' က ကြားဝင်လာခြင်း ဖြစ်၏။

တစ်ခါတစ်ရံ စိတ်မငြိမ်ဘဲ ပျံ့လွင့်သွားတတ်၏။ ဤသည်မှာ 'ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ' က ကြားဝင်လာခြင်း ဖြစ်၏။

တစ်ခါတစ်ရံ ဖြစ်ပျက်ကို မြင်မှ မြင်နိုင်ပါတော့မည်လားဟု သံသယဝင်လာတတ်၏။ ဤသည်မှာ 'ဝိစိကိစ္ဆာနီဝရဏ' က ကြားဝင်လာခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ဖြစ်ပျက်ကို လုံးဝ မမြင်ဘဲလည်း ရှိတတ်၏။ ဤသည်မှာ 'အဝိဇ္ဇာ နီဝရဏ'က ကြားဝင်လာခြင်း ဖြစ်၏။

ဤကဲ့သို့ ဖြစ်ပျက်ကိုရှုနေရင်း 'နီဝရဏကိလေသာ' များ ကြားဝင်လာသောအခါ ယင်းနီဝရဏများကို ပယ်နိုင်အောင် ဝီရိယဖြင့် အားထုတ်ရ၏။ ယင်းဝီရိယကို 'အာတာပ' ဟု ခေါ်၏။

လောကီဝိပဿနာမဂ္ဂင် ငါးပါးမှ လောကုတ္တရာမဂ္ဂင် ရှစ်ပါးအဆင့်သို့ ရောက်အောင် ဆိုင်းငံ့ခြင်း၊ ဖင့်နွှဲခြင်း မရှိဘဲ ဝီရိယဖြင့် ကြိုးစားရ၏။ ယင်းဝီရိယကို 'အာရမ္ဘ' ဟု ခေါ်၏။

ဖြစ်ပျက်ကို ရှုရာ၌ ဖြစ်ပေါ်လာသမျှသော အဟန့်အတား အားလုံးကို ပယ်ဖျက်နိုင်အောင် ဝီရိယဖြင့် အားထုတ်ရ၏။ ယင်းဝီရိယကို 'နိက္ကမ' ဟု ခေါ်၏။

ဖြစ်ပျက်ကို ရှုမှတ်ရာ၌ ဖြစ်ပေါ်လာသမျှ အနှောင့်အယှက် အားလုံးကို တွန်းလှန်နင်းနယ်၍ သွားနိုင်အောင် ဝီရိယဖြင့် အားထုတ်ရ၏။ ယင်းဝီရိယကို 'ပရက္ကမ' ဟု ခေါ်၏။

ဖြစ်ပျက်ကို ရှုမှတ်ရာတွင် ဖြစ်ပျက်ကို ဉာဏ်မျက်စိဖြင့် မမြင်ရလေအောင် ဟန့်တားသော အဟန့်အတား ဟူသမျှ အားလုံးကို ပယ်ဖျက်၍ ဖြစ်ပျက်ကို ဝိပဿနာ ဉာဏ်မျက်စိဖြင့် မမြင်ရလျှင် မြင်ရအောင် ကြိုးပမ်းခြင်း ဟူသမျှသည် 'သမ္မာဝါယာမ' မဂ္ဂင်၏ လုပ်ငန်း ဖြစ်၏။

သို့ရာတွင် ဝီရိယကို သူ့ချည်း လွှတ်ပေး၍တော့ မဖြစ်။ 'သမ္မာသမာဓိမဂ္ဂင်' က ထိန်းကျောင်းပေးဖို့တော့ လို၏။ ထိုအခါမှသာ ဝီရိယနှင့် သမာဓိ မျှ၍ ဖြစ်ပျက်ကို မြင်ပြီး ဖြစ်ပျက်၌ ငြီးငွေ့ကာ ဖြစ်ပျက်တို့၏ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေလိမ့်မည်။ အမှန်အားဖြင့် ဖြစ်ပျက်ကို မြင်အောင်ရှုရာတွင် ဝီရိယနှင့် သမာဓိ၊ သဒ္ဓါနှင့် ပညာတို့ကိုပါ မျှအောင် လုပ်ရ၏။ သမ္မာသတိကမူ နေရာတိုင်း၌ ပါဝင်ဖြည့်စွက်ရ၏။ ထိုသို့ ဣန္ဒြေငါးပါးကို မျှအောင်လုပ်ပြီး ရှုမှတ်မှသာ ခန္ဓာတို့၏ ဖြစ်ပျက်ကို





မြင်ပြီး ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်ကို မြင်နိုင်ပေလိမ့်မည်။ သို့မဟုတ်ပါက ဖြစ်ပျက်ကို မြင်နိုင်ရန် အကြောင်းမရှိ။

## ဗုဒ္ဓဘာသာဝင် နှစ်မျိုး

ဗုဒ္ဓဘာသာဝင်သည် နှစ်မျိုးရှိ၏။ တစ်မျိုးမှာ မြတ်စွာဘုရား၌ 'ကြည်ညိုခြင်း' ကို ပဓာန ပြု၏။ အခြားတစ်မျိုးမှာ မြတ်စွာဘုရား၌ 'ကျေးဇူးတင်ခြင်း' ကို ပဓာန ပြု၏။

မြတ်စွာဘုရား၌ ကြည်ညိုခြင်းကို ပဓာနပြုသူများသည် မြတ်စွာဘုရား၏ အတိုင်းအဆ မရှိသော ဂုဏ်တော်များကို အာရုံပြု၏။ ထုတ်ဖော်ချီးကျူး၏။ သူ့ဘဝအတွက် ဟူသော ရည်ရွယ်ချက်ဖြင့် ကုသိုလ်ကောင်းမှုများကို ပြု၏။ 'ကံ'ကို အမိ၊ 'ကံ'ကို အဖ ဟူ၍ ခံယူ၏။

ထိုပုဂ္ဂိုလ်မျိုးသည် သေခါနီးကာလ၌ မကောင်းသော အာရုံများ မထင်ခဲ့သော် မိမိပြုခဲ့သော 'ကံ'အားလျော်စွာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာများကို ရ၏။ အကယ်၍ သေခါနီးကာလ၌ မကောင်းသော အာရုံများ ထင်ခဲ့သော် 'အသဒိသ' အလှူရှင် မလ္လိကာမိဖုရားကြီး ငရဲကျသကဲ့သို့ မိမိတို့ တောင့်တသည့်အတိုင်း ဖြစ်မလာဘဲ အပါယ်လေးပါးသို့လည်း ကျရောက်တတ်၏။

ဘဝချမ်းသာကို ပွားစီးအောင်လုပ်သော ကုသိုလ်ဟူသမျှသည် 'အတ္တ' အပေါ် အခြေခံ၍လုပ်သော ကုသိုလ်မျိုး ဖြစ်ခြင်းကြောင့် တကယ်သက်တွေ့တွင် အားမကိုးလောက်သော ကုသိုလ်မျိုးသာ ဖြစ်၏။ ပရမ်းပတာ ကျချင်သလို ကျသွားနိုင်သော 'ဝိနိပါတ' ဘေး၏ အုပ်ချုပ်မှုအောက်၌ ရှိသော ကုသိုလ်မျိုး ဖြစ်၏။ ဤကုသိုလ်မျိုးကို 'ဝဋ္ဋနိဿိတ' ကုသိုလ်မျိုး ဟူ၍လည်း ဆိုရ၏။

'အတ္တ' ကို ပယ်သတ်ရန် မကြိုးပမ်းဘဲ မိမိလှည့်လည်ကျက်စားရာ သံသရာတွင်း၌ ချမ်းသာသုခ ရရှိနိုင်ရေးအတွက် 'ကံ' များကို ပွားစီးသည်



www.burmeseclassic.com

www.burmeseclassic.com



ထက် ပွားစီးအောင် အားထုတ်ကြိုးပမ်းခြင်းသည် မြတ်စွာဘုရား၌ 'ကြည်ညိုခြင်း' ကို ပဓာနပြုသော ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်းစဉ် ဖြစ်၏။

မြတ်စွာဘုရား၌ ကျေးဇူးတင်ခြင်းကို ပဓာနပြုသူများသည် သံသရာမှ လွတ်မြောက်ရေးအတွက် 'ကံ' များကို ပွားအောင်မလုပ်ဘဲ 'ကံ' ဟူသမျှကို ပါးသည်ထက် ပါးအောင်၊ နောက်ဆုံး၌ ကုသိုလ်ကံ ဖြစ်စေ၊ အကုသိုလ်ကံ ဖြစ်စေ 'ကံ' ဟူသမျှကို ချုပ်ငြိမ်းသွားအောင် သမ္မာဝါယာမ မဂ္ဂင်ဖြင့် အားထုတ်ကြသူများ ဖြစ်၏။ ဉာဏ်သာ 'အမိ'၊ ဉာဏ်သာ 'အဖ' ဟူ၍ ခံယူ၏။

'ကံ' ဟူသမျှကို ချုပ်ငြိမ်းအောင် အားထုတ်ခြင်းဟူသည် ဝိပဿနာမဂ္ဂင်ငါးပါးကို ပွားသည်ထက်ပွားအောင် ရုပ်–နာမ် ခန္ဓာတို့၏ ဖြစ်–ပျက်ကို ရှုခြင်း ဖြစ်၏။ ဖြစ်–ပျက်၌ 'အနိစ္စ' သဘောလည်း ပါ၏။ 'ဒုက္ခ' သဘောလည်း ပါ၏။ 'အနတ္တ' သဘောလည်း ပါ၏။

'အနိစ္စ' ကို မြင်သောအခါ 'မာန' ပျောက်၏။ 'ဒုက္ခ' ကို မြင်သောအခါ 'တဏှာ' ပျောက်၏။ 'အနတ္တ' ကို မြင်သောအခါ 'ဒိဋ္ဌိ' ပျောက်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ ပါးသည်နှင့်အမျှ စစ်မှန်သော ချမ်းသာကို ရ၏။

'အတ္တ' ဟူသည် တဏှာဖြင့်စွဲသော 'အတ္တ' လည်း ရှိ၏။ မာနဖြင့်စွဲသော 'အတ္တ' လည်း ရှိ၏။ ဒိဋ္ဌိဖြင့်စွဲသော 'အတ္တ' လည်း ရှိ၏။ ထို့ကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ ချုပ်လေသောအခါ 'အတ္တ' လည်း ချုပ်လေ၏။ 'အတ္တ' ချုပ်လျှင် စစ်မှန်သော ချမ်းသာကို ကိုယ်တိုင် မျက်မှောက်ပြုရ၏။

ဤနည်းမှာ မြတ်စွာဘုရား ဟောတော်မူမှ သိရသောနည်း ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အလွန်ကျေးဇူးတင်ထိုက်သော 'လောကသုံးပါး၏ ကျေးဇူးရှင်' ဖြစ်၏ဟု ဆိုရ၏။

မြတ်စွာဘုရားကလည်း 'တရား' ကို မြင်သူသည် 'ငါ' ကို မြင်သူမည်၏၊ 'တရား' ကို မမြင်သူသည် 'ငါ' ကို မမြင်သူပင် ဖြစ်၏ ဟူ၍ ဟောတော်မူခဲ့ရာ စစ်မှန်သော ဗုဒ္ဓဘာသာဝင် ဖြစ်ပါက မြတ်စွာဘုရား





ဟောကြားတော်မူထားသည့်အတိုင်း သမုဒယသစ္စာကို ပယ်သတ်နိုင်ရန် ကြိုးပမ်းအပ်ပါ၏။ 'သမုဒယသစ္စာ' ကို ပယ်သတ်နိုင်သည်နှင့်အမျှ ဒုစရိုက်တရားများကိုလည်း ပယ်ပြီး ဖြစ်၏။ ဒုစရိုက်ကင်းသော လူ့ဘောင်သည်မည်မျှ ငြိမ်းချမ်းပေလိမ့်မည်နည်း။

ဝက္ကလိ ရဟန်းလို မြတ်စွာဘုရား၏ ဂုဏ်တော်အနန္တကို ဆင်ခြင်၍ ကြည်ညိုနေသည်ထက် မြတ်စွာဘုရား ဟောကြားတော်မူထားသော ကျင့်စဉ်အတိုင်း မိမိတို့ အနေဖြင့် 'သမုဒယသစ္စာ' ကို ပယ်သတ်နိုင်အောင် ကြိုးပမ်းခြင်းက လောကသုံးပါးရှိ ဝေနေယျတို့အား ကယ်တင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီဖြည့်၍ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသော မြတ်စွာဘုရားအား တကယ် ကြည်ညိုရာလည်း ရောက်၏။ တကယ် ကျေးဇူးဆပ်ရာလည်း ရောက်၏။

မြတ်စွာဘုရား၏ ဂုဏ်တော်များကို ရွတ်ဆိုပူဇော်ရန် ဘုရားပွင့်တော်မူလာခြင်း မဟုတ်။ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ဆောင်ရွက်ရန်သာ ဘုရားပွင့်တော်မူလာခြင်း ဖြစ်၏။ မြတ်စွာဘုရားသည် အပြောသမားထက် အလုပ်သမားကို ပို၍ အားပေးတော်မူ၏။

ဝပ္ပသည် သူတစ်ခါမျှ မကြားဖူးသော 'မဇ္ဈိမပဋိပဒါ' အကျင့်မြတ်ကို ဘုရားထံမှ ကြားနာရသဖြင့် ကြည်ညိုလည်း ကြည်ညို၏။ ကျေးဇူးလည်း တင်၏။ 'မဇ္ဈိမပဋိပဒါ' အကျင့်မြတ်သည် ဝပ္ပ၏ဘဝကို အပြောင်းအလဲကြီး ပြောင်းလဲစေခဲ့၏။

ဝပ္ပသည် ခန္ဓာတို့၏ ဖြစ်–ပျက်ကို ပေါ်တိုင်း ပေါ်တိုင်း ရှုမှတ်၏။ ထိုသို့ ရှုမှတ်ရာတွင် ပညာမဂ္ဂင် နှစ်ပါး၊ သမာဓိမဂ္ဂင် သုံးပါးတို့ဖြင့် ရှုမှတ်၏။ ထိုသို့ ရှုမှတ်ရာတွင် 'သမ္မာဝါစာ'၊ 'သမ္မာကမ္မန္တ'၊ 'သမ္မာအာဇီဝ' ဟူသော သီလမဂ္ဂင် ပါဝင်နိုင်ခြင်း မရှိ။ နိဗ္ဗာန်ကို အာရုံပြုသော အခါမှသာ ဆင်းသီလမဂ္ဂင် သုံးပါးသည် ပါဝင်လာမည် ဖြစ်၏။ သီလမဂ္ဂင်သုံးပါး ပါဝင်လာမှသာ မဂ္ဂင်ရှစ်ပါး ပြည့်စုံမည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ပညာမဂ္ဂင် နှစ်ပါးနှင့် သမာဓိမဂ္ဂင် သုံးပါးတို့ကိုသာ ပွားသည် ထက် ပွားအောင် ဆောင်ရွက်နေခြင်း ဖြစ်၏။ သီလမဂ္ဂင်သုံးပါး ပါဝင်လာသည်နှင့် တစ်ပြိုင်နက် နိဗ္ဗာန်ကို မျက်မှောက်ပြုတော့၏။ ထိုအခါမှသာ မကောင်းမှု ဒုစရိုက်တို့ကို မြစ်ပြတ်ရှောင်နိုင်မည် ဖြစ်၏။ ပုထုဇဉ် ဘဝအနေဖြင့် ရှောင်နိုင်ခြင်းကား စိတ်ချရသော ရှောင်နိုင်ခြင်း မဟုတ်။ ဤသဘောကို ဝပ္ပ သိ၏။ ထို့ကြောင့် ဝပ္ပသည် သမ္မာဝါယာမ မဂ္ဂင်ဖြင့် အားစိုက်ခွန်စိုက် အားထုတ်ခြင်း ဖြစ်၏။

BURMESE CLASSIC .com

*

> အထက်သို့ တက်သွားသော အရာဝတ္ထုတိုင်းတွင် အောက်သို့ ပြန်လည်ကျရောက်စေနိုင်သော သတ္တိကို မိမိ၏ရင်ဝယ် ပိုက်၍ တက်သွားသည်ချည်း ဖြစ်၏။
>
> ထို့ကြောင့် အထက်သို့ တက်သွားသော အရာဝတ္ထုများသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အောက်သို့ ပြန်လည် ကျရောက်စမြဲ ဖြစ်၏။
>
> ထိုနိယာမ အတိုင်းပင် ကုသိုလ်ကောင်းမှု ဟူသမျှသည် အကုသိုလ် မကောင်းမှု၏ သတ္တိကို မိမိ၏ရင်ဝယ် ပိုက်ထားမိလျက်သားချည်း ဖြစ်၏။ ထိုအကုသိုလ် မကောင်းမှု၏ သတ္တိကို အနုသယ ကိလေသာ ဟူ၍ ဆိုရ၏။

အမှန်အားဖြင့် အနုသယ ကိလေသာကို ရင်ဝယ်ပိုက်ထားနိုင်၍သာ ကောင်းမှု ဟူသမျှကို ပဋ္ဌိစ္စသမုပ္ပာဒ် ဒေသနာတော်အရ ကုသိုလ်ကံဟူ၍ ဆိုရ၏။ အကယ်၍ အနုသယကိလေသာကို ရင်ဝယ်ပိုက်မထားဘဲ မြစ်ပြတ် ပယ်သတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကောင်းမှု ဟူသမျှသည် ကုသိုလ်ဟု ဟူသော အမည်ကို မရတော့ဘဲ 'ကြိယာ' ဟူသော အမည်ကိုသာ ရတော့၏။

ထို့ကြောင့် 'ကြိယာ' အမည်ကို မရနိုင်သော ကောင်းမှုကုသိုလ်များသည် ဘုံဘဝ စည်းစိမ်ချမ်းသာများကို မည်သို့ပင် ပေးစေကာမူ တစ်





နေ့နေ့ တစ်ချိန်ချိန်တွင် မိမိ၏ရင်ဝယ် ပိုက်ထားမိသော အကုသိုလ် မကောင်းမှု၏ သတ္တိကြောင့် အပါယ်ဘုံများသို့ ကျရောက်ပြီး ဆင်းရဲဒုက္ခကို ခံစားရမည် ဖြစ်၏။

ဘုံဘဝ စည်းစိမ်ချမ်းသာများ ဟူသည်မှာလည်း အနုသယကိလေသာကို အခြေခံသော ကုသိုလ်ကောင်းမှု၏ အကျိုးတရားများ ဖြစ်သဖြင့် တကယ်တမ်း စစ်မှန်သော စည်းစိမ်ချမ်းသာများ မဟုတ်ကြ။ ဤသဘောကို ဝပ္ပသည် သိ၏။

တကယ်တမ်း စစ်မှန်သော စည်းစိမ်ချမ်းသာကို ရလိုပါက အနုသယကိလေသာ မပါသော ကောင်းမှု၏ အကျိုးတရားဖြစ်ဖို့ လို၏။ ထို့ကြောင့် ကောင်းမှုကို ပြုရာ၌ အနုသယကိလေသာ မပါသော ကောင်းမှုမျိုး ဖြစ်စေရန် မမေ့မလျော့သော သတိတရားရှိဖို့ လို၏။

အနုသယကိလေသာ မပါသော ကောင်းမှုဟူသည်မှာ 'ငါပြုသော ကောင်းမှု – မကောင်းမှု' ဟူ၍ 'ငါ' ဖြင့် မသိမ်းပိုက်သော ကောင်းမှုမျိုး ဖြစ်၏။ ထိုကောင်းမှုမျိုး ဖြစ်စေရန် သတိရှိအပ်၏။ ထိုသတိတရားမျိုးကို 'အပ္ပမာဒ' ဟူ၍ ခေါ်၏။ အကျဉ်းအားဖြင့် အကုသိုလ်မဖြစ်အောင် ဣန္ဒြေတို့ကို ထိန်းသိမ်းစောင့်စည်းခြင်း၌ သတိရှိခြင်း ဖြစ်၏။ သာမန် သတိတရားမျိုးကို အပ္ပမာဒ ခေါ်သည် မဟုတ်။

ထို့ကြောင့် ကုသိုလ်ကောင်းမှုများကို ပြုရာ၌ အနုသယကိလေသာသည် 'အပ္ပမာဒ' အမည်ရသော သတိတရား မရှိသူများအတွက် အလိုအလျောက် ဓမ္မတာအားဖြင့် ပါဝင်လာမြဲ ဖြစ်၏။ သို့ဖြစ်လေရာ ကုသိုလ်ကောင်းမှုပြုတိုင်း အစဉ်သတိရှိဖို့ လို၏။ မမေ့မလျော့ ဖြစ်ဖို့ လို၏။

## သေခြင်း၏ အကြောင်းတရား

အစဉ်သတိရှိဖို့၊ မမေ့မလျော့ဖြစ်ဖို့ ဟူသည် အနုသယကိလေသာကို မြစ်ပြတ် ပယ်သတ်နိုင်ဖို့၊ မြစ်ပြတ် မပယ်သတ်နိုင်သေးလျှင် ပါးအောင် လုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အစဉ်သတိရှိခြင်းနှင့် မမေ့မလျော့ဖြစ်ခြင်းပင် ဖြစ်၏။ သို့မှသာ ကုသိုလ်ကောင်းမှု ပြုခြင်း၌ မမေ့မလျော့ခြင်း 'အပ္ပမာဒ' တရားသည် 'မသေရာ' ဆီသို့ ရောက်ခြင်း၏ အကြောင်းတည်း။ ကုသိုလ်ကောင်းမှု ပြုခြင်း၌ မေ့လျော့ခြင်း 'ပမာဒ' တရားသည် 'သေခြင်း'၏ အကြောင်းတည်း ဟူသော ဒေသနာတော်နှင့်အညီ ဖြစ်ပေလိမ့်မည်။

ဘုံဘဝ စည်းစိမ်ချမ်းသာများကို ခံစားနေသရွေ့ ကာလပတ်လုံး၊ သံသရာ၌ ကျင်လည်နေသရွေ့ ကာလပတ်လုံး အနုသယကိလေသာကို မြစ်ပြတ် မပယ်သတ်နိုင်သေးသောကြောင့် သံသရာမှ မလွတ်မြောက်သေးဘဲ တစ်ဘဝပြီး တစ်ဘဝ အမြဲတစေ 'သေ' နေရသည် ဖြစ်သဖြင့် ကုသိုလ်ကောင်းမှုကို ပြုရာတွင် အနုသယကိလေသာကို ပယ်သတ်နိုင်အောင် အားထုတ်ခြင်းသဘော မပါသမျှ ထိုကုသိုလ်ကောင်းမှုသည် 'သေ' ခြင်း၏ အကြောင်းသာ ဖြစ်ပါ၏။

ဝပ္ပသည် သူ့ခေတ် သူ့အခါအရ ထိပ်တန်းပညာရှင်တစ်ဦး ဖြစ်၏။ သူသည် သေခြင်း၏အကြောင်းကို သိ၏။ မသေခြင်း၏ အကြောင်းကိုလည်း မြတ်စွာဘုရားထံမှ သိ၏။ မြတ်စွာဘုရားထံမှ သိရုံနှင့် ကိစ္စမပြီးသေး။ ကိုယ်တိုင်ကိုယ်ကျ သိဖို့ လိုသေး၏။ ကိုယ်တိုင်ကိုယ်ကျ သိမှသာလျှင် မသေရာဆီသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ပေလိမ့်မည်။

ကောင်းရာ ဘုံဘဝသို့ ရောက်နိုင်ရေးအတွက် ကိုယ်စားလှယ်လွှတ်ပြီး အမျှပေးဝေ၍ သာဓုခေါ်ရုံမျှဖြင့် ကောင်းရာဘုံဘဝသို့ မရောက်နိုင်သလို မသေရာဆီသို့ ရောက်နိုင်ရေးအတွက် ကိုယ်စားလှယ်လွှတ်ပြီး ဆောင်ရွက်၍ မရ။ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်မှ ရ၏။ ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံမှ ရ၏။ ကိုယ်တိုင်ကိုယ်ကျ အားထုတ်မှ ရ၏။ ထို့ကြောင့် ဝပ္ပသည် မသေခြင်း၏ အကြောင်းကို မြတ်စွာဘုရားထံမှ သိရုံနှင့် မလုံလောက်သေးဘဲ ကိုယ်တိုင်ကိုယ်ကျ သိအောင် အားထုတ်ဖို့ လိုအပ်၏ ဟူ၍ ဆိုခြင်း ဖြစ်၏။

ဝပ္ပသည် မသေခြင်း၏ အကြောင်းကို မသိခဲ့သဖြင့် သံသရာ





အကျဉ်းထောင်၌ အတ္တ၏ အကျဉ်းသားအဖြစ် အကျဉ်းကျ ခံခဲ့ရ၏။ မည်သည့်အချိန်က စ၍ အကျဉ်းကျခံရသည်ကို သူ မသိ။ မည်သည့်အချိန် ရောက်မှ လွတ်မည်ကိုလည်း သူ မသိ။ သို့ရာတွင် ဝပ္ပသည် သံသရာအကျဉ်းထောင်၌ အတ္တ၏ အကျဉ်းသား အဖြစ်မှ လွတ်လို၏။ သံသရာအကျဉ်းထောင်၌ အတ္တ၏ အကျဉ်းသားအဖြစ် အကျဉ်းကျခံနေရစဉ် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့၏ နှိပ်စက်မှုကြောင့် ဆင်းရဲလှ၏။ အကျဉ်းထောင်မှ လွတ်မြောက်လေသော အခါမှသာလျှင် ထိုဆင်းရဲဒုက္ခမှ လွတ်မြောက်သွားမည် ဖြစ်၏။

ဝပ္ပသည် သံသရာအကျဉ်းထောင်၌ အတ္တအကျဉ်းသား အဖြစ်မှ လွတ်ရေးအတွက် မိမိ၏ ဉာဏ်အမြင်ရှိသလောက် ကြိုးစားခဲ့၏။ မိမိ၏ စိတ်ကို တစ်စုံတစ်ရာ ထိန်းကွပ်ချုပ်ချယ်ခြင်း မရှိဘဲ ဆန္ဒအတိုင်း ကျင့်ကြံအားထုတ်သောနည်း 'ကာမသုခလ္လိကာနုယောဂ' အရလည်း ကြိုးစားခဲ့၏။ မိမိစိတ်ကို အတင်းအဓမ္မ ထိန်းကွပ် ချုပ်ချယ်သောနည်း 'အတ္တကိလမထာနုယောဂ' အရလည်း ကြိုးစားခဲ့၏။

ကာမသုခလ္လိကာနုယောဂတွင် ဗြာဟ္မဏတို့၏ ယဇ်ပူဇော်မှုသည် ပါဝင်၏။ အတ္တကိလမထာနုယောဂတွင် တိတ္ထိယတို့၏ တပအကျင့်သည် ပါဝင်၏။ သို့ရာတွင် မည်သည့်နည်းမျှ သံသရာအကျဉ်းထောင်၌ အတ္တ၏ အကျဉ်းသားအဖြစ်မှ လွတ်မြောက်မှုကို မပေးနိုင်ခဲ့။ စိတ်ကို အထိန်းအကွပ် မရှိဘဲ လုပ်ချင်သလို လုပ်ခွင့်ပေးပါကလည်း ယုတ်ညံ့ရာ ကျ၏။ အကျိုး [illegible]မဲ့ကိုပင် ဖြစ်စေ၏။

မြတ်စွာဘုရားထံမှ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို မနာယူမိက [illegible]လျှင် ဤနည်းနှစ်နည်း၏ အပြစ်များကို ဝပ္ပသည် မသိခဲ့။ ယခု ဝပ္ပသည် ဤနည်းနှစ်နည်း၏ အပြစ်များကို ပိုင်ပိုင်နိုင်နိုင် သိပြီ။ ဓမ္မစက္ကပဝတ္တနသုတ်တော်အရ ဤနည်းနှစ်နည်းသည် အစွန်းရောက်နည်းများ ဖြစ်ကြ၏။ ထို့ကြောင့် ဤနည်းများကို ကျင့်သုံးအားထုတ်ပါလျက် ဝပ္ပသည် သံသရာ



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းထောင်၌ အတွ၏ အကျဉ်းသား အဖြစ်မှ မလွတ်မြောက်နိုင်ခြင်း ဖြစ်၏။ ယခု နည်းမှန်ကို မြတ်စွာဘုရားထံမှ ရပြီ။ ရရုံ မဟုတ်သေး။ ကိုယ်တိုင် ကိုယ်ကျ ကျင့်သုံးတတ်အောင် မြတ်စွာဘုရား ကိုယ်တော်တိုင် ဝပ္ပအား မဇ္ဈိမပဋိပဒါနည်းကို လက်တွေ့ပြလေပြီ။ ထိုကျင့်နည်းဖြင့် ဝပ္ပသည် သံသရာ အကျဉ်းထောင်၌ အတွ၏ အကျဉ်းသားအဖြစ်မှ မကြာမီ လွတ်မြောက်ပေတော့မည်။

မဇ္ဈိမပဋိပဒါနည်းတွင် သမ္မာသတိမဂ္ဂင်သည် ပါဝင်၏။ သမ္မာသတိမဂ္ဂင်၏ တရားကိုယ်မှာ သတိစေတသိက် ဖြစ်၏။ ယင်းသတိစေတသိက်ကား မသေရာ အမြိုက်နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်၏။ မသေရာ အမြိုက်နိဗ္ဗာန်သို့ ရောက်လိုပါလျှင် မိမိ၏သန္တာန်၌ ကိန်းနေသည့် အနုသယ ကိလေသာတို့ကို ပယ်သတ်နိုင်စွမ်းသော သတိဖြစ်ဖို့ လို၏။ ယင်းသတိမျိုးကိုမှ အပ္ပမာဒ ဟူ၍ ဆိုရ၏။ သတိဟူသမျှ အပ္ပမာဒအမည် မရ။ အကျဉ်းအားဖြင့် ဆိုရလျှင် ဗောဓိပက္ခိယအုပ်စုဝင် သတိဖြစ်ပါမှ အပ္ပမာဒအမည်ကို ရ၏။

အညာတ ဝိသယံ ဉာဏံ၊ ဉာတ ဝိသယော သတိ– မသိရသေးသော အာရုံကိုသိမှ ဉာဏ်မည်၏။ သိပြီးသား အာရုံများကို ထပ်၍သိခြင်းသည် သတိမည်၏။ ဤသို့ ပညာရှင်များက ဆိုကြလေရာ သတိသည် ထိုပညာရှင်များ၏ အဆိုအတိုင်းဖြစ်လျှင် အလုပ်နှစ်ခုကို လုပ်ရ၏။ အလုပ်တစ်ခုမှာ သမ္မာဒိဋ္ဌိမဂ္ဂင်အတွက် အသစ်ဖြစ်သော ရုပ် – နာမ်အာရုံကို ယူပေးခြင်း ဖြစ်၏။ နောက်အလုပ်တစ်ခုမှာ ယူပြီးသော ရုပ်–နာမ်အာရုံကို ထပ်၍ထပ်၍ ပွားရအောင်၊ ကြိမ်ဖန်များစွာ ပြုရအောင် လောကီမဂ္ဂင် ငါးပါးအတွက် ယူပေးခြင်း ဖြစ်၏။

အမှန်အားဖြင့် မဇ္ဈိမပဋိပဒါကျင့်စဉ်အရ ပညာမဂ္ဂင်နှစ်ပါးနှင့် သမာဓိမဂ္ဂင်သုံးပါး၊ စုစုပေါင်း လောကီမဂ္ဂင်ငါးပါးတို့အတွက် ရုပ်နာမ်အာရုံများကို သတိက ယူပေးမှ ရ၏။ သို့ဖြစ်၍ မဂ္ဂင်ဒေသနာ၌ သတိကို နောင်





ဆုံး သမာဓိမဂ္ဂင်အုပ်စု၌ ဟောကြားခြင်း ဖြစ်သော်လည်း ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို ဟောကြားတော်မူရာတွင် သတိပဋ္ဌာန ဒေသနာအနေဖြင့် ပထမဦးစွာ ဟောကြားတော်မူခြင်း ဖြစ်၏။ သို့ရာတွင် ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောချိန်၌ သတိပဋ္ဌာန်ဒေသနာကို မဟောရသေးသဖြင့် ဝိပဿနာရှုရာတွင် သတိပြဋ္ဌာန်းကြောင်း တိုက်ရိုက် မဟောကြားသော်လည်း သဘောအားဖြင့် ရအပ်သည်ပင် ဖြစ်၏။

## သမ္မာသတိ၏ သတ္တိထူး

ဝပ္ပသည် မြတ်စွာဘုရား သွန်သင်ပြသတော်မူသည့်အတိုင်း ဒွါရခြောက်ပါးတို့၌ ထင်လာသော ရုပ်နာမ်အာရုံများကို ပေါ်ရာပေါ်ရာ ပစ္စုပ္ပန် တည့်တည့် ရှုမှတ်၏။ ထိုသို့ ရှုမှတ်ရာတွင် အရေးအကြီးဆုံး မဂ္ဂင်မှာ သမ္မာသတိမဂ္ဂင် ဖြစ်၏။ မည်သည့် ဝိပဿနာ အာရုံမဆို သမ္မာသတိမဂ္ဂင်က ယူပေးမှ ရသည်ဖြစ်ရာ ကျန်မဂ္ဂင်တရားများသည် သမ္မာသတိမဂ္ဂင်ကို မှီရသည်ချည်း ဖြစ်၏။ သမ္မာသတိမဂ္ဂင်ထိုက်သော 'သတိ' စေတသိက်သည် 'အပ္ပမာဒ' သဘောကို ဆောင်ရွက်ရာတွင် အကုသိုလ်ဒုစရိုက် သဘောများ ပါဝင် ပတ်သက်ခြင်း မရှိရလေအောင် ဆောင်ရွက်ပေး၏။

အကုသိုလ် ဒုစရိုက်မှ ကင်းခြင်းသည် 'သီလ'သဘော ဖြစ်၏။ ထို့ကြောင့် သမ္မာသတိမဂ္ဂင် အားကောင်းလာသည်နှင့်အမျှ သီလမဂ္ဂင်သည် တဖြည်းဖြည်း စင်ကြယ်လာ၏။

သီလမဂ္ဂင် တဖြည်းဖြည်း စင်ကြယ်လာခြင်း ဟူသည်မှာ ရုပ်နာမ်တရားများ၏ ဖြစ်ပျက်ကို ရှုမှတ်ရာတွင် သီလမဂ္ဂင်သုံးပါးသည် ယှဉ်ဖော်ယှဉ်ဖက် အနေဖြင့် တိုက်ရိုက်ပါဝင်ခြင်း မရှိဘဲ ပညာမဂ္ဂင်နှစ်ပါးနှင့် သမာဓိမဂ္ဂင်သုံးပါး၊ စုစုပေါင်း လောကီမဂ္ဂင် ငါးပါးတို့သာ ယှဉ်ဖော်ယှဉ်ဖက် အနေဖြင့် တိုက်ရိုက်ပါဝင်ခြင်း ရှိသော်လည်း မိမိတို့ ကိစ္စကို ဆောင်ရွက်ရာ၌ သမ္မာသတိ မဂ္ဂင်ကြောင့် ဒုစရိုက်သဘော မပါဝင်ရလေအောင် မိမိတို့ကိစ္စကို မိမိတို့ နိုင်နိုင်နင်းနင်း ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြတ်စွာဘုရား လက်ထက်တော်အခါက အချို့သော ပုဂ္ဂိုလ်များသည် မြတ်စွာဘုရား၏ တရားဒေသနာကို နာယူရင်း သီလသိက္ခာပုဒ်တော်များကို အထူးဆောက်တည်ရခြင်း မရှိဘဲ အပ္ပမာဒ အမည်ရသော သမ္မာသတိမဂ္ဂင်ကြောင့် အလိုလိုစင်ကြယ်ပြီး သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကာ အရိယာအဖြစ်သို့ ရောက်သွားခြင်း ဖြစ်၏။

အခြားမဂ္ဂင်များ အနေဖြင့် အယုတ်အလျော့နှင့် အပိုအမို ရှိနိုင်သော်လည်း သမ္မာသတိမဂ္ဂင် အနေဖြင့်မူ အပိုအမိုဟူ၍ မရှိ။ အယုတ်အလျော့သာ ရှိနိုင်၏။ ထို့ကြောင့် သတိဟူသည် အပိုမရှိ၊ အလိုသာ ရှိသည်ဟု ဆိုခြင်း ဖြစ်၏။

အမှန်အားဖြင့် သတိသည် ရင့်ကျက်လာသောအခါ ပုဂ္ဂိုလ်၏ ကြောင့်ကြစိုက်မှု ပုဂ္ဂလဗျာပါရကို လွန်ပြီး၊ ဓမ္မအနေဖြင့် ကြောင့်ကြစိုက်မှု ဓမ္မဗျာပါရအဆင့်သို့ ရောက်ပြီး ဉာဏ်သမ္ပဇဉ်နှင့် ယှဉ်တွဲလာ၏။ ထိုအခါ သတိသည် သမာဓိမဂ္ဂင်ကို စောင့်ရှောက်၏။

သတိက သမာဓိမဂ္ဂင်ကို စောင့်ရှောက်ခြင်းဟူသည် သမာဓိမဂ္ဂင်တွင် ပါဝင်သော သတိက ဆိုင်ရာ ရုပ်နာမ်အာရုံများကို စိတ်၌ အလိုလို ထင်လာအောင် ဆောင်ရွက်၏။ ယင်းကို 'ဥပဋ္ဌာနဘာဝနာ'ဟု ဆို၏။

ဝီရိယက ဆိုင်ရာ ယှဉ်ဖော်ယှဉ်ဖက် တရားများကို အားလျော့မသွားအောင် ထောက်ပံ့၏။ ယင်းကို 'ပဂ္ဂဟဘာဝနာ'ဟု ဆို၏။ သမာဓိက ယှဉ်ဖော်ယှဉ်ဖက် တရားများကို ပျံ့လွင့်မသွားအောင်၊ ဆိုင်ရာအာရုံ၌ ငြိမ်သက်စွာ တည်နေအောင် ဆောင်ရွက်၏။ ယင်းကို 'အဝိက္ခေပဘာဝနာ'ဟု ဆို၏။ ဤသို့လျှင် သမာဓိမဂ္ဂင်၌ ပါဝင်သော သတိ၊ ဝီရိယ၊ သမာဓိတို့က မိမိတို့၏ သီးခြားကိစ္စများကို ဆောင်ရွက်ရင်း အများဆိုင်ရာ ကိစ္စဖြစ်သော အာရုံကိစ္စ တစ်ခုတည်း၌ စိတ်အစဉ်ကို ထပ်ကာထပ်ကာဖြစ်အောင် ထားနိုင်ခြင်း ကိစ္စကိုလည်း စုပေါင်းဆောင်ရွက်ကြ၏။

မဂ္ဂင်ရှစ်ပါးတွင် သတိသည် သီလမဂ္ဂင်ကိုလည်း စောင့်ထိန်း၏။





သမာဓိမဂ္ဂင်ကိုလည်း စောင့်ထိန်း၏။ ပညာမဂ္ဂင်ကိုလည်း စောင့်ထိန်း၏။ သီလမဂ္ဂင်ကိုဖြစ်စေ၊ သမာဓိမဂ္ဂင်ဖြစ်စေ၊ ပညာမဂ္ဂင်ဖြစ်စေ၊ မိမိတို့ဆိုင်ရာ အာရုံများကို သတိက ယူပေးမှ ရ၏။ သတိသည် မသိရသေးသော အာရုံ အသစ်သစ်များကိုလည်း သမ္မာဒိဋ္ဌိအတွက် ယူပေးရ၏။ သိပြီးသား အာရုံ အဟောင်း အဟောင်းများကိုလည်း ကျန်မဂ္ဂင်များအတွက် မိမိတို့အနေဖြင့် ပွားနိုင်စိမ့်သောငှာ၊ ကြိမ်ဖန်များစွာ ပြုနိုင်စိမ့်သောငှာ ယူပေးရပြန်၏။

ထို့ကြောင့် ဝိပဿနာ အားထုတ်သော မည်သည့်ယောဂီမဆို ဝိပဿနာ ရှုမှတ်ရာတွင် သတိဖြင့် စရခြင်း ဖြစ်၏။ သတိရင့်ကျက်လာလျှင် သမ္ပဇဉ် ပါဝင်လာပြီး သမာဓိကို ထူထောင်နိုင်လာ၏။ ထိုအခါ ဝိပဿနာကို အဟန့်အတားပြုနိုင်သော နီဝရဏ တရားများကို ပယ်ခွာနိုင်၏။ နီဝရဏ တရားများ ကင်းဝေးပါမှ လောကီမဂ္ဂင်တရားများသည် ယောဂီတို့၏ ဒွါရ ခြောက်ပါး၌ ထင်လာသော အာရုံများကို ပစ္စုပ္ပန်ကျကျ ရှုမှတ်နိုင်မည် ဖြစ်၏။ ထို့ကြောင့် သတိနှင့် သမ္ပဇဉ်သည် နီဝရဏ တရားများကိုလည်း ပယ်ခွာနိုင်၏၊ ဝိပဿနာ ဘာဝနာကိုလည်း တိုးပွားစေနိုင်၏ ဟူ၍ ဆိုခြင်း ဖြစ်၏။ အမှန်အားဖြင့် နီဝရဏ ကင်းသည်နှင့်အမျှ ဝိပဿနာသည် တိုးပွား၏။

ဝပ္ပသည် အာနာပါနကို မူလကမ္မဋ္ဌာန်းအဖြစ် ထားပြီး ဒွါရခြောက်ပါး၌ ထင်လာသော အာရုံများကို ရှုမှတ်၏။ ထိုသို့ ရှုမှတ်ရာတွင် အာရုံပိုင်းဘက်မှ အဆင်း-အသံ-အနံ့-အရသာ-အထိအတွေ့-ဓမ္မဟူ၍ ခြောက်မျိုး ရှိ၏။ ဒွါရပိုင်းဘက်မှ မျက်စိ-နား-နှာ-လျှာ-ကိုယ်-မနဟူ၍ ခြောက်မျိုး ရှိ၏။ သိမှုပိုင်းဘက်မှ မြင်သိ-ကြားသိ-နံသိ-စားသိ-ထိသိ-တွေးကြံသိ ဟူ၍ ခြောက်မျိုးရှိပြန်၏။ အမျိုးအမည်အားဖြင့် အားလုံးစုစုပေါင်း (၁၈)မျိုး ရှိ၏။ အစုံအားဖြင့် သုံးမျိုးတစ်စုံအရ ခြောက်စုံရှိ၏။

အဆင်းနှင့်မျက်စိ တိုက်ဆိုင်သောအခါ မြင်သိစိတ် ဖြစ်၏။ အသံနှင့် နား တိုက်ဆိုင်သောအခါ ကြားသိစိတ် ဖြစ်၏။ အနံ့နှင့်နှာခေါင်း တိုက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ နံသိစိတ် ဖြစ်၏။ အရသာနှင့်လျှာ တိုက်ဆိုင်သောအခါ စားသိစိတ် ဖြစ်၏။ အထိအတွေ့နှင့် ကိုယ်ခန္ဓာ တိုက်ဆိုင်သောအခါ ထိသိစိတ် ဖြစ်၏။ ဓမ္မနှင့် မန တိုက်ဆိုင်သောအခါ တွေးကြံသိစိတ် ဖြစ်၏။

ဤနေရာ၌ ဓမ္မဟူသည် ဓမ္မာရုံဖြစ်၏။ ဓမ္မာရုံသည် အကြည်ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်–စေတသိက်–နိဗ္ဗာန်–ပညတ်ဟူ၍ ခြောက်မျိုးရှိ၏။ ဤ၌ ဝိပဿနာအရာ ဖြစ်သောကြောင့် နိဗ္ဗာန်နှင့် ပညတ်ကို မဆိုလိုဘဲ ကျန်လေးမျိုးကိုသာ ဆိုလို၏။ မနဟူသည် မနောဒွါရခေါ် ဘဝင်စိတ်ဖြစ်၏။ ဤသို့ 'သုံးမျိုးတစ်စုံ' တွဲလိုက်လျှင် စုစုပေါင်း ခြောက်စုံရ၏။

ဘဝ၌ မွေးသည်မှ သေသည်အထိ ခဏတိုင်း ခဏတိုင်း ဖြစ်နေ ပျက်နေသော တရားများကို ရေတွက်လိုက်လျှင် အားလုံးပေါင်း ခြောက်စုံသာ ရှိ၏။ ယင်းခြောက်စုံသည်လည်း တစ်ပြိုင်နက် ဖြစ်သည် မဟုတ်။ တစ်စုံ ပြီးမှ တစ်စုံဖြစ်ခြင်းသာ ဖြစ်၏။

မြတ်စွာဘုရားက ဝပ္ပအား "သင်၏ ခန္ဓာကိုယ်က သင့်အား လာ လှည့်–ကြည့်လှည့်၊ ဤတရား ခြောက်စုံတို့တွင် တစ်စုံစုံသည် ခဏတိုင်း ခဏတိုင်း ဖြစ်နေ၏။ ဖြစ်ပြီးနောက် ပျက်သွား၏။ ဤခန္ဓာကိုယ်သည် ဒြပ်အစိုင်အခဲကြီး မဟုတ်၊ အမြဲတစေ ဖြစ်ပျက်နေသော ဒြပ်မဲ့၊ အစိုင်အခဲ ပရမတ္ထ တရားအစုသာ ဖြစ်၏။ မြင်အောင်ကြည့်၊ ဤသို့ ဖိတ်ခေါ်လျက် ရှိ၏။ ခန္ဓာကိုယ်က ဖိတ်ခေါ်သည့်အတိုင်း မြင်အောင် ကြည့်ပါလော့" ဟု သွန်သင်၏။

## အမြင်မျက်စိကို ရပြီ

ဝပ္ပသည် မြတ်စွာဘုရား သွန်သင်သည့်အတိုင်း မိမိ ခန္ဓာကိုယ်၏ ဒွါရ ခြောက်ပါး၌ ထင်လာသော တရားအစုံ ခြောက်စုံတို့အနက် ပေါ်ရာ ပေါ်ရာ အစုံနှင့် ယင်းတို့၏ ဖြစ်ပျက်ကို ရှု၏။

အဆင်းနှင့်မျက်စိတို့ တိုက်ဆိုင်ရာမှ မြင်သိစိတ် ဖြစ်ပေါ်လာလျှင်





အဆင်းကိုလည်း အဆင်းရုပ်မှန်းသိအောင် ရှု၏။ ထို့နောက် အဆင်းရုပ် ဖြစ်ပြီး ပျက်သွားသည်ကိုလည်း သိအောင် ရှု၏။ မျက်စိကိုလည်း မျက်စိ အကြည်ရုပ်မှန်း သိအောင် ရှု၏။ ထို့နောက် မျက်စိအကြည်ရုပ် ဖြစ်ပြီး ပျက်သွားသည်ကိုလည်း သိအောင် ရှု၏။ မြင်သိစိတ်ကိုလည်း မြင်သိစိတ် နာမ်မှန်း သိအောင် ရှု၏။ ထို့နောက် မြင်သိစိတ် ဖြစ်ပြီး ပျက်သွားသည် ကိုလည်း သိအောင် ရှုပါ။

မြင်–သိစိတ်က မြင်သည်ကို 'ငါ' မြင်သည်ဟူ၍ 'ငါ'ကို အပိုမထည့် မိအောင် 'သတိ'ပြု၏။ ထို 'သတိ'မျိုးသည်သာ 'အပ္ပမာဒ' အမည် ရ၏။ အပ္ပမာဒ မည်သော သတိဖြင့် ရှုမှတ်၏။

ထိုသို့ ရှုမှတ်ရာတွင် အစပထမ၌ ဝပ္ပသည် မိမိ၏ ဒွါရခြောက်ပါး၌ ထိုက်သင့်သလို ထင်လာသော အာရုံများကို ထင်တိုင်း ထင်တိုင်း မသိ။ နီဝရဏ တရားများ၏ ဖုံးကွယ်မှုကြောင့် မသိလိုက်သော အခါများလည်း ရှိ၏။

သို့ရာတွင် ဝပ္ပသည် မလျော့သောဇွဲဖြင့် ဆက်၍ ဆက်၍ ရှုသော အခါ သတိအားကောင်းပြီး သိလစင်ကြယ်မှုကို ဖြစ်စေရင်း သမ္မဇဉ်နှင့် ယှဉ်တွဲကာ သမာဓိကို ခိုင်ခံ့အောင် ထောက်ပံ့မိသောအခါ မိမိ၏ ဒွါရများ၌ ထိုက်သင့်သလို ထင်လာသော အာရုံများကို ထင်တိုင်းလိုလို သိလာ၏။ ရှုမှတ်နိုင်လာ၏။ အကယ်၍ နီဝရဏ တရားများက ဖုံးကွယ်လိုက်လျှင် လည်း ယင်းနီဝရဏ တရားများကိုပါ ရှုစရာ ဓမ္မာရုံအနေဖြင့် နီဝရဏတရား မှန်း သိအောင် ရှု၏။ ယင်းတို့၏ ဖြစ်ပျက်ကိုလည်း သိအောင် ရှု၏။ ထိုအခါ နီဝရဏ တရားများသည်လည်း အန္တရာယ်အဖြစ် အဟန့်အတား မလုပ်နိုင်တော့ဘဲ ဝိပဿနာ၏ အရှုခံ ဓမ္မာရုံအဖြစ် ဝပ္ပအား ကျေးဇူးပြု လေ၏။

ဝပ္ပသည် ဝိပဿနာနှင့် ပတ်သက်၍ အကန်းဘဝမှ ယခု မျက်စိ အမြင် ရခဲ့ပြီ။ ထိုမျက်စိအမြင်ကား ဉာဏ်မျက်စိအမြင် ဖြစ်၏။ ဝပ္ပသည်



www.burmeseclassic.com

www.burmeseclassic.com



အဆင်း–မျက်စိ–မြင်သိစိတ် ဟူသော ပထမအစုနှင့် ယင်းတို့၏ ဖြစ်ပျက်ကို မြင်အောင်၊ သိအောင် ရှုနိုင်သကဲ့သို့ အသံ–နား–ကြားသိစိတ် စသော အခြား အာရုံအစုများနှင့် ယင်းတို့၏ ဖြစ်ပျက်များကိုလည်း ဉာဏ်မျက်စိဖြင့် မြင် အောင်၊ သိအောင် ရှုနိုင်ပြီ။

မြတ်စွာဘုရား ညွှန်ကြားတော်မူသည့်အတိုင်း ဝပ္ပသည် မိမိ၏ ဒွါရ ခြောက်ပါး၌ ထိုက်သင့်သလို ထင်လာသော အာရုံများကို လက်တွေ့အား ဖြင့် ရှုသောအခါ အားလုံးသော လောကီပရမတ္ထတရား ဟူသမျှသည် အရှုခံ သဘောသို့ ရောက်သည်ချည်း ဖြစ်ကြောင်း တွေ့ရ၏။

လောကီ စိတ်–စေတသိက်များ မဆိုထားနှင့်၊ လောကုတ္တရာ စိတ်– စေတသိက်များပင် ပစ္စဝေက္ခဏာဝီထိ၏ အရှုခံသဘောသို့ ရောက်ရ၏။ သို့ရာတွင် လောကုတ္တရာ စိတ်–စေတသိက်များသည် ဝိပဿနာ၏ အာရုံ မဟုတ်။ ပစ္စဝေက္ခဏာ၏ အာရုံသာ ဖြစ်နိုင်၏။ ထို့ကြောင့် အရှုခံဟု ဆိုသော်လည်း တကယ်တမ်း အရှုခံ မဟုတ်။ ဖြစ်တတ်–ပျက်တတ်သော သင်္ခါရ သဘောအရ လောကုတ္တရာ စိတ်–စေတသိက်များသည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ကြောင်း ဖော်ပြလို၍ အာရုံသဘောကိုပင် အရှုခံဟု ဆိုခြင်း ဖြစ်၏။

အစပထမ၌ ဝပ္ပသည် မိမိ၏ ဒွါရခြောက်ပါး၌ ထိုက်သင့်သလို ထင်လာသော အာရုံတရားများနှင့် ယင်းတို့၏ ဖြစ်–ပျက်ကိုသာ မြင်၏။ ထိုအခါ အရှုခံ တရားများသာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ကြောင်း ပေါ်လွင်၏။ ရှုတတ်သော လောကီမဂ္ဂင်တရား ငါးပါးအနေဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ကြောင်း မပေါ်လွင်ချေ။

နောက်ပိုင်းရောက်မှ "ရှုတတ်သော လောကီမဂ္ဂင်" တရားများသည် လည်း တစ်ဖန် အရှုခံ အာရုံအဖြစ်သို့ ရောက်သွားကာ ဖြစ်ပျက်သဘောအရ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ကြောင်း ပေါ်လွင်လာရ၏။ ထိုအခါမှသာ အရှုခံ တရားရော၊ ရှုတတ်သော တရားရော နှစ်မျိုးလုံး ဖြစ်ပျက်သဘောအရ





အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ကြောင်း ဝပ္ပသည် သိမြင်လာ၏။ ထို့ကြောင့် ပရမတ္ထတရား ဟူသမျှ၌ ခိုင်မြဲသော 'ငါ' ဟူသည် မရှိဟု ကိုယ်တိုင်ကိုယ်ကျ သိမြင်လာ၏။

အားလုံး ဖြစ်ပျက်ချည်း ဖြစ်သဖြင့် ဝပ္ပသည် သက္ကာယဒိဋ္ဌိကို ပယ်နိုင် လာ၏။ အဖြစ်ကို ကိုယ်တိုင်ကိုယ်ကျ မြင်လာသဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင် လာ၏။ အပျက်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ မြင်လာသဖြင့် သဿတဒိဋ္ဌိ ကို ပယ်နိုင်လာ၏။ ဤသို့ ဒိဋ္ဌိများကို ပယ်ရာ၌ မြစ်ပြတ်ပယ်ခြင်းမျိုးကား မဟုတ်သေးချေ။ ဒိဋ္ဌိများကို ဝိပဿနာဉာဏ်ဖြင့် မြစ်ပြတ်မပယ်နိုင်ဘဲ မဂ်ဉာဏ်ဖြင့်သာ မြစ်ပြတ်ပယ်နိုင်သောကြောင့် ဝပ္ပသည် ပုထုဇဉ်အနွယ်ကို မလွန်မြောက်နိုင်သေးသဖြင့် ဝိပဿနာရှုစဉ် ကာလ၌ ဒိဋ္ဌိများကို ပါးအောင် လုပ်သည့် အဆင့်သာ ရှိသေး၏။ ထိုထက် မပိုသေးချေ။

လောကအတွေ့အကြုံအရ အရာဝတ္ထုတစ်ခု တကယ်ဟုတ်–မဟုတ် ကို 'သိစိတ်'ဖြင့် အာရုံပြုပြီး 'သိ'ကြည့်ရ၏။ 'သိ' ကြည့်၍ရလျှင် ထိုအရာ ဝတ္ထု ဟုတ်ကြောင်း ယုံကြည်စွာ လက်ခံ၏။ တစ်ဖန် အရာဝတ္ထုကို 'သိ' ကြည့်သော 'သိစိတ်'သည် တကယ်ဖြစ်–မဖြစ်ကို 'နောက်သိစိတ်'ဖြင့် 'သိ' ကြည့်ရပြန်၏။ 'သိ' ကြည့်ရလျှင် တကယ်ဖြစ်၏။

ဤနည်းအရ ဝပ္ပသည် မိမိ၏ ဒွါရခြောက်ပါး၌ ထိုက်သင့်သလို ထင်လာသော အာရုံတရားများနှင့် ယင်းတို့၏ ဖြစ်ပျက်များသည် တကယ် ဟုတ်–မဟုတ် လောကီမဂ္ဂင်တရား ငါးပါးဖြင့် အာရုံပြု၍ သိကြည့်ရ၏။ လောကီမဂ္ဂင်တရား ငါးပါးဖြင့် အာရုံပြု၍ သိနိုင်သောအခါ ဝပ္ပ၏ ဒွါရ ခြောက်ပါး၌ ထိုက်သင့်သလို ထင်လာသော အာရုံတရားများနှင့် ယင်းတို့၏ ဖြစ်ပျက်များ တကယ်ဟုတ်မှန်ကြောင်း ဝပ္ပသည် သိ၏။

တစ်ဖန် လောကီမဂ္ဂင်တရား ငါးပါးသည်လည်း တကယ်ပင် ဖြစ် ပေါ်ခဲ့ပါရဲ့လား ဟူ၍ သိနိုင်ရန် နောက်လောကီမဂ္ဂင်တရား ငါးပါးက နောက်စိတ် အနေဖြင့် ရှေးလောကီမဂ္ဂင်တရား ငါးပါးကို အာရုံပြု၍



www.burmeseclassic.com

www.burmeseclassic.com



ရှုမှတ်ရပြန်၏။ ထိုသို့ ရှုမှတ်သောအခါ ရှေးလောကီမဂ္ဂင် ငါးပါးနှင့် ယင်းတို့၏ ဖြစ်ပျက်ကို မြင်ရပြန်၏။ ထိုအခါ ရှေးလောကီမဂ္ဂင်တရား ငါးပါးသည် တကယ်ပင် ဖြစ်ခဲ့ကြောင်း ဝပ္ပသည် သိမြင်လာ၏။

ဤနည်းအားဖြင့် ဝိပဿနာရှုရာ၌ ဝပ္ပသည် အာရုံနှင့် အာရမ္မဏိကတို့ကို အတွဲလိုက် အတွဲလိုက် သိလာ၏။ ယင်းတို့၏ ဖြစ်-ပျက်ကိုလည်း သိလာ၏။ ထိုသို့ သိလာသဖြင့်သာ အာရုံဖြစ်ဖြစ်၊ အာရမ္မဏိက ဖြစ်ဖြစ် မည်သည့်တရား၌မျှ အနိုင်အမာ 'ငါ' ဟူသော 'အတ္တ' တရားမည်သည် မရှိကြောင်း ဝပ္ပက ကိုယ်တွေ့ ဉာဏ်မြင်အရ သိလာခြင်း ဖြစ်၏။

## ကူးတို့ဖောင် အမျိုးမျိုး

ဝပ္ပသည် မဂ္ဂင်ဖောင်ကို ရလေပြီ။ ထိုမဂ္ဂင်ဖောင်ဖြင့် သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ သွားရန်သာ ကျန်တော့၏။ သို့ရာတွင် ဝပ္ပ ရသော မဂ္ဂင်ဖောင်ကား လောကီမဂ္ဂင်ဖောင်သာ ဖြစ်သေး၍ သိပ်ပြီး ခိုင်ခံ့လှသည်တော့ မဟုတ်။

ဒါရုက္ခန္ဓောပမသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူထားသည့် အတိုင်း မခိုင်ခံ့သေးသော ဖောင်တို့၏ ဓမ္မတာအရ ဟိုဘက်ကမ်းသို့ ကပ်သွားပြီး ရှေ့ဆက်မသွားနိုင်သည်လည်း ရှိ၏။ သည်ဘက်ကမ်း ကပ်သွားပြီး ရှေ့ဆက်မသွားနိုင်သည်လည်း ရှိ၏။ စုံးစုံးမြုပ်သွားပြီး ရှေ့ဆက်မသွားနိုင်သည်လည်း ရှိ၏။ ရေလယ်ကောင်း၌ သောင်တင်ပြီး ရှေ့ဆက်မသွားနိုင်သည်လည်း ရှိ၏။ ဝဲစုပ်၍ မြုပ်သွားပြီး ရှေ့ဆက်မသွားနိုင်သည်လည်း ရှိ၏။ လူများက ဆယ်ယူသွားသဖြင့် ရှေ့ဆက်မသွားနိုင်သည်လည်း ရှိ၏။ နတ်များက ဆယ်ယူသွားသဖြင့် ရှေ့ဆက်မသွားနိုင်သည်လည်း ရှိ၏။ ဖောင်တစ်ခုလုံး ပျက်စီးသွားသဖြင့် ရှေ့ဆက်မသွားနိုင်သည်လည်း ရှိ၏။

ဝပ္ပ၏ မဂ္ဂင်ဖောင်သည် ဤအန္တရာယ်ရှစ်မျိုးနှင့် ရင်ဆိုင်ရန် ရှိ၏။ ထို့ကြောင့် ဝပ္ပသည် သူ၏ မဂ္ဂင်ဖောင်ကို ဤအန္တရာယ်ရှစ်မျိုးမှ လွတ်ကင်း





စွာ ကွင်းရှောင်သွားနိုင်အောင် ဆောင်ရွက်ရမည် ဖြစ်၏။ သို့မှသာ သူ၏ မဂ္ဂင်ဖောင်သည် နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းစွာ သွားရောက်နိုင်မည် ဖြစ်၏။

ဝပ္ပသည် သူ၏ ဒွါရခြောက်ပါး၌ ထိုက်သင့်သလို ထင်လာသော အာရုံများတွင် သာယာဖွယ် အာရုံများကိုလည်း တွေ့ရမည်။ မသာယာဖွယ် အာရုံများကိုလည်း တွေ့မည်။ ထိုသို့ တွေ့သောအခါ သာယာဖွယ်နှင့် မသာယာဖွယ် အာရုံများ၏ ဖြစ်ပျက်ကို မရှုမှတ်ဘဲ သာယာဖွယ် အာရုံ၌ သာယာပြီး မသာယာဖွယ် အာရုံ၌ စိတ်နှလုံး မချမ်းမသာဖြစ်မည် ဆိုလျှင် ဝပ္ပ၏ မဂ္ဂင်ဖောင်သည် ဟိုမှာဘက်ကမ်းသို့ ကပ်သွားပြီး ရှေ့ဆက်မသွားနိုင်သည် မည်၏။

အမှန်အားဖြင့် တရားရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ ဒွါရခြောက်ပါး၌ ထိုက်သင့်သလို သာယာဖွယ် အာရုံများလည်း ထင်ချင်လျှင် ထင်လာမည်။ မသာယာဖွယ် အာရုံများလည်း ထင်ချင်လျှင် ထင်လာမည်။ မည်သည့်အာရုံထင်ထင် ကိစ္စမရှိ။ ပုထုဇဉ်များ အနေဖြင့် ပုထုဇဉ်များ၏ ဓမ္မတာအတိုင်း အာရုံများသည် ထင်ချင်သလို ထင်လာမည်သာ ဖြစ်၏။ ထိုသို့ ထင်လာသည့်အတွက် အနှောင့်အယှက် ဖြစ်စရာ မလို။ ယင်းတို့၏ ဖြစ်ပျက်ကိုသာ မြင်အောင်ရှုရမည် ဖြစ်၏။ ဖြစ်ပျက်ကို မြင်လျှင် သာယာခြင်းလည်း ဖြစ်မည် မဟုတ်။ စိတ်နှလုံး မချမ်းသာခြင်းလည်း ဖြစ်မည် မဟုတ်။

ထိုသို့ မဖြစ်လျှင် မဂ္ဂင်ဖောင်သည် ဟိုမှာဘက်ကမ်း၌ ကပ်သွားရာ မရောက်။ နိဗ္ဗာန်ဆီသို့သာ တိုက်ရိုက်ဦးတည်၍ သွားရာ ရောက်၏။

တရားရှုမှတ်သောအခါ အာရုံထင်ရာ မျက်စိ-နား-နှာ စသော ဒွါရများနှင့် ပတ်သက်၍လည်း "ငါ့မျက်စိ သိပ်ကောင်းတယ်၊ ငါ့စိတ် သိပ်ကြည်လင်တယ်" စသည်ဖြင့် သာယာခြင်းလည်း ဖြစ်တတ်၏။ သို့မဟုတ် "ငါ့မျက်စိ မကောင်းဘူး၊ ငါ့စိတ် မကြည်လင်ဘူး" စသည်ဖြင့် စိတ်နှလုံး မချမ်းသာခြင်းလည်း ဖြစ်တတ်၏။ ယင်းသို့ဖြစ်လျှင် မဂ္ဂင်ဖောင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဤမှာဘက်ကမ်းသို့ ကပ်သွားပြီး ရှေ့ဆက်မသွားနိုင်သည် မည်၏။ ထို့ကြောင့် ဒွါရများနှင့် ပတ်သက်၍ ရှုရာ၌လည်း ဖြစ်ပျက်ကိုသာ မြင်အောင် ရှုရ၏။ ဖြစ်ပျက်ကို မြင်မှ တပ်မက်ခြင်း 'အဘိဇ္ဈာ'၊ စိတ်နှလုံးမချမ်းသာခြင်း 'ဒေါမနဿ'တို့ကို လွန်မြောက်ပြီး နိဗ္ဗာန်သို့ ဦးတည်သွားသည် မည်၏။

အမှန်အားဖြင့် တပ်မက်ခြင်း 'အဘိဇ္ဈာ'နှင့် စိတ်နှလုံး မချမ်းသာခြင်း 'ဒေါမနဿ'တို့သည် ကမ်းခြေမည်၏။ ကမ်းခြေ၌ ဆိုက်ကပ်မိပါက ရှေ့ဆက်၍ သွားရန် မဂ္ဂင်ဖောင်အတွက် ခက်၏။

## အထင်ကြီးလာတတ်ခြင်း

တစ်ခါတစ်ရံ မိမိ၏ ရှုမှတ်စိတ်သည် အလွန်အားကောင်းပြီး အလင်းရောင်-ပီတိ-ငြိမ်းအေးမှု 'ပဿဒ္ဓိ'၊ 'ဆုံးဖြတ်နိုင်မှု'၊ 'သဒ္ဓါ' (အဓိမောက္ခ) စသော ဝိပဿနာ ညစ်ညူးကြောင်း တရားများသည် ထူးထူးခြားခြား ဖြစ်ပေါ်လာတတ်၏။ ထိုအခါ မိမိ၏ ရှုမှတ်စိတ် လောကီမဂ္ဂင်များ၌ အားရ ကျေနပ်တတ်၏။ ရှေး၌ မဖြစ်ဖူးမြဲ ထူးကဲသော ဖြစ်ရပ်များကြောင့် မဂ်ဖိုလ် ရပြီဟုပင် ထင်မှားတတ်၏။

သို့ဖြစ်၍ ဤအဆင့်၌ မိမိ၏ မဂ္ဂင်ဖောင်ကို ဖက်တွယ်ထားလို၏။ ဤသဘောကို တပ်မက်မှု 'နိကန္တိ'ဟူ၍ ဆိုရ၏။ ဤသို့ဖြစ်လျှင် မဂ္ဂင်ဖောင်သည် စုံးစုံးမြုပ်ပြီး ရှေ့ဆက်မသွားနိုင်သည် မည်၏။ ဤအဆင့်ကို ကျော်လွန်ပါမှ နိဗ္ဗာန်သို့ ဦးတည်ရာ ရောက်၏။

မိမိ၏ ရှုမှတ်စိတ်များသည် အလွန်အားကောင်းပြီး အတိုင်းထက်အလွန် ထူးခြားလာသောအခါ မိမိ၏ ရှုမှတ်စိတ်ပေါ်၌ အထင်ကြီးလာ၏။ "ပြီးပြည့်စုံပြီ၊ လမ်းဆုံးရောက်ပြီ"ဟု ထင်မှားလာ၏။ မိမိ၏ သန္တာန်၌ ကိလေသာများ ငုပ်လျှိုးနေသည်ကို မြစ်ပြတ်ပယ်သတ်ပြီးဟု ထင်လာ၏။ ရောဂါဒဏ်ကို မခံနိုင်သောကြောင့် မိမိ၏ လည်ပင်းကို သင်တုန်းဓားဖြင့်





ဖြတ်၍ အဆုံးစီရင်သော ဂိဒ္ဓကုဋ်တောင်ခြေ၌ သီတင်းသုံးနေသူ ဆန္နမထေရ်ကဲ့သို့ မိမိ၏ မဂ္ဂင်အပေါ်၌ အထင်ကြီးမှု၊ မိမိအပေါ်၌ အထင်ကြီးမှု ဟူသော မာနသည် ဖြစ်တတ်၏။ ထိုကဲ့သို့ဖြစ်လျှင် မဂ္ဂင်ဖောင်သည် ရေလယ်ကောင်သောင်ပေါ်၌ တင်ပြီး ရှေ့ဆက်မသွားနိုင်သည် မည်၏။ ထိုသဘောကို ကျော်လွန်နိုင်မှ မဂ္ဂင်ဖောင်သည် နိဗ္ဗာန်သို့ ဦးတည်ပြီး သွားရာ ရောက်၏။

ယောဂီပုဂ္ဂိုလ်များ အနေဖြင့် တရားအားထုတ်ရာတွင် မိမိတို့၏ ရှုမှတ်စိတ်သည် အလွန်အားကောင်းလာသောအခါ အရိယာအဆင့်သို့ မရောက်သေးစေကာမူ မိမိတို့၌ ထူးခြားသော သိက္ခာသုံးပါး ကိုယ်ကျင့်တရားများကြောင့် လာဘ်လာဘများ၊ ပူဇော်သက္ကာရများ၊ ကျော်စောမှုများသည် ပို၍ ပို၍ ဖြစ်ပေါ်လာကြ၏။ ယင်းတို့ကို ကာမဂုဏ်များဟု ဆို၏။ ထိုကာမဂုဏ်များ၌ သာယာလာ၏။

အမှန်အားဖြင့် ကာမဂုဏ်များသည် မာရ်မင်း၏ ပထမတပ် ဖြစ်၏။ ယင်းကို 'ဝဲ'ဟူ၍ ဤနေရာ၌ ဆိုရ၏။ ကာမဂုဏ်များ၌ သာယာခြင်းသည် ဝဲစုပ်၍ မြုပ်သွားပြီး ရှေ့ဆက်မသွားနိုင်ခြင်း မည်၏။ ထို့ကြောင့် ကာမဂုဏ်တို့၏ အပြစ်ကိုလည်းကောင်း၊ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၏ အကျိုးအာနိသင်ကို လည်းကောင်း မြင်အောင်ရှုနိုင်မှ မဂ္ဂင်ဖောင်သည် ဝဲစုပ်၍ မြုပ်မသွားနိုင်ဘဲ နိဗ္ဗာန်ဆီသို့ ဦးတည်ပြီး သွားရာရောက်၏။ ကာမဂုဏ်အန္တရာယ်ကား လွန်နိုင်ခဲသော အန္တရာယ်ဖြစ်၏။

တစ်ခါတစ်ရံ တွယ်တာစရာကောင်းသော တပည့်များ၊ ဒါယကာများ ရှိတတ်၏။ ထိုတပည့်များ၊ ဒါယကာများကို တွယ်တာနေခြင်းအားဖြင့် မိမိ၏ ရှုမှတ်စိတ်သည် အားလျော့၍ လျော့၍သွား၏။ အရှိန်နှေး၍ နှေး၍ သွား၏။ ထို့ကြောင့် တပည့်ဒါယကာများအား တွယ်တာခြင်းသည် လူများဆယ်ယူသွားသဖြင့် ရှေ့ဆက်မသွားနိုင်သည် မည်၏။

သို့ဆိုလျှင် သူတော်စင်ပုဂ္ဂိုလ်များသည် လောကကို မငဲ့ဘဲ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဆန်သော ပုဂ္ဂိုလ်မျိုးသဘောကို ဆောင်သလို ထင်ရ၏။ အမှန်အားဖြင့်ကား ထိုသို့ မဟုတ်။

တွယ်တာခြင်း ဟူသမျှသည် မိမိကိုယ်ကို ဗဟိုပြုသည်ချည်းဖြစ်၏။ မိမိကိုယ်ကို ဗဟိုပြုနေသမျှ လောကအကျိုးထက် မိမိအကျိုးကို ဦးစားပေးရာ ရောက်၏။

ထို့ကြောင့် တွယ်တာခြင်း မရှိလျှင် မိမိကိုယ်ကို ဗဟိုပြုခြင်းမရှိ။ မိမိကိုယ်ကို ဗဟိုမပြုလျှင် လောကကို ဗဟိုပြုရာ ရောက်၏။ လောကကို ဗဟိုပြုခြင်း ဟူသည်မှာ လောကအကျိုးကို မိမိ အကျိုးထက် ဦးစားပေး၍ ဆောင်ရွက်ခြင်းပင် ဖြစ်၏။

တွယ်တာခြင်းဟူသည် လောဘ၏အမည် ဖြစ်၏။ လောဘဖြစ်လာပါက မိမိအတွက် ရယူခြင်း၌သာ စိတ်ဝင်စား၏။ မတွယ်တာခြင်းဟူသည် အလောဘ၏ အမည်ဖြစ်၏။ အလောဘ ဖြစ်လာပါက သူတစ်ပါးအတွက် ပေးစွန့်ခြင်း၌ စိတ်ဝင်စား၏။

## နွားမ သေ ဥပမာ

နန္ဒကောဝါဒသုတ်၌ ပုထုဇဉ်နှင့် ရဟန္တာတို့၏ ခြားနားခြင်း 'နွားသေမ' 'နွားမသေ' ဥပမာဖြင့် ဤသို့ ဖော်ပြထား၏။ သေနေသော နွားမတစ်ကောင်၏ အသားနှင့် အရေပြားရှိ ထုံးဖွဲ့ထားသော အကြောများကို ထက်စွာသော ဓားဖြင့် လှီးဖြတ်၏။ ထို့နောက် ပုံမပျက် ပန်းမပျက် အနေအထားသို့ ရောက်အောင် အရေခွံကို ပြန်အုပ်ထား၏။ ထိုအခါ မူလ 'နွားသေမ'နှင့် ယခု 'နွားသေမ'တို့သည် အခြေအနေချင်း မတူတော့။

ဤဥပမာ၌ အသားဟူသည် အတွင်းအာယတန ခြောက်ပါးဖြစ်၏။ အရေဟူသည် အပြင်အာယတန ခြောက်ပါး ဖြစ်၏။ အသားနှင့် အရေကြားရှိ ထုံးဖွဲ့ထားသော အကြောများဟူသည် ကိလေသာများ ဖြစ်၏။ ထက်စွာသော ဓားဟူသည် အရဟတ္တမဂ် ဖြစ်၏။





ထို့ကြောင့် ပုထုဇဉ်များသည် ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အထုံးအဖွဲ့ ကိလေသာဖြင့် တွယ်တာကြ၏။ ရဟန္တာများမှာမူကား ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အထုံးအဖွဲ့ ကိလေသာကို ဖြတ်တောက်ပြီးဖြစ်သဖြင့် တွယ်တာမှု မရှိကြတော့။ ပုထုဇဉ်နှင့် ရဟန္တာတို့သည် ခန္ဓာငါးပါးရှိပုံချင်း တူကြသော်လည်း ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင်မူ များစွာခြားနားသွားကြလေပြီ။ ထို့ကြောင့် သူတော်စင်များသည် လောကကို ဆက်ဆံရာတွင် ကိုယ်ကျိုးကိုမငဲ့သော ဆက်ဆံနည်းဖြင့် ဆက်ဆံသူများဖြစ်ကြ၏။

တရားကို အားထုတ်ကြရာတွင် နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်ကို တောင့်တတတ်ကြ၏။ ထိုသို့ တောင့်တလျှင် မဂ္ဂင်ဖောင်ကို နတ်များက ဆွဲယူသွားသဖြင့် ရှေ့ဆက်မသွားနိုင်သည် မည်၏။ ထိုအန္တရာယ်သည်လည်း ယောဂီများအတွက် ဖြစ်တတ်သော အန္တရာယ်ပင် ဖြစ်၏။

မျက်စိနှင့်အဆင်း တိုက်ဆိုင်မှုကြောင့် 'မြင်သိစိတ်'ဖြစ်၏။ မြင်သိစိတ် ဖြစ်၍ မြင်ခြင်းကိုပင် 'ငါ' မြင်သည်ဟူ၍ 'ငါ'ကို အပိုထည့်လာ၏။ မြင်လျှင် မြင်ကာမျှဟု မသိ။ ထိုနည်းအတူပင် ဒွါရနှင့်အာရုံ တိုက်ဆိုင်မှုကြောင့် 'သိစိတ်များ' ဖြစ်ကြရာတွင် သိစိတ်များ ဖြစ်ကြသဖြင့် 'သိခြင်းများ' ဖြစ်ကြသည်ဟူ၍ မသိဘဲ 'ငါ'က သိသည်၊ 'သူ'က သိသည်ဟူ၍ 'ငါ' 'သူ'ကို အပိုထည့်လာ၏။

ထိုသို့ အပိုထည့်ခြင်းသည် အတ္တကို အပိုထည့်ခြင်းပင် ဖြစ်၏။ အတ္တကို အပိုထည့်သည်နှင့် တစ်ပြိုင်နက် အတ္တစိတ်လွန်ကဲကာ 'ဘယ်သူသေသေ ငတေမာ ပြီးရော"ဟူသော ခံယူချက် ဖြစ်ပေါ်လာပြီး မတရားသုံးတတ်လာ၏။ ထိုအခါ ကိုယ်ကျင့်သိက္ခာများ ပျက်စီးလေတော့၏။

ထို့ကြောင့် အတ္တကို အပိုထည့်နေသရွေ့ ကာလပတ်လုံး မည်သို့ပင် တရားအားထုတ်စေကာမူ မည်သည့်အခါမှ လောကုတ္တရာ တရားထူးကို ရောက်မည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အတ္တကို အပိုထည့်ခြင်းသည် ဖောင်တစ်ခုလုံး ပျက်စီးသွားသဖြင့် ရှေ့ဆက်မသွားနိုင်သည် မည်၏။ တစ်ခုလုံး ပျက်သွားမှတော့ နိဗ္ဗာန်ကမ်းဆီသို့ အဘယ်သို့လျှင် သွားနိုင်တော့မည်နည်း။ ထို့ကြောင့် ဝပ္ပသည် သူ၏မဂ္ဂင်ဖောင်ကို ဤအန္တရာယ်ရှစ်မျိုးမှ လွတ်ကင်းနိုင်ရေးအတွက် သတိကြီးစွာထား၍ စီးနင်းရ၏။ သတိဟူသည်မှာလည်း အပ္ပမာဒ အမည်ရသော သတိမျိုးဖြစ်စေရန် ဉာဏ်ဖြင့် ဆင်ခြင်ရ၏။ အပ္ပမာဒ အမည်ရပါမှ သမ္မာသတိမဂ္ဂင် ထိုက်၏။

ဝပ္ပသည် သမ္မာသတိမဂ္ဂင်ကို အားကောင်းအောင် ပွားများနိုင်သောအခါ၊ ကြိမ်ဖန်များစွာ ပြုနိုင်သောအခါ သူ၏ မဂ္ဂင်ဖောင်သည် ပို၍ပို၍ ခိုင်ခံ့လာသည်ကို တွေ့ရ၏။ အန္တရာယ်များမှ လွတ်မြောက်အောင် သွားနိုင်သည်ကိုလည်း တွေ့ရ၏။ ထို့ကြောင့် ဝပ္ပသည် သမ္မာသတိမဂ္ဂင်ကို ပွားသည်ထက် ပွားအောင် အားစိုက်ခွန်စိုက် ကြိမ်ဖန်များစွာ ပြုလေ၏။

## ဗုဒ္ဓကြွလာခြင်း အကြောင်းရင်း

ထိုစဉ်ကာလက မိဂဒါဝုန်တောသို့ မြတ်စွာဘုရားနှင့် ပဉ္စဝဂ္ဂီငါးဦး၊ စုစုပေါင်း သူတော်စင်ခြောက်ဦးသာ ရှိ၏။ ထိုနေ့တွင် ပဉ္စဝဂ္ဂီငါးဦးအနက် ကောဏ္ဍညာ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ၊ စုစုပေါင်း လေးပါးတို့က ဆွမ်းခံထွက်ကြ၏။ မြတ်စွာဘုရားနှင့် ဝပ္ပတို့သာ ကျန်ရစ်ခဲ့ကြ၏။ ထိုနေ့သည် မှတ်မှတ်ရရ အားဖြင့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ဖြစ်၏။

မြတ်စွာဘုရားနှင့် ဝပ္ပတို့ နှစ်ပါးတည်း ကျန်ရစ်ခဲ့ခြင်းမှာလည်း မြတ်စွာဘုရားက ဝပ္ပအား အရိယာအဖြစ်သို့ ရောက်အောင် တရားဟောတော်မူရန် တမင်ကျန်ရစ်ခြင်း ဖြစ်၏။ ပဉ္စဝဂ္ဂီငါးဦးလုံး အရိယာအဖြစ်သို့ ရောက်အောင် တရားဟောတော်မူရန် မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်မှ မိဂဒါဝုန်သို့ ကြွတော်မူလာခြင်း ဖြစ်သည် မဟုတ်ပါလား။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရား





သည် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာ ဒေသနာတော်ကို ဟောတော်မူရာ ပဉ္စဝဂ္ဂီ ငါးဦးအနက် ကောဏ္ဍညာ တစ်ဦးတည်းသာ သောတာပန်ဖြစ်၍ အရိယာအဖြစ်သို့ ရောက်တော်မူ၏။ ကျန်လေးဦးတို့ကား ပုထုဇဉ်အဖြစ်ဖြင့်ပင် ကျန်ရစ်ခဲ့၏။

သို့ရာတွင် ကျန်လေးပါးတို့အား တစ်ရက်လျှင် တစ်ဦးကျစီဖြင့် သောတာပန်ဖြစ်၍ အရိယာအဖြစ်သို့ရောက်အောင် တရားဟောရန် မြတ်စွာဘုရားက စီစဉ်တော်မူလေသည်။

ဝါဆိုလပြည့်ကျော် (၁)ရက်နေ့တွင် ဝပ္ပအား တရားဟောရန်အတွက် ဆွမ်းခံမကြွစေဘဲ သင်္ခမ်းကျောင်း၌ နေရစ်ခဲ့တော်မူ၏။ ကျန်လေးပါးက ဆွမ်းခံကြွသဖြင့် ရလာသော ဆွမ်းများကို မြတ်စွာဘုရားနှင့်တကွ ပဉ္စဝဂ္ဂီငါးဦး၊ စုစုပေါင်း ခြောက်ဦးတို့က မျှတ၍ သုံးဆောင်ကြရန် ဖြစ်၏။

ဤနည်းအားဖြင့် ဝါဆိုလပြည့်ကျော် (၂) ရက်နေ့တွင် ဘဒ္ဒိယအား လည်းကောင်း၊ ဝါဆိုလပြည့်ကျော် (၃) ရက်နေ့တွင် မဟာနမ်အား လည်းကောင်း၊ ဝါဆိုလပြည့်ကျော် (၄) ရက်နေ့တွင် အဿဇိအား လည်းကောင်း အရိယာအဖြစ်သို့ ရောက်အောင် မြတ်စွာဘုရားသည် တရားဟောတော်မူသည် ဖြစ်၏။

ဤလောကတွင် ဗုဒ္ဓရတနာနှင့် ဓမ္မရတနာတို့ကား ပေါ်ထွန်းခဲ့လေပြီ။ သံဃာရတနာ ပေါ်ထွန်းရေးအတွက် မြတ်စွာဘုရားသည် ဆောင်ရွက်ရဦးမည်။ ရတနာသုံးပါး စုံပါမှ လောကသုံးပါးအတွက် တကယ်ထိရောက်သော အကျိုးကျေးဇူးကို ရအောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း မြတ်စွာဘုရားက သိတော်မူပြီး ဖြစ်၏။

## ဘုရားအစစ်ကို တွေ့ခြင်း

ပဉ္စဝဂ္ဂီလေးဦးတို့ ဆွမ်းခံကြွတော်မူသဖြင့် မြတ်စွာဘုရားနှင့် ဝပ္ပတို့ ကျန်ရစ်ခဲ့၍ မြတ်စွာဘုရားက ဝပ္ပအား ဝါဆိုလပြည့်နေ့က ဟောပြီးဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစကြာတရားကိုပင် ဟောတော်မူ၏။ ဓမ္မစကြာတရားတွင် သစ္စာလေးပါးသည် ပဓာနဖြစ်၏။ သစ္စာလေးပါးသည် မြတ်စွာဘုရား ပွင့်တော်မူမှသာ ထုတ်ဖော်ဟောကြားနိုင်သော တရားဖြစ်၏။ သစ္စာလေးပါး တရားသာလျှင် ဝေနေယျတို့အား သံသရာဒုက္ခမှ လွတ်မြောက်စေပြီး သန္တိသုခကို ရစေနိုင်၏။ ထို့ကြောင့် သစ္စာလေးပါး တရားကို ဗောဓိပက္ခိယ ဒေသနာ ဟူ၍ ဆိုခြင်း ဖြစ်၏။

မြတ်စွာဘုရား ပွင့်တော်မမူမီကဆိုလျှင် သံသရာ၌ ကျင်လည်စေနိုင်သော တရားမျိုးသာ ရှိ၏။ သံသရာမှ လွတ်မြောက်စေနိုင်သော တရားမျိုး မရှိ။

သံသရာ၌ ကျင်လည်စေတတ်သော တရားဒေသနာများ၏ အဆုံးအမိန့်အတိုင်း တိတိကျကျ လိုက်နာကျင့်သုံးလျှင်ပင် အလွန်ဆုံး ဈာန်သမာပတ်ကိုသာ ရစေနိုင်၏။ ဈာန်သမာပတ် ဟူသည်မှာလည်း လောကအမြင်အားဖြင့် ချမ်းသာသုခဟု ဆိုရသော်လည်း ယင်းဈာန်သမာပတ်သည် အပါယ်မျိုးစေ့ဖြစ်သော သက္ကာယဒိဋ္ဌိကို မပယ်သတ်နိုင်သဖြင့် အပါယ်ဘေးမှ လွတ်မြောက်အောင် မတတ်နိုင်ချေ။

ထို့ကြောင့် ဈာန်သမာပတ်ရသော ပုဂ္ဂိုလ်တို့သည် ဈာန်သမာပတ်ကြောင့် ဗြဟ္မာဘုံသို့ရောက်ပြီး ဗြဟ္မာချမ်းသာကို ခံစားစေနိုင်ပါ၏။ သို့ရာတွင် သက္ကာယဒိဋ္ဌိ အပါယ်မျိုးစေ့ကြောင့် တစ်ခုသောနေ့တွင် အပါယ်ဘုံသို့ ရောက်ပြီး အပါယ်ဒုက္ခကိုလည်း ခံစားရပြန်လေ၏။

ဝပ္ပသည် ဤသံသရာဒုက္ခကို သိ၏။ သို့ဖြစ်၍သာ သူသည် ကောဏ္ဍည၏ ဦးဆောင်မှုဖြင့် သံသရာဒုက္ခမှ လွတ်မြောက်ရေးအတွက် တောထွက်၍ တရားကျင့်နေခြင်း ဖြစ်၏။ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူသော မြတ်စွာဘုရား စစ်စစ်ကို ဆရာတင်ရန် ရှာနေခြင်း ဖြစ်၏။ ယခု ဝပ္ပသည် မြတ်စွာဘုရား စစ်စစ်ကို တွေ့လေပြီ။



ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရားကို ကောဏ္ဍညနှင့်အတူ နာကြားရပါသော်လည်း ကောဏ္ဍညသာ သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပြီး၊ ဝပ္ပကား သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မမူနိုင်ခဲ့။ အမှန်အားဖြင့် ဝပ္ပသည် ကောဏ္ဍညနည်းတူ သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်ကောင်းပါလျက် ထိုးထွင်း၍ မသိခြင်းမှာ ဝပ္ပ၌ များစွာ တာဝန်ရှိ၏။

ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါ ဟူ၍လည်းကောင်း၊ ဇီဝအတ္တဟူ၍လည်းကောင်း မရှိဘဲ ခန္ဓာငါးပါးသာ ပရမတ္ထအနေဖြင့် ရှိပြီး ယင်းခန္ဓာငါးပါးသည်လည်း အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်နေ-ပျက်နေကြောင်း၊ ထို့ကြောင့် ခန္ဓာငါးပါးကို အနိစ္စဟု ဆိုရကြောင်း၊ အနိစ္စဖြစ်ပါက ဒုက္ခလည်း ဖြစ်ကြောင်း၊ ဒုက္ခဖြစ်ပါက အနတ္တလည်း ဖြစ်ကြောင်းဖြင့် မြတ်စွာဘုရားသည် ဝပ္ပအား ရှင်းလင်းပြတ်သားစွာ ဟောကြားတော်မူခဲ့၏။

သို့ရာတွင် ထိုသို့ မြတ်စွာဘုရားက ဟောကြားတော်မူသောအခါ ကောဏ္ဍည တစ်ဦးတည်းသာ တကယ်ယုံကြည်လေ၏။ ကျန်လေးပါးတို့အား မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့်သာ တရားကို နာကြ၏။ ထို့ကြောင့် ကောဏ္ဍညသာ သဒ္ဓါနှင့် ပညာကို မျှအောင် ဆောက်တည်နိုင်ပြီး၊ ကျန်ပုဂ္ဂိုလ်များကား သဒ္ဓါနှင့် ပညာကို မျှအောင် မဆောက်တည်နိုင်ကြ။

ကောဏ္ဍညမှာမူ သဒ္ဓါနှင့် ပညာကိုလည်း မျှအောင် ဆောက်တည်နိုင်၏။ ဝီရိယနှင့် သမာဓိကိုလည်း မျှအောင် ဆောက်တည်နိုင်၏။ ထို့ကြောင့် ဤလောက၌ တကယ်တမ်းအားဖြင့် ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိကြောင်း၊ ဇီဝအတ္တ ဟူ၍လည်း မရှိကြောင်း၊ ပရမတ္ထအားဖြင့် သင်္ခါရတရားများသာ ရှိကြောင်း၊ ယင်းသင်္ခါရတရားများသည်လည်း အကြောင်း-အကျိုးဖြစ်စဉ်အရသာဖြစ်ပြီး အမြဲတစေ ဖြစ်နေ-ပျက်နေကြောင်း၊ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တဖြစ်ကြောင်း ကိုယ်တိုင် သိမြင်တော်မူခဲ့၏။ ထို့ကြောင့် ကောဏ္ဍည



www.burmeseclassic.com

www.burmeseclassic.com



သည် သစ္စာလေးပါးကို သိမြင်ကာ သောတာပန်ဘဝဖြင့် 'ဖေဟိဘိက္ခု' ရဟန်းမြတ်အဖြစ်ကို ရတော်မူခြင်း ဖြစ်၏။

ဝပ္ပတို့အုပ်စုကား မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် တရားကိုနာခြင်း ဖြစ်လေရာ မိမိတို့၏ ဉာဏ်မြော်များတွင် သဒ္ဓါနှင့်ပညာကို လည်းကောင်း၊ ဝီရိယနှင့် သမာဓိကို လည်းကောင်း မျှအောင် မတည်ဆောက်နိုင်ခဲ့။ ထို့ကြောင့် သူတို့သည် ခန္ဓာငါးပါးကို လည်းကောင်း၊ ခန္ဓာငါးပါးတို့၏ ဖြစ်–ပျက် သဘောကို လည်းကောင်း၊ အနိစ္စ ဒုက္ခ အနတ္တ သဘောကို လည်းကောင်း ကိုယ်တိုင် မျက်မှောက်ထင်ထင် မြင်အောင် မကြည့်နိုင်ခဲ့။ မြတ်စွာဘုရား၏ ဟောကြားတော်မူချက်အရသာ သိခဲ့ရ၏။

အရိယသစ္စာ ဟူသည်မှာ သူတစ်ပါးက ပြော၍သိရခြင်းသဘော မရှိဘဲ မိမိကိုယ်တိုင် မျက်မှောက်ပြု၍ သိရခြင်း သဘောသာရှိ၏။ ထို့ကြောင့် သစ္စာလေးပါး ထိုးထွင်း၍ သိရခြင်းကို 'အပရပ္ပစ္စယ'ဟု ဆိုခြင်း ဖြစ်၏။ ယခု ဝပ္ပတို့အုပ်စုမှာမူ မြတ်စွာဘုရားက ဟောပြ၍ သိရခြင်း သဘောမျှသာ ရှိသေးသဖြင့် 'အပရပ္ပစ္စယ' မဟုတ်ဘဲ၊ 'ပရပ္ပစ္စယ'သာ ဖြစ်၍ သောတာပန် အဆင့်သို့ မရောက်သေးကြောင်း မြတ်စွာဘုရားက သိတော်မူ၏။ ထို့ကြောင့် တစ်ဦးချင်းစီ၏ အလိုဆန္ဒနှင့် စရိုက်အလိုက် တစ်ဦးချင်းစီအား တရားပြရန် မြတ်စွာဘုရားက စီစဉ်ခြင်း ဖြစ်တော်မူ၏။ ထိုကဲ့သို့ စီစဉ်ခြင်းမှာလည်း မြတ်စွာဘုရားသည်သာလျှင် ဝေနေယျတို့၏ အလိုအဇ္ဈာသယနှင့် ဉာဏ်မြော် အနအရင့်ကို သိနိုင်သောကြောင့် ဖြစ်ပါ၏။

မြတ်စွာဘုရားနှင့် ဝပ္ပတို့ နှစ်ဦးတည်း ကျန်နေခဲ့စဉ် မြတ်စွာဘုရားက ဝပ္ပအား "ဝပ္ပ၊ သင်၏ခန္ဓာက သင့်အား လာလှည့် ကြည့်လှည့် (ဖေဟိပဿိက)၊ ရုပ်နာမ်ခန္ဓာသည် အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်နေသည်၊ ပျက်နေသည်။ သို့ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တ သဘောကို ဆောင်နေသည်ဟု ပြောပြနေသည်။ သင့်ခန္ဓာ၏ ပြောဆိုသံကို သင် ကြားပါရဲ့လား၊ သင့်ခန္ဓာက ပြောသည့်အတိုင်း အမြဲတစေ ခဏတိုင်း ခဏတိုင်း သင့်ခန္ဓာ၏ ဖြစ်ပျက်ကို မြင်ပါရဲ့လား၊ သင့်ခန္ဓာ၏ အနိစ္စ ဒုက္ခ အနတ္တကိုကော မြင်ပါရဲ့လား။





"သင့်ခန္ဓာက သင့်အား ပြောဆိုသမျှသည် အားလုံးအမှန်ချည်း ဖြစ်သည်။ သင်၏ ခန္ဓာငါးပါးသည် အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်နေသည်၊ ပျက်နေသည်။ အနိစ္စ ဒုက္ခ အနတ္တ သဘောကို ဆောင်နေသည်။ မြင်အောင်ကြည့်"ဟူ၍ သွန်သင်၏။ တရားပြ၏။

ဝပ္ပသည် မြတ်စွာဘုရား သွန်သင်သည့်အတိုင်း သူ၏ခန္ဓာကိုယ်ကို ကြည့်၏။ သို့ရာတွင် မြတ်စွာဘုရား ညွှန်ပြတော်မူသည့်အတိုင်း ဖြစ်ပျက်ကိုလည်း မမြင်၊ အနိစ္စ ဒုက္ခ အနတ္တကိုလည်း မမြင်။ သူ မြင်သည်ကား ဒြပ် အစိုင်အခဲကြီးသာ ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရား ညွှန်ပြတော်မူသည့်အတိုင်း ခန္ဓာနှင့် ခန္ဓာ၏ အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်နေ–ပျက်နေသည်ကို မမြင်ကြောင်း၊ အနိစ္စ ဒုက္ခ အနတ္တကို မမြင်ကြောင်း ဝပ္ပက မြတ်စွာဘုရားအား လျှောက်ထား၏။

မြတ်စွာဘုရားက ပကတိမျက်စိဖြင့် ကြည့်လျှင် မိမိ၏ ခန္ဓာကိုယ်ကို ဒြပ်အစိုင်အခဲ အဖြစ်ဖြင့်သာ မြင်မည် ဖြစ်ကြောင်း၊ ဉာဏ်မျက်စိဖြင့် ကြည့်မှသာ မိမိခန္ဓာကိုယ်၏ အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်နေ–ပျက်နေသည်ကို မြင်ကြောင်း၊ အနိစ္စ ဒုက္ခ အနတ္တ သဘောကို မြင်ကြောင်း၊ ထို့ကြောင့် ပထမဦးစွာ ဉာဏ်မျက်စိကို ရအောင် အားထုတ်ရမည်ဖြစ်ကြောင်း ဟောတော်မူ၏။

ယခု ဝပ္ပသည် မြတ်စွာဘုရား၌ အကြွင်းမဲ့ ယုံကြည်လေပြီ။ သူ၏ မျက်မှောက်၌ပင် သူ၏ခေါင်းဆောင် ကောဏ္ဍညသည် သောတာပန်အရိယာ အနေဖြင့် 'ဖေဟိဘိက္ခု' ရဟန်းမြတ် ဖြစ်သွားခဲ့ချေပြီ။ အကယ်၍သာ ဝပ္ပသည် ပထမအကြိမ် ဓမ္မစကြာတရားတော်ကို ကောဏ္ဍညနှင့်အတူ နာယူစဉ်က ကောဏ္ဍညလို မြတ်စွာဘုရား၌ အကြွင်းမဲ့ယုံကြည်ပြီး သဒ္ဓါနှင့် ပညာကို လည်းကောင်း၊ ဝီရိယနှင့် သမာဓိကို လည်းကောင်း မျှအောင် အားထုတ်ခဲ့မည် ဆိုပါလျှင် ဒုတိယအကြိမ် ဓမ္မစကြာတရားကို နာယူရန်



www.burmeseclassic.com

www.burmeseclassic.com



မလိုတော့။ သူလည်း ကောဏ္ဍညလိုပင် သောတာပန် အရိယာအနေဖြင့် 'ဖေဟိဘိက္ခု' ရဟန်းမြတ် ဖြစ်ပေလိမ့်မည်။

ယခုတော့ သူ၏ ချွတ်ယွင်းချက်ကြောင့် ဝပ္ပသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင် မမြင်ရသေးသဖြင့် မြတ်စွာဘုရားထံမှ ဓမ္မစကြာတရားကို ဒုတိယအကြိမ် နာယူရခြင်း ဖြစ်၏။

ဤအကြိမ်၌မူ ဝပ္ပသည် သဒ္ဓါနှင့် ပညာကို လည်းကောင်း၊ ဝီရိယနှင့် သမာဓိကို လည်းကောင်း မျှအောင် တည်ဆောက်တတ်ချေပြီ။ သို့ဖြစ်လျှင် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ဉာဏ်မျက်စိကို ရအောင် လုပ်ဖို့ပင် ရှိ၏။ ဉာဏ်မျက်စိကို ရအောင် မည်သို့ လုပ်မည်နည်း။

## ဘာဝနာ၏ အန္တရာယ်

အမှန်အားဖြင့် ဉာဏ်မျက်စိကို ရပါမှ ခန္ဓာတို့၏ ဖြစ်–ပျက်ကို မြင်မည်။ သို့မှသာ ခန္ဓာတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို မြင်မည်။ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို မမြင်ဘဲ နိဗ္ဗာန်ကို မြင်၍ မရ။

ထို့ကြောင့် ဝပ္ပသည် ရုပ်နာမ်ခန္ဓာတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို မြင်နိုင်ရေးအတွက် ရှေးဦးစွာ 'ဉာဏ်မျက်စိ'ကို ရအောင် အားထုတ်ရ၏။ ဉာဏ်မျက်စိသည်လည်း 'သမာဓိ ဉာဏ်မျက်စိ' နှင့် 'ဝိပဿနာ ဉာဏ်မျက်စိ'ဟူ၍ နှစ်မျိုးရှိပြန်၏။ ထိုနှစ်မျိုးတွင် ရှေးဦးစွာ သမာဓိ ဉာဏ်မျက်စိကို ရအောင် အားထုတ်ရ၏။

ဝိပဿနာဉာဏ်မျက်စိကို သမာဓိဉာဏ်မျက်စိ အပေါ်၌ အခြေခံရ၏။ ထို့ကြောင့် သမာဓိ အားကောင်းသည်နှင့်အမျှ ဝိပဿနာလည်း အားကောင်းလာခြင်း ဖြစ်၏။ ဝိပဿနာ အားကောင်းပါမှလည်း ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်–ပျက်ကို မြင်ပေလိမ့်မည်။

သမာဓိ ဉာဏ်မျက်စိ ရရှိရေးအတွက် သမာဓိကို ထူထောင်ရာတွင်





ဝပ္ပတို့ခေတ်က ထွက်လေဝင်လေဖြင့် ထူထောင်သည့် ကျင့်စဉ်သည် ခေတ်စား၏။ မြန်မာနိုင်ငံ၌လည်း ယောဂီများ အသိများ၏။ ထို့ကြောင့် ထွက်လေဝင်လေဖြင့် ထူထောင်မည် ဆိုပါက ရှေးဦးစွာ သတိကို ထူထောင်ရ၏။ သတိကို ထူထောင်ရာတွင် နှာသီးဖျားမှ နေ၍ ထွက်လေကို ထွက်မှန်းသိအောင် သတိထားရ၏။ ဝင်လေကိုလည်း ဝင်မှန်း သိအောင် သတိထားရ၏။ သတိထားနေသည့်ကြားမှပင် သတိလွတ်ထွက်သွားတတ်၏။ လွတ်ထွက်သွားသော်လည်း ကိစ္စမရှိ။ လွတ်ထွက်သွားမှန်း သိအောင် ကြိုးပမ်းရ၏။

ဤအဆင့်တွင် အစ၌ ပုဂ္ဂလဗျာပါရ အနေဖြင့် ကြိုးစားရသော်လည်း နောက်ပိုင်းတွင် ဓမ္မဗျာပါရ အနေဖြင့် သတိက ထွက်လေ ဝင်လေကို အလိုလို မှတ်မိလျက်သား ဖြစ်၏။

သတိသည် မိမိ၏အာရုံဖြစ်သော ထွက်လေ ဝင်လေကို မှတ်နေရင်း အခြားအာရုံများကိုလည်း သိလာ၏။ ထိုအခါ သတိထူထောင်မှုလုပ်ငန်း အောင်မြင်ပြီဟု ဆိုရ၏။ ထိုသို့ လုပ်ငန်းအောင်မြင်သောကြောင့် သတိသည် မိမိ၏ မူရင်းအာရုံဖြစ်သော ထွက်လေဝင်လေကိုသာမက ထွက်လေဝင်လေ၏ အရှည်အတိုကိုပါ သိလာ၏။ ထိုအခါ သတိကို သမ္ပဇဉ်နှင့် ယှဉ်သည်ဟု ဆို၏။ သမာဓိထူထောင်မှု လုပ်ငန်းတွင် သတိနှင့် သမ္ပဇဉ်သည် ပါဝင်လာလေပြီ။

## အန္တရာယ် ဖယ်ရှားရေး

သတိသည် သမ္ပဇဉ်နှင့် ယှဉ်လာသောအခါ နီဝရဏတရားများကိုလည်း ဖယ်ရှား၏။ ဘာဝနာကိုလည်း တိုးပွားအောင် ဆောင်ရွက်ပေး၏။ တရားအားထုတ်ရာတွင်လည်း တရားရလိုစိတ် ပြင်းပြလာတတ်၏။ ယနေ့ခေါ်ဟာရဖြင့် ဆန္ဒစောသည်ဟု ဆိုကြ၏။

ဤသဘောမှာလည်း ဘာဝနာ၏ အန္တရာယ်ပင် ဖြစ်၏။ ယင်းကို 'ကာမစ္ဆန္ဒနီဝရဏ'ဟု ဆိုရ၏။



www.burmeseclassic.com

www.burmeseclassic.com



တရားမရနိုင်သည့်အတွက် စိတ်မချမ်းမသာလည်း ဖြစ်တတ်၏။ ယင်းကို 'ဗျာပါဒနီဝရဏ'ဟု ဆိုရ၏။

တရားအားထုတ်ရာတွင် ထင်တိုင်း မပေါက်မြောက်သောအခါ စိတ်ပျံ့လွင့်လာ၏။ ပူပန်လာ၏။ ယင်းကို 'ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ'ဟု ဆိုရ၏။

တရားအားထုတ်ရာတွင် ပင်ပန်းလွန်းအားကြီးသဖြင့် ငိုက်မျဉ်းလာတတ်၏။ ယင်းကို 'ထိနမိဒ္ဓနီဝရဏ'ဟု ဆိုရ၏။

ငါအားထုတ်တာ ဟုတ်မှ ဟုတ်ပါရဲ့လား ဟူ၍လည်း သံသယဝင်လာ၏။ ယင်းကို 'ဝိစိကိစ္ဆာနီဝရဏ'ဟု ဆိုရ၏။

တစ်ခါတစ်ရံ ဘာမျှ မသိတော့သကဲ့သို့လည်း ဖြစ်တတ်၏။ ယင်းကို 'အဝိဇ္ဇာ နီဝရဏ'ဟု ဆိုရ၏။

ဤနီဝရဏတရားများကို သတိသမ္ပဇညတရားက ဖယ်ရှားပေးနိုင်၏။ ထို့ကြောင့် 'ဒွေမေ ဓမ္မာ ဗဟုပကာရာ သတိစ သမ္ပဇညဉ္စ'ဟူ၍ တရားအားထုတ်ရာတွင် သတိနှင့် သမ္ပဇညသည် အလွန်ကျေးဇူးများသော တရားနှစ်မျိုးဖြစ်ကြောင်း မြတ်စွာဘုရားက ဟောတော်မူခြင်း ဖြစ်၏။

ဘာဝနာကို တိုးပွားအောင် လုပ်ရာတွင်လည်း သတိနှင့် သမ္ပဇညသည် များစွာ ကျေးဇူးများပါ၏။ ဗုဒ္ဓသာသနာတော်တွင် အလွန်အရေးကြီးသော ဘာဝနာမှာ ဝိပဿနာဘာဝနာ ဖြစ်၏။ ယင်းဝိပဿနာကို အားထုတ်ရာ၌လည်း သတိနှင့် သမ္ပဇညသည် ကျေးဇူးများသည်ပင် ဖြစ်၏။

အကယ်၍ ဝိပဿနာဘာဝနာ၌ သတိနှင့် သမ္ပဇညသာ မပါဝင်လျှင် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ဟူသော ဗောဓိပက္ခိယ တရားများသည်လည်း ဗောဓိပက္ခိယ အဆင့်သို့ ရောက်နိုင်တော့မည် မဟုတ်။

ထိုအခါ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးသည် အဘယ်သို့လျှင် ဖြစ်နိုင်ပါတော့မည်နည်း။ ထို့ကြောင့် သတိနှင့် သမ္ပဇညသည် ဝိပဿနာဘာဝနာ၌ ပါဝင်သော ဓမ္မများကို ဗောဓိပက္ခိယအုပ်စု၌ ဆိုင်ရာဆိုင်ရာ ဗောဓိပက္ခိယ





ဘာဝနာများကို ကျေပွန်စွာ ထမ်းဆောင်နိုင်လောက်အောင် ကျေးဇူးများပါ၏။

ထွက်လေဝင်လေကို သတိဖြင့်ကပ်၍ မှတ်ရာ၌ သတိချည်းသာရှိပြီး သမ္ပဇည မပါဝင်သေးလျှင် ကိုယ်ကျင့်သိက္ခာစင်ကြယ်မှု 'သီလဝိသုဒ္ဓိ'အဆင့်သာ ရှိသေး၏။ သမ္ပဇည ပါဝင်လာမှ စိတ်ထားစင်ကြယ်မှု 'စိတ္တ ဝိသုဒ္ဓိ' အဆင့်သို့ ရောက်၏။ စိတ်ထားစင်ကြယ်မှု 'စိတ္တ ဝိသုဒ္ဓိ'ဟူသည် သမာဓိရရှိမှုပင် ဖြစ်၏။ သမာဓိ ရရှိသည် ဆိုလျှင် မိမိ၏အဇ္ဈတ္တ ရုပ်–နာမ်ကိုလည်းကောင်း၊ ဗဟိဒ္ဓ ရုပ်–နာမ်ကို လည်းကောင်း၊ အဇ္ဈတ္တရော ဗဟိဒ္ဓပါ ရုပ်–နာမ်ကို လည်းကောင်း သမာဓိဉာဏ်မျက်စိဖြင့် ကြည့်၍ မြင်လာ၏။ ပကတိ မျက်စိဖြင့် ကြည့်သောအခါ မြင်သကဲ့သို့ပင် မြင်လေ၏။ အကယ်၍ မမြင်သေးဘူး ဆိုပါက သမာဓိ အားနည်း၍သာ ဖြစ်၏။ သမာဓိ အားကောင်းပါက မုချမသွေ မြင်ရလေ၏။

ထို့ကြောင့် အာရုံဖြစ်သော ရုပ်–နာမ်များကို ပြတ်ပြတ်သားသား ကြည်ကြည်လင်လင် မမြင်ရသေးလျှင် တတိယဆင့် အနေဖြင့် မူလ ထွက်လေ ဝင်လေကိုပင် အစ–အလယ်–အဆုံး သုံးပါးလုံးကို သိလာအောင် အားထုတ်ရ၏။ ထိုသို့ အားထုတ်ခြင်းဖြင့် သမာဓိသည် ပို၍ပို၍ အစွမ်းထက်လာမည် ဖြစ်၏။ အကယ်၍ ထိုအဆင့်၌လည်း ဆိုင်ရာဆိုင်ရာ အာရုံ ရုပ်နာမ်ကို ပကတိမျက်စိဖြင့် မြင်ရသလို မမြင်ရသေးဘူး ဆိုပါက စတုတ္ထဆင့် အနေဖြင့် ထွက်လေ–ဝင်လေကို ငြိမ်းသွားအောင် အားထုတ်ရ၏။ ထွက်လေ–ဝင်လေ ငြိမ်းသွားခြင်းဟူသည်မှာ ထွက်လေ–ဝင်လေ မရှိတော့သကဲ့သို့ ဖြစ်သွားခြင်း ဖြစ်၏။

သို့ဖြစ်၍ ပကတိမျက်စိကို မှိတ်ထားပြီး သမာဓိဉာဏ်မျက်စိဖြင့်သာ ကြည့်သော်လည်း ဆိုင်ရာဆိုင်ရာ အာရုံဖြစ်သော ရုပ်နာမ်များကို ပကတိမျက်စိဖြင့် မြင်ရသလို မမြင်ရမချင်း သမာဓိကို အစွမ်းထက်သည်ထက် ထက်အောင် လေ့ကျင့်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယေဘုယျအားဖြင့် သတိသည် သမ္ဗဇညနှင့်ယှဉ်သော အဆင့်သို့ ရောက်လျှင်ပင် သမာဓိစွမ်းအားကောင်းသဖြင့် သမာဓိဉာဏ်မျက်စိသည် ပကတိမျက်စိလို ဆိုင်ရာဆိုင်ရာ ရုပ်နာမ်များကို မြင်စွမ်းနိုင်လာ၏။ ထိုအခါ မည်သည့်ရုပ်ကိုမဆို မြင်လာ၏။ မိမိ၏ နှလုံးသားကို ကြည့်လျှင်လည်း မြင်လာ၏။ မိမိ၏ဦးနှောက်ကို ကြည့်လျှင်လည်း မြင်လာ၏။ မိမိ၏ အရိုးကို ကြည့်လျှင်လည်း မြင်လာ၏။ မိမိ၏နောက်စေ့ကို ကြည့်လျှင်လည်း မြင်လာ၏။ နာမ်တရားကို မြင်ရေးနှင့် ပတ်သက်ပြီး ရှုရမည်ဆိုလျှင် နှလုံးသား၏ အလယ်ဗဟို၌ 'နှမ်းလုံး'ခန့် ပမာဏရှိသော အကြည်ဓာတ်ကို ထင်ထင်ရှားရှား ပကတိမျက်စိဖြင့် မြင်ရသလို သမာဓိ ဉာဏ်မျက်စိဖြင့် မြင်ရ၏။ ထိုအကြည်ဓာတ်မှတစ်ဆင့် နာမ်တရားများကို သိနိုင်ပါ၏။ အကုသိုလ်စိတ် ဖြစ်လျှင် နှလုံးသား မည်းညစ်၏။ ကုသိုလ်စိတ် ဖြစ်လျှင် ဖြူစင်၏။ ဤသို့ မြင်ရကြောင်း ဆရာများက ဆိုကြ၏။

သတိသည် သမ္ဗဇညနှင့် ယှဉ်သောအခါ သမာဓိ၏စွမ်းအားကို ခိုင်ခံ့အောင် ဆောင်ရွက်ပေးသဖြင့် သမာဓိအားကောင်းပြီး ထက်မြက်လာ၏။ ထိုအခါ သမာဓိဉာဏ်မျက်စိကို ရ၏။ သမာဓိဉာဏ်မျက်စိကို ရလျှင်ပင် ယခုခေတ်၌မူ ရုပ်နာမ်ကို ရှုတော့၏။ ဝိပဿနာဉာဏ်မျက်စိကို ရနိုင်ရေးအတွက် အားထုတ်တော့၏။ အမှန်အားဖြင့် ထိုသမာဓိမျိုးကို 'ခဏိက သမာဓိ'ဟု ဆိုရ၏။

ဝပ္ပကမူ ထိုသမာဓိမျိုးနှင့် အားမရသဖြင့် 'အပ္ပနာသမာဓိ'ရောက်အောင် အားထုတ်၏။ ဝပ္ပက မဟာသာဝကတစ်ပါး ဖြစ်၏။ ရိုးရိုး ပကတိ သာဝက မဟုတ်။ ထို့ကြောင့် ဝပ္ပသည် သမာဓိဉာဏ်မျက်စိ ရရှိရေးအတွက် သမာဓိကို ထူထောင်စဉ်က 'အပ္ပနာသမာဓိ' ရောက်အောင် ထူထောင်ခဲ့ခြင်း ဖြစ်၏။

ထို့အပြင် ဝပ္ပအတွက် 'အပ္ပနာသမာဓိ'သည်လည်း ခက်ခဲလှသည် မဟုတ်။ နှစ်ပေါင်းများစွာ တရားအားထုတ်ခဲ့သူ ဖြစ်၏။ အလောင်းတော်





သိဒ္ဓတ္ထမင်းသား ဖွားမြင်၍ ဘုရားအဖြစ်သို့ မချွတ်ဧကန် ရောက်မည်ဟု ပုရောဟိတ် ကောဏ္ဍည ဟောပြီးနောက် ကောဏ္ဍညနှင့်အတူ တောထွက်ခဲ့သူ ဖြစ်၏။ ထို့ကြောင့် သူ၏တရားကျင့် သက်တမ်းကား ကြာမြင့်လှလေပြီ။ ဆိုရလျှင် နှစ်ပေါင်း (၃၅)နှစ်ခန့်ပင် ရှိလေပြီ။ လောကီဈာန်အဘိညာဉ်လမ်းကို မလိုက်ဘဲ လောကမှ လွတ်မြောက်ရန်အတွက် ခေါင်းပါးသော 'တပ' အကျင့်လမ်းကို လိုက်နေခြင်း ဖြစ်၏။

ဝပ္ပသည် သူ့ခေတ်တွင် ထိပ်တန်းပညာရှင်တစ်ဦး ဖြစ်၏။ သုဒ္ဓေါဒန မင်းကြီး၏ နန်းတော်သို့ ဈာန်အဘိညာဉ်ရ 'ကာဠဒေဝိလ' ရသေ့ ကြွရောက်လာသည်ကိုလည်း သူ မကြာမကြာ ကြုံဖူး၏။ ဈာန်သမာပတ်နှင့် ပြည့်စုံသော 'အာဠာရ' ရသေ့နှင့် 'ဥဒက' ရသေ့များ အကြောင်းကိုလည်း ဝပ္ပ ကြားဖူး၏။ ထို့ကြောင့် လောကီဈာန်သမာပတ်ကျင့်စဉ်များသည် ဝပ္ပလို ပါရမီရှင်များအတွက် ခက်ခဲလှသည် မဟုတ်။ အကယ်၍သာ ဈာန်သမာပတ် ကျင့်စဉ်၌ ဝပ္ပ စိတ်ဝင်စားမည်ဆိုလျှင် ဝပ္ပလည်း ဈာန်အဘိညာဉ်ရ ရသေ့သူတော်စင် ဖြစ်နိုင်ပါ၏။

သို့ရာတွင် ဈာန်သမာပတ်ကျင့်စဉ်၌ ဝပ္ပသည် စိတ်ဝင်စားခြင်း မရှိ။ ဈာန်သမာပတ် ချမ်းသာကိုလည်း မှန်ကန်သော ချမ်းသာအဖြစ် ဝပ္ပက မခံယူ။ တဏှာက အရောင်ခြယ်ပေးထားသဖြင့် နှစ်သက်စရာ၊ မြတ်နိုးစရာဟု ထင်ရသော အသွင်ပြောင်း 'ဝိပရိဏာမ' ဒုက္ခသာ ဖြစ်၏။ ဤသို့ ဝပ္ပက သဘောပေါက်၏။ မြင်၏။ နားလည်၏။ ထို့ကြောင့် ဝပ္ပသည် ဈာန် သမာပတ် ကျင့်စဉ်ကို မကျင့်ခြင်း ဖြစ်၏။

ယခုတော့ ဝပ္ပသည် အိုမင်းရင့်ရော်သော အရွယ်သို့ ရောက်ချေပြီ။ အရွယ်ရလာသည်နှင့်အမျှ အတွေးအမြင်သည်လည်း ပို၍ပို၍သာ ကြွယ်ဝလာလေ၏။ အတွေးအမြင် ပို၍ပို၍ ကြွယ်ဝလာသည်နှင့်အမျှ ဘဝချမ်းသာဟူသမျှကိုလည်း ပို၍ပို၍ ရွံရှာမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝပ္ပအတွက် ဘဝဟူသည် ရှည်လျားသော အိပ်မက်သဖွယ်သာ ဖြစ်၏။ အိပ်မက်အတွင်း၌ ကောင်းကင်သို့လည်း တက်နိုင်၏။ မြေသို့လည်း လျှိုးနိုင်၏။ ရှင်ဘုရင်လည်း ဖြစ်ချင် ဖြစ်သွား၏။ သူတောင်းစားလည်း ဖြစ်ချင် ဖြစ်သွား၏။ အလွန်ပျော်မွေ့စရာများကို တွေ့ရသဖြင့် အလွန် ပျော်မွေ့ချင်လည်း ပျော်မွေ့နေ၏။ အလွန်စိတ်ဆင်းရဲစရာများကို တွေ့ရသဖြင့် အလွန်စိတ်ဆင်းရဲချင်လည်း စိတ်ဆင်းရဲနေရ၏။ အိပ်မက်အတွင်း၌ မဖြစ်နိုင်သော အရာဟူ၍ ဘာမျှမရှိ။ အားလုံး ဖြစ်နိုင်သည်ချည်းသာ ဖြစ်၏။

သို့ရာတွင် အိပ်မက်အတွင်း၌ ဖြစ်ဖြစ်သမျှသည် အိပ်မက်အတွင်း၌သာ မှန်ကန်၏။ အိပ်မက် 'ဘောင်'ကို ကျော်၍ တကယ်မှန်ကန်သည်တော့ မဟုတ်။ သို့ရာတွင် နိုးလာသောအခါ၌မူ အိပ်မက်အတွင်း၌ တွေ့ကြုံရသမျှ အားလုံးသည် တကယ်မှန်ကန်သော အတွေ့အကြုံများနှင့် အသိအမြင်များ မဟုတ်ပါတကား ဟူ၍ ပိုင်ပိုင်နိုင်နိုင် သိလာ၏။ နိုးလာသောအခါ၌ တွေ့ကြုံရသော အတွေ့အကြုံများနှင့် အသိအမြင်များက အိပ်မက်အတွင်း၌ တွေ့ကြုံခဲ့သော အတွေ့အကြုံများနှင့် အသိအမြင်များ အားလုံးကို ချေဖျက်ပစ်လိုက်လေ၏။

ထိုနည်းအတူပင် ဘဝအတွေ့အကြုံများနှင့် အသိအမြင်များသည်လည်း ဘာမျှ ဟုတ်ကြသည်တော့ မဟုတ်။ သို့ရာတွင် သစ္စာလေးပါးကို ထိုးထွင်း၍ မသိမီ အချိန်အထိ ထိုထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏ စရိုက်အားလျော်စွာ မိမိတို့၏ အတွေ့အကြုံများနှင့် အသိအမြင်များကို တကယ်မှန်ကန်သော အတွေ့အကြုံများနှင့် အသိအမြင်များအဖြစ် ခံယူကြ၏။

လူ့လောက၌ ဘဝသမ္ဗုတ္တိနှင့် ပတ်သက်၍ ရှင်ဘုရင်ဖြစ်ရခြင်းကိုလည်း ပျော်စရာအဖြစ် ဂုဏ်ယူ၏။ သူဌေးကြီး ဖြစ်ရခြင်းကိုလည်း နှစ်သက်စရာ အဖြစ် ဂုဏ်ယူ၏။ အသိပညာရှင်၊ အတတ်ပညာရှင် ဖြစ်ရခြင်းကိုလည်း မြတ်နိုးစရာအဖြစ် ဂုဏ်ယူ၏။ ဆင်းရဲမွဲတေသူ ဖြစ်ရခြင်းကိုလည်း





ကြေကွဲစရာအဖြစ် ဝမ်းနည်း၏။ နတ်လောက၌ ဘဝသမ္ဗုတ္တိနှင့် ပတ်သက်၍ နတ်မင်း ဖြစ်ရခြင်းကိုလည်း ဝမ်းမြောက်စရာအဖြစ် ပျော်ရွှင်၏။ ထိုနည်းအတူ ဗြဟ္မာလောက၌ ဗြဟ္မာမင်း ဖြစ်ရခြင်းကိုလည်း အံ့သြစရာအဖြစ် ဝမ်းသာ၏။

ဘောဂသမ္ဗုတ္တိနှင့် ပတ်သက်၍ သုဂတိဘဝ၌ ဖြစ်စေ၊ ဒုဂ္ဂတိဘဝ၌ ဖြစ်စေ လောကဓံတရားရှစ်ပါးကို တွေ့ကြုံကြရာတွင် တိရစ္ဆာန်ဖြစ်စေ၊ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ ထိုထိုသတ္တဝါတို့သည် သုခဘက်မှ လေးမျိုးနှင့် ကြုံရလျှင် ပျော်ရွှင်ကြ၏။ ဒုက္ခဘက်မှ လေးမျိုးနှင့် ကြုံရလျှင် ဝမ်းနည်းကြ၏။

သို့ဖြစ်ကြသော်လည်း တကယ်တမ်း အရိယသစ္စာ အမြင်ဖြင့် ကြည့်ပါက ဘဝသမ္ဗုတ္တိသည်လည်း ဒုက္ခပင် ဖြစ်၏။ ဘောဂသမ္ဗုတ္တိသည်လည်း ဒုက္ခပင် ဖြစ်၏။ ဘဝသမ္ဗုတ္တိနှင့် ဘောဂဝိပ္ပတ္တိဖြစ်လျှင်မူ အဘယ်ဆိုဖွယ်ရာ ရှိချေမည်နည်း။ ဒုက္ခစစ်စစ်သာတည်း။ အမှန်အားဖြင့် (၃၁)ဘုံ၌ ဖြစ်ရခြင်းသည် ဘဝကို ရခြင်း မည်၏။ ဘဝကို ရခြင်း ဟူသမျှသည် ဒုက္ခစစ်စစ်သာ ဖြစ်၏။

သို့ဖြစ်လေရာ ဘဝကို ရနေပါလျက် ဘဝနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော အတွေ့အကြုံများနှင့် အသိများကို သုခ ဟူ၍လည်းကောင်း၊ ဒုက္ခ ဟူ၍လည်းကောင်း ဤလောက၌ သမုတ်ခြင်းသည် သမ္မုတိသစ္စာ အရသာ မှန်လေ၏။ အရိယသစ္စာအရ မမှန်ချေ။

ထို့ကြောင့် ဘဝဟူသည် ရှည်လျားသော အိပ်မက်သဖွယ်သာ ဖြစ်၍ ဘဝ၌ တွေ့ကြုံရသမျှသည် လည်းကောင်း၊ ခံစားရသမျှသည် လည်းကောင်း အိပ်မက်တွင်း အမှန်ကဲ့သို့ သမ္မုတိသစ္စာ အရသာ မှန်လေ၏။ နိုးလာသော အခါ ဘာမျှမဟုတ်ဘဲ အားလုံး မာယာ၏ ဖန်ဆင်းချက် သက်သက်မျှသာ ဖြစ်ချေသည်ဟု သိလာရသကဲ့သို့ အရိယာသစ္စာကို ထိုးထွင်း၍ သိလာသော အခါ သမ္မုတိသစ္စာဟူသည် အားလုံး အမှားသာ ဖြစ်လေ၏" ဟူ၍ ဆိုခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေရာ ဤသဘောကို ဝပ္ပသည် ကောင်းစွာသိ၏။ ကောင်းစွာသိသည် ဆိုသော်လည်း တကယ် မျက်မှောက်ပြုသိတော့ မဟုတ်သေး။ နှိုင်းဆသိသာ ဖြစ်၏။

ဝပ္ပသည် ဘဝကို တကယ်နီးကြားသော အသိဖြင့် သိချင်၏။ အရိယသစ္စာအမြင်ဖြင့် ဘဝကို မြင်နိုင်ရန် သမာဓိ ဉာဏ်မျက်စိကို ရဖို့လို၏။ ထို့နောက် ဝိပဿနာ ဉာဏ်မျက်စိကို ရဖို့လို၏။ ဤသို့ မြတ်စွာဘုရားက ဟောတော်မူ၏။

ယခု ဝပ္ပသည် သမာဓိ ဉာဏ်မျက်စိကို ရချေပြီ။ ဝိပဿနာ ဉာဏ်မျက်စိကို ရဖို့သာ လိုတော့၏။ သမာဓိဉာဏ်မျက်စိသည် ပကတိမျက်စိကဲ့သို့ပင် မြင်ကြောင်း ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ ဒုတိယတွဲ၊ ပုဒ်ဖွင့် ၂၂၇ ၌ "တေနေဝ ဉာဏေန စက္ခုနာဝိယ ပဿတိ"ဟူ၍ ဆိုပါကြောင်းကို အဂ္ဂမဟာပဏ္ဍိတ ဘုမ်ကျည်း ဝိပဿနာဆရာတော် ဘဒ္ဒန္တ ကုမာရက ဆို၏။ ထို့ကြောင့် ဝပ္ပအတွက် သမာဓိဉာဏ်မျက်စိ ရပြီဖြစ်သဖြင့် ကြည့်စရာများကိုသာ ကြည့်ဖို့ လိုတော့၏။ ဝပ္ပအတွက် ကြည့်စရာကား ရုပ်နှင့်နာမ်သာ ဖြစ်၏။

## သမ္မာသမာဓိ၏ ဦးတည်ချက်

ဝပ္ပ၌ သမာဓိဉာဏ်မျက်စိ ဖြစ်ပေါ်ပြီဖြစ်ကြောင်း မြတ်စွာဘုရား သိတော်မူသောအခါ ခန္ဓာငါးပါးနှင့် ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကို မြင်အောင် ကြည့်ရန် မြတ်စွာဘုရားက ဝပ္ပအား ဟောကြားတော်မူ၏။

ရှေးဦးစွာ ခန္ဓာငါးပါးကို သိမှ နာမ်နှင့်ရုပ်ကို ပိုင်းခြား၍ သိမည်။ ထို့နောက် နာမ်နှင့်ရုပ်တို့၏ အကြောင်းကို သိမည်။ ထိုအခါ နာမ်နှင့်ရုပ်ကို ကြည့်ရင်း ကြည့်ရင်း ယင်းတို့၏ ဖြစ်ပျက်ကို သိမည်။ နာမ်နှင့်ရုပ်ကို သိသောအခါ ဘဝ၌ နာမ်နှင့်ရုပ်သာ ရှိကြောင်း၊ ပုဂ္ဂိုလ်-သတ္တဝါ-ဇီဝ-အတ္တဟူ၍ မရှိကြောင်း သိမည်။ ထိုအခါ အကြမ်းဖျင်းအားဖြင့် ဒိဋ္ဌိကွာ၏။





ထို့နောက် ရုပ်နာမ်ခန္ဓာတို့၏ အကြောင်းကို သိသောအခါ ဘဝကို ထာဝရဘုရားက ဖန်ဆင်းပေးခြင်း မဟုတ်ကြောင်း၊ အကြောင်းမဲ့ဖြစ်သည်လည်း မဟုတ်ကြောင်း၊ မမှန်သော အကြောင်းများကြောင့် ဖြစ်သည်လည်း မဟုတ်ကြောင်း၊ မှန်ကန်သော အကြောင်းများကြောင့်သာ ဖြစ်ခြင်း ဖြစ်ကြောင်း၊ မှန်ကန်သော အကြောင်းများတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းများလည်း ပါကြောင်း၊ အဝိဇ္ဇာ-တဏှာ စသော ပဋိစ္စသမုပ္ပါဒ် အကြောင်းများလည်း ပါကြောင်း၊ ဟေတု အာရမ္မဏ စသော ပဋ္ဌာန်းအကြောင်းများလည်း ပါကြောင်း၊ ထိုအကြောင်းများကြောင့်သာ အကျိုးတရားအားဖြင့် 'ဘဝ'ဟူ၍ ဖြစ်လာရခြင်း ဖြစ်ကြောင်း သိမြင်လေ၏။ ထိုသို့ သိမြင်သောအခါ အကြမ်းဖျင်းအားဖြင့် ဝိစိကိစ္ဆာ ကွာ၏။

ဘဝ၌ ရုပ်-နာမ်ကို သိမြင်သော အချိန်မှစ၍ သမာဓိသည် 'သမ္မာသမာဓိမဂ္ဂင်' ထိုက်လေ၏။ ထိုအခါမှသာ သမာဓိသည် ဗောဓိပက္ခိယသို့ ဦးတည်၏။ ထိုသို့ ဗောဓိပက္ခိယသို့ ဦးမတည်မီ ကာလ၌မူ သီလဝိသုဒ္ဓိ အဆင့်၌ဖြစ်ဖြစ်၊ စိတ္တဝိသုဒ္ဓိ အဆင့်၌ဖြစ်ဖြစ် သမာဓိသည် 'သမ္မာသမာဓိမဂ္ဂင်'အမည်ကို မရသေးချေ။ အဘယ်ကြောင့်ဆိုသော် ဗောဓိပက္ခိယသို့ ဦးမတည်ဘဲ လောကီသုခသို့သာ ဦးတည်သောကြောင့် ဖြစ်၏။ အမှန်အားဖြင့် 'သမ္မာသမာဓိမဂ္ဂင်'ဟူသော အမည်သည် လောကုတ္တရာသို့သာ ဦးတည်သော အမည်ဖြစ်၏။ လောကီသို့ ဦးတည်သောအမည် မဟုတ်။

ယခု ဝပ္ပသည် ဘဝ၌ ရုပ်-နာမ်ကိုလည်း သိပြီ၊ ရုပ်-နာမ်၏ အကြောင်းများကိုလည်း သိပြီ။ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုသာ သိဖို့ လိုတော့၏။

မြတ်စွာဘုရားက ဝပ္ပအား "ဝပ္ပ၊ သင်သည် အာရုံတစ်ခုကို မြင်လျှင် ထိုမြင်ခြင်း၌ အဆင်းလည်း ပါ၏။ မျက်စိအကြည်လည်း ပါ၏။ အဆင်းနှင့် မျက်စိအကြည်တို့ တိုက်ဆိုင်မှုကြောင့် မြင်-သိစိတ် ဖြစ်ရခြင်း ဖြစ်၏။ မြင်-သိစိတ်တွင် ဝေဒနာ-သညာနှင့် အခြားစေတသိက်များ ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထို့ကြောင့် အဆင်းနှင့် မျက်စိအကြည်သည် ရူပက္ခန္ဓာ ဖြစ်၏။ ဝေဒနာသည် ဝေဒနာက္ခန္ဓာ ဖြစ်၏။ သညာသည် သညာက္ခန္ဓာဖြစ်၏။ ဖဿစသော စေတသိက်များသည် သင်္ခါရက္ခန္ဓာ ဖြစ်၏။ မြင်–သိစိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်၏။ ဤသို့လျှင် အာရုံတစ်ခုကို မြင်ရာ၌ ခန္ဓာငါးပါးတို့သည် ဖြစ်လျက် ရှိကြ၏။ ထို့အတူ ကြားရာ၌ဖြစ်စေ၊ နံရာ၌ဖြစ်စေ၊ လျက်ရာ၌ဖြစ်စေ၊ ထိတွေ့ရာ၌ဖြစ်စေ၊ တွေးကြံရာ၌ဖြစ်စေ ခန္ဓာငါးပါးတို့သည် ဖြစ်လျက် ရှိကြ၏။ ထို့နောက် ပျက်သွားကြပြန်၏။

"ခန္ဓာငါးပါးကို အကျဉ်းချုံးလိုက်လျှင် ရုပ်နှင့်နာမ် ရ၏။ ထို့ကြောင့် ရုပ်နာမ်တို့သည် ခဏတိုင်း ခဏတိုင်း ဖြစ်လျက် ရှိကြ၏။ ပထမ ခဏ၌ ဖြစ်သော ရုပ်နာမ်တို့သည် ပထမ ခဏ၌သာ ချုပ်ကြ၏။ ဒုတိယ ခဏသို့ မရောက်။ အကယ်၍ ဒုတိယ ခဏသို့ ရောက်သည်ဆိုလျှင် သဿတဒိဋ္ဌိ ဖြစ်၏။ မှားယွင်းသောအယူ ဖြစ်၏။

"နောက်ခဏ၌ဖြစ်သော ရုပ်–နာမ်တို့သည်လည်း ရှေးခဏ၌ ဖြစ်သော ရုပ်–နာမ်တို့ကို အကြောင်းခံရ၏။ အကယ်၍ အကြောင်းမခံဘူး ဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပြန်၏။ ဤသဘောကို မြင်အောင်ကြည့်၊ ဤသို့မြင်မှ 'သမ္မာဒိဋ္ဌိ'ဖြစ်၏"ဟူ၍ ဟောတော်မူ၏။

ထို့ကြောင့် ဝပ္ပသည် ဒွါရခြောက်ပါး၌ ထင်လာသော အာရုံများကို ကြည့်၏။ ထိုသို့ ကြည့်ရာတွင် ရုပ်ကိုလည်း ရုပ်အလိုက်၊ နာမ်ကိုလည်း နာမ်အလိုက်၊ ယင်းတို့၏ သဘာဝ လက္ခဏာအရ သီးခြားစီ သီးခြားစီ မြင်အောင် ကြည့်၏။

ထို့နောက် ဖြစ်ပေါ်လာသော ရုပ်–နာမ်တို့တွင် အကြောင်းကိုလည်း အကြောင်းအလိုက် ကြည့်၏။ အကျိုးကိုလည်း အကျိုးအလိုက် ကြည့်၏။ ထိုသို့ ကြည့်ရာတွင် သမာဓိ အားကောင်းသောကြောင့် ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ မြင်၏။ ထိုအမြင်ကို 'သမာဓိဉာဏ်မျက်စိ'ဖြင့် မြင်ရသော အမြင် ဟူ၍ ဆိုရ၏။





ဤအမြင်ဖြင့် ကြည့်သောအခါ ရုပ်ကို လည်းကောင်း၊ နာမ်ကို လည်းကောင်း၊ ယင်းတို့၏ အကြောင်းကို လည်းကောင်း၊ အကျိုးကို လည်းကောင်း မိမိတို့၏ အသီးသီးသော သဘာဝ လက္ခဏာများအရ ပိုင်းခြား၍ သီးခြားစီ သီးခြားစီ ဝပ္ပသည် မြင်၏။

## အနတ္တ ထင်ခဲသည် ဆိုခြင်းမှာ

ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်နိုင်သောအခါ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ၊ အကြောင်းဖြစ်စေ၊ အကျိုးဖြစ်စေ သီးခြားစီ သီးခြားစီ မမြင်ဘဲ သာမည လက္ခဏာအားဖြင့် အားလုံးကို ဖြစ်–ပျက် တစ်မျိုးတည်း အဖြစ်ဖြင့်သာ ဝပ္ပသည် မြင်လေ၏။ ဖြစ်–ပျက်တွင် အနိစ္စသဘောလည်း ပါ၏။ ဒုက္ခသဘောလည်း ပါ၏။ အနတ္တသဘောလည်း ပါ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့တွင် အနိစ္စသာ ပဓာနဖြစ်၏။ အနိစ္စကိုမြင်လျှင် ဒုက္ခနှင့် အနတ္တကိုလည်း မြင်ပြီးဖြစ်ကြောင်း ဒီပဲယင်းဆရာတော်ကြီးက သူ၏ ပရမတ္ထစက္ခုကျမ်း၌–

> "နာမ်ရုပ် မိမိရရ အမှန်ကျ ထင်မြင်မှ အနိစ္စ ထင်မြင်လွယ်သည်။ အနိစ္စ အမှန်ကျ ထင်မြင်လျှင် အထက်ဉာဏ်တို့ လွယ်တော့သည်သာ။ နာမ်–ရုပ် အထင်အမြင်နှင့် အနိစ္စ အထင်အမြင် လိုရင်းကြီး မှတ်လေ။ ကျမ်းဂန်တို့တွင် အချို့အရာ၌ အနတ္တ ထင်ခဲသည်၊ အနိစ္စနှင့် ဒုက္ခကား ထင်လွယ်သည်ဟု ဆိုသော စကားမှာ သတ္တဝါတို့၏ အနိစ္စ ဒုက္ခကိုသာ ဆိုသည်။ နာမ်–ရုပ်၏ အနိစ္စ ဒုက္ခကို မဆို။ နာမ်–ရုပ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကား ထင်ခဲသည်ချည်းပင်။ တစ်ပါး ထင်လျှင် ကြွင်းနှစ်ပါးလည်း ထင်တော့၏"

ဟု မိန့်တော်မူခဲ့ရာ ထိုမိန့်တော်မူချက်အရ ပြောရလျှင် ဝပ္ပသည် ရုပ်–နာမ် ခန္ဓာတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို ရှုရာတွင် ရှေးဦးစွာ အနိစ္စ လက္ခဏာကို မြင်ပြီးနောက် ဒုက္ခနှင့် အနတ္တတို့ကိုပါ မြင်၏ ဟူ၍ သိရ၏။ နားလည်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝပ္ပသည် မျက်စိအကြည်၌ မှီ၍ဖြစ်သော ခန္ဓာငါးပါးကို လည်းကောင်း၊ ယင်းတို့၏ ဖြစ်ပျက်ကို လည်းကောင်း ပကတိမျက်စိဖြင့် မြင်ရ သကဲ့သို့ ဝိပဿနာ ဉာဏ်မျက်စိဖြင့် မြင်ရ၏။ သိရ၏။

ထိုနည်းအတူ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကာယအကြည်၊ နှလုံးအကြည်တို့၌ ဖြစ်ကြသော ခန္ဓာငါးပါးကို လည်းကောင်း၊ ယင်းတို့၏ ဖြစ်ပျက်ကို လည်းကောင်း ပကတိမျက်စိဖြင့် မြင်ရ သကဲ့သို့ပင် ဝိပဿနာ ဉာဏ်မျက်စိဖြင့် မြင်ရ၏။

ယခုခေတ် ဝိပဿနာရှုရာ၌ နှလုံးသားအကြည်ကို 'နှမ်းလုံး'ခန့် မြင်ရသည်ဟု ဆို၏။ သို့ရာတွင် ပဋ္ဌာန်းသမ္မေ နေစဉ်ကာလက အလွန်သေးငယ် သော ကလလ ရေကြည်ရုပ်၌လည်း ပဋိသန္ဓေစိတ်၏မှီရာ နှလုံးသားအကြည် ပါသည်ပင် ဖြစ်၏။ ထိုစဉ်က နှလုံးသား အကြည်ရုပ်သည် နှမ်းလုံးခန့် မရှိနိုင်သော်လည်း ယခု ဝိပဿနာရှုကြသူ ယောဂီတို့၏ ကိုယ်တိုင်မြင် ကိုယ်တိုင်တွေ့အရ နှမ်းလုံးခန့် ရှိသည်ဟု ဆိုကြ၏။

ထိုအဆိုအရ နှလုံးသားအကြည်၏ ပမာဏသည် အရွယ်ရလာ သဖြင့် အရောင်အဝန်းနှင့်တကွ ကြီးမားလာခြင်း ဖြစ်ရာ၏။ ယခုခေတ်၌ လည်း ထိုနှလုံးသား အကြည်ရုပ်မှနေ၍ ပထမအတိတ်ဘဝ၊ ဒုတိယအတိတ် ဘဝ စသည်ဖြင့် ဆက်ကာဆက်ကာ အတိတ်ဘဝများကို သမာဓိဉာဏ် မျက်စိဖြင့် မြင်အောင် ကြည့်နိုင်သော ယောဂီများကို ကိုယ်တိုင် တွေ့ဖူး၏။ ထို့ကြောင့် စိတ်၏မှီရာသည် ဦးနှောက်လား၊ နှလုံးသားလား ဟူသော ပြဿနာသည် အပ္ပနာသမာဓိကို ရပြီးသူများအတွက် ဖြစ်ဟန် မတူပါချေ။

ဝပ္ပသည် အကြည်ရုပ်အားလုံးမှ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကို မြင် ပြီးနောက် ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်၌ ငြီးငွေ့ကာ ခန္ဓာငါးပါးတို့၏ ဖြစ် ပျက် ဆုံးရာကို ကိုယ်တိုင် မျက်မှောက်ပြုသောအားဖြင့် တွေ့လေ၏။ ထို ဖြစ်ပျက် ဆုံးရာကို 'နိဗ္ဗာန်'ဟူ၍ လည်းကောင်း၊ 'နိရောဓသစ္စာ'ဟူ၍ လည်း ကောင်း ဆို၏။





ဝပ္ပသည် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် မဂ္ဂင်ရှစ်ပါးလုံး ပြည့်စုံသွားပြီ ဖြစ်၏။ မဂ္ဂင်ရှစ်ပါးပြည့်စုံရေးအတွက် 'သမာဓိ မဂ္ဂင်'သည် များစွာ အရေးကြီး၏။ ဝပ္ပသည် မြတ်စွာဘုရား ညွှန်ကြားတော် မူသည့်အတိုင်း သမာဓိကို 'သမ္မာသမာဓိ'အဆင့်သို့ ရောက်သွားအောင် အားထုတ်ပြီး ဝိပဿနာ ရှုလေရာ ဆိုင်ရာ လောကီမဂ္ဂင် ငါးပါးသည် လောကီမဂ္ဂင် အဆင့်မှ လောကုတ္တရာ မဂ္ဂင်ရှစ်ပါး အဆင့်သို့ ရောက်သွား လေ၏။

ယခုတော့ ဝပ္ပသည် သောတာပန်လည်း ဖြစ်ပြီ။ 'ဖေဟိဘိက္ခု' ရဟန်း မြတ်လည်း ဖြစ်ပြီ။ သူရှာဖွေနေသော ချမ်းသာကိုလည်း တွေ့ပြီ။ ကောဏ္ဍည ဦးဆောင်သော ပဉ္စဝဂ္ဂီလေးပါးတို့လည်း ဆွမ်းခံရာမှ ပြန်လာကြပြီ။ စစ်မှန် သော ချမ်းသာကို တွေ့ချင်တော့ ဝပ္ပသည် တစ်မနက်တည်း၌ တွေ့လေ၏။ သို့ရာတွင် အပြည့်အစုံ တွေ့ခြင်းကား မဟုတ်သေး။

*

မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဉ့်၏ နောက်ဆုံး ယံ၌ ဂေါတမမြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်တွင် သဗ္ဗညုတ ဉာဏ်တော် ကို ရ၍ သုံးလောကထွတ်ထား မြတ်ဘုရား အဖြစ်သို့ ရောက်တော်မူ၏။ ယင်းနှစ် ဝါဆိုလပြည့် စနေနေ့တွင် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာ ဒေသနာတော်ကို ဟောတော်မူ၏။ ဂေါတမ မြတ်စွာဘုရား လက်ထက်တော်တွင် ပဉ္စဝဂ္ဂီ ငါးပါးတို့အား ဟောကြားတော်မူသော ဓမ္မ စကြာ ဒေသနာတော်သည် ပထမဆုံး ဒေသနာ ဖြစ်၏။

ထိုဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူနိုင်ရန် မြတ်စွာ ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ကြိုးပမ်းခဲ့ ရ၏။ ပစ္စည်းဥစ္စာများကို စွန့်၍လည်း ကြိုးပမ်းခဲ့ရ၏။ ကိုယ်ခန္ဓာ အစိတ် အပိုင်းများကို စွန့်၍လည်း ကြိုးပမ်းခဲ့ရ၏။ လိုအပ်လျှင် အသက်ကိုပင် စွန့်၍ ကြိုးပမ်းခဲ့ရ၏။ ထိုမျှလောက် ကြိုးပမ်းလေပြီးသော အခါကျမှသာ



www.burmeseclassic.com

www.burmeseclassic.com



ဂေါတမမြတ်စွာဘုရားသည် ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူနိုင်ခြင်း ဖြစ်၏။

ထိုက်တန်သော အသီးအပွင့်ကို ရလိုပါလျှင် ပြည့်စုံမှု 'သမ္ဘာရ' အနေဖြင့် ထိုအသီးအပွင့်နှင့် တန်သော မျိုးစေ့ကိုလည်း ပျိုးရ၏။ ကာလကိုလည်း စောင့်ရ၏။ ရေကိုလည်း လောင်းရ၏။ မြေဩဇာကိုလည်း ကျွေးရ၏။ ပေါင်းလည်း သင်ရ၏။ ဤသည်မှာ ဓမ္မတာဖြစ်၏။ ဤသည်မှာ နိယာမဖြစ်၏။

ထိုဓမ္မတာ၊ ထိုနိယာမအတိုင်း ဂေါတမမြတ်စွာဘုရားသည် ပထမဦးဆုံး ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူနိုင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ကြိုးပမ်းတော်မူခြင်း ဖြစ်ပါ၏။ လောကသုံးပါးတွင် "အနှိုင်းမဲ့" ယောကျ်ားမြတ်ပါ တကား။

## အသိနှစ်မျိုး

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ မရောက်မီ ပုထုဇဉ် ဘဝကပင် လောက၏ အကြောင်းကိုလည်း သိ၏။ လောက၏ ချုပ်ရာကိုလည်း သိ၏။ လောက ချုပ်ရာသို့ရောက်ကြောင်း အကျင့်ကိုလည်း သိ၏။ သို့ရာတွင် ထိုသို့ သိခြင်းကား ပစ္စက္ခသိနှင့် အနုမာနသိ သာလျှင် ဖြစ်၏။ သစ္ဆိကရဏသိ မဟုတ်ချေ။

ပစ္စက္ခသိ ဟူသည် ကိုယ်တွေ့သိ ဖြစ်၏။ အနုမာနသိ ဟူသည် အကြောင်းအကျိုး ဆင်ခြင်သိ ဖြစ်၏။ ထိုအသိ နှစ်မျိုးလုံး၌ 'ငါ' ပါဝင်၏။ ထို့ကြောင့် ကိုယ်တွေ့အရ 'ငါ' သိသည် ဟူ၍လည်းကောင်း၊ ကြောင်း–ကျိုး ဆင်ခြင်မှုအရ 'ငါ' သိသည် ဟူ၍လည်းကောင်း ဆိုရ၏။

အကယ်၍ ထိုအသိနှစ်မျိုးလုံး၌ 'ငါ' မပါဝင်ပါ ဟူ၍ ဆိုလျှင်လည်း 'ငါ' မပါဝင်နိုင်ခြင်းသည် ယာယီ မပါဝင်နိုင်ခြင်းသာ ဖြစ်၏။ ထာဝရ မပါဝင်နိုင်ခြင်း မဟုတ်သေးပါချေ။





သစ္ဆိကရဏသိ အဆင့်သို့ ရောက်မှသာ အသိဟူသမျှ၌ 'ငါ' မပါဝင်နိုင်တော့ဘဲ 'ငါ'ကို အပြီးအပြတ် ထာဝရ ပယ်ဖျက်နိုင်၏။ 'ငါ'ကို အပြီးအပြတ် ထာဝရ ပယ်ဖျက်နိုင်ဖို့ ဆိုသည်မှာလည်း အရဟတ္တမဂ်ဉာဏ်ကို ရပါမှသာ ပယ်ဖျက်နိုင်ခြင်း ဖြစ်၏။ ထို့ကြောင့် 'ငါ'ဟူ၍ လုံးဝ မပါသော အသိ ဟူသမျှကို သစ္ဆိကရဏသိ ဟူ၍ ဆိုရ၏။

သစ္ဆိကရဏသိဟူသည် ပုဂ္ဂိုလ်သိ၊ သတ္တဝါသိ မဟုတ်ဘဲ မဂ္ဂင်ရှစ်ပါးဖြင့် သိသော ဓမ္မသိ ဖြစ်၏။ ဓမ္မသိဟူသည် မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ သိသောအသိ ဖြစ်၏။ မျက်မှောက်သိ ဟူ၍ မြန်မာပြန်ကြ၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ပစ္စက္ခသိနှင့် အနုမာနသိသည် 'ကာယကံရှင်သိ'ဖြစ်၏။ သစ္ဆိကရဏသိသည် 'သက်သေသိ'ဖြစ်၏။ လောကထုံးတမ်းအရ သက်သေသိက ကာယကံရှင်သိထက် ပို၍ခိုင်မာ၏။ သဒ္ဒဗေဒ သဘောအရ ဆိုလျှင် သစ္ဆိကရဏနှင့် သက္ခိကရဏသည် ဝေါဟာရရင်းမြစ်အားဖြင့် အတူတူပင် ဖြစ်၏။ သက္ခိကရဏ ဟူသည် သဒ္ဒါနက်အားဖြင့် မျက်မြင်သက်သေခံခြင်း ဖြစ်၏။

လောကဟူသည် အမြဲတစေ ဖြစ်ပျက် ပြုပြင် ပြောင်းလဲနေသော သဘောဖြစ်၏။ ထို့ကြောင့် ယင်းကို သင်္ခါရလောကဟု ဆိုရ၏။ သင်္ခါရလောကသည် သာလျှင် ပရမတ္ထအားဖြင့် တကယ် ရှိ၏။

တကယ်ရှိသော သင်္ခါရလောကမှ တကယ်မရှိသော သတ္တလောကနှင့် ဩကာသလောကသည် ဖြစ်ပေါ်လာရ၏။ သတ္တလောကနှင့် ဩကာသလောကသည် ပရမတ္ထသစ္စာအရ တကယ်မရှိသော်လည်း သမ္မုတိသစ္စာအရ တကယ်ရှိပါ၏။ (၃၁) ဘုံသားတို့သည် သစ္စာနှစ်မျိုးတို့တွင် သမ္မုတိသစ္စာကို ပို၍ အလေးအနက် ထားကြ၏။ ထို့ကြောင့်လည်း သူတို့ ဆင်းရဲနေကြခြင်း ဖြစ်၏။ ဆင်းရဲနေကြပါသော်လည်း သူတို့သည် ဆင်းရဲနေကြမှန်း တကယ် မသိ။ ထို့ကြောင့် ဆင်းရဲမှန်း တကယ်သိအောင် ညွှန်ပြနိုင်ရန် မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူလာခြင်း ဖြစ်ပါ၏။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲမှန်း သိအောင် ညွှန်ပြနိုင်သည့် အရည်အချင်းကား နှယ်နှယ်ရရ မဟုတ်။ သဗ္ဗညုတ ဉာဏ်တော်၏ အရာသာ ဖြစ်ချေ၏။

သဗ္ဗညုတဉာဏ် ဟူသည်ကား ဘက်စုံတော်ခြင်း ဖြစ်၏။ ဤလောက၌ သူ့နယ်အလိုက် သူတော်ခြင်းများ ရှိပါ၏။ ရှင်သာရိပုတ္တရာသည် ပညာအရာ၌ တေဒဂ် ရလောက်အောင် တော်ပါ၏။ တန်ခိုးအရာ၌မူ တေဒဂ် ရလောက်အောင် ရှင်မောဂ္ဂလာန်လောက် မတော်ပါချေ။

ဤနိယာမအရပင် ဒုတိယသင်္ဂါယနာ တင်ကြစဉ်ကာလက ရဟန္တာ မထေရ်ကြီးများသည် တတိယသင်္ဂါယနာ တင်ရာတွင် သူ့နယ်နှင့်သူ တော်ကြသူများ အနက်မှ 'အတော်ဆုံး' ဦးဆောင်နိုင်မည့် ပုဂ္ဂိုလ်ကို အရေးတကြီး ထားပြီး ရှာကြရ၏။

ထိုသို့ ရှာသောအခါ တိဿဗြဟ္မာကြီးကိုသာ တွေ့ကြ၏။ တတိယ သင်္ဂါယနာ တင်ရာ၌ ဆဋ္ဌာဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်ကျော်ကြီး များ ရှိကြပါသော် တကယ်တမ်း ဦးဆောင်နိုင်မည့် စွမ်းရည်ကား တိဿ ဗြဟ္မာကြီး၌သာ ရှိ၏။ အခြားပုဂ္ဂိုလ်များ၌ မရှိ။ ထို့ကြောင့် 'လူမှန် နေရာမှန်' ဟူသော ဝေါဟာရသည် ဓမ္မတာအရ ပေါ်လာရခြင်း ဖြစ်၏။ တစ်နေရာ၌ ပထမဖြစ်သော်လည်း အခြားတစ်နေရာ၌ ပထမ ဖြစ်ချင်မှ ဖြစ်၏။

သို့ရာတွင် (၃၁) ဘုံသားတို့အား "ဘဝဟူသည် ဆင်းရဲအမှန် ဖြစ်၏" ဟူ၍ တကယ်တမ်း သိလာအောင် ညွှန်ပြနိုင်ဖို့ အရေးကား ဘက်စုံ တော်သော မြတ်စွာဘုရား၏ အရေးသာ ဖြစ်၏။

(၃၁)ဘုံသားတို့အား "ဘဝဟူသည် ဆင်းရဲအမှန် ဖြစ်၏"ဟူ၍ ညွှန်ပြနိုင်ရန် သူတို့၏ ဘဝအမြင်ကို သိဖို့ လို၏။ သူတို့၏ ဘဝဗီဇကို သိဖို့ လို၏။ သူတို့၏ ဣန္ဒြေကို သိဖို့ လို၏။ ဘဝအမြင်ကို အာသယဟု ခေါ်၏။ ဘဝဗီဇကို အနုသယဟု ခေါ်၏။ ထိုထိုပုဂ္ဂိုလ်တို့၏ ဘဝအမြင်ကို သိခြင်း၊ ဘဝဗီဇကို သိခြင်း၊ ဣန္ဒြေအနုအရင့်ကို သိခြင်းသည် သဗ္ဗညုတ ဉာဏ်၏ ကိစ္စ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား အလောင်းတော်သည်





သဗ္ဗညုတ ဉာဏ်တော်ကို ရနိုင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်ခြင်း ဖြစ်၏။

အမှန်အားဖြင့် မဂ်ဉာဏ်ကို ရပါမှ ဘဝဟူသည် ဆင်းရဲအမှန် ဖြစ်၏ ဟူ၍ သိ၏။ ထို့ကြောင့် ထိုထိုပုဂ္ဂိုလ်တို့အား မြတ်စွာဘုရားသည် မဂ်ဉာဏ်ကို ရစေဖို့အတွက် ပဓာန ထား၏။

မဂ်ဉာဏ်ကို ရစေဖို့ ဆိုသည်မှာလည်း အရိယသစ္စာကို သိအောင် ဟောပြောနိုင်ပါမှ ဖြစ်၏။ အရိယသစ္စာကို သိအောင် ဟောပြောနိုင်ဖို့ ဆိုသည်မှာလည်း သစ္စာနှင့်ယှဉ်သော တရားဓမ္မများကို သူ၏ ဘဝအမြင်၊ သူ၏ ဘဝဗီဇ၊ သူ၏ ဣန္ဒြေအနုအရင့်နှင့် လိုက်လျောညီထွေ ဖြစ်ရလေအောင် သွန်သင်နိုင်ဖို့ လိုပြန်၏။

ထို့ကြောင့် မြတ်စွာဘုရား အလောင်းတော်သည် (၃၁) ဘုံသားတို့အား အရိယသစ္စာကို သိအောင် ဟောပြောနိုင်ရေးအတွက် လိုအပ်သော သဗ္ဗညုတဉာဏ်တော်ကို ရနိုင်ရန် ပါရမီတော်များကို ဖြည့်ကျင့်ခြင်း ဖြစ်ပါ၏။ သဗ္ဗညုတဉာဏ်ကို ရပါမှ ထိုထိုသတ္တဝါတို့၏ ဘဝအမြင်၊ ဘဝဗီဇနှင့် ဣန္ဒြေအနုအရင့်ကို သိမည်။ သို့ သိပါမှလည်း အရိယသစ္စာကို သိအောင် ဟောပြောနိုင်မည် ဖြစ်၏။ ထို့ကြောင့် သဗ္ဗညုတ ဉာဏ်တော်သည် သူ့အတွက် မဟုတ်ပါချေ။

## အနန္တ ကျေးဇူးတော်ရှင်

မြတ်စွာဘုရား ရတော်မူသော နိဗ္ဗာန်နှင့် သူ ချွတ်၍ ကျွတ်တော်မူကြသော အရိယာ သူတော်စင်တို့၏ နိဗ္ဗာန်သည် အတူတူပင် ဖြစ်၏။ ဘာမျှ ခြားနားခြင်း မရှိ။ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်ကို ရနိုင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်ခြင်းသည် သူ့အတွက် မဟုတ်၊ လောကအတွက်သာ ဖြစ်၏ဟု ဆိုခြင်း ဖြစ်ပါ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် လောကအနေဖြင့် အလွန်ကျေးဇူးတင်ထိုက်



www.burmeseclassic.com

www.burmeseclassic.com



သော အနှိုင်းမဲ့ပုဂ္ဂိုလ်၊ အလွန်အားနာထိုက်သော အနှိုင်းမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူပါပေ၏။

မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် အစပထမ၌ ခမည်းတော် သုဒ္ဓေါဒနနှင့် မယ်တော် မာယာဒေဝီတို့၏သား ဖြစ်၏။ ထို့ကြောင့် သူသည် ခမည်းတော်နှင့် မယ်တော်ကို ချစ်၏။ သကျနွယ်ဖွား ဆွေတော် မျိုးတော်များကို ချစ်၏။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် ထိုစဉ်က ခတ္တိယမင်းသားသာ ဖြစ်၏။ သို့ဖြစ်၍ သကျမျိုးနွယ် ခတ္တိယများနှင့်သာ စပ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် ထိုအချိန်က ဆိုလျှင် 'ဝိသေသ လက္ခဏာ'ကို ဆောင်သော သူသာ ဖြစ်၏။

ထို့နောက် သိဒ္ဓတ္ထမင်းသားသည် တောထွက်၍ တရားဘာဝနာများကို အားထုတ်တော်မူ၏။ ထိုအခါ သူ့ဘဝ၏ နယ်နိမိတ်သည် ကျယ်၍ လာ၏။ ခတ္တိယဘောင်ကို ကျော်လွန်ပြီး လူ့ဘဝ၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာ၏။ ထိုအခါမှ စ၍ သိဒ္ဓတ္ထမင်းသားသည် အမျိုးလေးပါးနှင့် စပ်လာ၏။ အမျိုးလေးပါးကို ချစ်လာ၏။

ဆင်းရဲသားများက ကြည့်လျှင်လည်း သိဒ္ဓတ္ထမင်းသားသည် ဆင်းရဲသားတို့၏ ကလျာဏမိတ္တဖြစ်၏။ သူဌေးသူကြွယ်များက ကြည့်လျှင်လည်း သိဒ္ဓတ္ထမင်းသားသည် သူဌေးသူကြွယ်တို့၏ ကလျာဏမိတ္တဖြစ်၏။ ဗြာဟ္မဏများက ကြည့်လျှင်လည်း သိဒ္ဓတ္ထမင်းသားသည် ဗြာဟ္မဏတို့၏ ကလျာဏမိတ္တ ဖြစ်၏။ ခတ္တိယများက ကြည့်လျှင်လည်း သိဒ္ဓတ္ထမင်းသားသည် ခတ္တိယတို့၏ ကလျာဏမိတ္တ ဖြစ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် ထိုအချိန်က ဆိုလျှင် ဝိသေသလက္ခဏာ နယ်နိမိတ်ကို လွန်ပြီး 'သာမညလက္ခဏာ'ကို ဆောင်သူ ဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ခတ္တိယ နယ်နိမိတ်ကိုလည်း





လွန်လာ၏။ လူ့ဘဝ နယ်နိမိတ်ကိုလည်း လွန်လာ၏။ ထိုအခါမှ စ၍ သိဒ္ဓတ္ထ မင်းသားသည် လောကသုံးပါးနှင့် စပ်လာ၏။

ကျမ်းဂန်များ၌မူ မြတ်စွာဘုရားကို လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ဆရာဟူ၍ ဖော်ပြကြ၏။ မြတ်စွာဘုရားကမူ မိမိကိုယ်ကို လူနတ်ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ကလျာဏမိတ္တအဖြစ် သုံးနှုန်း၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ဆရာဆိုလျှင်လည်း မှန်၏။ ခေါင်းဆောင်ဆိုလျှင်လည်း မှန်၏။ ကလျာဏမိတ္တဆိုလျှင်လည်း မှန်၏။ အဘယ်ကြောင့်ဆိုသော် ယင်းတို့အပေါ် အတိုင်းမသိ နိုင်သော ဒေသနာဉာဏ်တော်ဖြင့် သွန်သင်ပြီး အတိုင်းမသိနိုင်သော မဟာကရုဏာတော်ဖြင့် ကြင်နာသူ ဖြစ်တော်မူသောကြောင့်ပင် ဖြစ်၏။

လူကပဲ ကြည့်ကြည့်၊ နတ်ကပဲ ကြည့်ကြည့်၊ ဗြဟ္မာကပဲ ကြည့်ကြည့်၊ အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်ကပဲ ကြည့်ကြည့်၊ မြတ်စွာဘုရားသည် မိမိ–မိမိတို့၏ ဆရာ၊ မိမိ–မိမိတို့၏ ကလျာဏမိတ္တ အမှန်ဖြစ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် ထိုအချိန်ကဆိုလျှင် 'သန္တိလက္ခဏာ'ကို ဆောင်သူ ဖြစ်၏။ သန္တိလက္ခဏာ၌ ဝိသေသလက္ခဏာလည်း ချုပ်ငြိမ်း၏။ သာမညလက္ခဏာလည်း ချုပ်ငြိမ်း၏။ ထို့ကြောင့် မြတ်စွာဘုရား၌ ကြည်ညိုသူများ အားလုံးက မြတ်စွာဘုရားကို မိမိတို့၏ ဆွေမျိုးရင်းချာသဖွယ် သဘောထားကြခြင်း ဖြစ်၏။

ယင်းသို့ ဖြစ်ပေါ်လာခြင်းကို အမျိုးအမည် အတိအကျတပ်၍ ဖော်ပြခြင်းငှာ မစွမ်းနိုင်သည့်သဘော 'အနိဗ္ဗ စနိယ'ဟု ဆိုရ၏။

မြတ်စွာဘုရားသည် မိမိကြင်နာသော လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးကို ဘဝဒုက္ခအပေါင်းမှ လွတ်မြောက်အောင် သစ္စာဒေသနာတော်ဖြင့် လမ်းညွှန်နိုင်ရေးအတွက် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရန် ဝိပဿနာတရားကို ပွားများ အားထုတ်တော်မူ၏။ ဆိုသို့ ပွားများအားထုတ်ရာမှ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရတော်မူ၍ သုံးလောကထွတ်ထား မြတ်စွာဘုရား အဖြစ်သို့ ရောက်တော်မူ၏။

## သဗ္ဗညုတ ဉာဏ်တော်

မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အရေအတွက် အရလည်း အလုံးစုံကို သိတော်မူ၏။ အရည်အချင်း အရလည်း အလုံးစုံကို သိတော်မူ၏။

အရေအတွက်အရ အလုံးစုံကို သိခြင်းဟူသည်မှာ သိသင့်သိထိုက်သော တရားအားလုံးကို အကြွင်းအကျန်မရှိ သိခြင်းဖြစ်၏။ အရည်အချင်းအရ အလုံးစုံကို သိခြင်း ဆိုသည်မှာ သိသင့်သိထိုက်သော တရားများကို သိရာ၌ တရားတစ်ခုစီ တစ်ခုစီကို အစမှ အဆုံးတိုင် အကြွင်းအကျန် မရှိ သိခြင်း ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အားလုံးကိုလည်း အကြွင်းအကျန်မရှိ သိတော်မူ၏။ အားလုံးထဲက တစ်ခုချင်းစီကိုလည်း အစမှ အဆုံးတိုင် အကြွင်းအကျန် မရှိ သိတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိရာ၌ အရည်အချင်းအရ သဗ္ဗညုတဉာဏ်သဘော ပါသည်ဟု ဆိုအပ်ပါ၏။ ဤသည်မှာ သဗ္ဗညုတဉာဏ်တော်၏ သိပုံ အခြင်းအရာ ဖြစ်၏။

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူရာတွင် သစ္စာလေးပါးသည် ပဓာန ဖြစ်၏။ သစ္စာလေးပါးကို သိပါမှ လောကမှ လွတ်မြောက်မည် ဖြစ်၏။ လောကမှ လွတ်မြောက်ပါမှလည်း စစ်မှန်သော ချမ်းသာကို ရရှိမည် ဖြစ်၏။ သို့ဖြစ်လျှင် လောကဟူသည် ဒုက္ခဖြစ်ကြောင်း တကယ်တမ်း သိဖို့ လို၏။ တကယ်တမ်း သိဖို့ ဆိုသည်မှာလည်း ပုဂ္ဂိုလ်အနေဖြင့် သိဖို့ မဟုတ်။ ဓမ္မအနေဖြင့်သာ သိဖို့ ဖြစ်၏။ ဓမ္မအနေဖြင့် သိပါမှသာ တကယ်တမ်း မှန်ကန်သောအသိ မည်၏။





သိမှု ဟူသမျှတွင် 'သိစရာအာရုံ' နှင့် 'သိတတ်သူ'ဟူ၍ ပဓာနအားဖြင့် နှစ်မျိုးပါဝင်လေရာ လောကသိ၌ သိတတ်သူကို 'ပုဂ္ဂိုလ်'အဖြစ် ယူရ၏။ လောကုတ္တရာသိ၌ကား သိတတ်သူကို ဓမ္မအဖြစ် ယူရ၏။ ဓမ္မဟူသည် ဗောဓိပက္ခိယဓမ္မ ဖြစ်၏။ ဗောဓိပက္ခိယဓမ္မတွင်လည်း ပဓာန အကျဆုံးမှာ မဂ္ဂင်ရှစ်ပါးခေါ် မဂ္ဂင်ဓမ္မ ဖြစ်၏။ သိစရာအာရုံကို သိတတ်သော မဂ္ဂင်ရှစ်ပါးဖြင့် သိမှသာ အမှန်အကန်သိခြင်း မည်၏။ ထိုကဲ့သို့ သိအောင်လည်း မဂ္ဂင်ရှစ်ပါးကို ကြိမ်ဖန်များစွာ ပွားများရ၏။

အမှန်အားဖြင့် ဤလောကတွင် ပရမတ္ထအရ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိသောကြောင့် မရှိသောပုဂ္ဂိုလ်က သိခြင်းကို မှန်ကန်သောသိခြင်း ဟူ၍ မည်သို့ ဆိုနိုင်ပါမည်နည်း။ ထို့ကြောင့် ပုဂ္ဂိုလ်သိကို ပဓာနပြု၍ ဆိုရသော လောကသိ ဟူသမျှကို တကယ်တမ်း မှန်ကန်သောအသိ ဟူ၍ မဆိုကြခြင်း ဖြစ်၏။ ကျမ်းဂန်များအရ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုများကို ဒြပ်အစိုင်အခဲ အနေဖြင့် အရှိထား၍ သိသော လောကသိ ဟူသမျှကို ဖောက်ပြန်မှားယွင်းသော 'ဝိပ္ပလ္လာသ' အသိဟူ၍ ဆိုရ၏။

သစ္စာလေးပါးတွင် သိစရာ အာရုံအနေဖြင့် သိရမည့်တရားမှာ ဒုက္ခသစ္စာဖြစ်၏။ ဒုက္ခသစ္စာကို သိတတ်သော တရားမှာလည်း မဂ္ဂသစ္စာပင် ဖြစ်၏။ ဓမ္မကို ဓမ္မချင်း၊ သစ္စာကို သစ္စာချင်း သိအောင် အားထုတ်နိုင်မှသာ သစ္စာသိ ဖြစ်၏။ သို့မဟုတ်ပါက မှားယွင်းဖောက်ပြန်သော ဝိပ္ပလ္လာသသိသာ ဖြစ်၏။

## ဘဝအမိပွာယ်

ဓမ္မကို ဓမ္မချင်း၊ သစ္စာကို သိစ္စာချင်း သိအောင် အားထုတ်ရာတွင် သိစရာအာရုံသည် ဤကိုယ် ဤခန္ဓာပင် ဖြစ်၏။ ဤကိုယ် ဤခန္ဓာကို ဝိပ္ပလ္လာသသိက တစ်ခုတည်းအဖြစ် မြင်၏။ အစိုင်အခဲကြီးအဖြစ် မြင်၏။ အမှန်အားဖြင့် ဓမ္မသိအရကြည့်လျှင် ဤကိုယ် ဤခန္ဓာသည် တစ်ခုတည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဤကိုယ် ဤခန္ဓာတွင် ဝိညာဉ်လည်း ပါ၏။ နာမ်ရုပ်လည်း ပါ၏။ သဠာယတနလည်း ပါ၏။ ဖဿလည်း ပါ၏။ ဝေဒနာလည်း ပါ၏။ ဤတရားငါးမျိုးတို့၏ အပေါင်းအစုကို ကိုယ် ဟူ၍လည်းကောင်း၊ ခန္ဓာ ဟူ၍လည်းကောင်း ဆိုရ၏။ ပဋိစ္စသမုပ္ပါဒ် ဝေါဟာရဖြင့် ဆိုရလျှင် ပစ္စုပ္ပန် အကျိုး ဟူ၍လည်းကောင်း၊ ဝိပါကဝဋ္ဋ ဟူ၍လည်းကောင်း ဆိုရ၏။ လောက ဝေါဟာရအရ ဆိုရလျှင် ဤတရားငါးမျိုးတို့၏ အပေါင်းအစုသည် ဘဝ ဖြစ်၏။ ဝိပဿနာ ဝေါဟာရဖြင့် ဆိုရလျှင်မူ ခန္ဓာငါးပါး ဖြစ်၏။ ယင်း ခန္ဓာငါးပါးသည် ကာလအားဖြင့် ပစ္စုပ္ပန်ဖြစ်၏။

ဘဝတွင် ဤတရားငါးမျိုးသာ ပါဝင်သည် မဟုတ်။ အခြားသော တရားဓမ္မများလည်း ပါဝင်သေး၏။ အခြားသော တရားဓမ္မများကား 'ကံ' များ ဖြစ်ကြ၏။ ယင်းကံများကို သင်္ခါရ ဟူ၍လည်းကောင်း၊ ကမ္မဘဝ ဟူ၍ လည်းကောင်း ဆိုကြ၏။ ပဋိစ္စသမုပ္ပါဒ် ဝေါဟာရဖြင့် ဆိုရလျှင် ကံများ အားလုံးသည် နာနာက္ခဏိက သတ္တိဖြင့် ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌ အရိပ်ပမာ လိုက်၍ နေပါ၏။

ထိုကံများသည် အကျိုးပေးပြီးသောအခါ ဖြစ်စေ၊ အဟောသိကံ အဖြစ်သို့ ရောက်သွားသည်ဖြစ်စေ၊ နိဗ္ဗာန်ကို ရဟန္တာဘဝဖြင့် မျက်မှောက် ပြု၍ နောင်တစ်ဖန် ပဋိသန္ဓေ မနေရတော့သော အခါသမယသို့ ရောက်သွား သည် ဖြစ်စေ ထိုအခါမှသာ မိမိပြုခဲ့သော ကံများ အားလုံးသည် ချုပ်ငြိမ်း သွားမည် ဖြစ်၏။ ကံများသည် ကာလအားဖြင့် အတိတ်များ ဖြစ်ကြ၏။

ဘဝတွင် ကံများသာမက ကိလေသာများလည်း ပါဝင်ကြသေး၏။ ကိလေသာများတွင် အဝိဇ္ဇာနှင့် တဏှာသည် ဦးဆောင်ဖြစ်ကြ၏။ ထိုအဝိဇ္ဇာ နှင့် တဏှာ ဦးဆောင်သော ကိလေသာများသည် အနုသယ ကိလေသာများ ဖြစ်ကြ၏။ ထိုအနုသယ ကိလေသာများသည် မည်သည့်ကာလမှစ၍ ဘဝ တွင် ပါဝင်နေမှန်း မသိ။ ထိုအနုသယ ကိလေသာများ ပါဝင်နေသောကြောင့်





သာ ခန္ဓာငါးပါးကို ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ သတ္တဝါဟူ၍ လည်းကောင်း ဆိုရခြင်း ဖြစ်၏။

အကယ်၍သာ ထိုအနုသယ ကိလေသာများ မရှိတော့ပါလျှင် လောကဟူ၍လည်း မရှိတော့။ ဘဝဟူ၍လည်း မရှိတော့။ ပုဂ္ဂိုလ် ဟူ၍လည်း မရှိတော့။ သတ္တဝါ ဟူ၍လည်း မရှိတော့။

ထို့ကြောင့် ထိုအနုသယကိလေသာများ ချုပ်ငြိမ်းသွားအောင် တရား အားထုတ်ရခြင်း ဖြစ်၏။

ထိုအနုသယ ကိလေသာများသည်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြု သော် ထိုထိုဆိုင်ရာ မဂ်များဖြင့် ပယ်သတ်ခြင်း ခံရသော အခါမှသာ ချုပ်ငြိမ်း မည်ဖြစ်၏။ ထို့ကြောင့် ထိုအနုသယကိလေသာများကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဟူ၍ မဆိုနိုင်သဖြင့် ကာလသုံးပါးမှ အလွတ်ဟူ၍ လည်းကောင်း၊ သတ္တိဗီဇ အနေဖြင့် ခန္ဓာငါးပါး၌ ထာဝစဉ် ကိန်းနေသောကြောင့် ထာဝရ ပစ္စုပ္ပန်ဟူ၍ လည်းကောင်း ဆိုရ၏။ ထိုအနုသယ ကိလေသာများကို ပဋိစ္စ သမုပ္ပါဒ် ဝေါဟာရဖြင့် ကိလေသဝဋ္ဋ ဟူ၍ ဆို၏။

## သစ္စာမျက်စိဖြင့် ကြည့်ခြင်း

ဒေသနာတော်အရ ဘဝကို ဤသို့ ခွဲခြမ်းစိတ်ဖြာလိုက်သောအခါ ဘဝတွင် ပစ္စုပ္ပန်ဆိုင်ရာ ဓမ္မအစိတ်အပိုင်းများလည်း ပါဝင်၏။ အတိတ်ဆိုင်ရာ ဓမ္မ အစိတ်အပိုင်းများလည်း ပါဝင်၏။ အတိတ် ပစ္စုပ္ပန် အနာဂတ် ဟူ၍ မဆိုနိုင် သော ကာလလွတ် သို့မဟုတ် ထာဝရ ပစ္စုပ္ပန်ဆိုင်ရာ ဓမ္မ အစိတ်အပိုင်း များလည်း ပါဝင်၏။

ထို့ကြောင့် ဘဝတွင် ပါဝင်သော ထိုထိုဓမ္မများသည် မိမိတို့၏ အင်အားအလျောက် ဘဝကို ပျက်စီးမသွားရလေအောင် အားရှိပါးရှိ ထိန်း ထားကြ၏။ ထောက်ပံ့ထားကြ၏။ သို့ရာတွင် ထိုသို့ ထိန်းထားနိုင်၊ ထောက်ပံ့ထားနိုင်သော အင်အားစုများကား ဘဝ၏ ဝိပ္ပလ္လာသ အင်အားမှု



www.burmeseclassic.com

www.burmeseclassic.com



များသာ ဖြစ်ကြ၏။ ခွေးသေကောင်ပုပ်၌ လင်းတငှက်များသည် မြတ်နိုးဖွယ်ကို တွေ့သကဲ့သို့ ဘဝ၌ ဝိပ္ပလ္လာသ အင်အားစုများသည် မြတ်နိုးဖွယ်ကို တွေ့ကြ၏။ ထို့ကြောင့် ဘဝကို ပျက်စီးမသွားရလေအောင် ဝိပ္ပလ္လာသ အင်အားစုများက ထိန်းထားကြခြင်း ဖြစ်၏။

အမှန်အားဖြင့် ဝိပ္ပလ္လာသ အင်အားစုများသည် ဘဝကို မိမိတို့၏ ဝိပ္ပလ္လာသ မျက်စိဖြင့် ကြည့်ကြ၏။ သစ္စာအင်အားစုများကသာ ဘဝကို မိမိတို့၏ သစ္စာမျက်စိဖြင့် ကြည့်ကြခြင်း ဖြစ်ပါ၏။

ဘဝကို သစ္စာမျက်စိဖြင့် ကြည့်သောအခါ မြတ်နိုးဖွယ်ကို မတွေ့ရဘဲ စက်ဆုပ်ဖွယ်ကိုသာ တွေ့ရ၏။ အမှန်အားဖြင့် ဘဝဟူသည် ဝိပါကဝဋ်ပင် ဖြစ်၏။ ယင်းတွင် ခန္ဓာငါးပါး ပါဝင်လေရာ ခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာ အနေဖြင့် နှိပ်လည်း နှိပ်စက်တတ်၏။ နှိပ်စက်တတ်သောသဘော ပီဠနဋ္ဌ ဟု ဆို၏။ နှိပ်စက်နိုင်အောင်လည်း ပြုပြင်မှုကို ခံယူတတ်၏။ ပြုပြင်မှုကို ခံယူတတ်သော သဘောကို သင်္ခတဋ္ဌဟု ဆို၏။ ပြုပြင်မှု ခံယူရာ၌လည်း ပူလောင်အောင် လုပ်တတ်ပြန်၏။ ပူလောင်အောင် လုပ်တတ်သော သဘောကို သန္တာပဋ္ဌဟု ဆို၏။ ပူလောင်သောကြောင့်လည်း ဖောက်ပြန်ရပြန်၏။ ဖောက်ပြန်သော သဘောကို ဝိပရိဏာမဋ္ဌဟု ဆို၏။

ဤသို့လျှင် ဘဝသည် နှိပ်စက်ခြင်း၊ ပြုပြင်ခံရခြင်း၊ ပူလောင်ခြင်း၊ ဖောက်ပြန်ခြင်း သဘောလေးရပ်တို့ဖြင့် အမြဲတစေ ပါဝင်ပတ်သက်နေသောကြောင့် ဆင်းရဲခြင်းအမှန် ဖြစ်ပါ၏။

## သစ္စာအနက် (၁၆) ချက်

ဆင်းရဲခြင်း အမှန်ကိုပင် ဒုက္ခသစ္စာဟု ဆို၏။ ဒုက္ခသစ္စာ၌ အနက်သဘော လေးချက်ပါဝင်၏။ ထိုနည်းအတူပင် သမုဒယသစ္စာ၌လည်း အနက်သဘော လေးချက်ပါဝင်၏။ နိရောဓသစ္စာ၌လည်း အနက်သဘော လေးချက်ပါဝင်၏။ မဂ္ဂသစ္စာ၌လည်း အနက်သဘော လေးချက်ပါဝင်၏။ ဤသို့လျှင်





သစ္စာတစ်ပါးစီ၌ အနက်သဘော လေးချက်စီ ပါဝင်သောကြောင့် စုစုပေါင်း သစ္စာလေးပါး၌ အနက်သဘော (၁၆) ချက် ပါဝင်၏။ ထို့ကြောင့် ကျမ်းဂန်များ၌ သစ္စာအနက် (၁၆) ချက်ဟူ၍ ဆိုခြင်း ဖြစ်၏။

ဘဝ၌ သစ္စာအနက် (၁၆) ချက်ကို ရိုးရိုးပကတိမျက်စိဖြင့် ကြည့်၍ မမြင်ရ။ ရိုးရိုးပကတိမျက်စိကို ဝိပ္ပလ္လာသမျက်စိဟု ဆိုရ၏။ ဉာဏ်မျက်စိဖြင့် ကြည့်မှ မြင်ရ၏။ ဉာဏ်မျက်စိကို သစ္စာမျက်စိဟု ဆိုရ၏။ သစ္စာမျက်စိ ရရှိရေးနှင့်ပတ်သက်၍ ဓမ္မစကြာဒေသနာတော်၌ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီ တို့အား ဤသို့ ဟောကြားတော်မူထားသည်ကို တွေ့ရ၏။

စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဤဒေသနာတော်အရ ဝိပဿနာ ရှုမှတ်ပွားများရန် အားထုတ်ရာ၌ ရှေးဦးစွာ သမာဓိဖြစ်ဖို့ လိုအပ်၏။ သမာဓိကား ရိုးရိုးသမာဓိ မဟုတ်။ နာမ်ရုပ်တို့ကို မြင်စွမ်းနိုင်လောက်အောင် အားကောင်းသော သမာဓိ ဖြစ်၏။ ယင်းသမာဓိကို စက္ခုံဟူ၍ ဆိုရ၏။ စက္ခုံဟူသည် မြန်မာဝေါဟာရအားဖြင့် မျက်စိဖြစ်၏။ စက္ခုအမည် ရလောက်အောင် အားကောင်းသော သမာဓိကို ရရှိနိုင်ရန် ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်ဖို့ များစွာ လိုအပ်ပါ၏။

ထို့နောက် နာမ်ရုပ်တို့ကို ပိုင်းခြား၍ သိရန်နှင့် နာမ်ရုပ်တို့၏ အကြောင်းနှင့် အကျိုးကို သိမ်းဆည်း၍သိရန် အားထုတ်ရ၏။ ယင်းသို့ သိစွမ်းနိုင်သော ဉာဏ်ကို ဉာဏ ဟူ၍ ဆိုရ၏။

ထို့နောက် နာမ်ရုပ်တို့၏ ဖြစ်ပျက်ကိုမြင်ရန် အားထုတ်ရ၏။ ယင်းသို့ မြင်စွမ်းနိုင်သော ဝိပဿနာဉာဏ်ကို ပညာ ဟူ၍ ဆိုရ၏။

ထို့နောက် ဖြစ်ပျက်တို့၏ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော မဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ယင်းမဂ်ဉာဏ်ကို 'ဝိဇ္ဇာ'ဟူ၍ ဆိုရ၏။ ထို့အပြင် အမိုက်အမှောင်၏ ကုန်ဆုံးရာ အလင်းရောင်သည်လည်း ဖြစ်ပေါ်လာ၏။ ယင်းအလင်းရောင်ကို 'နိဗ္ဗာန်'ဟူ၍ ဆိုရ၏။ ဓမ္မစကြာ ဒေသနာ



www.burmeseclassic.com

www.burmeseclassic.com



တော်၌မူ နိဗ္ဗာန်ကို အာလောက ဟူ၍ ဆို၏။ အာလောက ဟူသည် အလင်းရောင်ပင် ဖြစ်၏။ အမှောင်နှင့်အလင်း ဟူသော ဆန့်ကျင်ဘက်အစုသည် ဓမ္မတာအရ ရှိ၏။

လောကကို အမှောင်ဟူ၍ ဆိုပြီး လောကမှ ထွက်မြောက်ရာ နိဗ္ဗာန်ကိုမူ အလင်းဟူ၍ ဆို၏။ ထို့ကြောင့် လောကသိ ဟူသမျှသည် အမှောင်သိချည်းသာ ဖြစ်၏။ အမှောင်တွင်း၌ သိသော အသိဟူသည် တကယ်တမ်း မှန်ကန်သောအသိ မဟုတ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သိသော လောကုတ္တရာသိသည်သာလျှင် အလင်းသိ ဖြစ်၏။ အလင်းရောင်အတွင်း၌ သိသော အသိဖြစ်မှသာ တကယ်တမ်း မှန်ကန်သောအသိ မည်၏။

## ဒုက္ခသစ္စာ (၁)

စက္ခုမှ စ၍ အာလောကတိုင်အောင်သော အသိမျိုးသည် သစ္စာမျက်စိဖြင့် မြင်သောအသိ ဖြစ်၏။ ထိုအသိမျိုးဖြင့် သိနိုင်ရန် ဘဝ၏ ခန္ဓာငါးပါးကို သစ္စာမျက်စိဖြင့် ကြည့်သောအခါ ခန္ဓာငါးပါးက အမှန်ပင် နှိပ်စက်နေကြောင်း တွေ့ရ၏။

လက်တွေ့အားဖြင့် မျက်စိက နာသည်ကိုလည်းကောင်း၊ နားက အူသည်ကိုလည်းကောင်း၊ လျှာက ကွဲသည်ကိုလည်းကောင်း၊ နှာခေါင်းက ပိတ်သည်ကိုလည်းကောင်း၊ ကိုယ်က ပွသည်ကိုလည်းကောင်း တွေ့ရ၏။ ဣရိယာပုထ်အနေဖြင့် ကြည့်လျှင်လည်း ကြာကြာထိုင်ပါက တောင့်တင်းလာသည်ကိုလည်းကောင်း၊ ကြာကြာရပ်ပါက ညောင်းလာသည်ကို လည်းကောင်း၊ ကြာကြာလျောင်းပါက ကျောပူလာသည်ကို လည်းကောင်း၊ ကြာကြာသွားပါက ခြေများ တောင့်တင်းလာသည်ကို လည်းကောင်း တွေ့ရ၏။

ရုပ်ခန္ဓာက ထိုမျှလောက် နှိပ်စက်ရုံနှင့် အားမရသေးဘဲ ဒွါရများမှ အညစ်အကြေးများ ယိုစီးကျခြင်းဖြင့်လည်း နှိပ်စက်လိုက်ပြန်သေး၏။ ဤသည်မှာ ရုပ်ခန္ဓာက နှိပ်စက်ခြင်း ဖြစ်၏။





ဝေဒနာက္ခန္ဓာကလည်း ပျော်ချင်ပါးချင်ကြောင်း ပူဆာပြန်၏။ မပျော်မပါးရလျှင် မှိုင်တွေချ၏။ သညာက္ခန္ဓာကလည်း ဟိုဟာသိချင်၊ သည်ဟာသိချင်ဖြင့် စပ်စပ်စုစု လုပ်ပြန်၏။ စပ်စပ်စုစု မလုပ်ရလျှင် မကျေမနပ်ဖြစ်ပြန်၏။ သင်္ခါရက္ခန္ဓာကလည်း နေရာတကာ ဆရာလုပ်ချင်၏။ ဆရာမလုပ်ရလျှင် အောင့်သည်းအောင့်သက် ဖြစ်လာ၏။ ဝိညာဏက္ခန္ဓာကလည်း သူတော်ကောင်း လုပ်ချင်ပြန်၏။ ဤသည်များမှာ နာမ်ခန္ဓာများက နှိပ်စက်နေခြင်း ဖြစ်၏။ ဤသို့ နှိပ်စက်နိုင်ခြင်းသည် ခန္ဓာငါးပါး ရှိနေသဖြင့် နှိပ်စက်နိုင်ခြင်း ဖြစ်၏။

ထို့ကြောင့် နှိပ်စက်ခြင်းသဘော ပီဠနဋ္ဌသည် ခန္ဓာငါးပါး၏ ပင်ကိုရှိလသဘော ဖြစ်၏။ ဒုက္ခသစ္စာ၏ မူရင်းအနက်သဘော ဟူ၍လည်း ဆိုကြ၏။

## ဒုက္ခသစ္စာ (၂)

ခန္ဓာငါးပါး၏ နှိပ်စက်ခြင်းမှ သက်သာစေရန် ပြုပြင်မှု သခံတတ္တ သဘောအရ အားထုတ်ရပြန်၏။ ထိုသို့ ပြုလုပ်ရာတွင် ပစ္စက္ခသဘောလည်း ပါ၏။ တမလွန်သဘောလည်း ပါ၏။ ပစ္စက္ခနှင့် တမလွန်တွင် ဒုစရိုက်မှုလည်း ပါ၏။ သုစရိုက်မှုလည်း ပါ၏။ ပုညကိရိယာလည်း ပါ၏။ ပစ္စက္ခ သဘောအရ မျက်နှာသစ်ခြင်း၊ ရေချိုးခြင်း၊ အညစ်အကြေးစွန့်ခြင်းမှ စ၍ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် ရေးရာအစုံပါဝင်၏။ ထိုသို့ ပါဝင်ရာတွင် တရားသဖြင့် လုပ်သည်လည်း ရှိ၏။ မတရားသဖြင့် လုပ်သည်လည်း ရှိ၏။ ကာယအားဖြင့် နေပူမရှောင်၊ မိုးရွာ မရှောင် လုပ်ရသည်လည်း ရှိ၏။ ဉာဏအားဖြင့် မအိပ်မနေ လုပ်ရသည်လည်း ရှိ၏။

ထိုသို့ လုပ်ရခြင်းမှာ ခန္ဓာငါးပါး၏ နှိပ်စက်ခြင်းမှ လွတ်မြောက်ရန် ဖြစ်၏။ သို့ဖြစ်ပါသော်လည်း လွတ်မြောက်မှုကိုမူ မျှော်မှန်းထားသည်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ရသည်ဟူ၍ မရှိ။ အကယ်၍ ရပါလျှင်လည်း ယာယီမျှသာ ရခြင်း ဖြစ်၏။

အမှန်အားဖြင့် လွတ်မြောက်မှုထက် ကြိုးပမ်းမှုက ပိုပါ၏။ ထို့ကြောင့် ကြိုးပမ်းရမှုသည်လည်း အမှန်ပင် ဆင်းရဲလေ၏။ သို့ရာတွင် ကြိုးပမ်းရမှု သို့မဟုတ် ပြုပြင်ရမှု သခ်တတ္ထသည် သမုဒယသစ္စာရှုထောင့်မှ မြင်ရသော ဒုက္ခသစ္စာ၏ အနက်ဖြစ်၏။ သို့ဖြစ်၍ ဤအနက်ကို ကမ္မဝဋ်၌ ထည့်သွင်းရ၏။ ထို့ကြောင့် ကံကို ပြုလုပ်ရာ၌ ခံစားရသော ဆင်းရဲခြင်း ဟူသမျှသည် ဒုက္ခသစ္စာ၏ ဒုတိယအနက် ဖြစ်သည်ဟု ဆိုရပါ၏။

## ဒုက္ခသစ္စာ (၃)

ဒုက္ခသစ္စာ၏ တတိယအနက်မှာ ပူလောင်မှု သန္တာပတ္ထအနက် ဖြစ်၏။ ဝိပါကဝဋ်ကို မပျက်မစီးအောင် ထိန်းသိမ်းနိုင်ရန် ကမ္မဝဋ်ကို ပြုရာ၌ သုစရိုက်မှုလည်း ပါ၏။ ဒုစရိုက်မှုလည်း ပါ၏။

သုစရိုက်မှုတွင် ပုညကိရိယာပြုရန်အတွက် ငွေကြေးရှာဖွေရခြင်း၊ ညဥ့်စာ မစားခြင်း၊ တရားထိုင်ခြင်း စသည်တို့သည် ကုသိုလ်တရားပင် ဖြစ်စေကာမူ သဘောအားဖြင့် ကိုယ်ဆင်းရဲမှု ကာယိကဒုက္ခ သဘော သက်ရောက်သည်ပင် ဖြစ်၏။

ဒုစရိုက်မှုတွင်မူ အထူးဆိုဖွယ် မရှိ။ အားလုံး နောင်တရစရာချည်း ဖြစ်၏။ နောင်တရသောအခါ သောက, ပရိဒေဝ စသည်ဖြင့် ပူလောင်ရ ပြန်၏။ ဆင်းရဲရပြန်၏။

ဒုစရိုက်မှုကိုပြုပြီး တစ်ဘဝလုံး နောင်တမရသူပင် ဖြစ်စေကာမူ သေခါနီးကာလ မရဏာသန္န အခါ၌မူ မလွဲသာ မရှောင်သာ ဒုဂ္ဂတိနိမိတ်များ ကို တွေ့ရမည် ဖြစ်၏။ ထိုအခါ၌ မျက်ရည်ယိုစီးလျက် ပူလောင်ခြင်း ဆင်းရဲ ကို ခံစားရမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်၏။ သို့ဖြစ်၍ ပူလောင်မှု ဆင်းရဲကို ကိလေသာဝဋ်၌ ထည့်သွင်းရ၏။ ဤဆင်းရဲသည်ကား ကိလေသာ





ကို မပယ်သတ်နိုင်သဖြင့် ခံစားရသော ဆင်းရဲဖြစ်သောကြောင့် မဂ္ဂသစ္စာ ရှုထောင့်မှ မြင်ရသော ဒုက္ခသစ္စာအနက် ဖြစ်ပါ၏။

## ဒုက္ခသစ္စာ (၄)

ဒုက္ခသစ္စာ၏ စတုတ္ထအနက်မှာ ဖောက်ပြန်မှု 'ဝိပရိဏာမတ္ထ'ဖြစ်၏။ ဖောက်ပြန်ပျက်စီးမှုသည် ပစ္စုပ္ပန်ဘဝ၊ အတိတ်ဘဝ၊ အနာဂတ်ဘဝ အားဖြင့် ဘဝအလိုက် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခလည်း ရှိ၏။ ယင်းဒုက္ခကို အဒ္ဓါဒုက္ခ ဟူ၍ ဆိုရ၏။

နံနက်၊ ညဥ့်အားဖြင့် ကာလအလိုက် ဇာတိ ဇရာ ဗျာဓိ မရဏလည်း ရှိ၏။ ယင်းကို 'သန္တတိဒုက္ခ'ဟူ၍ ဆိုရ၏။ ပထမ ခဏ၌ ဖြစ်သော ရုပ်နာမ် ခန္ဓာတို့သည် ဒုတိယ ခဏသို့ မရောက်မီ ချုပ်ပျောက်ပျက်စီးကြ၏။

ဤသို့လျှင် ရုပ်နာမ်ခန္ဓာတို့သည် ခဏတိုင်း ခဏတိုင်း ဖြစ်ကြ၏။ ရင့်ကြ၏။ နာကြ၏။ ပျက်စီးကြ၏။ ဖြစ်ခြင်းကို ဇာတိဒုက္ခ ဟူ၍လည်း ကောင်း၊ ရင့်ခြင်းကို ဇရာဒုက္ခ ဟူ၍လည်းကောင်း၊ နာခြင်းကို ဗျာဓိဒုက္ခ ဟူ၍လည်းကောင်း၊ ပျက်စီးခြင်းကို မရဏဒုက္ခ ဟူ၍လည်းကောင်း ဆိုရ၏။ ဤဒုက္ခမျိုးကိုမူ ခဏိကဒုက္ခ ဟူ၍ဆို၏။ ဤဒုက္ခကား နိရောဓသစ္စာရှုထောင့် မှ မြင်ရသောဒုက္ခ ဖြစ်လေ၏။ ဤဖောက်ပြန်မှု ဆင်းရဲကိုကား ဝဋ်သုံးပါး လုံး၌ပင် ထည့်သွင်းရ၏။

## သမုဒယသစ္စာ (၄) ချက်

သမုဒယသစ္စာ ဟူသည် တပ်မက်ခြင်း အမှန်တရား ဖြစ်၏။ ယင်း၌လည်း ရှောင့်ရှားနိုင်ခြင်း အာယူဟနတ္ထ၊ အကြောင်းရင်းခံခြင်း နိဒါနတ္ထ၊ ထွေးပိုက် ခြင်း သံယောဂတ္ထ၊ အဟန့်အတားပြုခြင်း ပလိဗောဓတ္ထ ဟူ၍ အနက် သဘော လေးမျိုးပင် ရှိ၏။

ထိုလေးမျိုးတွင် (၁) မရှောင့်ရှားနိုင်ခြင်း အာယူဟနတ္ထသည် သမုဒယ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာ၏ မူရင်းအနက် ဖြစ်သည်။ (၂) အကြောင်းရင်းခံခြင်း နိဒါနဋ္ဌသည် ဒုက္ခသစ္စာရှုထောင့်မှ မြင်ရသော သမုဒယသစ္စာ၏ အနက်ဖြစ်၏။ (၃) ထွေးပိုက်ခြင်း သံယောဂဋ္ဌသည် နိရောဓသစ္စာရှုထောင့်မှ မြင်ရသော သမုဒယ သစ္စာ၏ အနက်ဖြစ်၏။ (၄) အဟန့်အတားပြုခြင်း ပလိဗောဓဋ္ဌသည် မဂ္ဂသစ္စာရှုထောင့်မှ မြင်ရသော သမုဒယသစ္စာ၏ အနက်ဖြစ်၏။ သမုဒယ သစ္စာ၌ ရှုထောင့်လေးမျိုးအလိုက် အနက်လေးမျိုးသည် ဤသို့ ပါဝင်၏။

(၁) မရောင့်ရဲနိုင်ခြင်း အာယူဟနဋ္ဌဟူသည် ဘဝစည်ပင်ရေး အတွက် မရောင့်ရဲနိုင်ခြင်း ဖြစ်၏။ လောကတွင် အလှဆုံးဖြစ်သော်လည်း မရောင့်ရဲနိုင်။ တိုး၍ တိုး၍သာ လှချင်၏။ အသက်အရှည်ဆုံး ဖြစ်သော်လည်း မရောင့်ရဲနိုင်။ တိုး၍ တိုး၍သာ အသက်ရှည်လို၏။ အချမ်းသာဆုံး ဖြစ်သော်လည်း မရောင့်ရဲနိုင်။ တိုး၍ တိုး၍သာ ချမ်းသာလို၏။ ဘုန်းတန်ခိုးအကြီးဆုံး ဖြစ်သော်လည်း မရောင့်ရဲနိုင်။ တိုး၍ တိုး၍သာ ဘုန်းတန်ခိုး ကြီးလို၏။ ထို့ကြောင့် တိုး၍ တိုး၍ အားထုတ်၏။ တိုး၍ တိုး၍ အားထုတ်ခြင်းသည် ဒုက္ခကို တိုး၍ တိုး၍ စုဆောင်းခြင်းပင် ဖြစ်ပါ၏။ ဝိပါကဝဋ်ကို စုပုံခြင်း ဖြစ်၏။

(၂) အကြောင်းရင်းခံခြင်း နိဒါနဋ္ဌဟူသည် ဘဝအတွက် ကံများကို တည်ဆောက်ခြင်းဖြစ်၏။ ကံဟူသမျှသည် ကုသိုလ်ဖြစ်စေ အကုသိုလ်ဖြစ်စေ တဏှာကို အကြောင်းရင်းခံပါမှ ကံမြောက်၏။ တဏှာတွင် အဝိဇ္ဇာလည်း ပါဝင်၏။ ကံမြောက်မှ ဘဝအကျိုးကို ပေး၏။

ရဟန္တာမဖြစ်သေးသရွေ့ ကာလပတ်လုံး ပုထုဇဉ်မှသည် အနာဂါမ် တိုင်အောင် ထိုထိုပုဂ္ဂိုလ်တို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဟူသမျှသည် ကံအမည်ကို ရကြသည်ချည်းဖြစ်၏။ ထိုသို့ ကံအမည် ကို ရနေခြင်းသည် တဏှာကို မြစ်ပြတ် မပယ်သတ်နိုင်သေးသော





ကြောင့် ဖြစ်၏။ တဏှာကို မြစ်ပြတ် ပယ်သတ်နိုင်သောအခါမှသာ ကံဟူသမျှသည် ကြိယာအဖြစ်သို့ ရောက်၍ ချုပ်ငြိမ်း၏။ ကံ ချုပ်ငြိမ်းပါမှလည်း တစ်ဖန် ပဋိသန္ဓေနေရခြင်း ဇာတိသည် ကုန်၏။ ထိုအခါ ရဟန္တာဖြစ်သည်ဟု ဆိုရ၏။ ထို့ကြောင့် တဏှာသည် ကံ၏ အကြောင်းရင်းအနေဖြင့် ကမ္မဝဋ်ကို ဖြစ်စေသည်ဟု ဆိုရ၏။ ကံဖြစ်လာမှတော့ ဘဝသည် မလွဲမသွေ ဖြစ်ရပေတော့မည်။

(၃) ထွေးပိုက်မှု သံယောဂဋ္ဌဟူသည် ဘဝနှင့် ပတ်သက်သမျှ အားလုံးကို ထွေးပိုက်ခြင်း ဖြစ်၏။ ကိလေသဝဋ် အနေဖြင့်လည်း ထွေးပိုက်၏။ ကမ္မဝဋ် အနေဖြင့်လည်း ထွေးပိုက်၏။ ဝိပါကဝဋ် အနေဖြင့်လည်း ထွေးပိုက်၏။ ထို့ကြောင့် မိမိက ထွေးပိုက်ထား သော အရာဝတ္ထု လှုပ်လျှင် မိမိကပါ လှုပ်ရခြင်း ဖြစ်၏။

နိုင်ငံခြားက မိမိ၏သား သောကရောက်နေသည်ဟု ကြားရ လျှင် မိမိက သည်မှာနေပြီး လှုပ်၏။ သောကရောက်၏။ အယုတ်ဆုံး အားဖြင့် မိမိ၏ အိမ်ခြံစည်းရိုးက သက်မဲ့ဖြစ်သော သစ်ပင်ကို သူတစ်ပါးက ဓားဖြင့်ခုတ်သည်ကို မြင်ရလျှင်ပင် မိမိကပါ လှုပ်၏။ ဓားခုတ်ခံရ၏။ အမှန်အားဖြင့် လှုပ်ခြင်းသည် လောကဖြစ်၏။ မလှုပ်ခြင်းသည် နိဗ္ဗာန်ဖြစ်၏။ လှုပ်ခြင်းကို စလိတဟု ဆို၏။ မလှုပ်ခြင်းကို အစလိတဟု ဆို၏။

သို့ဖြစ်လေရာ တဏှာသည် ဘဝနှင့် ပတ်သက်သမျှ အားလုံးကို ထွေးပိုက်ထားသောကြောင့် ဘဝနှင့် ပတ်သက်သမျှ အားလုံး လှုပ် လျှင် မိမိကပါ လိုက်၍လှုပ်ခြင်း ဖြစ်၏။ ဘဝနှင့် ပတ်သက်သမျှ အားလုံး သောကရောက်လျှင် မိမိကပါ လိုက်၍ သောကရောက်ရ ခြင်း ဖြစ်ပါ၏။ ဤသည်မှာ နိရောဓသစ္စာ ရှုထောင့်မှ မြင်ရသော သမုဒယသစ္စာ၏ အနက်ဖြစ်၏။

(၄) ဟန့်တားခြင်း ပလိဗောဓဋ္ဌဟူသည် ဘဝမှ လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



ရေး အတွက် ဆောင်ရွက်မှုဟူသမျှ အားလုံးကို မဆောင်ရွက်နိုင်အောင် ဟန့်တားခြင်း ဖြစ်၏။

စာပေသမားများကလည်း တရားအားထုတ်မည် ကြံသောအခါ ချုပ်ပို့လက်စ၊ ရေးလက်စ စာပေလုပ်ငန်းက အဟန့်အတား ပြု၏။ စီးပွားရေးသမား၊ နိုင်ငံရေးသမား၊ အုပ်ချုပ်ရေးသမား စသည်အားဖြင့် အလွှာအသီးသီး၌ ရှိကြသူများသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် တရားအားထုတ်မည် ပြုသောအခါ ဆိုင်ရာလုပ်ငန်းများ၊ မိသားစုများ၊ ပတ်ဝန်းကျင်များက တရားအားမထုတ်ဖြစ်အောင် ဆင်ခြေအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးဖြင့် အဟန့်အတား ပြု၏။ ဤသို့ အဟန့်အတားပြုခြင်းသည် ကိလေသဝဋ်ကို ပွားစေခြင်း ဖြစ်၏။ ယင်းသည်ပင် မဂ္ဂသစ္စာရှုထောင့်မှ မြင်ရသော သမုဒယသစ္စာ၏ အနက်ဖြစ်၏။

## နိရောဓသစ္စာ (၄) ချက်

နိရောဓသစ္စာ၌လည်း သံသရာမှ လွတ်မြောက်ခြင်း နိဿရဏဋ္ဌ၊ ထွေးပိုက်မှု ဟူသမျှ လွတ်ကင်းခြင်း ဝိဝေကဋ္ဌ၊ အကြောင်းတရား ဟူသမျှတို့က မပြုပြင်နိုင်ခြင်း အသင်္ခတဋ္ဌ၊ မပျက်မစီးဘဲ အမြဲတမ်းရှိနိုင်ခြင်း အမတဋ္ဌ ဟူ၍ အနက်လေးမျိုး ရှိသည်ပင် ဖြစ်၏။

ထိုလေးမျိုးတွင် (၁) သံသရာမှ လွတ်မြောက်ခြင်း နိဿရဏဋ္ဌသည် နိရောဓသစ္စာ၏ ပင်ကိုမူလ အနက်ဖြစ်၏။ (၂) ထွေးပိုက်မှု ဟူသမျှမှ လွတ်ကင်းခြင်း ဝိဝေကဋ္ဌသည် သမုဒယသစ္စာ ရှုထောင့်မှ မြင်ရသော နိရောဓသစ္စာ၏ အနက်ဖြစ်၏။ (၃) အကြောင်းတရားဟူသမျှတို့က မပြုပြင်နိုင်ခြင်း အသင်္ခတဋ္ဌသည် မဂ္ဂသစ္စာရှုထောင့်မှ မြင်ရသော နိရောဓသစ္စာ၏ အနက်ဖြစ်၏။ (၄) မပျက်မစီးဘဲ အမြဲတမ်း တည်ရှိနိုင်ခြင်း အမတဋ္ဌသည် ဒုက္ခသစ္စာရှုထောင့်မှ မြင်ရသော နိရောဓသစ္စာ၏ အနက်ဖြစ်၏။





(၁) သံသရာမှ လွတ်မြောက်ခြင်း နိဿရဏဋ္ဌဟူသည် လောကသုံးပါးမှ လွတ်မြောက်ခြင်း ဖြစ်၏။ ယင်းကို (၃၁) ဘုံမှ လွတ်မြောက်ခြင်း ဟူ၍လည်း ဆိုရ၏။ ပဋိစ္စသမုပ္ပာဒ် ဒေါ်ဟာရဖြင့် ဆိုရလျှင် ဝိပါကဝဋ်မှ လည်းကောင်း၊ ကမ္မဝဋ်မှ လည်းကောင်း၊ ကိလေသဝဋ်မှ လည်းကောင်း လွတ်မြောက်ခြင်း ဖြစ်၏။

(၂) ထွေးပိုက်မှု ဟူသမျှမှ လွတ်ကင်းခြင်း ဝိဝေကဋ္ဌဟူသည် အာရုံပြုခြင်းပင် မခံရတော့လေအောင် ကိလေသာအားလုံးမှ လွတ်ကင်းခြင်း ဖြစ်၏။ ထို့ကြောင့် ယင်းကို ကိလေသဝဋ်မှ လွတ်ကင်းခြင်း ဟူ၍ ဆိုရ၏။

(၃) အကြောင်းတရား ဟူသမျှတို့က မပြုပြင်နိုင်ခြင်း အသင်္ခတဋ္ဌ ဟူသည် ကမ္မဝဋ်မှ လွတ်မြောက်ခြင်း ဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်သည် ကံကြောင့်ဖြစ်သော တရားလည်း မဟုတ်၊ စိတ်ကြောင့်ဖြစ်သော တရားလည်း မဟုတ်၊ ဥတုကြောင့်ဖြစ်သော တရားလည်း မဟုတ်၊ အာဟာရကြောင့်ဖြစ်သော တရားလည်း မဟုတ်၊ အမှန်အားဖြင့် အကြောင်းကင်းသော တရားဖြစ်၏။ သို့ဖြစ်၍သော ဖြစ်–တည်–ပျက်သဘော ဟူ၍ မရှိဘဲ သု့သဘော သူ့ဆောင်ကာ ပရမတ္ထ အနေဖြင့် ထာဝစဉ် တည်ရှိနေခြင်း ဖြစ်၏။

"ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မံ" အရ ဖြစ်သော တရား ဟူသမျှသည် ပျက်သော သဘောရှိသည်ချည်း ဖြစ်သောကြောင့် နိဗ္ဗာန်ဟူသည် အဖြစ်တရား မဟုတ်ဘဲ အရှိတရားသက်သက် ဖြစ်ပါ၏။

(၄) မပျက်မစီးဘဲ အမြဲတည်ရှိနိုင်ခြင်း အမတဋ္ဌ ဟူသည် ကာလလွတ်သဘော ဖြစ်၏။ ကာလ၏ ဩဇာအတွင်း၌ ရှိပါက အတိတ်သဘောလည်း ရှိ၏။ ပစ္စုပ္ပန်သဘောလည်း ရှိရ၏။ အနာဂတ်သဘောလည်း ရှိရ၏။ ထိုအခါ ဖြစ်ခြင်း၊ တည်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ပျက်ခြင်းတို့သည် မလွဲမသွေ ပါဝင်လာရ၏။ ထို့ကြောင့် ခဏိက ဇာတိ၊ သန္တတိဇာတိ၊ သဒ္ဓါဇာတိ ဟူ၍ ဖြစ်ခြင်းသဘောကို လည်းကောင်း၊ ခဏိက မရဏ၊ သန္တတိ မရဏ၊ အဒ္ဓါ မရဏ ဟူ၍ ပျက်ခြင်း သဘောကို လည်းကောင်း ထိုထိုဓမ္မတို့သည် မလွန်ဆန်နိုင်ဘဲ ရှိကြ၏။

နိဗ္ဗာန်ကား ထိုကဲ့သို့ မဟုတ်။ ကာလကို လွန်သဖြင့် ဖြစ်ခြင်း လည်း မရှိ။ ပျက်ခြင်းလည်း မရှိ။ ကာလအားဖြင့် အတိတ်လည်း မရှိ။ ပစ္စုပ္ပန်လည်း မရှိ။ အနာဂတ်လည်း မရှိ။ သို့ မရှိသော်လည်း အမြဲတမ်းမူကား ရှိနေသောကြောင့် ထာဝရပစ္စုပ္ပန် ဟူ၍ဆိုသော် ဆိုနိုင်ပါ၏။ ထာဝရပစ္စုပ္ပန် ဖြစ်သောကြောင့် နိဗ္ဗာန်ကို မပျက်စီး သော တရား၊ မသေသောတရား ဟူ၍ ဆိုခြင်း ဖြစ်ပါ၏။ ပါဠိ ဝေါဟာရအားဖြင့် အမတဓာတ္တုဟူသည် မြန်မာဝေါဟာရအားဖြင့် မသေသောသဘော ဖြစ်၏။

## မဂ္ဂသစ္စာ (၄) ချက်

မဂ္ဂသစ္စာ၌လည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း နိယျာနဋ္ဌ၊ နိဗ္ဗာန်ကို ရခြင်းအကြောင်း ဟေတွဋ္ဌ၊ သစ္စာလေးပါးကို မြင်ခြင်း ဒဿနဋ္ဌ၊ မိမိ၏ ကိစ္စ၌ အစိုးရခြင်း အာဓိပတေယျဋ္ဌအားဖြင့် လေးမျိုးပင် ရှိ၏။

ထိုလေးမျိုးတွင် (၁) ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း နိယျာနဋ္ဌသည် မဂ္ဂသစ္စာ၏ မူလပင်ကို အနက်ဖြစ်၏။ (၂) နိဗ္ဗာန်ကို ရခြင်းအကြောင်း ဟေတွဋ္ဌသည် သမုဒယသစ္စာ ရှုထောင့်မှ မြင်ရသော မဂ္ဂသစ္စာ၏အနက် ဖြစ်၏။ (၃) သစ္စာလေးပါးကို မြင်ခြင်း ဒဿနဋ္ဌသည် နိရောဓသစ္စာ ရှုထောင့်မှ မြင်ရသော မဂ္ဂသစ္စာ၏ အနက်ဖြစ်၏။ (၄) မိမိ၏ ကိစ္စ၌ အစိုးရ ခြင်း အာဓိပတေယျဋ္ဌသည် ဒုက္ခသစ္စာရှုထောင့်မှ မြင်ရသော မဂ္ဂသစ္စာ၏ အနက်ဖြစ်၏။





(၁) ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း နိယျာနဋ္ဌဟူသည် အနု သယ ကိလေသာကို မြစ်ပြတ်ပယ်သတ်လိုက်သဖြင့် ကမ္မဝဋ်ပြတ် ပြီး ထိုထိုဘုံတို့၌ လူ–နတ်–ဗြဟ္မာ သတ္တဝါအနေဖြင့် မဖြစ်ရတော့ ခြင်း ဖြစ်၏။ အနုသယကိလေသာသည် လောက၏အနှစ်၊ လောက ၏ ဗီဇ၊ သံသရာ၏ အနှစ်၊ သံသရာ၏ ဗီဇဖြစ်၏။ ထို့ကြောင့် အနုသယကိလေသာ သေလျှင် ကံလည်း သေသဖြင့် အနှစ်မပါ အခွံချည်းသာ ကျန်ရစ်သော လောကနှင့် သံသရာ ဖြစ်ချေ၏။

ထိုအခါ ညွန်အတွင်း၌ရှိသော လန်းဆန်းသော ပဒုမ္မာကြာသည် ရွှံ့ညွန်အတွင်း၌ ရှိနေပါလျက် ရွှံ့ညွန်များ မလိမ်းကပ်သကဲ့သို့ ကိလေသာများကို မြစ်ပြတ်ပယ်သတ်ပြီးသော အရိယာပုဂ္ဂိုလ်သည် လောကအတွင်း၌ ရှိလျက် လန်းဆန်းနေသော်လည်း လောက၏ အညစ်အကြေး ဖြစ်သော ကိလေသာများ မလိမ်းကျံတော့။ ကိလေ သာများ မလိမ်းကျံလျှင် ကံလည်း အကျိုးမပေးနိုင်တော့။ အမှန်အား ဖြင့် ကံအမည်ကိုပင် မရတော့။ ဤသည်ကိုပင် ဝဋ်ဆင်းရဲမှ ထွက် မြောက်ခြင်းဟု ဆိုရ၏။

(၂) နိဗ္ဗာန်ကို ရခြင်း၏အကြောင်း ဟေတွဋ္ဌဟူသည် တဏှာ ကို မြစ်ပြတ်ပယ်သတ်နိုင်ခြင်း ဖြစ်၏။ ဝါနတော နိက္ခန္တံ နိဗ္ဗာနံ ဟူသည်နှင့်အညီ တဏှာကို နည်းနည်းပယ်သတ်နိုင်လျှင် နည်းနည်း နိဗ္ဗာန်ကို ရ၏။ မြစ်ပြတ်ပယ်သတ်နိုင်လျှင် နိဗ္ဗာန်ကို အပြီးအပိုင် ရ၏။ နိဗ္ဗာန်ကို ရခြင်း၌ ဗောဓိပက္ခိယ တရားများ အားလုံးကို ပွားသည်ထက်ပွားအောင် အားထုတ်ရ၏။ ထိုအခါမှသာ နိဗ္ဗာန်ကို ရခြင်း၏အကြောင်း ဖြစ်၏။ နိဗ္ဗာန်ကို ရပါမှလည်း တဏှာကို ပယ်သတ်နိုင်၏။ ကိလေသဝဋ်ကို ဖြတ်နိုင်၏။ ဤသည်ကိုပင် နိဗ္ဗာန်ကို ရခြင်း၏အကြောင်း ဟူ၍ ဆိုရ၏။

(၃) သစ္စာလေးပါးကိုမြင်ခြင်း ဒဿနဋ္ဌဟူသည် နိရောဓသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်မှောက်ပြုခြင်း၊ ဒုက္ခသစ္စာကို ပိုင်းခြင်း၍သိခြင်း၊ သမုဒယသစ္စာကို ပယ်သတ်နိုင်ခြင်းနှင့် မဂ္ဂသစ္စာကို ပွားများခြင်းတို့ ဖြစ်ကြ၏။

ထိုတွင် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသည် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မြင်ခြင်းဖြစ်၏။ ယင်းကို အာရမ္မဏပဋိဝေဓ ဟူ၍ ဆို၏။ ကျန်သစ္စာများကို မြင်ခြင်းဟူသည်မှာ မတွေဝေသောအားဖြင့် မြင်ခြင်း ဖြစ်၏။ ယင်းကို အသမ္မောဟ ပဋိဝေဓ ဟူ၍ ဆို၏။ အမှန်အားဖြင့် နိရောဓသစ္စာကို မြင်ခြင်း၌ အာရုံပြုခြင်းနှင့် မတွေဝေခြင်း နှစ်မျိုးလုံး ပါဝင်၏။ ကျန်သစ္စာများကို မြင်ခြင်း၌မူ မတွေဝေခြင်း တစ်မျိုးသာ ပါဝင်၏။ အာရမ္မဏပဋိဝေဓ၏ အနက်မှာ အာရုံပြုသောအားဖြင့် သိခြင်းဟူ၍ ဖြစ်၏။ အသမ္မောဟပဋိဝေဓ၏ အနက်မှာ မတွေဝေသောအားဖြင့် သိခြင်းဟူ၍ ဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဝိပါကဝဋ်၊ ကမ္မဝဋ်၊ ကိလေသဝဋ် ဟူသော ဝဋ်သုံးပါးမှ လွတ်လေပြီ။

(၄) နိဗ္ဗာန်ကိုမြင်ခြင်း ဟူသည်မှာ နိဗ္ဗာန်ကို တိုက်ရိုက်ကြည့်၍ မြင်သည် မဟုတ်။ နိဗ္ဗာန်ကို တိုက်ရိုက်ကြည့်၍လည်း မရ။ နိဗ္ဗာန်ကို မြင်လိုလျှင် ရုပ်နာမ်ခန္ဓာတို့ကိုသာ ကြည့်ရ၏။ ရုပ်နာမ်ခန္ဓာတို့ကို ကြည့်ရာမှ ယင်းတို့၏ ဖြစ်ပျက်ကို မြင်လာ၏။ ထို့နောက် ဖြစ်ပျက်ကုန်ဆုံး၍ ဖြစ်ပျက်ကို လွန်ပြီး မဖြစ်မပျက်ကို မြင်လာ၏။ ယင်းမဖြစ်မပျက်ကား နိဗ္ဗာန်ဖြစ်၏။

ဤသို့သော ကြည့်နည်းကို အာရနွတိညာဏဟု ဆိုကြ၏။ အရနွတိညာဏ ဟူသည်မှာ အရနွတိကြယ်ကို ကြည့်နည်းဖြစ်၏။ အရနွတိကြယ်ကို ကြည့်သောအခါ အရနွတိကြယ်ကို တိုက်ရိုက်ကြည့်၍ မရ။ သစ်ပင်ထိပ်ဖျားကို ကြည့်ရ၏။ သစ်ပင်ထိပ်ဖျားကို ကြည့်ရာမှ သစ်ပင်ထိပ်ဖျားကို လွန်ပြီး ကောင်းကင်သို့ ကြည့်လိုက်





သောအခါ အရနွတိကြယ်ကို မြင်ရ၏။ ဤကြည့်နည်းကို လေယာဉ်ပျံ ကြည့်နည်းနှင့် နှိုင်းယှဉ်၍လည်း ဆိုနိုင်၏။

ကောင်းကင်၌ လေယာဉ်ပျံတစ်စင်း ပျံသန်းသွားသောအခါ ထိုလေယာဉ်ပျံကို တိုက်ရိုက်ကြည့်နိုင်း၍ မရ။ လက်ညှိုးဖြင့် ညွှန်ပြရ၏။ လက်ညှိုးထိပ်ကို ကြည့်ခိုင်းရ၏။ လက်ညှိုးထိပ်ကို လွန်ပြီး တည့်တည့် ကောင်းကင်သို့ ကြည့်လိုက်သော အခါမှသာ လေယာဉ်ပျံကို မြင်ရ၏။ ဤကြည့်နည်းအတိုင်းပင် ရုပ်နာမ်တို့၏ ဖြစ်ပျက်မှတစ်ဆင့် နိဗ္ဗာန်ကို ကြည့်ရ၏။ ထိုသို့ ကြည့်မှလည်း နိဗ္ဗာန်ကို မြင်ရ၏။ နိဗ္ဗာန်ကို မြင်မှလည်း ကျန်သစ္စာများကိုပါ မြင်လေ၏။

## အဋ္ဌ သုံးမျိုး

မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရား ထံတော်မှ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ကြားနာပြီး ကြားနာရသည့်အတိုင်း ကျင့်သုံးပွားများသောကြောင့် ပဉ္စဝဂ္ဂီငါးပါးတို့တွင် ကောဏ္ဍညသည် သစ္စာလေးပါးကို ပထမဦးဆုံး ကိုယ်တိုင်သိ၍ သောတာပန်ဖြစ်၏။ ဝါဆိုလပြည့်ကျော် (၁) ရက်နေ့တွင် ဝပ္ပသည် လည်းကောင်း၊ ဝါဆိုလပြည့်ကျော် (၂) ရက်နေ့တွင် ဘဒ္ဒိယသည် လည်းကောင်း၊ ဝါဆိုလပြည့်ကျော် (၃) ရက်နေ့တွင် မဟာနာမ်သည် လည်းကောင်း၊ ဝါဆိုလပြည့်ကျော် (၄) ရက်နေ့တွင် အဿဇိသည် လည်းကောင်း အစဉ်အတိုင်း သောတာပန် ဖြစ်ကြ၏။ 'ဧဟိ ဘိက္ခု' ရဟန်းများလည်း ဖြစ်သွားကြ၏။

ထိုစဉ်အခါ မြတ်စွာဘုရား၏ သာသနာတော်တွင် ပဉ္စဝဂ္ဂီငါးပါးတို့သည် သံဃာရတနာများ ဖြစ်ကြလေပြီ။ သို့ရာတွင် ပဉ္စဝဂ္ဂီငါးပါးတို့သည် ရဟန္တာများ မဖြစ်ကြသေးချေ။ သောတာပန်မျှသာ ဖြစ်ကြသေး၏။ ထို့ကြောင့် ရဟန္တာဖြစ်အောင် ဆက်လက်အားထုတ်ဖို့ ရှိကြသေး၏။

ပဉ္စဝဂ္ဂီတို့သည် ရှေးအခါက အဋ္ဌကို အရှိထား၍ အရိယသစ္စာကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေနေကြသူများ ဖြစ်ကြ၏။ အတ္တကို အရှိထားပြီး အရိယသစ္စာကို ရှာဖွေကြခြင်းမှာလည်း သူတို့သာ မဟုတ်။ မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးပဝေသဏီ ကာလမှစ၍ သူတော်စင် မှန်သမျှတို့သည် အတ္တကို အရှိထား၍ အရိယသစ္စာကို ရှာဖွေကြသူများချည်း ဖြစ်ကြ၏။

အတ္တကို အရှိထားပြီး အရိယသစ္စာကို ရှာဖွေကြခြင်း ဖြစ်သဖြင့် ထိုထိုသူတော်စင်တို့သည် အရိယသစ္စာကို မတွေ့နိုင်ကြခြင်း ဖြစ်၏။ အရိယသစ္စာကား မရှိ မဟုတ်။ ရှိသည်သာ ဖြစ်၏။ ရှိပါလျက် အရှာမှား၍ မတွေ့ခြင်း ဖြစ်၏။ အရိယသစ္စာဟူသည် ဓမ္မတာအားဖြင့် အစမထင်သော အတိတ်၌လည်း ရှိသည်ပင် ဖြစ်၏။ အဆုံးမထင်သော အနာဂတ်၌လည်း ရှိသည်ပင် ဖြစ်၏။ ကာလတစ်လျှောက်လုံး ရှိသည်ပင် ဖြစ်၏။ ရှိသော်လည်း ရှာတတ်မှ တွေ့နိုင်၏။ ရှာတတ်ရန် မျက်စိရှိဖို့လည်း လို၏။

မြတ်စွာဘုရား အလောင်းတော်သည်ပင် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့ ညဥ့်၏ ပစ္ဆိမယာမ် ရောက်မှသာ အရိယသစ္စာကို မြင်စွမ်းနိုင်သော မျက်စိကို ရတော်မူခြင်း ဖြစ်၏။

ယင်းကိုပင် 'စက္ခုံ ဥဒပါဒိ' အရိယသစ္စာကို မြင်စွမ်းနိုင်သောမျက်စိ ဖြစ်ပေါ်လာပြီဟု ဆိုခြင်း ဖြစ်၏။ ထို့ကြောင့် ထာဝစဉ်ရှိနေသော အရိယသစ္စာကို မျက်ဝါးထင်ထင် ထိုမျက်စိဖြင့် မြင်အောင် ကြည့်နိုင်တော်မူခြင်း ဖြစ်၏။ အရိယသစ္စာကို မြင်ပါမှလည်း အတ္တကို အရှိထား၍ အရိယသစ္စာကို ရှာဖွေနေပါက မည်သည့်နည်းနှင့်မျှ အရိယသစ္စာကို တွေ့နိုင်မည် မဟုတ်ကြောင်း ပိုင်းပိုင်းခြားခြား သိတော်မူလာ၏။

အမှန်အားဖြင့် အရိယသစ္စာကို မြင်တွေ့ခြင်းဟူသည်မှာ အတ္တဟူ၍ မရှိဘဲ ဒုက္ခသာရှိကြောင်း ပိုင်းပိုင်းခြားခြား မြင်သိခြင်းပင် ဖြစ်၏။ ယင်းကိုပင် အတ္တကိုပယ်ခြင်း ဟူ၍လည်း ဆိုရ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူ၍လည်း ဆိုရ၏။

ပဥ္စဝဂ္ဂီတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း အတ္တ





ဟူ၍ မရှိဘဲ ဒုက္ခသာရှိကြောင်း ပိုင်းပိုင်းခြားခြား မြင်ကြပြီ။ အတ္တကို ပယ်ကြပြီ။ နိဗ္ဗာန်ကို မျက်မှောက်ပြုကြပြီ။ ထိုအခါ အရိယသစ္စာကို သိကြပြီ။ သို့ရာတွင် ပဥ္စဝဂ္ဂီတို့ ပယ်နိုင်သော အတ္တကား ဒိဋ္ဌိဖြင့် စွဲလမ်းသော အတ္တသာ ဖြစ်၏။

နောက် အတ္တနှစ်မျိုး ရှိသေး၏။ ထိုအတ္တနှစ်မျိုးကား တဏှာဖြင့် စွဲလမ်းသော အတ္တနှင့် မာနဖြင့် စွဲလမ်းသော အတ္တတို့ ဖြစ်ကြသည်။ ထိုအတ္တနှစ်မျိုးကို ပယ်သတ်နိုင်ရင် အနတ္တလက္ခဏာသုတ်တော်ကို နာကြားပြီးပါမှ ရဟန္တာဖြစ်ကြမည် ဖြစ်၏။ ယခုအချိန်တွင်မူ အတ္တသုံးမျိုး ရှိသည့်အနက်မှ တစ်မျိုးကိုသာ ပယ်သတ်နိုင်သေး၏။ ထို့ကြောင့် ပဥ္စဝဂ္ဂီတို့သည် သောတာပန် အဆင့်မျှသာ ဖြစ်ကြသေးခြင်း ဖြစ်၏။ သောတာပန်ဖြစ်ပြီ ဆိုလျှင်ပင် ရဟန္တာဖြစ်ဖို့ သေချာလေပြီ။

## ခန္ဓာ၌ သစ္စာကို ရှာဖွေ

အမှန်အားဖြင့် ပဥ္စဝဂ္ဂီတို့သည် မြတ်စွာဘုရား ဟောကြားတော်မမူမီက ဆိုလျှင် အရိယသစ္စာကို မည်သည့်နေရာ၌ ရှာရမှန်းပင် သိကြသည် မဟုတ်။ ထို့ကြောင့် ပဥ္စဝဂ္ဂီတို့သည် အရိယသစ္စာကို ရှိနိုးရာရာ ရော်ရမ်း မှန်းဆပြီး ရှာခဲ့ကြခြင်း ဖြစ်၏။ မြတ်စွာဘုရား ဟောကြားတော်မူလိုက်ခါမှ အရိယသစ္စာ ရှာရမည့်နေရာကို သိကြခြင်း ဖြစ်၏။ အမှန်အားဖြင့် အရိယ သစ္စာကို ရှာရမည့် နေရာကား မိမိတို့၏ ခန္ဓာပင် ဖြစ်၏။ 'တရားရှာ ခန္ဓာမှာ တွေ့' ဟူသည့်အတိုင်း ခန္ဓာ၌သာ အရိယာသစ္စာ ရှိ၏။ ထို့ကြောင့် ခန္ဓာ၌သာ အရိယသစ္စာကို ရှာရမည် ဖြစ်၏။ အခြားနေရာများ၌ ရှာရမည် မဟုတ်။

ပဥ္စဝဂ္ဂီတို့သည် မိမိတို့၏ ဒွါရများ၌ ဆိုင်ရာအာရုံများ ထင်လာသော အခါ ဆိုင်ရာဆိုင်ရာ သိစိတ်များ ဖြစ်ပေါ်လာကြသည်ကို ကိုယ်တွေ့ ကြုံကြ၏။ ထို့ကြောင့် ထင်လာသော အာရုံများ၊ ထင်စရာ ဒွါရများနှင့် သိစိတ်များ ဟူ၍ သုံးမျိုးစီ ဖြစ်ကြကြောင်းကိုလည်း ပဥ္စဝဂ္ဂီများ ကိုယ်တွေ့ ကြုံကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဤသုံးမျိုးကိုပင် မြတ်စွာဘုရားက ခန္ဓာဟူ၍ ဟောကြားတော်မူ၏။ တရားကိုယ်အားဖြင့် ဆိုလျှင် ရုပ်နာမ်များသာ ဖြစ်ကြ၏။ ရုပ်နာမ်မှတစ်ပါး အခြားအတ္တ ဟူ၍ မရှိ။

အတ္တဟူ၍ မရှိပါသော်လည်း အဝိဇ္ဇာ၏ မာယာကွန်ရက်ကြောင့် အတ္တရှိသည်ဟု ထင်ကြ၏။

အရိယသစ္စာကို မြင်စွမ်းနိုင်သော မျက်စိကိုရ၍ ထိုမျက်စိဖြင့် ကြည့်သော အခါမှသာ ခဏမစဲ တပွဲပွဲဖြင့် မိမိတို့၏ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ သိစိတ်ခြောက်ပါးတို့ အတွဲလိုက် အတွဲလိုက် ဖြစ်နေကြခြင်းကို လည်းကောင်း၊ ထိုအတွဲလိုက် ဖြစ်နေကြသော တရားများသည်ပင် ခန္ဓာများ ဖြစ်ကြခြင်းကို လည်းကောင်း၊ ခန္ဓာများ ဟူသည်မှာလည်း တရားကိုယ် အားဖြင့် ရုပ်နာမ်များသာ ဖြစ်ကြခြင်းကို လည်းကောင်း၊ ရုပ်နာမ်မှတစ်ပါး အခြား ဘာမျှ မရှိခြင်းကို လည်းကောင်း၊ ထိုရုပ်နာမ်များသည် ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေကြခြင်းကို လည်းကောင်း ပဋိဝေဂ္ဂီတို့သည် မျက်ဝါး ထင်ထင် သိလာကြ၏။

ထိုအခါ ပဋိဝေဂ္ဂီတို့သည် သစ္စဉာဏ်ကိုလည်း ရကြ၏။ ကိစ္စဉာဏ် ကိုလည်း ရကြ၏။ ကတဉာဏ်ကိုလည်း ရကြ၏။ သစ္စဉာဏ်ရခြင်းကို ဉာတပရိညာဖြင့် သိခြင်းဟူ၍ ဆိုရ၏။ ဉာတပရိညာဟူသည် ခန္ဓာ(ဝါ) ရုပ်နာမ်ကို အကြောင်းနှင့်တကွ ပိုင်းခြား၍ သိခြင်း ဖြစ်၏။ ယင်းအသိကို သမာဓိဉာဏ် ဟူ၍ ဆိုရ၏။ ခန္ဓာကို ဉာတပရိညာဖြင့် သိသောအခါ ဘာ္စာ လေးပါး သဘောဖြင့် ခွဲခြားပြီး သိ၏။

ပဋိဝေဂ္ဂီတို့သည် မြတ်စွာဘုရား၏ သွန်သင်ချက်အရ ဤလောက၌ ဝိပဿနာ ရှုရမည့် တရားများမှာ ခန္ဓာ (သို့မဟုတ်) ရုပ်နာမ်များသာ ဖြစ်ကြောင်း သိရှိပြီး ဖြစ်၏။ သို့ရာတွင် ထိုအသိမှာ လောကုတ္တရာသိ အဆင့်သို့ မရောက်သေးမီ ကာလထိ သစ္စဉာဏ်စစ်စစ် ဖြစ်သည်ဟု မဆိုနိုင် သေးချေ။





အမှန်အားဖြင့် ခန္ဓာ (ဝါ) ရုပ်နာမ်နှင့် ပတ်သက်၍ မည်သို့ပင် သိစေကာမူ လောကုတ္တရာသိ အဆင့်သို့ရောက်ပြီး ပစ္စဝေက္ခဏာဉာဏ်ဖြင့် မဆင်ခြင်နိုင်သေးသမျှ ကာလပတ်လုံး ထိုအသိ၌ အတ္တသည် အနုသယ အနေဖြင့် ပါဝင်သောကြောင့် ပုဂ္ဂိုလ်သိ သဘောသည် ပါဝင်နေသည်သာ ဖြစ်၏။ လောကုတ္တရာသိ အဆင့်သို့ ရောက်ပါမှ မဂ္ဂင်ရှစ်ပါးသည် အတ္တ၏ နေရာ၌ အစားဝင်ပြီး ပုဂ္ဂိုလ်သိ အနေဖြင့် မဟုတ်ဘဲ ဓမ္မသိ အဆင့်ဖြင့် သိ၏။

ဓမ္မသိစစ်စစ် ဟူသည်မှာ သီလမဂ္ဂင်သုံးပါး ပါဝင်သော မဂ္ဂင်ရှစ်ပါး ဖြင့် သိသော အသိဖြစ်၏။ သီလမဂ္ဂင်သုံးပါးသည်လည်း ဝိရတီစေတသိက် သဘောအရ နိဗ္ဗာန်ကို အာရုံပြုပါမှ တစ်စုတည်း၊ တစ်ပေါင်းတည်း၊ တစ်ပြိုင်နက်တည်း ဖြစ်နိုင်၏။ ထိုအခါမှသာ မဂ္ဂင်ရှစ်ပါး ဖြစ်၏။

သို့မဟုတ်ပါက အလွန်ဆုံး မဂ္ဂင်ငါးပါးသာ ဖြစ်နေမည် ဖြစ်၏။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးဖြင့် သိသော အသိကိုသာ သစ္စဉာဏ်စစ်စစ် ဖြစ်နိုင် သည်ဟု ဆိုရ၏။ ထို့ကြောင့် သစ္စဉာဏ်ကို ဉာတပရိညာဖြင့် သိသည် မှန်သော်လည်း မဂ်ဆိုက်ဖိုလ်ဆိုက်အသိ အဆင့်သို့ရောက်ပြီး ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ဆင်ခြင်ပြီးပါမှ သစ္စဉာဏ်စစ်စစ် ဖြစ်သည်ဟု ဆိုခြင်း ဖြစ်၏။

## ချမ်းသာအစစ်ကို တွေ့ပြီ

ကိစ္စဉာဏ်ကို တီရဏပရိညာဖြင့် သိခြင်း ဟူ၍ ဆိုရ၏။ ကိစ္စဉာဏ်တွင် ပိုင်းခြား၍ သိရမည့် ဒုက္ခသစ္စာကိစ္စ၊ ပယ်ရမည့် သမုဒယသစ္စာကိစ္စ၊ မျက်မှောက်ပြုရမည့် နိရောဓသစ္စာကိစ္စ၊ ပွားများရမည့် မဂ္ဂသစ္စာကိစ္စတို့ ပါဝင် ကြ၏။

တီရဏပရိညာ ဟူသည်မှာ ဖြစ်ပျက်ကိုမြင်သော ဝိပဿနာဉာဏ် ပင် ဖြစ်၏။ သို့ရာတွင် ထိုဉာဏ်ဖြင့် သိသော ကိစ္စဉာဏ်ဟူသည်လည်း လောကုတ္တရာသိ အဆင့်သို့ရောက်ပြီး ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပါမှ ကိစ္စဉာဏ်စစ်စစ် ဖြစ်သည်ဟု ဆိုရမည်။ ဝိပဿနာသိ အဆင့်တွင် ဆိုင်ရာဆိုင်ရာ မဂ်အလိုက် ပယ်ရမည့် ကိလေသာများကို မြစ်ပြတ်ပယ်နိုင်ခြင်း မရှိသေးသောကြောင့် ဝိပဿနာသိ၌လည်း ပုဂ္ဂိုလ်သိသည် အနုသယ အနေဖြင့် ပါဝင်နေသေးသည်သာ ဖြစ်၏။ အတ္တအနေဖြင့် သိသော ပုဂ္ဂိုလ်သိ ဟူ၍ မပါဘဲ မဂ္ဂင်ရှစ်ပါး ဓမ္မအနေဖြင့် သိသော ဓမ္မသိဖြင့် သိမှသာ အရိယသစ္စာ၏ ကိစ္စဉာဏ်သဘောသည် ပြီးပြည့်စုံမည် ဖြစ်၏။

ကတဉာဏ်ကို ပဟာနပရိညာဖြင့် သိခြင်းဟူ၍ ဆိုရ၏။ ပဟာနပရိညာဟူသည် မိမိတို့၏ သန္တာန်၌ ဆိုင်ရာဆိုင်ရာ မဂ်ဖြင့် ဆိုင်ရာဆိုင်ရာ ကိလေသာများကို ပယ်ခြင်း ဖြစ်၏။ ထိုသို့ ပယ်ရာ၌ မြစ်ပြတ်ပယ်ခြင်းကို ဆို၏။ မြစ်ပြတ်ပယ်ခြင်း ဟူသည်မှာ ပါဠိဝေါဟာရအားဖြင့် သမုစ္ဆေဒပဟာန်ပင် ဖြစ်၏။

ထို့ကြောင့် ဆိုင်ရာဆိုင်ရာ ကိလေသာများကို ဆိုင်ရာဆိုင်ရာ မဂ်များက သမုစ္ဆေဒပဟာန်ဖြင့် မြစ်ပြတ်ပယ်သည် ဆိုလျှင်ပင် ဆိုင်ရာဆိုင်ရာ လောကုတ္တရာစိတ်များ ဖြစ်ကြပြီ ဖြစ်၏။ ထို့ကြောင့် ကတဉာဏ်ကား လောကုတ္တရာသိဖြင့် သိပြီး ဖြစ်သောကြောင့် စစ်မှန်သော ကတဉာဏ်သာ ဖြစ်၏။

သစ္စာလေးပါးတွင် တစ်ပါးစီ တစ်ပါးစီ၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဟူ၍ သုံးမျိုးစီ သုံးမျိုးစီ ရသောကြောင့် ပဥ္စဝဂ္ဂီတို့သည် သစ္စာလေးပါးကို သိရာ၌ ၁၂ ပါးသော အခြင်းအရာတို့ဖြင့် သိကြခြင်း ဖြစ်၏။ ယခုမှပင် ပဥ္စဝဂ္ဂီတို့သည် စစ်မှန်သော ချမ်းသာကို တွေ့ကြ၏။

ရှေးယခင်က ဆိုလျှင် ပဥ္စဝဂ္ဂီတို့သည် ချမ်းသာကို ရှာခဲ့ကြ၏။ ထိုသို့ ရှာခြင်းကား တပ်မက်ခြင်း တဏှာအပေါ် အခြေခံ၍ ရှာခြင်းဖြစ်၏။ ထိုသို့ ရှာရာတွင် ရှာသည့်အတိုင်း မိမိတို့လိုချင်သော အရာဝတ္ထုကို ရသည့် အခါလည်း ရှိ၏။ မရသည့်အခါလည်း ရှိ၏။ ရပြန်ပါသော်လည်း ထိုအရာဝတ္ထု ပျောက်သွားမှာကို စိုးရိမ်မိပြန်၏။ ထို့ကြောင့် လောဘမှ သောကပွား





ပြန်၏။ မရပြန်ပါကလည်း စိတ်မချမ်းမသာ ဖြစ်ရပြန်၏။ တစ်ခါတစ်ရံ မိမိတို့ မလိုချင်သော အရာဝတ္ထုကို ရသည့်အခါလည်း ရှိ၏။ ထိုအခါ စိတ်နှလုံး မချမ်းမသာ ဖြစ်ရပြန်၏။ ထိုအရာဝတ္ထုနှင့် ကင်းကွာအောင် အားထုတ်ရပြန်၏။ မည်သည့်အခါ၊ မည်သည့်နည်းနှင့် ကင်းကွာပါလေမည်နည်း ဟူ၍ စိုးရိမ်ရပြန်၏။

ထို့ကြောင့် လောဘမှ ဒေါသ၊ ဒေါသမှ သောကသည် အဆင့်ဆင့် ဖြစ်ရပြန်၏။ စိုးရိမ်ခြင်းသောက ဆိုကတည်းက ဆင်းရဲရသည်ကား အမှန် ဖြစ်၏။ သို့ရာတွင် ဆင်းရဲခြင်းဒုက္ခ၏ အကြောင်းမှန်ကို သူတို့ မသိကြ။

## အသွင်ပြောင်း ဒုက္ခ

ပဥ္စဝဂ္ဂီတို့သည် ဆင်းရဲခြင်း ဒုက္ခ၏ အကြောင်းမှန်ကို မဂ်ဉာဏ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ပြီ။ "ဆင်းရဲခြင်းဒုက္ခ၏ အကြောင်းမှန်ကား သမုဒယ သစ္စာခေါ် တဏှာပါတကား" ဟူ၍ သူတို့ မှန်ကန်စွာ သိကြပြီ။

အမှန်အားဖြင့် သမုဒယသစ္စာ ခေါ်သော တဏှာမှ သိမ်မွေ့သော ဒုက္ခနှင့် ကြမ်းတမ်းသောဒုက္ခ ဟူ၍ နှစ်မျိုးသာ ထွက်ပေါ်နိုင်၏။ သိမ်မွေ့သော ဒုက္ခကိုပင် လောက၌ သုခဟူ၍ သတ်မှတ်ခြင်း ဖြစ်သည်။ အမှန်အားဖြင့်မူ ဒုက္ခစစ်စစ်သာတည်း။ ဒုက္ခက သုခအသွင် ပြောင်းနေသော အသွင်ပြောင်း ဒုက္ခသာ ဖြစ်၏။ ယခုမှ ဒုက္ခ၏ အကြောင်းမှန် သမုဒယသစ္စာ၏ သဘောကို သူတို့ ပိုင်ပိုင်နိုင်နိုင် သိ၏။

သံသရာတစ်လျှောက်လုံး၌ ပဥ္စဝဂ္ဂီတို့သည် ပဋိစ္စသမုပ္ပါဒ်လာ ဘဝရေစီးအတိုင်း ကိလေသာကြောင့် ကံဖြစ်ရ၏။ တစ်ဖန် ကံကြောင့် ဘဝဖြစ်ရပြန်၏။ တစ်ဖန် ဘဝကြောင့် ကိလေသာ ဖြစ်ရပြန်၏။ ဤသို့လျှင် ကိလေသာမှ ကံ၊ ကံမှ ဘဝ၊ ဘဝမှ ကိလေသာ ဟူ၍ ဘဝရေစီးကြောင်းသည် အဆုံးမသတ် လည်ပတ်လျက် စီးလေ၏။ ထို့ကြောင့် ဘဝရေစီးကြောင်း၏ အဆုံးနှင့် အစသည် တစ်မျိုးတည်းသဖွယ် မှတ်ထင်နေရခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဝ၌ မျှော်လင့်ချက်သည်ပင် အစသဖွယ်လည်း ဖြစ်၏။ အဆုံးသဖွယ်လည်း ဖြစ်၏။ ဤသို့လျှင် ပုထုဇဉ်များအတွက် ဘဝ၏ အစနှင့် အဆုံးသည် မျှော်လင့်ချက် 'တဏှာ'၌ တစ်ထပ်တည်း ကျနေရခြင်း ဖြစ်၏။

ပစ္စဝဂ္ဂီတို့သည် ယခု သောတာပတ္တိမဂ်ဖြင့် ပယ်နိုင်သော ကိလေသာများကို ပယ်သတ်မိလေပြီ။ ထို့ကြောင့် သူတို့၏ သန္တာန်၌ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဟူသော ကိလေသာများ ကင်းစင်သွားကြပြီ ဖြစ်၏။ 'ကိလေသာ' ကင်းစင်လျှင် ကံလည်း ကင်းစင်သွားကြပြီ ဖြစ်၏။ 'ကိလေသာ' ကင်းစင်လျှင် ကံလည်း ကင်းစင်တော့၏။ ကံ ကင်းစင်လျှင် ဘဝလည်း ကင်းစင်တော့၏။ ပုထုဇဉ်များ အနေဖြင့် သူတို့သည် 'အန္ဓဘူတော အယံ လောကော' အရ မျက်ကန်းများသာ ဖြစ်ကြ၏။ မျက်ကန်းများ ဖြစ်ကြသည့်အလျောက် သူတို့သည် အခြားသူများကို ဘဝနှင့် ပတ်သက်၍ မှန်ကန်အောင် လမ်းမညွှန်နိုင်ခဲ့။

ယခု 'အာလောကော ဥဒပါဒိ'အရ သူတို့သည် အလင်းကို ရကြပြီ။ ယခင်ကလို အကန်းများ မဟုတ်ကြတော့။ မျက်မြင်များ ဖြစ်ကြပြီ။ ထို့ကြောင့် သူတို့သည် ဘဝနှင့် ပတ်သက်၍ အခြားသူများအား အမှန်အတိုင်း လမ်းညွှန်နိုင်လေပြီ။

အကယ်၍ ရဟန္တာများ ဖြစ်သွားကြပါက ပို၍ အလင်းရပြီး အခြားသူများအား ပို၍မှန်ကန်အောင် လမ်းညွှန်နိုင်ကြမည် ဖြစ်ပါ၏။

ထိုအခါ နှစ်ပေါင်း ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီကို ဖြည့်ခြင်းအားဖြင့် လောကမှ ရယူခဲ့သော ကျေးဇူးကြွေးကို သူတို့သည် လောကအား ပြန်လည်ဆပ်ကြပေတော့မည်။ အမှန်အားဖြင့် သူတို့အတွက် လောကမှ နောက်ထပ်ရယူရန် မရှိတော့။ ပေးဆပ်ရန်သာ ရှိပါတော့၏။ ဤသည်ကိုပင် 'ဂစ္ဆထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ' ဟူ၍ ပါဠိ ဆိုပါ၏။

## သဉ္စယဒသာနဂိုဏ်း၏ ချမ်းသာကို ရှာဖွေခြင်း

သတ္တဝါ ဟူသမျှသည် ချမ်းသာကို လိုချင်ကြသည်ချည်း ဖြစ်၏။ ချမ်းသာကို လိုချင်သဖြင့်လည်း ချမ်းသာကို ရှာဖွေကြ၏။ ချမ်းသာကို ရှာဖွေရာတွင် မိမိတို့ လိုချင်သော ချမ်းသာကို ရသည်လည်း ရှိ၏။ မရသည်လည်း ရှိ၏။

အကယ်၍ မိမိတို့ လိုချင်သော ချမ်းသာကို ရစေကာမူ ထိုချမ်းသာသည် ပျောက်ကွယ်သွားတတ်၏။ ပျောက်ပျက်သွားလျှင်လည်း စိတ်မချမ်းမသာ ဖြစ်ရ၏။ မပျောက်ပျက်သေးလျှင်လည်း ပျောက်ပျက်သွားမှာကို စိုးရိမ်ရပြန်၏။ ထို့ကြောင့် မိမိတို့ ရှာ၍ ရရှိသော ချမ်းသာဟူသည်ကား စစ်မှန်သောချမ်းသာ မဟုတ်ချေ တကား။ ချမ်းသာအသွင်ကို ယူထားသော ဒုက္ခပါတကား။ ဤသို့လျှင် ထိုခေတ်က ချမ်းသာကို ရှာဖွေကြသူများသည် သိကြလေ၏။

ထို့ကြောင့် မြတ်စွာဘုရား ပွင့်တော်မမူမီကာလက မပျောက်ပျက်နိုင်သော ချမ်းသာစစ်ကို ရှာဖွေကြသူများတွင် သဉ္စယဒသာနဂိုဏ်းသည် ထင်ရှား၏။ အာဠာရနှင့် ဥဒက ရသေ့ကြီးများသည် သဉ္စယဒသာန ဂိုဏ်းဝင်များ ဖြစ်ကြသည်ဟု သမိုင်းများ၌ ဆိုကြ၏။ သူတို့ ရှာဖွေကြသော ချမ်းသာစစ်၏ အမည်သည် 'ကဲ ဝ လျ' ဖြစ်၏။

'ကဲ ဝ လျ'ကို မရမချင်း သူတို့ ရနေကြသော ချမ်းသာများသည် တကယ်တမ်း ချမ်းသာများ မဟုတ်ကြ။ ဒုက္ခနှင့်သုခ အသွင်ဆောင်နေသော သုခအတု ဒုက္ခများသာ ဖြစ်ကြ၏။ ကဲ ဝ လျကို ရမှသာ ချမ်းသာစစ် ဖြစ်၏။ ဤသည်မှာ သဉ္စယဒသာနဂိုဏ်း၏ အယူဖြစ်၏။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မမူမီကာလ အရိယသစ္စာကို ရှာနေချိန်တွင် အာဠာရ ရသေ့ကြီးနှင့်လည်း တွေ့ဖူး၏။ သူ၏ တရားကိုလည်း လေ့လာဖူး၏။ ထို့နောက် ဥဒက ရသေ့ကြီးနှင့်လည်း တွေ့ဖူး၏။ သူ၏ တရားကိုလည်း လေ့လာဖူး၏။ သို့ရာတွင် သဉ္စယဒသာနဂိုဏ်းက သတ်မှတ်ထားသော ချမ်းသာစစ် 'ကဲ ဝ



www.burmeseclassic.com

www.burmeseclassic.com



လျှ'သည် တကယ်တမ်း စစ်မှန်သောချမ်းသာ မဟုတ်သေးကြောင်း လောကီ ဈာန်သမာပတ် ချမ်းသာအဆင့်သာဖြစ်ကြောင်း သိတော်မူပြီးနောက် အာဠာရ နှင့် ဥဒက ရသေ့ကြီးများကို ခွာတော်မူခဲ့၏။

## အမြင်ဟောင်း အမြင်သစ်

ပဥ္စဝဂ္ဂီ ငါးဦးတို့သည်လည်း ထိုခေတ်က ထင်ရှားသော သချ်ဳိဒဿနဂိုဏ်း၏ အယူများကို အထိုက်အလျောက် လေ့လာမိဖူးရာ၏။ သို့ရာတွင် ပဥ္စဝဂ္ဂီတို့ သည် သချ်ဳိဒဿနဂိုဏ်း၏ အယူနှင့် ကျင့်စဉ်များကို မကျေနပ်ကြသဖြင့် အလောင်းတော်မင်းသားထံ ရောက်လာခြင်း ဖြစ်တန်ရာ၏။ ထို့ကြောင့် အလောင်းတော်မင်းသားသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ် သို့ ရောက်တော်မူပြီးနောက် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီတို့အား သစ္စာလေးပါး မြတ်တရားတော်ကို ဟောကြားတော်မူသောအခါ ထိုခေတ်က ထင်ရှား၍ အများ နားလည်သော ဒုက္ခအယူနှင့် ပတ်သက်၍–

မချစ်သူနှင့် ပေါင်းသင်းရခြင်းသည် ဒုက္ခ၊

ချစ်သူတို့နှင့် ကွေကွင်းရခြင်းသည် ဒုက္ခ၊

လိုချင်သည်ကို မရခြင်းသည် ဒုက္ခ၊

ခန္ဓာကို ရနေခြင်းသည် ဒုက္ခ၊

ဟူ၍ ဒုက္ခ၏ သဘောကို ဟောကြားတော်မူခဲ့၏။

အမှန်အားဖြင့် ထိုခေတ်က ချမ်းသာကို ရှာဖွေကြသူများသည် ပရ မတ္ထ သစ္စာအားဖြင့် လောက၌ ပုဂ္ဂိုလ်–သတ္တဝါ–အရာဝတ္ထု–အစိုင်အခဲဟူ၍ မရှိကြောင်းကို မသိကြဘဲ ပုဂ္ဂိုလ်–သတ္တဝါ–အရာဝတ္ထု–အစိုင်အခဲဟူ၍ ရှိနေကြောင်းကို နားလည်ကြ၏။ သဘောပေါက်ကြ၏။ ထို့ကြောင့် မြတ်စွာ ဘုရားက ပဥ္စဝဂ္ဂီတို့အား ဓမ္မစကြာပဝတ္တနသုတ်တော်ကို ဟောကြားတော် မူသောအခါ အမြင်ဟောင်းနှင့် အမြင်သစ်ကို ရောနှော၍ ဒုက္ခကို ဟောကြား တော်မူခြင်း ဖြစ်၏။





ထိုတွင် အမြင်ဟောင်းဟူသည်ကား ပုဂ္ဂိုလ်–သတ္တဝါ–အရာဝတ္ထု– အစိုင်အခဲကို အရှိ ထား၍ မြင်သောအမြင် ဖြစ်၏။ အမြင်သစ် ဟူသည်ကား ပုဂ္ဂိုလ်–သတ္တဝါ–အရာဝတ္ထု–အစိုင်အခဲကို မရှိ ထား၍ မြင်သောအမြင် ဖြစ်၏။

ပဥ္စဝဂ္ဂီတို့သည် အမြင်ဟောင်းနှင့်ကား အကျွမ်းတဝင် ရှိ၏။ အမြင်သစ်နှင့်ကား အကျွမ်းတဝင် မရှိကြသေးချေ။ ထို့ကြောင့် အမြင်သစ်နှင့် အကျွမ်းတဝင် ဖြစ်လာစေရန် မြတ်စွာဘုရားက ပဥ္စဝဂ္ဂီတို့အား အမြင်ဟောင်း နှင့် အမြင်သစ်ကို ရောနှော၍ ဟောကြားတော်မူခြင်း ဖြစ်၏။ အမှန်အားဖြင့် အမြင်ဟောင်းသည် သမ္မုတိသစ္စာအဆင့် ဖြစ်၏။ အမြင်သစ်သည် သမ္မုတိ သစ္စာ အဆင့်ကို ကျော်၍ ပရမတ္ထသစ္စာအဆင့် ဖြစ်၏။

အမြင်ဟောင်းဖြင့် လောကကို ကြည့်သောအခါ ပုဂ္ဂိုလ်များကို မြင် ၏။ သတ္တဝါများကို မြင်၏။ အရာဝတ္ထုများကို မြင်၏။ ယင်းတို့အားလုံး ကို အစိုင်အခဲ ဒြပ်အနေဖြင့် မြင်၏။ ထိုထက် အတွင်းဘက်ကို မမြင်တော့။ အမြင်ဟောင်းသည် ထိုတွင် လမ်းဆုံးလေ၏။

ချမ်းသာကို ရှာရာတွင် ထိုအမြင်မျှလောက်ဖြင့် စစ်မှန်သော ချမ်းသာ ကို မည်သို့ တွေ့အောင် ရှာဖွေနိုင်လိမ့်မည်နည်း။ ထိုထက် အတွင်းကျကျ ရောက်အောင် နှိုက်၍ ရှာဖွေရန် လိုသေးကြောင်းကိုတော့ ထိုခေတ် ပညာရှင် များက သိကြပါ၏။ သို့ရာတွင် သူတို့သည် နှိုက်၍ အတွင်းပိုင်းကို မကြည့် တတ်ရှာကြချေ။ ထိုအဆင့်ကိုသာ ကြည့်မည် ဆိုပါလျှင်–

မချစ်သူနှင့် ပေါင်းသင်းရခြင်းသည် ဒုက္ခ၊

ချစ်သူတို့နှင့် ကွေကွင်းရခြင်းသည် ဒုက္ခ၊

ဤသို့ မြင်ကြမည် ဖြစ်၏။ ဤဒုက္ခကို သချ်ဳိဒဿနဂိုဏ်းက 'ပတ် ဝန်းကျင်ဒုက္ခ'ဟူ၍ ဆို၏။ ဤအဆိုကို ပဥ္စဝဂ္ဂီတို့သည်လည်း သိကြ၏။ အခြားသူများသည်လည်း သိကြ၏။ အငြင်းပွားစရာ မရှိ။ အားလုံးက လက်ခံ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့အား အငြင်းပွားစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ အားလုံးက လက်ခံသော ထိုအဆိုဖြင့် ဒုက္ခကို စ၍ ဟောကြားတော်မူ၏။

ထို့နောက် မြတ်စွာဘုရားက ထိုထက် အတွင်းနှိုက်၍ ဒုက္ခကို ဟောပြန်၏။ ထိုထက် အတွင်းနှိုက်၍ လောကကို ကြည့်သောအခါ–

လိုချင်သည်ကို မရခြင်းသည် ဒုက္ခ၊

ဤသို့ မြင်ကြမည် ဖြစ်၏။

ဤဒုက္ခကို သင်္ချိုဒဿနဂိုဏ်းက 'ကံကြမ္မာ ဒုက္ခ'ဟူ၍ ဆို၏။ ကမ္မဿကတာ သမ္မာဒိဋ္ဌိအရ ကောင်းကျိုးနှင့် မကောင်းကျိုးသည် ကံအပေါ်၌ တည်၏။ ကံကောင်းလျှင် ကောင်းကျိုးသုခကို ရ၏။ ကံမကောင်းလျှင် မကောင်းကျိုး ဒုက္ခကို ရ၏။ ထို့ကြောင့် ကံကြမ္မာအပေါ်၌ တည်သော ဤဒုက္ခသည်လည်း အငြင်းပွားစရာ မရှိ။ အားလုံးက လက်ခံသော ဒုက္ခဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့အား အငြင်းပွားစရာ မရှိ။ အားလုံးက လက်ခံသော ထိုအဆိုဖြင့် ဒုက္ခကို အတွင်းနှိုက်၍ ဟောကြားတော်မူ၏။ ဤအဆင့်အထိ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒုက္ခဒေသနာမှာ အားလုံး ပြဿနာ မရှိ။ ချောမောပါ၏။

## ဒုက္ခကို ရှာဖွေရဦးမည်

ပဥ္စဝဂ္ဂီတို့အတွက် ပြဿနာရှိသော ဒုက္ခဒေသနာသည် စ တော့၏။ အမှန်အားဖြင့် ပဥ္စဝဂ္ဂီတို့သည် ထိုကဲ့သို့သော ဒုက္ခဒေသနာမျိုးကို မကြားနာဖူးချေ။ မကြားနာဖူး ဆိုသည်မှာ ဆစ်ဆစ်ပိုင်းပိုင်း မကြားနာဖူးခြင်းသာ ဖြစ်၏။ သာမညအားဖြင့်တော့ သူတို့ သိကြပါ၏။ သူတို့မှာ ခန္ဓာရှိသည်။ ခန္ဓာရှိနေကြသဖြင့် ဖြစ်ရ၏၊ အိုရ၏၊ နာရ၏၊ သေရ၏။ ဤဒုက္ခကို သင်္ချိုဒဿနဂိုဏ်းက "ခန္ဓာဖွဲ့စည်းမှု ဒုက္ခ"ဟူ၍ ဆို၏။ မြတ်စွာဘုရားကမူ–

"ခန္ဓာကို ရနေခြင်းသည် ဒုက္ခ"ဟူ၍ ဟောကြားတော်မူလိုက်၏။

မြတ်စွာဘုရား၏ ခန္ဓဒုက္ခဒေသနာသည် သင်္ချိုဒဿနဂိုဏ်း၏ ခန္ဓ





ဒုက္ခ ဒေသနာနှင့် ထူးလေသလား၊ မထူးလေသလား။ ဤသည်ကို သူတို့ မဝေခွဲတတ်ကြ။ သူတို့ မဝေခွဲတတ်ကြသော်လည်း ထူးသည်ကတော့ အမှန်။ မြတ်စွာဘုရား၏ ခန္ဓဒုက္ခ ဒေသနာသည် သစ္စဒေသနာသို့ ဦးတည်၏။ အရဟတ္တဖိုလ်ကို အထွတ်တင်၏။

## တဏှာလက်သမားကို မြင်ခြင်း

မြတ်စွာဘုရားသည် သစ္စဒေသနာကို ဤခန္ဓဒေသနာမှနေ၍ လမ်းခွဲရမည် ဖြစ်၏။ သူ၏ ခန္ဓဒေသနာသည် သင်္ချိုဒဿနဂိုဏ်း၏ ခန္ဓဒေသနာနှင့်လည်း မတူကြောင်း၊ အခြားဂိုဏ်းများ၏ ခန္ဓဒေသနာနှင့်လည်း မတူကြောင်း စ ရမည် ဖြစ်၏။

သင်္ချိုဒဿနဂိုဏ်းက လည်းကောင်း၊ အခြားဂိုဏ်းများက လည်းကောင်း ဒြပ်–အစိုင်အခဲ အနေဖြင့် ဟောကြား၏။ မြတ်စွာဘုရားက ခန္ဓာကို ဒြပ်မဲ့၊ အစိုင်အခဲမဲ့ အနေဖြင့် ဟောကြား၏။ ခန္ဓာကို ဒြပ်မဲ့၊ အစိုင်အခဲမဲ့ အနေဖြင့် ဟောကြားတော်မူသောအခါ ခန္ဓာတွင် ဝိပါကဝဋ္ဋအပိုင်း၊ ကမ္မဝဋ္ဋအပိုင်း၊ ကိလေသဝဋ္ဋအပိုင်း ဟူ၍ အပိုင်းကြီးသုံးပိုင်း ပါဝင်ပြီး တစ်ပိုင်းသည် တစ်ပိုင်းထက် ပို၍ပို၍ အတွင်းပိုင်းကျ၏။ ပို၍ ပို၍ နှိုက်လေ ပို၍ ပို၍ နက်လေ ဖြစ်၏။

မမ္မတာအားဖြင့် အပေါ်ပိုင်းသည် မြင်လွယ်၏။ မြင်လွယ်သော အပိုင်းကို မြင်ရုံမျှနှင့်တော့ မြတ်စွာဘုရား၏ ခန္ဓဒုက္ခဒေသနာသည် သစ္စဒေသနာ၌ လမ်းဆုံးမည် မဟုတ်သေး။ အနက်ဆုံး အပိုင်းကို မြင်ပါမှ သစ္စဒေသနာ၌ လမ်းဆုံးမည် ဖြစ်၏။ အနက်ဆုံးအပိုင်း ဟူသည်မှာ ကိလေသဝဋ္ဋအပိုင်း ဖြစ်၏။ မြတ်စွာဘုရားသည် အနက်ဆုံးအပိုင်းဖြစ်သော ကိလေသဝဋ္ဋအပိုင်း၌ ပါဝင်သော တဏှာယောက်ျား လက်သမားကို မြင်သောအခါ ဗောဓိပင်အောက်ရှိ ရွှေပလ္လင်ထက်တော်မှနေ၍ ဤသို့ ဥဒါန်းကျူးရင့်တော်မူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး သင်တဏှာယောက်ျား လက်သမားကို ရှာခဲ့၏။ ငါသည် သင့်ကို မတွေ့နိုင်ခဲ့။ ထိုသို့ မတွေ့နိုင်ခဲ့သဖြင့် သင်သည် ငါ့အတွက် ခန္ဓာအိမ်ကို ဆောက်လုပ်နိုင်ခဲ့၏။ ငါသည် ခန္ဓဒုက္ခကို ခံခဲ့ရ၏။ ယခု ငါသည် သင့်ကို တွေ့ပြီ။ တဏှာယောက်ျား လက်သမား၊ သင်သည် ငါ့အတွက် နောက်ထပ် ခန္ဓာအိမ်ကို ဆောက်ပေးရတော့မည် မဟုတ်။ သင်၏ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းဟူသမျှ အားလုံးကို ငါသည် ဖျက်ဆီးအပ်ပြီ။ ငါသည် ခန္ဓဒုက္ခမှ လွတ်မြောက်လေပြီ"

ဤဥဒါန်းကို စိတ်ဖြင့်ကျူးရင့်သောဥဒါန်း ဟူ၍ ပိဋကတ်စာပေ၌ ဆို၏။ ပါဠိ ဘာသာအားဖြင့်မူ 'အနေက ဇာတိ သံသာရံ'ဖြင့် စ ၏။ သဗ္ဗညုတ ဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ဤဥဒါန်းကို မြတ်စွာဘုရားက ကျူးရင့်တော်မူခြင်း ဖြစ်သောကြောင့် ယခု အခါ ဤဥဒါန်း ရွတ်ဆိုခြင်းကို 'အနကဇာ' တင်သည် ဟူ၍ ဆိုကြ၏။

## တောခြောက်သလို မလုပ်ရ

တဏှာကို တွေ့အောင် ရှာနိုင်က တဏှာကို အသေသတ်နိုင်မည် ဖြစ်၏။ တဏှာ သေပါမှလည်း ခန္ဓာငြိမ်း၍ ဘဝဇာတ်သိမ်းမည် ဖြစ်၏။ 'နတ္ထိ ခန္ဓ သမံ ဒုက္ခံ'ဟူ၍ ဟောကြားတော်မူထားရာ ခန္ဓာရခြင်းနှင့်တူသော ဆင်းရဲဒုက္ခ မည်သည် မရှိချေ။

ထို့ကြောင့် ခန္ဓာငြိမ်းအောင် လုပ်ရာ၌ ခန္ဓာအိမ်ကို အဆက်မပြတ်ဆောက်လုပ်တတ်သော တဏှာယောက်ျား လက်သမားကို သတ်ဖို့လိုခြင်း ဖြစ်၏။ သို့ရာတွင် တဏှာလက်သမားကို လွယ်လွယ်နှင့် သတ်၍ မရ။ တဏှာကို သတ်ဖို့ ဆိုသည်မှာ တဏှာကို မြင်မှ ဖြစ်မည်။ မမြင်ဘဲနှင့် 'တောခြောက်'သလို 'ရမ်း'ပြီး တိုက်ခိုက်၍ မရ။

အကယ်၍ တောခြောက်သလို ရမ်းပြီး တဏှာယောက်ျား လက်





သမားကို တိုက်ခိုက်ပါလျှင် တဏှာယောက်ျား လက်သမားက နောက်က ပိုးတက်၍ ကျားအုပ်သလို အုပ်ပေလိမ့်မည်။ ထိုအခါမှ တဏှာယောက်ျား လက်သမားကို သတ်သူသည် တဏှာက မသေဘဲ ကိုယ်သာလျှင် အကြီးအကျယ် ဒဏ်ရာရချေမည် ဖြစ်၏။

ဤသဘောကို မြတ်စွာဘုရား လက်ထက်တော် အခါကလည်း တွေ့နိုင်၏။ ယနေ့ကာလ၌လည်း တွေ့နိုင်၏။

တကယ့် စာတတ် ပေတတ် ပုဂ္ဂိုလ်အချို့သည် 'စာတတ်လေ မာနကြီးလေ၊ စာတတ်လေ ဒေါသကြီးလေ၊ စာတတ်လေ ဘဝင်မြင့်လေ၊ စာတတ်လေ အခွင့်အရေး ယူတတ်လေ၊ စာတတ်လေ အပြစ်ကို ဖုံးကွယ်တတ်လေ(မာယာ)၊ စာတတ်လေ ဝါကြွားတတ်လေ (သာဌေယျ)၊ စာတတ်လေ ကောက်ကျစ်လေ (ကေရာဋိက) ဖြစ်ရသည်မှာ တဏှာယောက်ျား လက်သမားကို 'တောခြောက်'သလို 'ရမ်း'ပြီး တိုက်ခိုက်သောကြောင့် တဏှာယောက်ျား လက်သမားက မသေဘဲ ရမ်း၍ တိုက်ခိုက်သူ စာတတ်ပေတတ် ပုဂ္ဂိုလ်အချို့သည်သာလျှင် အကြီးအကျယ် ဒဏ်ရာအနာတရ ရခြင်းမျိုး ဖြစ်လေ၏။

ထို့ကြောင့် တဏှာယောက်ျား လက်သမားကို သတ်တော့မည် ဆိုပါလျှင် ပိုင်အောင် လုပ်ဖို့ လိုပါ၏။ ပိုင်အောင် လုပ်ဖို့ ဆိုသည်မှာ တဏှာယောက်ျား လက်သမားကို 'ဂဟကာရကဒိဋ္ဌောသိ' တဏှာယောက်ျား လက်သမား၊ ငါသည် သင့်ကိုမြင်ပြီ ဟူ၍ ဆိုနိုင်အောင် အားထုတ်ဖို့ ဖြစ်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ခန္ဓာ၏ အတွင်းပိုင်း အကျဆုံး၌ ရှိသော တဏှာယောက်ျား လက်သမားကို တွေ့အောင် သတ်ခဲ့၏။ ဤသို့ တဏှာကို မိမိကိုယ်တိုင် တွေ့အောင် ရှာခဲ့၏။ တွေ့ပြီးနောက် သေအောင် သတ်နိုင်သလို မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့အား တဏှာယောက်ျား လက်သမားကို တွေ့အောင်ရှာနည်းကို လည်းကောင်း၊ သေအောင်သတ်နည်းကို လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ သင်ပြပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တဏှာယောက်ျား လက်သမားကို တွေ့အောင်ရှာတော့မည် ဆိုလျှင် ခန္ဓာ၏ အပေါ်ဆုံး အပိုင်းမှစ၍ ယင်းကို မြင်အောင် ကြည့်ရ၏။ ခန္ဓာ၏ အပေါ်ဆုံး အပိုင်းကို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ "ဇာတိ"ဟူ၍လည်းကောင်း၊ ပစ္စုပ္ပန် အကျိုးငါးပါး ဟူ၍လည်းကောင်း၊ ဝိပါကဝဋ် ဟူ၍လည်းကောင်း ဆို၏။

ထိုတွင် အရေးအကြီးဆုံးမှာ 'သဠာယတန' ဖြစ်၏။ သဠာယတန ဟူသည်မှာ အတွင်း အာယတနခြောက်ပါး ဖြစ်သော်လည်း ကျင့်စဉ်အရ အပြင်အာယတန ခြောက်ပါးကိုလည်း ယူရ၏။ အဓိပ္ပာယ်အားဖြင့် ဒွါရ ခြောက်ပါးတို့၌ အာရုံခြောက်ပါးတို့ ထိုက်သင့်သလို ထင်လာခြင်း ဖြစ်၏။ ထိုသို့ ထင်ရာတွင် ရုပ်အာရုံလည်း ထင်ချင် ထင်နိုင်၏။ နာမ်အာရုံလည်း ထင်ချင် ထင်နိုင်၏။ ထင်လာသော အာရုံများကို 'ဗာဟိရာယတန'များ ဟူ၍ လည်းကောင်း၊ အာရုံများ ဟူ၍လည်းကောင်း ဆို၏။ အာရုံများ ထင်ရာ ဒွါရများကိုမူ 'အဇ္ဈတ္တိကာယတန'များ ဟူ၍လည်းကောင်း၊ အကြည်ဓာတ်များ ဟူ၍လည်းကောင်း ဆို၏။

ထိုသို့ အာရုံနှင့် ဒွါရတို့ ထိမိလေသောအခါ သိစိတ်များသည် ဖြစ်ပေါ်လာကြပြန်၏။ ထိုသိစိတ်များသည် ဆိုင်ရာအာရုံနှင့် ဒွါရကိုလိုက်၍ မြင်သိစိတ်၊ ကြားသိစိတ် စသည်အားဖြင့် သိစိတ်ခြောက်မျိုးတို့ ထိုက်သင့်သလို ဖြစ်လာကြ၏။

ဤသို့လျှင် ခန္ဓာ၏ အပေါ်ဆုံးအပိုင်း၌ အာရုံ၊ ဒွါရ၊ သိစိတ်တို့သည် အတွဲလိုက် အတွဲလိုက် ဖြစ်လိုက်ကြ၏။ တည်လိုက်ကြ၏။ ပျက်လိုက်ကြ၏။ ထိုသို့ ဖြစ်နေ၊ တည်နေ၊ ပျက်နေခြင်းတို့သည် အမြဲမပြတ် ခဏတိုင်း ခဏတိုင်း ဖြစ်နေကြသော်လည်း လူတို့အနေဖြင့် မသိကြ။ ထိုသို့ မသိကြခြင်းမှာ သတိရှိသူ 'သတိမာ'၊ ဝီရိယရှိသူ 'အာတာပီ'၊ ဆင်ခြင်သူ 'သမ္ပဇာန' ပုဂ္ဂိုလ် မဖြစ်သောကြောင့် ဖြစ်၏။

## ပဋ္ဌဝဂ္ဂီတို့ အဆင့်ဆင့် မြင်လာခြင်း

ထို့ကြောင့် မြတ်စွာဘုရားက ပဋ္ဌဝဂ္ဂီတို့အား သတိရှိသူ 'သတိမာ' ဖြစ်အောင်၊ လုံ့လရှိသူ 'အာတာပီ'ဖြစ်အောင်၊ ဆင်ခြင်ဉာဏ်ရှိသူ 'သမ္ပဇာန' ဖြစ်အောင် အားထုတ်ခိုင်း၏။ မြတ်စွာဘုရား အားထုတ်ခိုင်းသည့်အတိုင်း အားထုတ်ကြသောအခါ ပဋ္ဌဝဂ္ဂီတို့သည် သတိရှိသူ ဖြစ်လာ၏။ လုံ့လရှိသူ ဖြစ်လာ၏။ အဆင်ခြင်ဉာဏ်ရှိသူ ဖြစ်လာ၏။ ထိုအခါ ထင်လာသော အာရုံများကို ထင်လာတိုင်း မြင်နိုင်သော 'မျက်စိ'သည် သူတို့၌ ဖြစ်ပေါ်လာလေ၏။

ထိုမျက်စိကား ပကတိမျက်စိ မဟုတ်။ သမာဓိ ပြဋ္ဌာန်းသော ဉာဏ်မျက်စိဖြစ်၏။ သမာဓိပြဋ္ဌာန်းသော ဉာဏ်မျက်စိပင် ဖြစ်စေကာမူ ပကတိမျက်စိဖြင့် အာရုံကိုမြင်၍ သိသလို မိမိတို့၏ ဒွါရများ၌ ထိုက်သင့်သလို ထင်လာသော အာရုံများကို ဆင်ခြင်၍ သိလေ၏။ ရုပ်အာရုံထင်လျှင် ရုပ်မှန်း သိ၏။ နာမ်အာရုံထင်လျှင် နာမ်မှန်း သိ၏။ ထိုသို့ သိရာ၌ ယင်းတို့၏ လက္ခဏာကိုလည်း သိ၏။ ရသကိုလည်း သိ၏။ ပဒဋ္ဌာန်ကိုလည်း သိ၏။ ပစ္စုပ္ပဋ္ဌာန်ကိုလည်း သိ၏။ ယင်းတို့၏ အကြောင်းကိုလည်း သိ၏။

ထိုအခါ 'ဝေဒနာ ပစ္စယာ တဏှာ' မဟုတ်တော့ဘဲ 'ဝေဒနာ ပစ္စယာ ဉာဏ်'ဟူ၍ ဖြစ်လာ၏။ ဤ၌ ဉာဏ်ကား နာမ်နှင့်ရုပ်ကို ပိုင်းခြား၍ သိသော ဉာဏ်နှင့် ယင်းတို့၏ အကြောင်းကို ခွဲခြား၍ သိသောဉာဏ် ဖြစ်၏။ ထိုဉာဏ်များကို အစဉ်အတိုင်း 'နာမရူပ ပရိစ္ဆေဒဉာဏ်'နှင့် 'ပစ္စယ ပရိဂ္ဂဟ ဉာဏ်' ဟူ၍ ဆို၏။

ထိုအဆင့် ရောက်သောအခါ ခန္ဓာ၏ အပေါ်ဆုံး အပိုင်းကိုသာမက ခန္ဓာ၏ ဒုတိယအတွင်းပိုင်း ကမ္မဝဋ်ကိုပါ အထိုက်အလျောက် မြင်လေပြီ။ ခန္ဓာ၏ နောက်ဆုံး အတွင်းပိုင်း ကိလေသဝဋ်ကို မြင်ဖို့ လိုသေး၏။ တဏှာကို မြင်ဖို့ လိုသေး၏။ ဆက်၍ အားထုတ်ရပေဦးမည်။

ပဋ္ဌဝဂ္ဂီတို့သည် မြတ်စွာဘုရား သင်ကြားတော်မူသည့်အတိုင်း ခန္ဓာ၏ အတွင်းအကျဆုံး အပိုင်းဖြစ်သော ကိလေသဝဋ်ကို မြင်နိုင်ရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ ဆိုင်ရာ ဒွါရများ၌ ထင်လာသော အာရုံများကို လည်းကောင်း၊ ထိုအာရုံများကို သိတတ်သော သိစိတ်များကို လည်းကောင်း ဆက်၍ ဆက်၍ ရှုပွားလေရာ ယင်းတို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့ကိုပါ မြင်ရလေ၏။

ဥဒယဗ္ဗယဉာဏ်အဆင့် အထိတွင်မူ အာရုံတို့၏ ဖြစ်ပျက်ကိုသာ မြင်၏။ ဘင်္ဂဉာဏ်မှစ၍ အာရုံနှင့် အာရမ္မဏိက နှစ်မျိုးလုံး၏ ဖြစ်ပျက်ကိုပါ မြင်လေတော့၏။ ထိုအခါ 'ဝေဒနာ ပစ္စယာ ပညာ' ဖြစ်လာလေပြီ။

ဤ၌ ပညာဟူသည်မှာ ဝိပဿနာဉာဏ် ဖြစ်၏။ ဤအဆင့်တွင် ပဋ္ဌဝဂ္ဂီတို့သည် ခန္ဓာ၏ အပေါ်ဆုံးအပိုင်းဖြစ်သော ဝိပါကဝဋ်ကိုလည်း ပို၍ ထင်ရှားစွာ မြင်၏။ ဒုတိယ အတွင်းပိုင်းဖြစ်သော ကမ္မဝဋ်ကိုလည်း ပို၍ ထင်ရှားစွာ မြင်လေ၏။ သို့ရာတွင် ခန္ဓာ၏အတွင်းအပိုင်းဖြစ်သော ကိလေသဝဋ် (ဝါ) တဏှာကိုမူ မျက်မှောက်ဆတ်ဆတ် အနေဖြင့် မမြင်ရသေး။ သို့ရာတွင် အထိုက်အလျောက်တော့ မြင်ရလေပြီ။

'အနေကဇာတိ သံသာရံ'ဖြင့် မြတ်စွာဘုရား ဥဒါန်းရင့်ကျူးတော်မူသည့်အတိုင်း တဏှာယောက်ျား လက်သမားကို တွေ့စေသော အသမ္မောဟ အမြင်ဖြင့် မြင်အောင် ကြည့်ရပေဦးမည်။ မြင်မှလည်း သူ့ကို သတ်နိုင်မည် ဖြစ်၏။ တဏှာယောက်ျား လက်သမား သေပါမှလည်း ကိစ္စပြီးမည် ဖြစ်၏။ ဘဝ၏ နောက်ဆုံးပန်းတိုင်သို့ ရောက်မည် ဖြစ်၏။

ဘဝ၏ နောက်ဆုံးပန်းတိုင် ဟူသည်ကား နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန် ဟူသော ပုဒ်အနက်သည်ပင် တဏှာမှ လွတ်မြောက်ခြင်းဟူ၍ ဖြစ်လေရာ တဏှာမှ လွတ်မြောက်ရေးသည် များစွာ အရေးကြီးပါ၏။ အရေးကြီးပါသော်လည်း တဏှာကို တိုက်ရိုက်မြင်အောင် ကြည့်၍ မရကောင်းသောကြောင့် ခန္ဓာ၏ အပေါ်ဆုံး အပိုင်းမှပင စ၍ ယင်းကို ကြည့်ရမည် ဖြစ်၏။

ပဋ္ဌဝဂ္ဂီတို့သည် နာမ်ရုပ်တို့၏ ဖြစ်ပျက်ကို ဆက်၍ ဆက်၍ ရှုလေရာ နောက်ဆုံး၌ ဖြစ်ပျက်တို့၏ ကုန်ဆုံးရာကို တွေ့မြင်ရတော့၏။ ဖြစ်ပျက်တို့၏ ကုန်ဆုံးရာကား နိဗ္ဗာန်ဖြစ်လေသည်။ ထိုအခါ 'ဝေဒနာ ပစ္စယာ





ဝိဇ္ဇာ' ဖြစ်လေတော့၏။ ဤနေရာ၌ ဝိဇ္ဇာဟူသည်ကား မဂ်ဉာဏ်ဖြစ်၏။ မဂ်ဉာဏ်ဖြစ်သည်နှင့် တစ်ပြိုင်နက် ပဋိစ္စသမုပ္ပါဒ် အနုလောမသည် ပြတ်လေတော့၏။ ပဋိစ္စသမုပ္ပါဒ် အနုလောမ ပြတ်သည်နှင့် တစ်ပြိုင်နက် ပဋိစ္စသမုပ္ပါဒ် ပဋိလောမသည် ဖြစ်ပေါ်လာရ၏။

ထိုအခါ 'ဝေဒနာ ပစ္စယာ ဝိဇ္ဇာ(ဝါ) ဝေဒနာ နိရောဓာ တဏှာ နိရောဓာ'ဟူ၍ ဖြစ်လေ၏။ မဂ်ဉာဏ်ပေါ်လျှင် တဏှာသေရမည် ဖြစ်၏။ ထို့ကြောင့် 'ဝေဒနာ ပစ္စယာ ဝိဇ္ဇာ'ဟူ၍လည်းကောင်း၊ 'ဝေဒနာ ပစ္စယာ မဂ္ဂေါ'ဟူ၍ လည်းကောင်း၊ 'ဝေဒနာ နိရောဓာ တဏှာ နိရောဓော'ဟူ၍ လည်းကောင်း ဆိုနိုင်သည်ပင် ဖြစ်ပါ၏။

အမှန်အားဖြင့် ဝေဒနာကို အကြောင်းပြု၍ တဏှာလည်း ဖြစ်နိုင်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်လည်း ဖြစ်နိုင်၏။ ဝိပဿနာဉာဏ်လည်း ဖြစ်နိုင်၏။ မဂ်ဉာဏ်လည်း ဖြစ်နိုင်၏။

ပဋ္ဌဝဂ္ဂီတို့သည် ယခု တဏှာကို တွေ့ပြီ။ အမှန်အားဖြင့် မြတ်စွာဘုရားသည်ပင် တဏှာယောက်ျား လက်သမားကို တွေ့ဖို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ကြိုးစားခဲ့ရ၏။ ယခု မြတ်စွာဘုရား၏ လမ်းညွှန်ပြမှုကြောင့် ပဋ္ဌဝဂ္ဂီတို့သည် တဏှာကို ရှာရာတွင် ဝိပါကအပိုင်းကို ကြည့်၏။ ထို့နောက် အတွင်းဘက်သို့နိုက်၍ ကမ္မအပိုင်းကို ကြည့်၏။ ထို့နောက် အတွင်းအကျဆုံး အပိုင်းကို နိုက်၍ ကိလေသာအပိုင်းကို ကြည့်၏။ ထိုအခါ တဏှာယောက်ျား လက်သမားကို တွေ့ကြ၏။

ပဋ္ဌဝဂ္ဂီတို့သည် ခန္ဓာတွင် ကြည့်စရာ အားလုံးကို ကြည့်ပြီးပြီ။ အားလုံး ရုပ်နာမ် နှစ်ပါးသာရှိ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်း ဖြစ်သည်ကိုသာ တွေ့ရ၏။

သာသနာပ ပုဂ္ဂိုလ်တို့ ပြောသော နိစ္စ၊ သုခ၊ အတ္တ မည်သော ဓမ္မ မည်သည်ကို သူတို့ မတွေ့ရချေ။ သာသနာပ ပုဂ္ဂိုလ်တို့က ဤသို့ ဆိုကြ၏။

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမှ အလွတ်ဖြစ်သော အတ္တမည်သော



www.burmeseclassic.com

www.burmeseclassic.com



မမွတစ်ခုသည် ရှိ၏။ ယင်းအတ္တမည်သော မမွသည် မပျက်မစီး အမြဲတည်ရှိနေသော 'အဝိနာသီ'လည်း ဖြစ်၏။ ရုပ်နာမ်ဓမ္မ သင်္ခါရတရား အားလုံးတို့၌ ပျံ့နှံ့နေသော 'သဗ္ဗဗျာပီ'လည်း ဖြစ်၏။ ယန္တရားသဖွယ် ခန္ဓာကိုလည်ပတ်လှုပ်ရှားနိုင်အောင် ပြုစွမ်းနိုင်သော အတွင်းပိုင်း မောင်းနှင်အား 'အယာမိ'လည်း ဖြစ်၏။ ဖြစ်ပျက်မဲ့ အမြဲတောသဘော 'နိရဝယဝ' လည်း ဖြစ်၏။

အမှန်အားဖြင့် ဤလောက၌ သာသနာပ ပုဂ္ဂိုလ်တို့ ပြောသော အတ္တဟူသည် ပရမတ္ထအားဖြင့် တကယ်မရှိကြောင်းကို လည်းကောင်း၊ ကြံဆခြင်း ပရိကပ္ပိတ အားဖြင့်သာ ရှိကြောင်းကို လည်းကောင်း၊ လောကအနေဖြင့် လှုပ်ရှားခြင်း ဟူသည်မှာလည်း အတ္တကြောင့် မဟုတ်ဘဲ ကြောင်းကျိုးနိယာမကြောင့်သာ ဖြစ်ကြောင်းကို လည်းကောင်း ပဥ္စဝဂ္ဂီတို့ သိကြပြီ။

ပဥ္စဝဂ္ဂီတို့သည် ယခုအခါ သက္ကာယဒိဋ္ဌိ (ဝါ) အတ္တဒိဋ္ဌိမှ လွတ်မြောက်ကြပြီ။ ထို့ကြောင့် ပဥ္စဝဂ္ဂီတို့သည် "ဧသော မေ အတ္တာ"ဟူသော ဒိဋ္ဌိဂါဟနှင့် ဒိဋ္ဌိမညနာကို လွန်မြောက်၍ "နမေ သော အတ္တာ"ဟူသော သမ္မာဒိဋ္ဌိသို့ ရောက်ကြပြီ။

သို့ရာတွင် မရှိမဒေသ၌ ထိုအချိန်က ဒဿနိကဏ်းကြီးခြောက်ဂိုဏ်း ရှိသဖြင့် အတ္တအယူသည်လည်း ပဓာနအားဖြင့် ခြောက်မျိုး ပြားပြန်လေ၏။ အနတ္တလက္ခဏသုတ်ကို မြတ်စွာဘုရား ဟောကြားတော်မူသောအခါ ဤလောက၌ အတ္တဟူ၍ ပရမတ္ထအားဖြင့် မရှိကြောင်း၊ ကြံဆခြင်း ပရိကပ္ပိတ အားဖြင့်သာ ရှိကြောင်းကို ပဥ္စဝဂ္ဂီတို့အား မြတ်စွာဘုရားက ရှင်းလင်း ဟောကြားတော်မူဦးမည် ဖြစ်ပါ၏။

*

မြတ်စွာဘုရား၏ ဒေသနာတော်များတွင် အနတ္တလက္ခဏသုတ်သည် များစွာ အရေးကြီး၏။ အနတ္တလက္ခဏသုတ်တော်ကို နာကြား၍ ကိုယ်တိုင် ကျင့်ကြံ ပွားများသော အခါမှသာ ပဥ္စဝဂ္ဂီ ငါးပါးတို့သည် ရဟန္တာ အရှင်မြတ်များ ဖြစ်သွားကြရ၏။





ထိုအခါမှသာ အတ္တမှ စင်စစ်လွတ်ကြ၏။ အတ္တမှ စင်စစ်လွတ်ပါမှလည်း အာသဝေါတရား လေးပါးတို့မှ စင်စစ်လွတ်နိုင်၏။ အာသဝေါတရား လေးပါးတို့မှ စင်စစ်လွတ်ပါမှသာ ရဟန္တာမြတ် ဖြစ်နိုင်၏။

ထို့ကြောင့် အာသဝေါတရားများမှ လွတ်သွားသည်နှင့် တစ်ပြိုင်နက် အမြင်သည် မှန်လာ၏။ သစ္စာနှင့် ယှဉ်လာ၏။ အာသဝေါတရားများမှ မလွတ်သေးသရွေ့ ကာလပတ်လုံး အမြင်သည် မှန်လိမ့်ဦးမည် မဟုတ်။ သစ္စာနှင့် ယှဉ်လိမ့်ဦးမည် မဟုတ်။

## မာယာ = အာသဝ

အာသဝေါတရား ဟူသည် သတ္တဝါတို့၏ အမြင်ကို ကမောက်ကမ ဖြစ်အောင် လုပ်သော ကိလေသာများ ဖြစ်ကြ၏။ ကျမ်းဂန်များ၌ အာသဝေါတရားများကို စိမ်ရည်နှင့်နှိုင်း၍ ဆိုကြ၏။ စိမ်ရည်ဟူသည်မှာ အရက်ပင် ဖြစ်၏။ အရက်သည် အရက်မူးသမား၏ အမြင်ကို ကမောက်ကမဖြစ်အောင် လုပ်တတ်၏။ ထိုနည်းအတူပင် အာသဝေါတရားများသည် ပုထုဇဉ်တို့၏ အမြင်ကို ကမောက်ကမ ဖြစ်အောင် လုပ်တတ်၏။

ပရမတ္ထသစ္စာအားဖြင့် လောက၌ ပုဂ္ဂိုလ်ဟူ၍ မရှိ။ သတ္တဝါဟူ၍ မရှိ။ အရာဝတ္ထုဟူ၍ မရှိ။ ဒြပ်ဟူ၍ မရှိ။ အားလုံး သဘာဝချည်းသာ ရှိ၏။ သင်္ခါရချည်းသာ ရှိ၏။ သင်္ခါရတို့သည်လည်း ဖြစ်နေကြ၏။ ပျက်နေကြ၏။ ထို့ကြောင့် အနိစ္စဟူ၍ ဆိုရ၏။ ဒုက္ခဟူ၍ ဆိုရ၏။ အနတ္တဟူ၍ ဆိုရ၏။ လောကကို ဤသို့ မြင်ပါမှ မှန်သောအမြင် ဖြစ်၏။ သစ္စာနှင့် ယှဉ်သော အမြင်ဖြစ်၏။ ပုထုဇဉ်တို့ကား လောကကို ထိုသို့ မမြင်။ ထိုသို့ မမြင်ခြင်းမှာလည်း အာသဝေါတို့ကြောင့် ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ "သဠာယတန ပစ္စယာ ဖဿော" အရ အာရုံနှင့် ဒွါရတို့ တွေ့ဆုံရာ၌ သိစိတ်သည် ဖြစ်ပေါ်လာရ၏။ ထိုသို့ ဖြစ်ပေါ်ရာတွင် အာရုံဟူသည်လည်း ဓမ္မာရုံကလွဲလျှင် ပရမတ္ထစစ်စစ် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒွါရများသည်လည်း ပရမတ္ထစစ်စစ် ဖြစ်ကြ၏။ သိစိတ်များသည်လည်း ပရမတ္ထစစ်စစ် ဖြစ်ကြ၏။ ပရမတ္ထစစ်စစ် ဖြစ်ကြသဖြင့် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါ မဟုတ်၊ အရာဝတ္ထု မဟုတ်၊ ဒြပ် မဟုတ်။ သဘောသဘာဝ သက်သက်မျှသာ ဖြစ်ကြ၏။

သို့ရာတွင် အာရုံများသည် ဒွါရများ၌ ထင်ကြရလေရာ ဒွါရများသည် သူ့ချည်း စင်စင်ကြယ်ကြယ် ရှိနေကြရသည် မဟုတ်။ အနုသယ အဆင့် အာသဝေါတရားများဖြင့် ဝန်းရံပြီး ရှိနေကြရခြင်း ဖြစ်၏။ ထို့ကြောင့် အာရုံတစ်ခု ဒွါရ၌ ထင်တိုင်း အာသဝေါကို ဖြတ်သန်း၍ ထင်ရခြင်း ဖြစ်၏။ အာသဝေါတရားကို မဖြတ်သန်းဘဲ ထင်၍ မရ။

> ပုထုဇဉ်အနေဖြင့် အာသဝေါတရားများကို မပယ်နိုင်သရွေ့ သူ၏ ဒွါရများ၌ ထင်လာသော အာရုံများသည် အာသဝေါတရားများကို ဖြတ်သန်း၍ ထင်လာရသည်ချည်း ဖြစ်၏။ အာသဝေါတရားများ ကို ဖြတ်သန်းသွားရသဖြင့် အာသဝစိမ်ရည် ထိတွေ့လိုက်သည်နှင့် တစ်ပြိုင်နက် မျက်စိအကြည်၌ ထင်လာသော ရူပါရုံကလည်း အဆင်းသဘောမျှသာ မဟုတ်တော့။ ပုဂ္ဂိုလ် ဖြစ်သွား၏။ သတ္တဝါ ဖြစ်သွား၏။ အရာဝတ္ထု ဖြစ်သွား၏။ ဒြပ် ဖြစ်သွား၏။ ဤသို့ အာရုံနှင့် ပတ်သက်၍ ကမောက်ကမ ဖြစ်သွားအောင် အာသဝေါ တရားများက ဖန်ဆင်းကြ၏။

သိစိတ်နှင့် ပတ်သက်၍လည်း အာသဝေါတရားများသည် ထိုနည်း အတူ ကမောက်ကမ ဖြစ်အောင် ဖန်ဆင်းသည်ပင် ဖြစ်၏။ ပရမတ္ထသဘော အရ အဆင်းရူပါရုံသည် မျက်စိအကြည်၌ ထင်လာသောအခါ မြင်သိစိတ် ဖြစ်၏။ မြင်သိစိတ်ကသာ အဆင်းရူပါရုံကို မြင်၏။

သို့ရာတွင် လက်တွေ့အားဖြင့် ထိုသို့ မဟုတ်။ အဆင်းရူပါရုံကို မြင်သိသူမှာ မြင်သိစိတ် မဟုတ်တော့ဘဲ 'ငါ'ဖြစ်လာ၏။

အမှန်အားဖြင့် မြင်သိစိတ်သည် မျက်စိအကြည်မှ ထွက်ရသောအခါ





အာသဝစိမ်ရည်ကို ဖြတ်သန်းပြီးမှ ထွက်ရခြင်း ဖြစ်၏။ အာသဝစိမ်ရည်ကို ဖြတ်သန်းသွားရသဖြင့် အာသဝစိမ်ရည်ကို ထိတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် 'မြင်သိစိတ်'သည် မြင်သိစိတ်မျှ မဟုတ်တော့ဘဲ 'ငါ' ဖြစ်လာ၏။ ဤသို့ သိစိတ်နှင့် ပတ်သက်၍လည်း ကမောက်ကမ ဖြစ်အောင် အာသဝေါ တရားများက ဖန်တီး၏။

အကျဉ်းအားဖြင့် ဆိုရလျှင် အာရုံများသည် ဒွါရများ၌ ထင်တိုင်း အာသဝေါတရားများကို ဖြတ်သန်းပြီးမှ ထင်ရ၏။ 'အာသဝစိမ်ရည်'နှင့် ထိပြီးမှ ထင်ရ၏။ ထိုအခါ ပရမတ္ထဖြစ်သော အာရုံများသည် ပင်ကိုမူလက ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု မဟုတ်ကြပါဘဲလျက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု ဖြစ်သွားကြရ၏။

ထိုနည်းအတူပင် သိစိတ်များသည် ဒွါရများမှ ထွက်ပေါ်၍ သိရသော အခါ အာသဝေါတရားများကို ဖြတ်သန်းပြီးမှ သိရ၏။ အာသဝ စိမ်ရည်နှင့် ထိပြီးမှ သိရ၏။ ထိုအခါ ပရမတ္ထဖြစ်သော သိစိတ်များသည် ပင်ကိုမူလက 'ငါ' မဟုတ်ပါဘဲလျက် 'ငါ' ဖြစ်သွားကြရ၏။ ထို့ကြောင့် သိစိတ်ကသာ သိခြင်း ဖြစ်ပါလျက်၊ သိစိတ်က သိခြင်းဟူ၍ မခံယူတော့ဘဲ၊ ငါက သိခြင်း ဟူ၍သာ ခံယူပြီး၊ သိစိတ်နှင့် ငါကို တစ်သားတည်း ပြုလုပ်လိုက်၏။

ဤသို့ အာသဝသည် မိမိ၏မာယာဖြင့် စွမ်းဆောင်နိုင်၏။ အာသဝ ၏ စွမ်းဆောင်ချက်ကြောင့် လောကသည် ပေါ်လာရခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၁ ] ဝေဒန္တဂိုဏ်း၏ အတ္တဝါဒ

မြန်မာဝေါဟာရအားဖြင့် 'ငါ' ဟူသည် ပါဠိဝေါဟာရအားဖြင့် အတ္တပင် ဖြစ်၏။ အတ္တနှင့် ပတ်သက်၍ အိန္ဒိယ ဒဿနဂိုဏ်းများက အမျိုးမျိုး ဆိုကြလေရာ ဝေဒန္တဂိုဏ်းက သူ၏ ကထာဥပနိသျှာဒ်၌–

ယဒေဝေဟ တဒမုတြ၊ ယဒမုတြ တဒန္ဒိဟ။

မစ္စုတော မစ္စုံ ပပ္ပေါတိ၊ ယောဣဟ နာနေဝ ပဿတိ။

ဟူ၍ ဆို၏။

ဥပနိသျှာဒ်၏ မြန်မာပြန်မှာ–

တဒ်၊ ထိုအတ္တသည်။ အမုတြ၊ ဤမည်သော နေရာ၌။ အတ္ထိ၊ ရှိ၏။ ဣဟဧဝ၊ ဤအတ္တရှိရာ၌သာလျှင်။ ယဒ်၊ အကြင် သက်ရှိသက်မဲ့ သည်။ အတ္ထိ၊ ရှိ၏။ ယဒ်၊ အကြင် သက်ရှိသက်မဲ့သည်။ အမုတြ၊ ဤမည်သော နေရာ၌။ အတ္ထိ၊ ရှိ၏။ တဒ်၊ ထိုအတ္တသည်။ ဣဟ အနု၊ ဤသက်ရှိသက်မဲ့ ရှိရာ၌ပင်လျှင်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ဣဟ၊ ဤနေရာ၌။ နာနေဝ၊ သက်ရှိသက်မဲ့က တခြား အတ္တက တခြား ဟူ၍ ခွဲခြားပြီး။ ပဿတိ၊ မြင်၏။ သော၊ ထိုသူသည်။ မစ္စုတော၊ သေခြင်းတစ်မျိုးမှ။ မစ္စုံ၊ သေခြင်းတစ်မျိုး သို့။ ပပ္ပေါတိ၊ ရောက်ရ၏ – ဟူ၍ ဖြစ်၏။

ဤအယူအရ လောကတွင် သက်ရှိသက်မဲ့များ ရှိကြ၏။ ထိုသက်ရှိ သက်မဲ့များကား အတ္တ၏ အပြင်သဏ္ဌာန်များသာ ဖြစ်ကြ၏။ အတ္တကား ယင်းတို့၏ အတွင်းသရုပ် ဖြစ်၏။ ထို့ကြောင့် အတ္တနှင့် သက်ရှိသက်မဲ့များ သည် ဘာမျှ ခြားနားကြသည် မဟုတ်။ အတွင်းသရုပ်နှင့် အပြင်သဏ္ဌာန် အနေဖြင့်သာ ခြားနားခြင်း ဖြစ်၏။





သို့ရာတွင် ယင်းတို့သည် အချင်းချင်း တကယ်တမ်း ခြားနားသည် ဟူ၍ မြင်လျှင် ထိုအမြင်သည် မှန်သောအမြင် မဟုတ်။ သစ္စာနှင့်ယှဉ်သော အမြင် မဟုတ်။

အကယ်၍ လောကမှ လွတ်မြောက်မှု 'မောက္ခ'ကို လိုချင်ပါလျှင် လောက၌ အတ္တနှင့် သက်ရှိသက်မဲ့တို့သည် အားလုံးအတူတူပင် ဖြစ်ကြောင်း ကို မြင်အောင် ကြည့်ရမည် ဖြစ်၏။ တိရစ္ဆာန် ဟူသည်လည်း အတ္တပင် ဖြစ်၏။ လူဟူသည်လည်း အတ္တပင် ဖြစ်၏။ နတ်ဟူသည်လည်း အတ္တပင် ဖြစ်၏။ အားလုံး အတ္တချည်းသာ ဖြစ်၏။ အတွင်းသရုပ်နှင့် အပြင်သဏ္ဌာန် အနေမျိုးဖြင့်သာ ခြားနားခြင်း ဖြစ်၏။ ယင်းခြားနားခြင်းကား အထင် ခြားနားခြင်းသာ ဖြစ်၏။ တကယ်တမ်း အမှန်ခြားနားခြင်း မဟုတ်။

ဤသို့ မြင်အောင် ကြည့်နိုင်ပါမှ သစ္စဉာဏ်ကို ရသည် မည်၏။ သစ္စဉာဏ်ကို ရပါမှ လွတ်မြောက်မှု 'မောက္ခ' ကို ရ၏။

ဤအမြင်အရ အတ္တသည်သာလျှင် တကယ်တမ်း အရှိတရား ဖြစ်၏။ သက်ရှိသက်မဲ့တို့ကား တကယ်တမ်း အရှိတရား မဟုတ်။ ထို့ ကြောင့် သက်ရှိသက်မဲ့တို့သည် ဖောက်ပြန်ပျက်စီးကြ၏။ အတ္တကား ဖောက် ပြန်ခြင်းလည်း မရှိ။ ထာဝစဉ် တစ်သမတ်တည်း ရှိ၏။ တစ်သဘောတည်း ရှိ၏။ အားလုံးသည် 'အတ္တ' မှ ထွက်ပေါ်ရ၏။ အားလုံးသည် 'အတ္တ'သို့ ပြန်ဝင်ရ၏။ အမှန်အားဖြင့် 'အတ္တ' သည် အားလုံး၏ ထွက်ရာလည်း ဖြစ်၏။ ဝင်ရာလည်း ဖြစ်၏။

အတ္တ၏ တစ်သမတ်တည်းသောသဘော ဟူသည်ကား 'သိခြင်း' ပင် ဖြစ်၏။ လောကတွင် 'သိစရာ'၊ 'သိတတ်သူ'နှင့် 'သိခြင်း'ဟူ၍ သုံးမျိုးရှိလေရာ ထိုသုံးမျိုး၌'သိခြင်း'သည်သာလျှင် ပရမတ္ထအားဖြင့် တကယ်ရှိသော သဘောဖြစ်၏။ သိစရာနှင့် သိတတ်သူကား ပရမတ္ထအား ဖြင့် တကယ်ရှိသော သဘောများ မဟုတ်ကြ။ 'သိခြင်း'၏ ဖန်ဆင်းချက် များသာ ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသုံးမျိုးတွင် သိစရာကို ‘ဉေ ယျ’၊ သိတတ်သူကို ‘ဉာတာ’၊ သိခြင်းကို ‘ဉာဏ’ဟု ခေါ်၏။

သိစရာနှင့် သိတတ်သူတို့သည် အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်ကြ၏။ အာရုံနှင့် ဒွါရတို့ တိုက်ဆိုင်ခြင်းကို အကြောင်းတိုက်ဆိုင်ခြင်းဟု ဆိုရ၏။

အာရုံနှင့်ဒွါရတို့ ဆုံမိကြသောအခါ အာရုံပိုင်းကို သိစရာ ‘ဉေ ယျ’ အဖြစ် ‘ဉာဏ’က ဖန်ဆင်းပေးပြီး၊ ဒွါရပိုင်းကို သိတတ်သူ ‘ဉာတာ’အဖြစ် ‘ဉာဏ’က ဖန်ဆင်းပေး၏။ အကယ်၍ ‘ဉာဏ’က ဖန်ဆင်းမပေးလျှင် အာရုံနှင့် ဒွါရတို့ မည်သို့ပင် ဖြစ်စေကာမူ ‘သိခြင်း’ ဟူ၍ ဖြစ်ပေါ်မလာတော့။

ထို့ကြောင့် သိစရာနှင့် သိတတ်သူတို့သည် တကယ်တမ်း မရှိကြ။ သိခြင်းသည်သာ တကယ်တမ်း ရှိ၏။ တကယ်တမ်း ရှိခြင်းသည် အတ္တပင် ဖြစ်၏။ သို့ဖြစ်၍ သိခြင်းကို အတ္တ၏သဘော ဟူ၍ ဆိုခြင်း ဖြစ်၏။

သိခြင်းကို နေမင်းနှင့် နှိုင်းယှဉ်၍ ဆိုလေ့ရှိ၏။ ကောင်းကင်၌ နေမင်းသည် အမြဲတမ်း လင်းလျက် ရှိ၏။ မြင်ရသည် ဖြစ်စေ၊ မမြင်ရသည် ဖြစ်စေ နေမင်းကား လင်းမြဲ လင်းလျက်ပင်။ မြင်ခြင်းနှင့် မမြင်ခြင်းသည် နေနှင့် မဆိုင်။ အချိန်အခါ၊ အခြေအနေတို့နှင့်သာ ဆိုင်၏။

ထို့အတူ သိခြင်း ‘ဉာဏ’ကား မပျက်စီး မဖောက်ပြန်သော အတ္တ၏ သဘောအရ အမြဲတမ်း သိနေသည်သာ ဖြစ်၏။ သိစရာ ရှိလျှင် သိနေ၏။ သိစရာ မရှိလျှင်လည်း သိနေ၏။ အမြဲတမ်း သိနေ၏။ ထို့ကြောင့် သိခြင်း ‘ဉာဏ’ကိုသာ အတ္တဟု ဆိုခြင်း ဖြစ်၏။

သိခြင်းသည် နှစ်မျိုးရှိ၏။ တစ်မျိုးသော သိခြင်းမှာ အာရုံ ဒွါရတို့နှင့် ပတ်သက်၏။ အခြားသော သိခြင်းမှာ အတ္တနှင့် ပတ်သက်၏။ အာရုံဒွါရတို့နှင့် ပတ်သက်သော သိခြင်းကို အနိစ္စဟူ၍ ဆိုရ၏။ အတ္တနှင့် ပတ်သက်သော သိခြင်းကို နိစ္စဟူ၍ ဆိုရ၏။ အနိစ္စသိခြင်းအရ သိလျှင် မြင်စရာရှိမှ





မြင်၏။ ကြားစရာရှိမှ ကြား၏။ မြင်စရာ မရှိလျှင် မမြင်။ ကြားစရာ မရှိလျှင် မကြား။

သို့ဖြစ်၍ ဤသို့သော အသိသည် ဖောက်ပြန်၏။ ပျက်စီး၏။ ထို့ကြောင့် အတ္တနှင့် မဆိုင်။ အတ္တ၏ အရည်အသွေး မဟုတ်။ ဣန္ဒြေတို့၏ အရည်အသွေးသာ ဖြစ်၏။

အတ္တ၏ အရည်အသွေးဖြစ်သော သိခြင်းကား ထာဝစဉ် အမြဲတမ်း သိနေ၏။ ဣန္ဒြေတို့နှင့် မပတ်သက်သော အိပ်မက်အခါ၌ကား အတ္တ၏ အသိသည် ထင်ရှား၏။ မွေးကတည်းက ‘ကန်း’လာသူသည် သူ၏အစ်ကိုကို အိပ်မက်ထဲ၌ မြင်နိုင်၏။ မွေးကတည်းက ‘အ’လာသူသည် အိပ်မက်ထဲ၌ သူ၏ချစ်သူနှင့် ချစ်တင်းစကားများကို ပြောနိုင်၏။ မွေးကတည်းက ‘နားပင်း’လာသူသည် အိပ်မက်ထဲ၌ သီချင်းသံများကို ကြားနိုင်၏။ ဤသည်မှာ အတ္တနှင့် ပတ်သက်သော အသိဖြစ်၏။ နိစ္စသိ ဖြစ်၏။

ထိုအသိနှစ်မျိုးတွင် ဣန္ဒြေနှင့် ပတ်သက်သော အသိသည် အနိစ္စဖြစ်၍ သစ္စာနှင့် ယှဉ်သောအသိ မဟုတ်။ ထိုအသိမျိုးဖြင့် လွတ်မြောက်မှု မောက္ခကို မရနိုင်။ လွတ်မြောက်မှု မောက္ခဟူသည် ဣန္ဒြေလွန်ဖြင့်သာ သိ၍ ရကောင်းသော ဓမ္မဖြစ်၏။ ဣန္ဒြေလွန်အသိ ဟူသည် အတ္တသိသာ ဖြစ်၏။ အတ္တသိ ဟူသည် နိစ္စဖြစ်၏။

ထို့ကြောင့် လွတ်မြောက်မှု မောက္ခကို အနိစ္စသိဖြင့် မရနိုင်။ နိစ္စသိဖြင့်သာ ရနိုင်၏။ ထို့အပြင် ဣန္ဒြေတွင်း အသိဖြင့်လည်း မရနိုင်။ ဣန္ဒြေလွန် အသိဖြင့်သာ ရနိုင်၏။ ဣန္ဒြေတွင်း အသိဖြင့် ရအပ်သော ဓမ္မကို ပုဒ် ဝါကျတို့ဖြင့် မဖော်ပြနိုင်။ ဣန္ဒြေလွန် အသိဖြင့် ရအပ်သော ဓမ္မကား မောက္ခဖြစ်၏။

အတ္တနှင့် ဗြဟ္မာဟူသည် အတူတူပင် ဖြစ်၏။ အတ္တသည် ပုဂ္ဂိုလ် သတ္တဝါနှင့် ပတ်သက်၏။ ဗြဟ္မာသည် လောကနှင့် ပတ်သက်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် အတ္တဟူသည် အကျဉ်းကျနေသော ဗြဟ္မာပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အိုးထဲ၌လည်း အာကာသ ရှိ၏။ လဟာပြင်၌လည်း အာကာသ ရှိ၏။ အာကာသချင်းကား အတူတူပင် ဖြစ်၏။ အိုးနံရံဖြင့် ပိတ်လှောင်ထားပါက အိုးထဲက အာကာသသည် အကျဉ်းကျ အာကာသ ဖြစ်၏။ အကယ်၍ ထိုအိုးကို ရိုက်ခွဲလိုက်ပါက အိုးထဲက အာကာသသည် လဟာပြင်က အာကာသနှင့် တစ်စပ်တည်း ဖြစ်သွားပြီး လွတ်မြောက်သော အာကာသ ဖြစ်သွားမည် ဖြစ်၏။

ဤသဘောအတိုင်း ခန္ဓာတို့ဖြင့် ပိတ်လှောင်ထားသော ဗြဟ္မာသည် အတ္တဖြစ်၏။ ခန္ဓာတို့ကို ဖျက်ဆီးပစ်လိုက်ပါက အတ္တသည် ဗြဟ္မာဖြစ်သွား၏။ ထို့ကြောင့် အတ္တဟူသည် အကျဉ်းကျ ဗြဟ္မာဖြစ်၏။ ဗြဟ္မာဟူသည် လွတ်မြောက်သော အတ္တဖြစ်၏။ သဘောအားဖြင့်ကား အတူတူ။ အခြေအနေ ချင်းသာ ထူးလေ၏။

မာယာနှင့် အဝိဇ္ဇာဟူ၍ သတ္တိနှစ်မျိုး ရှိ၏။ နှစ်မျိုးလုံးပင် အပြင်သဏ္ဍာန်များ ဖြစ်ကြ၏။ အတ္တကား အတွင်းသရုပ် ဖြစ်၏။ အတ္တတည်းဟူသော အတွင်းသရုပ်သည် မာယာတည်းဟူသော အပြင်သဏ္ဍာန်ကို ဆောင်သောအခါ ထိုအတ္တကို တန်ခိုးရှင် 'ဣဿရ'ဟူ၍ ဆိုရ၏။ အတ္တတည်းဟူသော အတွင်းသရုပ်သည် အဝိဇ္ဇာ တည်းဟူသော အပြင်သဏ္ဍာန်ကို ဆောင်သောအခါ ထိုအတ္တကို ပုဂ္ဂိုလ်(ဝါ) ဇီဝ ဟူ၍ ဆိုရ၏။

မာယာသည် အများကို ဦးတည်၏။ အဝိဇ္ဇာသည် တစ်ဦးတည်းကို ဦးတည်၏။ အတ္တသည် မာယာသတ္တိဖြင့် ကိုယ်ထင်ပြသောအခါ တန်ခိုးရှင် 'ဣဿရ'အဖြစ်သို့ ရောက်၍ လောကကို ဖန်ဆင်း၏။ အများအကျိုးကို ရှေးရှု၏။

အတ္တသည် အဝိဇ္ဇာသတ္တိဖြင့် ကိုယ်ထင်ပြသောအခါ ပုဂ္ဂိုလ်(ဝါ) ဇီဝအဖြစ်သို့ရောက်၍ တစ်ဦးချင်းကို ဖန်ဆင်း၏။ မိမိတစ်ကိုယ်ကောင်း အကျိုးကို ရှေးရှု၏။ ထို့ကြောင့် မာယာကို တန်ခိုးရှင် 'ဣဿရ'၏သတ္တိဟူ၍ ဆိုပြီး အဝိဇ္ဇာကို ပုဂ္ဂိုလ် သတ္တဝါတို့၏ သတ္တိဟူ၍ ဆိုလေ၏။





တန်ခိုးရှင်နှင့် သာမန်လူသားတို့သည် မာယာနှင့် အဝိဇ္ဇာ ဟူ၍ အပြင်သဏ္ဍာန် အနေဖြင့်သာ ခြားနားကြ၏။ အတွင်းသရုပ် အနေဖြင့်ကား အတ္တချည်းသာဖြစ်၍ ဘာမျှခြားနားခြင်း မရှိ။ သူလည်း အတ္တ၊ ငါလည်း အတ္တ၊ အားလုံး အတ္တချည်းသာ ဖြစ်၏။

သို့ရာတွင် အတ္တချင်း တူသော်လည်း ထူးခြားချက်ကား ရှိ၏။ ယင်း ထူးခြားချက်ကား အများကို ရှေးရှုခြင်းနှင့် မိမိတစ်ဦးတည်းကို ရှေးရှုခြင်း ဖြစ်၏။

သစ်ပင်တစ်ပင်သည် မိမိတစ်ပင်တည်း ရပ်တည်ပြီး အများကို ကျေးဇူးမပြုပါက 'သစ်ပင်'ဟူ၍သာ ဆိုရ၏။ အများကို ကျေးဇူးပြုသော အားဖြင့် ရပ်တည်ပါက 'တော'ဟူ၍ ဆိုရ၏။ သစ်ပင်ကတော့ သစ်ပင်သာ ဖြစ်၏။ မပြောင်းလဲ။ အများအပေါ် ကျေးဇူးပြုမှုနှင့် မပြုမှုကသာ ပြောင်းလဲ၏။

အများအပေါ် ကျေးဇူးပြုမှုကို 'သမဋ္ဌိဂတ'ဟူ၍ ဆို၏။ အများအပေါ် ကျေးဇူးမပြုဘဲ မိမိတစ်ဦးတည်း ရပ်တည်မှုကို 'ဗျဋ္ဌိဂတ'ဟူ၍ ဆို၏။ ဤသဘောအတိုင်းပင် တန်ခိုးရှင် 'ဣဿရ'နှင့် သာမန်ပုဂ္ဂိုလ်တို့သည် အချင်းချင်း ခြားနားကြ၏။

ဤဝါဒအရ–

လောကတွင် ပရမတ္ထအားဖြင့် တကယ်တမ်းရှိသော တရားမှာ အတ္တသာ ဖြစ်၏။ အတ္တတစ်ခုတည်းသာ ဖြစ်၏။ သစ္စာအားဖြင့် ဆိုရလျှင်လည်း သစ္စာဟူသည် ပရမတ္ထအားဖြင့် တစ်ခုတည်းသာ ရှိ၏။ ယင်းသစ္စာကား အတ္တပင်တည်း။ ခန္ဓာ–နာမ်–ရုပ်–ကံ–ကမ္မဖလ စသော ကျန်တရားများသည် အနတ္တများ ဖြစ်ကြ၏။ အနတ္တဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မမှုဖြစ်၏။ သို့ဖြစ်၍ အနတ္တသည် ပရမတ္ထသစ္စာ မထိုက်။

လောက၌ ကြိုးကို မြွေထင်သည်လည်း ရှိ၏။ ကြိုးကို ကြိုးအတိုင်း သိသည်လည်း ရှိ၏။ ကြိုးကို အတ္တအဖြစ် သိသည်လည်း ရှိ၏။ ထိုသုံးမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွင် ကြိုးကို မြွေအဖြစ် သိခြင်းသည် 'ပတိဘာသိတသစ္စာ'မည်၏။ ကြိုးကို ကြိုးအဖြစ် သိခြင်းသည် 'ဝေါဟာရိတသစ္စာ'မည်၏။ ကြိုးကို အတ္တအဖြစ် သိခြင်းသည်သာ 'ပရမတ္တသစ္စာ' မည်၏။

သစ္စာသုံးမျိုးတွင် ကြိုးက မြွေဖြစ်သွားခြင်းသည် လည်းကောင်း၊ ကြိုးက ကြိုးအတိုင်း ရှိနေခြင်းသည် လည်းကောင်း အနတ္တတရားများသာ ဖြစ်၏။ ကြိုးက အတ္တဖြစ်သွားခြင်းသည်သာလျှင် အတ္တစစ်စစ် ဖြစ်၏။

သို့ဖြစ်လေရာ အတ္တကို အနတ္တအဖြစ် သိနေသရွေ့ ကာလပတ်လုံး လွတ်မြောက်မှု မောက္ခကို ရနိုင်ဖို့ မရှိ။ ထို့ကြောင့် မောက္ခကို ရလိုပါက လောကကို လည်းကောင်း၊ လောကရှိ သက်ရှိသက်မဲ့ ဟူသမျှကို လည်းကောင်း အတ္တအဖြစ် မြင်အောင် ကြည့်ရ၏။ အားထုတ်ရ၏။

အကျဉ်းအားဖြင့် ဆိုရလျှင် အတ္တမှတစ်ပါးသော အရာရာတိုင်းသည် အနတ္တများ ဖြစ်၏။ အနတ္တ ဟူသမျှကို ပယ်ခွာပြီး အတ္တချည်းသာ ကျန်သည် အထိ မြင်အောင် အားထုတ်ရ၏။ ထိုအခါမှ အတ္တသည် အနတ္တများမှ လွတ်မြောက်၏။ အနတ္တများမှ လွတ်မြောက်သည်နှင့် တစ်ပြိုင်နက် အတ္တသည် ဗြဟ္မာဖြစ်သွားလေ၏။ ဗြဟ္မာဖြစ်သွားခြင်းကိုပင် လွတ်မြောက်မှု မောက္ခကို ရခြင်း ဟူ၍ ဆို၏။

ဤသည်မှာ ဥပနိသျှာဒ်ကျမ်းများ၏ အဆိုအမိန့်များ ဖြစ်၏။

ဥပနိသျှာဒ်ကျမ်းများ၏ အဆိုအမိန့်အတိုင်း အလောင်းတော် သိဒ္ဓတ္ထ မင်းသားလည်း အားထုတ်ဖူး၏။ ပဉ္စဝဂ္ဂီတို့လည်း အားထုတ်ဖူး၏။ သူတို့ ပြောသော မောက္ခကိုလည်း ရဖူး၏။ သို့ရာတွင် ထိုမောက္ခကား သူတို့ ပြောသလို အစစ်အမှန်မောက္ခ မဟုတ်။ ယာယီမောက္ခသာ ဖြစ်၏။ ဈာန် သမာပတ်ကိုပင် မောက္ခဟူ၍ ခေါ်နေခြင်း ဖြစ်၏။ ထို့ကြောင့် အလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် ထိုလမ်းစဉ်ကို ပယ်လိုက်ခြင်း ဖြစ်ပါ၏။

## [ ၈ ] ဗုဒ္ဓ၏ အနတ္တဝါဒ

တကယ်အစစ်အမှန် မောက္ခကား နိဗ္ဗာန်ဖြစ်၏။ မဂ္ဂင်ရှစ်ပါးဖြင့်သာ ရနိုင်၏။ ဝိပဿနာ ကျင့်စဉ်ဖြင့်သာ အားထုတ်ရ၏။ အခြားနည်းလမ်းဟူ၍ မရှိ။

ဝိပဿနာကျင့်စဉ်တွင် ရှေးဦးစွာ သီလကို စင်ကြယ်အောင်၊ ထို့နောက် သမာဓိကို ခိုင်ခံ့အောင်၊ ထို့နောက် ပညာကို ထက်မြက်အောင် အားထုတ်ရ၏။ ပညာ ထက်မြက်လာသည်နှင့်အမျှ နာမ်ရုပ်ကို သိလာ၏။ နာမ်ရုပ်တို့၏ အကြောင်းကို သိလာ၏။ နာမ်ရုပ်တို့၏ ဖြစ်ပျက်ကို သိလာ၏။ ဖြစ်ပျက်တို့၌ ငြီးငွေ့လာ၏။ ဖြစ်ပျက်တို့ ဆုံးရာ နိဗ္ဗာန်ကို မြင်လာ၏။ ဤအခါမှသာ တကယ်တမ်း စစ်မှန်သော မောက္ခအဖြစ်ကို ရ၏။

စစ်မှန်သော မောက္ခကိုရခြင်း ဟူသည်မှာ အနတ္တ၌ မှီတွယ်နေသော အတ္တကို ပယ်ခြင်းသာ ဖြစ်၏။ ဝေဒန္တဝါဒီတို့ ပြောသလို အတ္တ၌ မှီတွယ်နေသော အနတ္တကို ပယ်ခြင်း မဟုတ်။ လမ်းစဉ်များကား ပြောင်းပြန်ဖြစ်၏။

မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အရ အနတ္တ၌ မှီတွယ်နေသော အတ္တကို ပယ်နိုင်ရန်အတွက် မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီတို့အား အနတ္တ



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏသုတ်တော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ထိုသုတ်တော်ကို နာကြားရပြီး ထိုသုတ်တော်အတိုင်း ကျင့်ကြံအားထုတ်၍သော ပဉ္စဝဂ္ဂီတို့သည် အနတ္တ၌ မှီတွယ်နေသော အတ္တကို အပြီးအပိုင်ပယ်၍ မဟာသာဝကများ အဖြစ်ဖြင့် မောက္ခ တည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူကြခြင်း ဖြစ်ပါ၏။

ဤမောက္ခသည်သာလျှင် တကယ်တမ်း မောက္ခဖြစ်ကြောင်းကို မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ဖြင့် ကျင့်ကြံ အားထုတ်သူများမှ တစ်ပါး အခြား မည်သူမျှ မသိနိုင်ချေပါ တကား။

## [ ၈ ]သချိုဒဿန၏ အတ္တဝါဒ

သချိုဒဿန၏ အတ္တဝါဒသည်လည်း အလွန်ရှေးကျသော ဝါဒပင် ဖြစ်၏။ သချိုဒဿန၏ အတ္တဝါဒသည် ဥပနိသျှာဒ်၏ အတ္တဝါဒနှင့် မတူ။ တစ်မျိုးတစ်ဖုံ ထူးခြား၏။

ဥပနိသျှာဒ်အရ အတ္တနှင့်လောကသည် တရားကိုယ်အားဖြင့် အတူတူပင် ဖြစ်၏။ လောကသည် အတ္တမှ ဖြစ်ပေါ်လာ၍ အတ္တ၌ပင် ပြန်လည်ငုပ်လျှိုး၏။ ထို့ကြောင့် လောက၏ အတွင်းသရုပ်သည် အတ္တဖြစ်၏။ အတ္တ၏ အပြင် ပုံသဏ္ဌာန်သည် လောကဖြစ်၏။ ထို့ကြောင့် ဥပနိသျှာဒ်အရ အတ္တနှင့် လောကသည် အတွင်းသရုပ်နှင့် အပြင်ပုံသဏ္ဌာန် အနေဖြင့်သာ ခြားနား၏။ တရားကိုယ်အားဖြင့်မူ ခြားနားခြင်း မရှိ။ အတူတူသာ ဖြစ်လေ၏။

သချိုဒဿနကား ထိုကဲ့သို့ မဟုတ်။ အတ္တနှင့်လောကသည် သီးခြားစီ ဖြစ်၏။ တရားကိုယ်အားဖြင့်လည်း သီးခြားဖြစ်၏။ သဏ္ဌာန်အနေအားဖြင့်လည်း သီးခြားပင် ဖြစ်၏။ ဥပနိသျှာဒ်အရ အတ္တသည် တစ်ခုတည်းဖြစ်၏။ သချိုဒဿနအရ အတ္တသည် အများဖြစ်၏။ သတ္တဝါ အရေအတွက်နှင့်အမျှ ဖြစ်၏။ ဒဿန နှစ်မျိုးလုံးသည်ပင် လွတ်မြောက်မှု မောက္ခကို ယုံကြည်လေ၏။

ဒဿနသမိုင်းအရ အာဠာရနှင့် ဥဒကရာမပုတ္တတို့သည် သချိုဒဿနဂိုဏ်းဝင်များ ဖြစ်ကြ၏။ သိဒ္ဓတ္ထမင်းသားသည် တောထွက်၍ အရိယသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ကို ရာစဉ်က ထိုဆရာကြီး နှစ်ဦးထံသို့လည်း ရောက်ခဲ့၏။ ထိုဆရာကြီး နှစ်ဦးထံမှ လောကီစျာန်သမာပတ် ကျင့်စဉ်များကို ရခဲ့၏။ ကိုယ်တိုင်လည်း ကျင့်ခဲ့၏။ ကိုယ်တိုင်လည်း လောကီစျာန် သမာပတ်များကို ရခဲ့၏။

သို့ရာတွင် သချ်ဒဿနန္ဒ အရိယသစ္စာကို ထိုးထွင်း၍ သိနိုင်သော ကျင့်စဉ်ပဋိပတ် မရှိလေသောကြောင့် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ထိုဆရာကြီး နှစ်ဦးတို့ထံမှ ထွက်ခွာခဲ့ခြင်း ဖြစ်၏။ ဤဖြစ်ရပ်ကို အထောက် အထားပြု၍ သချ်ဒဿနသည် အလွန်ရှေးကျသည်ဟု ဆိုခြင်း ဖြစ်၏။

သချ်ဒဿနတွင် လောကနှင့်အတ္တကို တစ်မျိုးခေါ်၏။ လောကကို လောကဟု မခေါ်။ အတ္တကိုလည်း အတ္တဟု မခေါ်။ လောကကို ပကတိဟု ခေါ်ပြီး၊ အတ္တကို ပုရိသဟု ခေါ်၏။ သဘောအားဖြင့် ပကတိ ဟူသည် သံသရာ ဖြစ်၏။ လောကလည်း ဖြစ်၏။ ပုရိသ ဟူသည် လောကုတ္တရာ ဖြစ်၏။

အမှန်အားဖြင့် လောကနှင့် လောကုတ္တရာသည် သီးခြားစီ ဖြစ်သကဲ့သို့ ပကတိနှင့် ပုရိသသည် သီးခြားစီ ဖြစ်၏။ သီးခြားစီမှ တကယ့်ကို သီးခြားစီ ဖြစ်၏။ အကြောင်းအကျိုး အနေဖြင့်ပင် အဆက်အစပ် ဟူ၍ မရှိ။ သချ်ဒဿနတွင် ပရမတ္ထတရားများကို အပိုင်းအားဖြင့် ပကတိနှင့် ပုရိသ ဟူ၍ နှစ်မျိုးခွဲခြားပြီး အကြောင်းအကျိုး အနေဖြင့်မူ ဤသို့ ထပ်မံခွဲခြားပြန်၏။

(၁) အကြောင်းသာ ဖြစ်သော တရား၊

(၂) အကျိုးသာ ဖြစ်သော တရား၊

(၃) အကြောင်းလည်း ဖြစ်၊ အကျိုးလည်း ဖြစ်သော တရား၊

(၄) အကြောင်းလည်း မဖြစ်၊ အကျိုးလည်း မဖြစ်သော တရား။

လောကီနှင့် လောကုတ္တရာ တရားနှစ်မျိုးလုံးသည် အကြောင်းအကျိုး သဘောအရ ဤအုပ်စု (၄) မျိုး၌ ပါဝင်၏။ အလွယ်ဟူ၍ မရှိကောင်း။ လောကနှင့် လောကုတ္တရာ ဟူသည်မှာ ဂိုဏ်းအများစု၏ အသုံးအနှုန်း





ဖြစ်၏။ သချ်ဒဿနဂိုဏ်းကမူ လောကကို လောကဟူ၍ မသုံးနှုန်း။ ပကတိ ဟူ၍သာ သုံးနှုန်း၏။ လောကုတ္တရာကိုလည်း လောကုတ္တရာဟူ၍ မသုံးနှုန်း။ ပုရိသ ဟူ၍သာ သုံးနှုန်း၏။

ရှိရှိသမျှ ပရမတ္ထတရားများ အားလုံးကို တရားကိုယ် အနေအားဖြင့် ပကတိနှင့် ပုရိသဟူ၍ နှစ်မျိုးခွဲခြားပြီး၊ အကြောင်းအကျိုး အနေအားဖြင့် အထက်၌ ဖော်ပြထားသည့်အတိုင်း (၄) မျိုးခွဲခြား၏။ ထိုသို့ ခွဲခြားရာတွင် ပကတိခေါ်သော လောကအုပ်စု၌သာ အကြောင်းနှင့်အကျိုး သဘောမျိုးကို ရကောင်း၏။ ပုရိသခေါ်သော လောကုတ္တရာအုပ်စု၌ အကြောင်းနှင့်အကျိုး သဘောနှစ်မျိုးလုံးကို မရကောင်းချေ။

ထိုကြောင့် ပုရိသဟူသည် လောကဖြစ်စဉ်တွင် အကြောင်းသဘော ကိုလည်း မဆောင်။ အကျိုးသဘောကိုလည်း မဆောင်။ အကြောင်းမှလည်း လွတ်၏။ အကျိုးမှလည်း လွတ်၏။

သချ်ဒဿနအရ 'ပုရိသ' ဟူသည် ဓမ္မသာ ဖြစ်၏။ ပုဂ္ဂိုလ် မဟုတ်။ သတ္တဝါ မဟုတ်။ ပုဂ္ဂိုလ် သတ္တဝါကို 'ပကတိ' ခေါ်သော လောက၌သာ ရ၏။ ပုရိသ ခေါ်သော လောကုတ္တရာ၌ မရကောင်းချေ။

'ပကတိ' ခေါ်သော လောက၌သာ အကြောင်းနှင့် အကျိုးတို့၏ ဆက်သွယ်မှု ရှိသဖြင့် တကယ်တမ်း ဆင်းရဲဒုက္ခဟူသည် လောက၌သာ ရှိ၏။ အမှန်အားဖြင့် အကြောင်းအကျိုး ဆက်သွယ်မှုကိုပင် အသစ်အသစ်တို့ ဖြစ်ပေါ်ခြင်း ဟူ၍လည်းကောင်း၊ အဟောင်းအဟောင်းတို့ ချုပ်ခြင်း ဟူ၍ လည်းကောင်း၊ အဟောင်း အဟောင်းတို့၏ နေရာ၌ အသစ် အသစ်တို့က အစားထိုး၍ ဝင်ရောက် နေရာယူခြင်း ဟူ၍လည်းကောင်း ဆိုရ၏။

ထို့ကြောင့် ဒုက္ခဟူသည် အကြောင်းအကျိုးတို့၏ ဆက်သွယ်မှုမှ လွတ်မြောက်လျှင် ဒုက္ခမှ လွတ်မြောက်၏။ အကြောင်းအကျိုး ဆက်သွယ်မှုမှ လွတ်မြောက်ခြင်းဟူသည် လောကမှ လွတ်မြောက်ခြင်းလည်း ဖြစ်၏။ ဒုက္ခမှ လွတ်မြောက်ခြင်းလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'လ'၌ မိမိ၏ ပင်ကိုအလင်းရောင် မရှိဘဲ 'နေ'မှ ရသော အလင်းရောင်ကို မိမိ၏အလင်းရောင် ပြုလုပ်ကာ လောကအား အလင်းကို ပေးသကဲ့သို့ 'ပကတိ'သည် မိမိ၌ 'သိခြင်း' သဘော မရှိသော်လည်း 'ပုရိသ'မှ ရသော သိခြင်းကိုပင် မိမိ၏အသိ လုပ်ပြီး လောက သို့မဟုတ် ကြောင်းကျိုးဖြစ်စဉ်ကို ဖန်တီး၏။

ထို့ကြောင့် 'ပုရိသ' ခေါ် 'အတ္တ'သည် သိခြင်း၏ မူလအနေဖြင့် 'ပကတိ'ခေါ် လောကအပေါ် တကယ်တမ်း အကြောင်းအကျိုး သဘောကို မပြုသော်လည်း ပြုရာရောက်၏။ ထိုအခါ ပုရိသခေါ် အတ္တသည် ပကတိခေါ် မသိတရားများ၏ ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ တာဝန်ရှိသကဲ့သို့ ဖြစ်လေ၏။ နှောင်ဖွဲ့ခြင်းကို ခံရသကဲ့သို့ ဖြစ်လေ၏။ 'မသိ' တရားကို ရုပ်ဟူ၍လည်းကောင်း၊ 'အသိ'တရားကို နာမ်ဟူ၍ လည်းကောင်း သံချဒဿနဌ် ဆို၏။ ထို့ကြောင့် 'အသိ'နာမ်ကို 'မသိ'ရုပ်က နှောင်ဖွဲ့ထားခြင်းသည်ပင် ဒုက္ခ ဖြစ်၏။ ထိုဒုက္ခကို ဤသို့ သုံးမျိုးခွဲခြားထား၏။

(၁) ခန္ဓာကိုယ် ဖွဲ့စည်းမှုဒုက္ခ "အဇ္ဈတ္တက ဒုက္ခ"

(၂) သဘာဝ သို့မဟုတ် ပတ်ဝန်းကျင်ဒုက္ခ
"အာဓိဘောတိက ဒုက္ခ"

(၃) ကံကြမ္မာဒုက္ခ "အာဓိဒေဝိက ဒုက္ခ"

ထိုဒုက္ခသုံးမျိုးမှ ထိုထိုဘဝ အားလျော်စွာ ယာယီလွတ်မြောက်မှုမျိုးသည် ရှိ၏။ ထိုသို့ပင် ရှိသော်လည်း ထိုယာယီလွတ်မြောက်မှုမျိုးကို တကယ်တမ်း လွတ်မြောက်မှု 'မောက္ခ'ဟူ၍ မခေါ်။ တကယ်တမ်း လွတ်မြောက်မှု မောက္ခဟူသည်ကား ထိုဒုက္ခသုံးမျိုးမှ အစဉ်ထာဝရ လွတ်မြောက်ခြင်းဖြစ်၏။ ထိုသို့ လွတ်မြောက်နိုင်ရန် ခွဲခြား၍ သိမြင်သော အသိဉာဏ်ရှိဖို့ လို၏။ ထိုဉာဏ်ကို ဝိဝေကဉာဏ် ဟူ၍ ခေါ်၏။ ဝိဝေကဉာဏ် ရှိလာသောအခါ ပကတိနှင့် ပုရိသကို ခွဲခြား၍ သိမြင်လာ၏။

သံချဒဿန၏ ဝေါဟာရကို အခြားဒဿနများ၏ ဝေါဟာရနှင့်





နှိုင်းယှဉ်၍ ဆိုပါက ပကတိနှင့် ပုရိသကို ခွဲခြား၍ သိမြင်ခြင်းကိုပင် ရုပ်နှင့် နာမ်ကို ခွဲခြား၍ သိခြင်း ဟူ၍လည်းကောင်း၊ လောကနှင့် လောကုတ္တရာကို ခွဲခြား၍ သိခြင်း ဟူ၍လည်းကောင်း ဆိုရ၏။

ဗုဒ္ဓ ပိဋကတ်တော်နှင့် နှိုင်းယှဉ်၍ ဆိုရလျှင် စိတ် စေတသိက် ရုပ် သုံးမျိုးကို သံချဒဿနဌ် ပကတိဟူ၍ ဆို၏။ နိဗ္ဗာန်ကို သံချဒဿနဌ် ပုရိသ ဟူ၍ ဆို၏။

ထို့ကြောင့် သံချဒဿနအရ နိဗ္ဗာန်ခေါ် ပုရိသသည်သာ တကယ်တမ်း စစ်မှန်သော အလင်းဖြစ်၏။ တကယ်တမ်း သိသော အသိစစ်လည်း ဖြစ်၏။ စိတ်စေတသိက်ကိုကား ပုရိသခေါ် နိဗ္ဗာန်၏အလင်းကို ခဏငှား၍ မိမိ၏ အလင်းအဖြစ် အသုံးပြုကြ၏။ ထို့ကြောင့် စိတ်စေတသိက်တို့၏ အသိများသည် ပုရိသခေါ် နိဗ္ဗာန်၏ အသိလောက် မမှန်ကန်ခြင်း ဖြစ်၏။

ပကတိကို ခွဲခြား၍ သိသောအခါ အကြောင်းကိုလည်း ခွဲခြား၍ သိပြီး ဖြစ်၏။ အကျိုးကိုလည်း ခွဲခြား၍ သိပြီး ဖြစ်၏။ အကြောင်းဖြစ်ခိုက် အကြောင်း၊ အကျိုးဖြစ်ခိုက် အကျိုး အရ နှစ်မျိုးသဘောကိုလည်း ခွဲခြား၍ သိပြီး ဖြစ်၏။ ပုရိသကို ခွဲခြား၍ သိလျှင်မူ အကြောင်းလည်း မဟုတ်၊ အကျိုးလည်း မဟုတ်သော အကြောင်းအကျိုး နှစ်မျိုးမှ အလွတ်သဘောကိုလည်း သိပြီး ဖြစ်၏။

သံချဒဿနအရ ပကတိနှင့် ပုရိသသည် အဇ္ဈာပါရ သဘောအရ အချင်းချင်း ငုံကွက်မှုမရှိဘဲ မိမိတာဝန်ကိုသာ မိမိဆောင်ရွက်ခြင်း ဖြစ်သောကြောင့် ဒုက္ခမှ လွတ်မြောက်အောင် အားထုတ်ရန်လည်း မလို။ အားထုတ်ပါသော်လည်း အားထုတ်ရာ မရောက်ပုံကို သံချကာရိကာ (၆၂)၌–

တသ္မာ နမုစ္စတေ၊ နာပိ မုစ္စတေ၊
နာပိ သံသရတိ ကောစိ၊
သံသရတိ ဗဇ္ဈတေ မုစ္စတေစ၊ နာနာသယာ ပကတိ။
တသ္မာ၊ ထို့ကြောင့်။ ကောစိ၊ တစ်စုံတစ်ယောက်မျှ။ နဗဇ္ဈတေ၊



www.burmeseclassic.com

www.burmeseclassic.com



အနှောင်အဖွဲ့ ခံရသည်လည်း မဟုတ်။ နာပိမုစ္စတေစ၊ လွတ်မြောက်သည်လည်း မဟုတ်။ နာပိသံသရတိစ၊ သံသရာ၌ ကျင်လည်ရသည်လည်း မဟုတ်။ နာနာသယာ၊ အမျိုးမျိုးသော အခြေအနေ၌ အမှီပြုနေသော။ ပကတိ၊ ပကတိတရားသည်သာလျှင်။ သံသရတိစ၊ သံသရာ၌ ကျင်လည်သည်လည်း ဖြစ်၏။ ဗဇ္ဈတေစ၊ နှောင်ဖွဲ့ခံရသည်လည်း ဖြစ်၏။ မုစ္စတေစ၊ သံသရာမှ လွတ်မြောက်သည်လည်း ဖြစ်၏ – ဟူ၍ ဖော်ပြထား၏။

ဤဖော်ပြချက်အရ သံသရာလောက ဟူသည်လည်း ထာဝစဉ်ရှိနေဦးမည် ဖြစ်၏။ သံသရာမှ လွတ်မြောက်ရာ ပုရိသခေါ် နိဗ္ဗာန်သည်လည်း ထာဝရ ရှိနေဦးမည် ဖြစ်၏။ ထိုသို့ ရှိနေပါက 'အဟင်္ကာရ'ခေါ် ပုဂ္ဂိုလ်သတ္တဝါသည်လည်း ထာဝစဉ် ရှိနေဦးမည်ပင် ဖြစ်၏။ ဤသည်ကိုပင် 'ဧဝံ ဓမ္မတာ'ဟူ၍ ခေါ်ပါ၏။ 'ဧဝံဓမ္မတာ'၏ အနက်မှာ "ဤသို့ ဖြစ်မြဲတံထွာ ဓမ္မတာ"ဟူ၍ ဖြစ်လေသည်။

သံသရာ ဟူသည်လည်း ရှိမြဲပင် ရှိနေမည် ဖြစ်၏။ ကုန်ခန်းသွားမည် မဟုတ်။ လွတ်မြောက်ခြင်း ဟူသည်မှာလည်း ရှိမြဲပင် ရှိနေမည်ဖြစ်၏။ ပြည့်နှက်နေမည် မဟုတ်။ အားထုတ်သူများကလည်း အားထုတ်နေကြမည်ပင် ဖြစ်၏။ လျော့သွားမည် မဟုတ်။ ဤသို့ သင်္ချဒဿနဂိုဏ်းက အဆိုအမိန့် ရှိလေ၏။

ပကတိနှင့် ပုရိသကို ခွဲခြားသိမြင်နိုင်သော ဝိဝေကဉာဏ်ကို ရအောင် အားထုတ်ရာ၌ ပကတိခေါ် လောက၏တာဝန်သည် ပဓာနဖြစ်၏။ ယင်း၌ အသိဉာဏ် ဗုဒ္ဓိသည် ပါဝင်၏။ အသိဉာဏ် ဗုဒ္ဓိသည် မှားသောအသိဉာဏ်နှင့် မှန်သောအသိဉာဏ်ဟူ၍ နှစ်မျိုးရှိ၏။ မှန်သောအသိဉာဏ် အုပ်စုကို 'သာတွိကဗုဒ္ဓိ'ဟူ၍ ဆို၏။ မှားသောအသိဉာဏ် အုပ်စုကို 'တာမသိကဗုဒ္ဓိ'ဟူ၍ဆို၏။ ထိုနှစ်မျိုးတွင် မှန်သောအသိဉာဏ် 'သာတွိကဗုဒ္ဓိ'အုပ်စုသည် (၁) တရားခြင်း – ဓမ္မ၊ (၂) မှန်ကန်ခြင်း – ဉာဏ၊ (၃) စွန့်လွှတ်ခြင်း–





ဝိရာဂ၊ (၄) အပြုစွမ်းအားရှိခြင်း – ဣဿရ ဟူ၍ လုပ်ငန်းလေးမျိုးကို ဆောင်ရွက်၏။ သို့ရာတွင် မှားသောအသိဉာဏ် 'တာမသိကဗုဒ္ဓိ' အုပ်စုသည် (၁) မတရားခြင်း – အဓမ္မ၊ (၂) မှားခြင်း – အဉာဏ၊ (၃) ကိုယ်ကျိုးအတွက် အရယူခြင်း – ရာဂ၊ (၄) အဖျက်စွမ်းအားရှိခြင်း – အနိဿရိယ ဟူ၍ လုပ်ငန်းလေးမျိုးကို ဆောင်ရွက်၏။

သင်္ချဒဿနတွင် အဝိဇ္ဇာကို သီးသန့်ဖော်ပြခြင်း မပြုဘဲ မှားသောအသိဉာဏ်–တာမသိကဗုဒ္ဓိ၏ ဆောင်ရွက်ချက်တစ်ရပ် အနေဖြင့်သာ ဖော်ပြ၏။ မှားယွင်းသော အသိဉာဏ် လွှမ်းမိုးသောအခါ သံသရာ၌ ကျင်လည်ရ၏။ မှန်သောအသိဉာဏ် လွှမ်းမိုးသောအခါ သံသရာမှ လွတ်မြောက်၏။

မှားသော အသိဉာဏ်အရ မိမိက အဓမ္မ လုပ်နေပါလျက် ဓမ္မကို လုပ်နေသည်ဟု သိ၏။ မိမိက အမှားလုပ်နေပါလျက် အမှန်ကို လုပ်နေသည်ဟု သိ၏။ မိမိက မိမိ၏ ကိုယ်ကျိုး ကိုယ့်စီးပွားအတွက် လုပ်နေပါလျက် အများ၏ အကျိုးစီးပွားအတွက် လုပ်နေသည်ဟု သိ၏။ မိမိက အဖျက်သဘောကို လုပ်နေပါလျက် အပြုသဘောကို လုပ်နေသည်ဟု သိ၏။ ဤသည်မှာ မှားသောအသိဉာဏ်– တာမသိကဗုဒ္ဓိ၏ ဆောင်ရွက်ချက်များ ဖြစ်ကြ၏။

လောကတွင် မှားသော အသိဉာဏ်ဖြင့် ဆောင်ရွက်နေသမျှ ကာလပတ်လုံး မည်သူမဆို သံသရာဒုက္ခမှ လွတ်မြောက်ဖို့ လမ်းမရှိ။ အမှန်အားဖြင့် သံသရာဒုက္ခမှ လွတ်မြောက်လိုပါက မှန်သော အသိဉာဏ်–သာတွိတဗုဒ္ဓိဖြင့် ဆောင်ရွက်မှသာ ပကတိနှင့် ပုရိသကို ခွဲခြားသိမြင်နိုင်သော ဝိဝေကဉာဏ်ကို ရ၏။ ဝိဝေကဉာဏ်ကို ရခြင်းသည်ပင် သံသရာဒုက္ခမှ လွတ်မြောက်ခြင်း မည်ပါ၏။ သံသရာဒုက္ခမှ လွတ်မြောက်သည်နှင့် တစ်ပြိုင်နက် ပုရိသခေါ် အတ္တသည် ဒုက္ခသုံးမျိုးမှ ထာဝရ လွတ်ကင်းတော့၏။ သင်္ချဒဿနက ဤသို့ ဆို၏။

သင်္ချဒဿနကို သိဒ္ဓတ္ထမင်းသားသည် ကိုယ်တိုင် ကျင့်ဖူး၏။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ကျင့်သောအခါ အလောင်းတော်မင်းသားသည် လောကီစျာန်သမာပတ်များကိုသာ ရ၏။ သစ္စာလေးပါးကို ထိုးထွင်း၍ မသိနိုင်ခဲ့။ သစ္စာလေးပါးကို ထိုးထွင်း၍ သိဖို့ဆိုသည်မှာ ရုပ်နှင့်နာမ်ကို ပိုင်းခြား၍ သိမြင်သော နာမရူပပရိစ္ဆေဒဉာဏ်မှ အစပြု၍ အားထုတ်မှု ဖြစ်၏။ ရုပ်နှင့်နာမ်ကို မြင်မှ ယင်းတို့၏ ဖြစ်ပျက်ကို မြင်၏။ ရုပ်နှင့်နာမ်တို့၏ ဖြစ်ပျက်မှု ကုန်ဆုံးရာ နိဗ္ဗာန် ကို မြင်၏။ နိဗ္ဗာန်ကို မြင်မှ သံသရာဒုက္ခမှ လွတ်မြောက်၏။

အမှန်အားဖြင့် နိဗ္ဗာန်ကို မြင်နိုင်သော ကျင့်စဉ်ကို မဇ္ဈိမပဋိပဒါ သုံးပါးကို ပွားများအောင် အားထုတ်ရ၏။ ကျင့်ရ၏။ လေ့လာရ၏။ သချ်ိဒဿနဝါဒကား မဇ္ဈိမပဋိပဒါကျင့်စဉ် မပါဝင်သောကြောင့် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မိမိကို မသွားရန် အတန်တန် ပြောဆိုနေကြသော သချ်ိဒဿနဂိုဏ်း ဆရာကြီး အာဠာရ ရှင်ရသေ့နှင့် ဥဒက ရှင်ရသေ့တို့ကို စွန့်ခွာပြီး မဇ္ဈိမပဋိပဒါကို ရှာခဲ့ခြင်း ဖြစ်၏။

နောက်ဆုံး၌ မဇ္ဈိမပဋိပဒါကို တွေ့သဖြင့်လည်း သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူကာ ပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစက္က ပဝတ္တနသုတ်နှင့် အနတ္တလက္ခဏသုတ်ကို ဟော ကြားတော်မူနိုင်ခြင်း ဖြစ်ပါ၏။

## ချမ်းသာကို ရှာဖွေကြရာတွင်

ဗုဒ္ဓခေတ်မတိုင်မီကလည်း လူတို့သည် ချမ်းသာကို ရှာဖွေကြ၏။ ဗုဒ္ဓခေတ်၌လည်း လူတို့သည် ချမ်းသာကို ရှာဖွေကြ၏။ ဗုဒ္ဓခေတ် နောက်ပိုင်း၌လည်း လူတို့သည် ချမ်းသာကို ရှာဖွေကြ၏။ ဤသည်မှာ ခေတ်နှင့် ပတ်သက်၍ ဆိုခြင်း ဖြစ်၏။

ဝါဒနှင့် ပတ်သက်၍လည်း မည်သည့်ဝါဒမဆို ထို့အတူပင် ချမ်းသာကို ရှာဖွေကြ၏။ ဗုဒ္ဓဝါဒကလည်း ချမ်းသာကို ရှာဖွေ၏။ ဗြာဟ္မဏဝါဒကလည်း ချမ်းသာကို ရှာဖွေ၏။ တိတ္ထိယဝါဒကလည်း ချမ်းသာကို ရှာဖွေ





၏။ ထို့ကြောင့် ရည်မှန်းချက် ပန်းတိုင်အားဖြင့်မူ အားလုံး အတူတူပင် ဖြစ်၏။ သို့ရာတွင် လမ်းစဉ်ချင်းကား မတူပါချေ။

## ယောဂဝါဒ

ချမ်းသာကို ရှာဖွေကြသော ဝါဒတို့တွင် ဗြာဟ္မဏတို့၏ ယောဂဝါဒသည်လည်း တစ်ခုအပါအဝင် ဖြစ်၏။ ယောဂဝါဒ ဟူသည်မှာ ဗုဒ္ဓဝါဒ မဟုတ်။ ဗြာဟ္မဏဝါဒ ဖြစ်၏။

ယောဂဝါဒအရ လောကကိုကြည့်လျှင် လူတို့သည် စဉ်းစားတတ်ကြ၏။ ပြုလုပ်တတ်ကြ၏။ ပဋိသန္ဓေ နေတတ်ကြ၏။ သေတတ်ကြ၏။ ကြီးထွားတတ်ကြ၏။ ကြုံလှီတတ်ကြ၏။ အိပ်တတ်ကြ၏။ နိုးတတ်ကြ၏။ မေ့တတ်ကြ၏။ အမှတ်ရတတ်ကြ၏။ ဤသဘောများကို လူတို့၏ သဘောများဟူ၍ ဆိုကြ၏။ ယောဂဝါဒအရ လူကို နှစ်ပိုင်းခွဲထား၏။ တစ်ခုသောအပိုင်းမှာ 'အနတ္တ'ပိုင်း ဖြစ်၏။ အနတ္တပိုင်းကို 'ဇီဝ'ဟူ၍လည်း ဆို၏။ နောက်တစ်ပိုင်းကို 'အတ္တ'ပိုင်း ဟူ၍ ဆို၏။

စဉ်းစားခြင်း၊ ပြုလုပ်ခြင်း၊ မွေးခြင်း၊ သေခြင်း စသည်တို့သည် အနတ္တဓမ္မများ ဖြစ်ကြ၏။ ယင်းဓမ္မများသည် ဇီဝနှင့်သာ ဆိုင်၏။ အတ္တနှင့် မဆိုင်။ ထို့ကြောင့် အနတ္တ ဓမ္မများသည် လူ့ပထမပိုင်း၏ အရည်အသွေးများ ဖြစ်၏။

လူ၏ ဒုတိယပိုင်းကား 'အတ္တ'သက်သက် ဖြစ်၏။ အတ္တသက်သက် ဟူသည်ကား စဉ်းစားခြင်း၊ ပြုလုပ်ခြင်း၊ မွေးခြင်း၊ သေခြင်း၊ ကြီးထွားခြင်း၊ ကြုံလှီခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊ အမှတ်ရခြင်း၊ မေ့လျော့ခြင်း အားလုံးတို့ကို လွန်မြောက်၏။ ထို့ကြောင့် 'အတ္တ' ကို အမျိုးမျိုးဖြစ်ခြင်း အားလုံးတို့မှ လွတ်မြောက်သော သဘောဟူ၍ ဆိုရ၏။ သို့ဖြစ်ရာ အတ္တ ဟူသည် ပြုပြင်ပြောင်းလဲခြင်း ကင်းသဖြင့် လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်း ကင်းသဖြင့် လည်းကောင်း၊ တကယ်တမ်း ချမ်းသာတုံ့ ချမ်းသာခဲ ဖြစ်လေ ၏။ ဤသည်မှာ ယောဂ၏အဆို ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် ဗုဒ္ဓဝါဒမှ တစ်ပါးသောဝါဒ ဟူသမျှသည် အတ္တကို နောက်ဆုံး ပရမတ္ထသစ္စာ အနေဖြင့် အနိစ္စ ဒုက္ခ အနတ္တမှ လွတ်မြောက်သော သုခတုံ့ ခုခဲအဖြစ် လက်ခံကြသည်ချည်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် အတ္တဟူသည် လောကုတ္တရာ ဖြစ်၏။ အနတ္တဟူသည် လောက ဖြစ်လေ၏။ လောကုတ္တရာသည် သုခဖြစ်ပြီး လောကသည် ဒုက္ခဖြစ်၏။

ထို့ကြောင့် လူတို့သည် ဒုက္ခမှလွတ်မြောက်ပြီး သုခကို လိုချင်ပါလျှင် အတ္တကို ရအောင် ယူရမည် ဖြစ်၏။ အတ္တကို ရအောင်ယူခြင်း ဟူသည်မှာ အနတ္တဓမ္မများကို ပယ်စွန့်ခြင်း ဖြစ်၏။ အနတ္တဓမ္မများကို ပယ်စွန့်ရာ၌ ဗြာဟ္မဏဝါဒများတွင် ယောဂသည် တစ်ခုတည်းသော ကျင့်စဉ်ဖြစ်၏။ အခြားသော ဗြာဟ္မဏဝါဒများသည်ကား ဒဿနသဘောကိုသာ ဦးစားပေး၍ ဆိုကြ၏။ ကျင့်စဉ်အနေဖြင့် ဆိုလျှင် သီးခြား မရှိ။ ယောဂဝါဒကိုပင် မိမိတို့၏ ကျင့်စဉ်အဖြစ် လက်ခံကြ၏။ ထို့ကြောင့်-

နတ္ထိ ယောဂသမံ ဗလံ-ယောဂနှင့် တူသော စွမ်းအားမည်သည် မရှိ ဟူ၍လည်းကောင်း၊ ယောဂေါ သဗ္ဗဘောမ ဓမ္မော- ယောဂသည် အားလုံးသော ဒဿနတို့၏ အခြေအုတ်မြစ် ဖြစ်သည် ဟူ၍လည်းကောင်း၊ ယောဂေါ သဗ္ဗထာ ဝါဒ ဝိဝါဒရဟိတော- ယောဂသည် အားလုံးသော ဒဿနများနှင့် အချင်းခပ်သိမ်း ငြင်းခုံခြင်း မရှိ ဟူ၍လည်းကောင်း၊ ယောဂေါ အာဟ္မာန် ဒဿတိ မနော သရီရာ သန်ရောတိ-ယောဂသည် အတ္တကိုလည်း ထင်ရှားပြ၏။ ကိုယ်စိတ်နှစ်ပါးကိုလည်း စင်ကြယ်အောင် ပြုလုပ်၏ ဟူ၍လည်းကောင်း ဆိုသော အဆိုကို အားလုံးသော ဗြာဟ္မဏဝါဒများက လက်ခံကြ၏။

ထို့အပြင် ယောဂ ဒဿနနှင့် ပတ်သက်၍ 'မန'၏ အဆိုတစ်ရပ်လည်း ရှိသေး၏။ ယင်းမှာ ဤသို့ ဖြစ်၏။

ဒယှန္တေ ဓ္မာယမာနာနာ ဓာတူနာဟိ ယထာ မလား၊ တထေန္ဒြိယာ အာ ဒယှန္တေ ဒေါသား ပြာဏဿ္သ နိဂြဟာတ်။





ဓ္မာယမာနာနာ၊ လောင်ကျွမ်းအောင် ပြုအပ်ကုန်သော။ ဓာတူနာ၊ ဓာတ်တို့၏။ မလား၊ အညစ်အကြေး ဟူသမျှတို့ကို။ ဒယှန္တေ ယထာ၊ လောင်ကျွမ်းအောင် ပြုအပ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣန္ဒြိယာဏာ၊ ဣန္ဒြေတို့၏။ ဒေါသား၊ အပြစ်ဒေါသတို့ကို။ ဒယှန္တေ၊ လောင်ကျွမ်းအောင် ပြုလုပ်အပ်ကုန်၏။ ဟိ၊ မှန်၏။ ပြာဏဿ္သ၊ ထွက်သက် ဝင်သက်ကို။ နိဂြ ဟာတ်၊ ချုပ်အောင် အားထုတ်ခြင်းကြောင့်။ တော၊ ထိုအပြစ်ဒေါသတို့ကို။ ဒယှန္တေ၊ လောင်ကျွမ်းအောင် ပြုလုပ်အပ်ကုန်၏။

## ယောဂကျင့်စဉ်

ယောဂကျင့်စဉ်ယွင် ထွက်သက်ဝင်သက်ကို ချုပ်အောင် ကျင့်ခြင်းသည် များစွာ အရေးကြီး၏။ မြတ်စွာဘုရားသည်လည်း အလောင်းတော်ဘဝဖြင့် ဒုက္ကရစရိယကို ကျင့်တော်မူစဉ်က ထွက်သက်ဝင်သက်ကို ချုပ်အောင် ကျင့်ဖူးပါ၏။ ထိုစဉ်က အလောင်းတော်၏ ကျင့်စဉ်ကို 'အပါဏက' ဈာန် ကျင့်စဉ်ဟူ၍ ခေါ်၏။ အမှန်အားဖြင့် ဗြာဟ္မဏတို့၏ ယောဂကျင့်စဉ် ပင် ဖြစ်၏။

သို့ရာတွင် ထိုကျင့်စဉ်သည် အရိယသစ္စာကို ရစေနိုင်သော ကျင့်စဉ် မဟုတ်ကြောင်း တွေ့ရှိရသဖြင့် အလောင်းတော်က ယင်းကျင့်စဉ်ကို အစွန်းရောက် ကျင့်စဉ် 'အတ္တ ပဋိပဒါ'အဖြစ် သတ်မှတ်ပြီး ပယ်လိုက်ခြင်း ဖြစ်၏။

သို့ရာတွင် ဗြာဟ္မဏတို့ကမူ ထိုကျင့်စဉ်ကိုပင် ရှေးယခင်မှ စ၍ ယနေ့တိုင်အောင် မှန်ကန်သော ကျင့်စဉ်အဖြစ် ကျင့်သုံးကြလေ၏။

အမှန်အားဖြင့် ယောဂကျင့်စဉ်၏ နောက်ဆုံးပန်းတိုင်ကား လောကီ ဈာန်သမာပတ်များသာ ဖြစ်၏။ အရိယသစ္စာ မဟုတ်ပါချေ။

ယောဂဝါဒအရ လူတို့၏စိတ်သည် အခြေအနေ ငါးမျိုး၌သာ ရှိနိုင်၏။ ယင်းတို့မှ (၁) ခိတ္တ (၂) မူဠ (၃) ဝိက္ခိတ္တ (၄) ဧကဂ္ဂ (၅) နိရုဒ္ဓတို့ ဖြစ်ကြ၏။ ထိုငါးမျိုးတွင် ခိတ္တ-မူဠ-ဝိက္ခိတ္တ အခြေအနေ သုံးမျိုးတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ယောဂကို ကျင့်ကြံအားထုတ်ရန် သင့်လျော်သော အခြေအနေများ မဟုတ်ကြ။ ဧကဂ္ဂနှင့် နိရုဒ္ဓ – အခြေအနေ နှစ်မျိုးတို့သည်သာလျှင် ယောဂကို ကျင့်ကြံအားထုတ်ရန် သင့်လျော်သော အခြေအနေများ ဖြစ်ကြ၏။

ထိုတွင် 'ခိတ္တ'ဟူသည်မှာ အာရုံတစ်ခုတည်း၌ စိတ်ကို ကြာကြာနှင့် ငြိမ်ငြိမ်ထား၍ မရနိုင်ခြင်း ဖြစ်၏။ အာရုံတစ်ခုတည်း အပေါ်၌ စိတ်သည် ခုန်ဆွ ခုန်ဆွ ဖြစ်နေသည့် သဘောမျိုးဖြစ်၏။ 'မူဠ္ဍ'ဟူသည်မှာ စိတ်သည် အာရုံပေါ်၌ တွေဝေနေခြင်း ဖြစ်၏။ စိတ်သည် မည်သည့်အာရုံကို အာရုံပြုနေမှန်းတောင် မသိနိုင်သည့် သဘောမျိုး ဖြစ်၏။ 'ဝိက္ခိတ္တ'ဟူသည်မှာ စိတ်ကို အာရုံတစ်ခုတည်း အပေါ်၌ ကြာကြာနှင့် ငြိမ်ငြိမ်ထား၍မရဘဲ ထိုအာရုံအပေါ် ရောက်လိုက်၊ ဒီအာရုံအပေါ် ရောက်လိုက် ဖြစ်နေခြင်း ဖြစ်၏။

ဤတွင် 'ခိတ္တ'ဟူသည်ကား အာရုံတစ်ခုတည်းပေါ်၌ ကြာကြာ မတည်နိုင်ခြင်း ဖြစ်၏။ 'ဝိက္ခိတ္တ'ဟူသည်ကား အာရုံတစ်ခုတည်းပေါ်၌သာ မဟုတ်ဘဲ အာရုံအမျိုးမျိုး အပေါ်၌ ကြာကြာမနေဘဲ တစ်မျိုးပြီးတစ်မျိုး အပေါ်သို့ ရောက်သွားခြင်းဖြစ်၏။ အကျဉ်းအားဖြင့် ဆိုရလျှင် 'ခိတ္တ'သည် အာရုံတစ်ခုတည်းနှင့် ပတ်သက်၏။ 'ဝိက္ခိတ္တ'သည် အာရုံအမျိုးမျိုးနှင့် ပတ်သက်၏။ ဤသို့ ထူး၏။

'ဧကဂ္ဂ'ဟူသည်မှာ အာရုံတစ်ခုတည်း အပေါ်၌ စိတ်ကို အလိုရှိသလောက် ကြာမြင့်စွာ ထားနိုင်ခြင်းဖြစ်၏။ အာရုံနှင့်စိတ်တို့ နှစ်ခုမပြားဘဲ တစ်သားတည်း ဖြစ်နေခြင်း သဘောမျိုးဖြစ်၏။ 'နိရုဒ္ဓ' ဟူသည်မှာ အာရုံဟူသရွေ့ ချုပ်ပြီး စိတ်ချည်းသာ ကျန်ရှိနေခြင်း ဖြစ်၏။ အမှန်အားဖြင့် အာရုံနှင့်စိတ် ဟူ၍ နှစ်မျိုးပြားသော်လည်း တကယ်တမ်းအားဖြင့် ဆိုရလျှင် အာရုံဟူသည် တကယ်မရှိဘဲ စိတ်၏ဖန်ဆင်းချက် အနေဖြင့် ရှိသယောင် ထင်နေရခြင်း ဖြစ်၏။ တကယ်တမ်း ရှိသော အရာကား စိတ်သာ ဖြစ်၏။ ယင်းသဘောကို–

အဒွယံပိ ဒွယံဘာသံ





နှစ်ခု မဟုတ်ပါဘဲလျက် နှစ်ခုသဖွယ် ထင်ရ၏–ဟူ၍ ဆိုကြ၏။ ထို့ကြောင့် အာရုံဟူသည် အစစ်အမှန်အားဖြင့် မရှိ။ စိတ်သာလျှင် အစစ်အမှန်အားဖြင့် ရှိ၏။ အာရုံကား စိတ်၏ကိုယ်ပွား၊ စိတ်၏ ဖန်ဆင်းချက်သာလျှင် ဖြစ်၏။ ယင်းသဘောကို နိရုဒ္ဓ အခြေအနေ၌ တွေ့နိုင်ပါ၏။ ဤသည်မှာ ယောဂဝါဒ အဆိုဖြစ်၏။

ဗုဒ္ဓဝါဒအရ ဆိုရပါလျှင် စိတ်ကား စိတ်သတ်သတ်၊ အာရုံကား အာရုံသတ်သတ် ဖြစ်၏။ သီးခြားစီ သီးခြားစီ ဖြစ်၏။ တစ်ခုတည်း မဟုတ်၊ တစ်ခုတည်းက နှစ်မျိုးပြားခြင်းလည်း မဟုတ်။

ထို့အပြင် အာရုံ ဟူ၍ မရှိဘဲ စိတ် ဟူ၍ မဖြစ်ကောင်းပေ။ လောကုတ္တရာဖြစ်သော မဂ်စိတ်နှင့် ဖိုလ်စိတ်သည်ပင်လျှင် နိဗ္ဗာန်အာရုံ ရှိရ၏။ နိဗ္ဗာန်အာရုံ မရှိလျှင် မဂ်စိတ်ဟူ၍လည်း ဖြစ်ပေါ်မလာ။ ဖိုလ်စိတ်ဟူ၍လည်း ဖြစ်ပေါ်မလာ။ လောကီစိတ်များသည်လည်း ထိုနည်းအတူ အာရုံရှိမှ ဖြစ်ပေါ်လာကြ၏။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာအရ ဆိုလျှင် စိတ်ဟူသမျှ မည်သည့်စိတ်မျိုးပင် ဖြစ်ဖြစ် အာရုံရှိပါမှ ဖြစ်ပေါ်လာနိုင်ကြပါ၏။

ဧကဂ္ဂ အခြေအနေနှင့် နိရုဒ္ဓ အခြေအနေ နှစ်မျိုးလုံးကိုပင် သမာဓိ ဟူ၍ လည်းကောင်း၊ ယောဂ ဟူ၍လည်းကောင်း ဆိုရ၏။ ထိုနှစ်မျိုးတွင် ဧကဂ္ဂ အခြေအနေ၌ ဖြစ်သော စိတ်ကို အာရုံနှင့် တစ်သားတည်းဖြစ်နေသည် ဟူ၍ ဆို၏။

ဧကဂ္ဂ အခြေအနေကို (၁) သဝိတက္ကသမာဓိ (၂) သဝိစာရသမာဓိ (၃) သာနန္ဒသမာဓိ (၄) သာသ္မိတာသမာဓိ–ဟူ၍ လေးမျိုးခွဲခြားထား၏။ ယင်း သမာဓိ လေးမျိုးလုံးကိုပင် 'သမ္ပဇာတသမာဓိ'ဟူ၍လည်းကောင်း၊ 'သမ္ပ ညာတယောဂ'ဟူ၍လည်းကောင်း ဆို၏။

နိရုဒ္ဓ အခြေအနေ၌ ဖြစ်သော သမာဓိကိုမူ 'အသမ္ပညာတ သမာဓိ' ဟူ၍လည်းကောင်း၊ 'အသမ္ပညာတ ယောဂ'ဟူ၍လည်းကောင်း ဆို၏။ သမ္ပညာတ သမာဓိနှင့်ယှဉ်သော စိတ်သည် ဖြစ်ခြင်း ချုပ်ခြင်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အသမ္ပဇာတ သမာဓိနှင့်ယှဉ်သော စိတ်သည်ကား ဖြစ်ခြင်းလည်း မရှိ၊ ချုပ်ခြင်းလည်း မရှိ။

ဤတွင် 'သာနန္တသမာဓိ'၌ သာနန္တဟူသည် ပီတိဖြစ်၏။ သာသိုတာ သမာဓိ၌ အသိုတာဟူသည် မြန်မာဝေါဟာရအားဖြင့် 'ငါ'ပင် ဖြစ်၏။ ယောဂဝါဒ၌ 'ငါ'ကို ချုပ်အောင် လုပ်၍ မရ။ နောက်ဆုံး 'ငါ'ချည်း ကျန်အောင်သာ လုပ်၍ရ၏။ 'ငါ'ချည်း ကျန်ခြင်းကိုပင် အတ္တကို ကိုယ်တိုင် မျက်မှောက်ပြုခြင်း ဟူ၍ ဆိုရ၏။

## လောက၏ လျှို့ဝှက်ချက် = အတ္တ

ဤသည်ပင် သူတို့၏ ဘဝပန်းတိုင် ဖြစ်လေ၏။ အတ္တကို ကိုယ်တိုင် မျက်မှောက်ပြုပြီးသော ပုဂ္ဂိုလ်၏စိတ်သည် ငြိမ်သက်၏။ အညစ်အကြေးကင်း၏။ စင်ကြယ်၏။ ထိုပုဂ္ဂိုလ်၏စိတ်သည် လောက၏ လျှို့ဝှက်ချက်ကို မြင်စွမ်းနိုင်၏။ ဤသို့ ယောဂဒဿနက ဆို၏။ လောက၏ လျှို့ဝှက်ချက်ဟူသည်မှာ အတ္တပင် ဖြစ်၏။

ယောဂဝါဒကို ခြုံ၍ သုံးသပ်လျှင် သင်္ချဒဿနနည်းတူပင် အတ္တကို လက်ခံ၏။ သင်္ချဒဿန၏ အတ္တနှင့် ယောဂဒဿန၏ အတ္တသည် ဘာမျှ မထူးခြား။ အတူတူပင် ဖြစ်၏။ သို့ရာတွင် သင်္ချဒဿနကား သဘောတရား သီအိုရီကို အလေးပေး၏။ ယောဂဒဿနကား လက်တွေ့ကို အလေးပေး၏။ သင်္ချဒဿနသည် ဖန်ဆင်းရှင်ကို လက်မခံ။ ယောဂဒဿနကား ဖန်ဆင်းရှင်ကို လက်ခံ၏။ အရာရာတိုင်း၌ နောက်ဆုံး အဆုံးအဖြတ် အနေဖြင့် ဖန်ဆင်းရှင်၏ ချီးမြှောက်မှု 'ဣဿရာနုဂ္ဂဟ'သည် ပါဝင်သည်ချည်း ဖြစ်၏။ ဤသို့ ယောဂဒဿနက ဆို၏။ ဤမျှသာ ထူးခြားပါ၏။

ယောဂဒဿနအရ ဘဝ၏ အမြုတေသည် အတ္တဖြစ်၏။ ယင်းအတ္တသည် လောကအတွင်း၌ ရှိ၏။ ဘဝ၏ လျှို့ဝှက်ဆုံးသော နေရာ၌ ရှိ၏။ ယင်းကို အညစ်အကြေး ကင်းဝေးစင်ကြယ်သော၊ ငြိမ်သက်သော စိတ်ဖြင့်





သာ မျက်မှောက်ပြုနိုင်၏။ ဤအတ္တကို တွေ့လျှင်ပင် ဘဝ၏တာဝန်သည် အပြီးအဆုံးသို့ ရောက်သည် မည်၏။ ယောဂဒဿနအရ လူဟူသည် အတ္တကို မျက်မှောက်ပြုရေးအတွက် အားထုတ်ရ၏။ ထိုသို့ အားထုတ်လျှင်ပင် လူ့ဘဝ၏ လူ့တာဝန်ကို ကျေအောင် ဆောင်ရွက်ရာ ရောက်သည် မည်၏။ လူ့ဘဝ၏ နောက်ဆုံးပန်းတိုင်သို့ ရောက်သည် မည်၏။

ယောဂဒဿနအရ အတ္တကို မျက်မှောက်ပြုနိုင်ခြင်းသည် သူတို့၏ သမာဓိကျင့်စဉ်အရ ချမ်းသာသည် မှန်ပါ၏။ ထိုချမ်းသာကား ဈာန်သမာပတ် ချမ်းသာသာ ဖြစ်၏။ နိဗ္ဗာန်ချမ်းသာ မဟုတ်။ နိဗ္ဗာန်ချမ်းသာကို သမာဓိကျင့်စဉ်ဖြင့် အပြီးသတ် မရနိုင်။ ဝိပဿနာကျင့်စဉ်ဖြင့် ကျင့်မှသာ အပြီးသတ် ရနိုင်၏။ ယောဂကျင့်စဉ်ကို အလောင်းတော်ဘဝက အာဠာရနှင့် ဥဒကတို့ထံ၌ ကျင့်ဖူးပါ၏။ သို့ရာတွင် သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို ရစေနိုင်သောကျင့်စဉ် မဟုတ်သောကြောင့် အလောင်းတော်က ပစ်ပယ်လိုက်ခြင်း ဖြစ်၏။

အမှန်အားဖြင့် အတ္တကို မျက်မှောက်ပြုရုံမျှနှင့် မပြီးသေး။ အတ္တကို သေအောင်သတ်ဖို့ လိုပါသည်။ မြတ်စွာဘုရားသည် ဗောဓိပင်၌ သဗ္ဗညုတဉာဏ်တော်ကို ရပြီးနောက် "အနေကဇာတိ သံသာရံ" ချီသော ဥဒါန်းတွင် တဏှာယောကျ်ား လက်သမားကို 'ငါ'တွေ့ပြီ ဟူ၍ ကျူးရင့်တော်မူခြင်းသည် အတ္တကို မျက်မှောက်ပြုနိုင်အောင် ရှာသည့် သဘောပင် ဖြစ်၏။ အတ္တကို မျက်မှောက်ပြုပြီးနောက် အတ္တကို သမုစ္ဆေဒပဟာန်ဖြင့် သတ်လိုက်ခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်ခြင်းပင် ဖြစ်၏။

## ပန်းတိုင် = ချမ်းသာအစစ်

ထို့ကြောင့် ယောဂဝါဒအရ အတ္တကို မျက်မှောက်ပြုအောင် အားထုတ်ခြင်းသည် သူတို့၏ လမ်းဆုံးဖြစ်၏။ သူတို့၏ ပန်းတိုင်ဖြစ်၏။ ဗုဒ္ဓဝါဒအရ အတ္တကို မျက်မှောက်ပြုနိုင်အောင် အားထုတ်ခြင်းသည် လမ်းဆုံး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သေး၊ ပန်းတိုင် မဟုတ်သေး။ အတ္တကို ကိုယ်တိုင် တွေ့ပြီးနောက် အတ္တကို မြစ်ပြတ်သတ်နိုင်အောင် အားထုတ်ခြင်းသည်သာ လမ်းဆုံးဖြစ်၏၊ ပန်းတိုင်ဖြစ်၏။ ပန်းတိုင်ချင်း ဤသို့ ခြားနားလေ၏။

အတ္တကို ကိုယ်တိုင် မျက်မှောက်ပြုရာတွင်လည်း ယောဂဝါဒအရ မျက်မှောက်ပြုခြင်းသည် ဝိက္ခမ္ဘနပဟာန်ဖြင့် မျက်မှောက်ပြုခြင်း ဖြစ်၏။ ဗုဒ္ဓဝါဒအရ မျက်မှောက်ပြုခြင်းသည် သမုစ္ဆေဒပဟာန်ဖြင့် မျက်မှောက်ပြုခြင်း ဖြစ်၏။

အမှန်အားဖြင့် မြတ်စွာဘုရား ပွင့်တော်မမူမီ ထိုခေတ်က သူတော်စင်များသည် ချမ်းသာကို ရှာဖွေကြရာတွင် သမထနည်းဖြင့် ရှာဖွေခြင်းကိုသာ နားလည်ကြ၏။ ဝိပဿနာနည်းဖြင့် ရှာခြင်းကို နားမလည်ကြ။ မြတ်စွာဘုရား ပွင့်တော်မူသော အခါမှသာ ဝိပဿနာနည်းဖြင့် ချမ်းသာကို ရှာဖွေခြင်းကို နားလည်လာရ၏။ သဘောပေါက်လာရ၏။

ထို့ကြောင့် ယောဂနည်းဖြင့် ရှာဖွေတွေ့ရှိသော ချမ်းသာဟူသည်ကား ချမ်းသာစစ် မဟုတ်သေး။ ဝိပဿနာနည်းဖြင့် ရှာဖွေတွေ့ရှိသော ချမ်းသာသည် သာလျှင် စစ်မှန်သော ချမ်းသာဖြစ်ကြောင်း နားလည်အပ်ပါ၏။

## ရာပြည့်စာအုပ်တိုက်တွင် ရနိုင်သော စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ပါရဂူ | သိဒ္ဓတ္ထ | ၆၀၀ ကျပ် |
| ၂။ | ပါရဂူ | ဗုဒ္ဓစကား | ၃၀၀ ။ |
| ၃။ | ပါရဂူ | ဓမ္မစကား | ၃၀၀ ။ |
| ၄။ | ပါရဂူ | စရက | ၁၇၅ ။ |
| | ပါရဂူ | ဒီဗျာ | ၁၀၀၀ ။ |
| | ပါရဂူ | ခေါမ ဒဿနပညာရှင်များ | ၁၂၀၀ ။ |
| ၇။ | ပါရဂူ | အမ္ဗပါလီ | ၁၂၀၀ ။ |
| ၈။ | ပါရဂူ | နိဗ္ဗာန် | ၆၀၀ ။ |
| ၉။ | ပါရဂူ | တရားရေစီးကြောင်း | ၅၀၀ ။ |
| ၁၀။ | ဒေါက်တာကျော်စိန် | သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ | ၇၀၀ ။ |
| ၁၁။ | ဒေါက်တာကျော်စိန် | လူငယ်လမ်းညွှန် | ၅၀၀ ။ |
| ၁၂။ | ဒေါက်တာကျော်စိန် | သင်သိလိုသမျှ စိုးရိမ်သောကအကြောင်း | ၂၀၀ ။ |
| ၁၃။ | ဒေါက်တာကျော်စိန် | ဘဝဟာန် | ၇၀၀ ။ |
| ၁၄။ | ဒေါက်တာကျော်စိန် | စိတ်ပညာဆောင်းပါးပေါင်းချုပ် | ၉၀၀ ။ |
| ၁၅။ | မောင်ပေါ်ထွန်း | ဟားဗတ်စီးပွားရေးတက္ကသိုလ်မှာ မသင်ခဲ့ရသမျှ | ၄၀၀ ။ |
| ၁၆။ | မောင်ပေါ်ထွန်း | ကန္တာရ စမ်းရေအိုင် | ၄၀၀ ။ |
| ၁၇။ | မောင်ပေါ်ထွန်း | စံပြ အရောင်းသမား | ၄၅၀ ။ |
| ၁၈။ | မောင်ပေါ်ထွန်း | လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ | ၄၀၀ ။ |
| ၁၉။ | မောင်ပေါ်ထွန်း | ကိုယ်စွမ်းကိုယ်စဖြင့် ကြီးပွားရေး | ၅၀၀ ။ |
| ၂၀။ | မောင်ပေါ်ထွန်း | စွန့်စားမှ အောင်မြင်မည် | ၅၀၀ ။ |
| ၂၁။ | မောင်ပေါ်ထွန်း | ယက်စ်တူရှင်ကို (ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ) | ၄၀၀ ။ |
| ၂၂။ | မောင်ပေါ်ထွန်း | ငါ့ဘဝ ငါသာသခင် ငါသာဘုရင် | ၄၀၀ ။ |
| ၂၃။ | မောင်ပေါ်ထွန်း | စံပြခေါင်းဆောင်၊ စံပြခေါင်းဆောင်မှု | ၅၀၀ ။ |
| ၂၄။ | မောင်ပေါ်ထွန်း | ဘဝခရီးသည်၏ အဖော်မွန် | ၄၀၀ ။ |
| ၂၅။ | မောင်ပေါ်ထွန်း | အဆင့်မြင့်အောင်မြင်သူတို့၏ အလေ့အထ | ၆၀၀ ။ |
| ၂၆။ | မောင်ပေါ်ထွန်း | မိန်းမတစ်ယောက်၏ဘဝ | ၁၂၀၀ ။ |
| ၂၇။ | ကြည်အေး | မေတ္တာမီးအိမ် | ၃၀၀ ။ |
| ၂၈။ | ကြည်အေး | အိပ်မက်နှင်းမြူ ဝတ္ထုတိုစု | ၄၀၀ ။ |
| ၂၉။ | ရွှေဥဒေါင်း | ပထမံဆရာသိန်း | ၉၀၀ ။ |
| ၃၀။ | ရွှေဥဒေါင်း | ဂမုန်းနက် | ၃၅၀ ။ |
| ၃၁။ | ရွှေဥဒေါင်း | လမ်းနှစ်သွယ် | ၆၀၀ ။ |

www.burmeseclassic.com